www.burmeseclassic.com







အတွဲ(၁)၊ အမှတ်(၂)

# ဥပဒေအထက်မှာ ဘယ်သူတွေရှိနေသလဲ




အမှုအခင်းများအကြောင်း စုစည်းထုတ်ဝေသွားမည်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်း ရှင် လူ ပြည်သူတို့၏ အကျိုးငှာ
နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ-က စီစဉ်ထုတ်ဝေသည်



အတွဲ ( ၁ )၊ အမှတ် ( ၂ )

# ဥပဒေအထက်မှာ ဘယ်သူတွေရှိနေသလဲ

ဘာသာခြား၊ လူမျိုးခြား၊ နိုင်ငံခြားသား၊
အာဏာအလွဲသုံးစားလုပ်စားသူများနှင့်
အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး စသည်များ
ပတ်သက်မိခြင်းကြောင့်
အမှုအခင်းများ ဖြစ်ပွားရပြီးနောက်
ဘဝပျက်ရသူများ၏
အတိုင်းအဆမရှိ နစ်နာရမှုများအကြောင်း
စုစည်းတင်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ - ဦးစောရန်နိုင်ထွန်း
မြင်းခြံစာပေ(၀၀၃၉၈)
(၂၅၆)၊ ၃၉-လမ်း (အထက်)
ရန်ကုန်မြို့

ပုံနှိပ်သူ - ဒေါ်ယဉ်ယဉ်ကြည်
မြင်းခြံပုံနှိပ်တိုက်(၀၀၄၄၉)
(၂၅၆)၊ ၃၉-လမ်း (အထက်)
ရန်ကုန်မြို့

ကွန်ပျူတာစာစီနှင့် အတွင်းအပြင်အဆင် - A&A ကွန်ပျူတာ
အလှပန်းစာပေ

ဖြန့်ချိရေး -(၁) မကွေးပရိယတ္တိစာသင်တိုက်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
၀၉-၅၁၇၀၃၅၂၊
၀၉-၂၅၀၉၅၆၆၀၁
- (၂) ရှမ်း/မြောက်(ပြည်နယ်)မဘသရုံး
လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း
၀၉-၂၆၁၁၅၅၉၆၉
၀၉-၂၅၃၇၉၅၉၆၉

ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ မတ်လ

အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၀၀၀/


www.burmeseclassic.com

www.burmeseclassic.com


# အမှာစာ

(၁၆-၁-၂၀၁၆)

၁၆-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် နဝမအကြိမ် စာတမ်းဖတ်ပွဲ အစီအစဉ် ၂ အရ အဖွင့်ဩဝါဒကထာကိုပင် အမှာစာအဖြစ် ထည့်သွင်းဖော်ပြပေးလိုက်ပါသည်။

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ် ၁ ရပ်ကွက်၊ အနော်ရထာလမ်း၊ မကွေးပရိယတ္တိစာသင်တိုက်အတွင်းမှာ မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသူများအတွက် ကျင်းပတဲ့ စာတမ်းဖတ်ပွဲကြီးဟာ ယနေ့ဆိုရင် ၉ ကြိမ်တိတိ ရောက်ရှိခဲ့ပါပြီ။

ဘာ့ကြောင့် ဒီစာတမ်းဖတ်ပွဲကြီးကို ကျင်းပရသလဲဆိုရင်တော့ ဘုန်းကြီးတို့မြန်မာနိုင်ငံမှာ ကြီးနိုင်ငယ်ညှင်း မတရားတာတွေကို လုပ်နေကြလို့၊ ဥပဒေအထက်မှာ အာဏာရှင်တွေ၊ ခရိုနီတွေ၊ ငွေပေးထားသူတွေ ရှိနေကြလို့ အမှုများက မှန်ကန်နေပါသော်လည်းပဲ ရှုံးနိမ့်နေရပါတယ်။

အဲသလိုအမှုမျိုးတွေကို ဘုန်းကြီးတို့က သက်ဆိုင်ရာနိုင်ငံတော်သမ္မတ၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ သာသနာရေးနဲ့ပတ်သက်လာရင် နိုင်ငံတော်သံဃမဟာနာယက၊ သာသနာရေးဝန်ကြီးဌာန အစရှိတဲ့ ဌာနတွေကို ပို့ပေးသွားမယ်။ ပြည်သူများကို စာတမ်းများ၊ အခွေများ ဖြန့်ဖြူးသွားမယ်။

အဲသလိုလုပ်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ အမှုမှန်ပေါ်ပေါက်စေရန်၊ ပြည်သူပြည်သားများ ဥပဒေရဲ့ အကာအကွယ်၊


www.burmeseclassic.com

www.burmeseclassic.com



အစောင့်အရှောက် ရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။

မည်သည့်အာဏာပိုင်အဖွဲ့အစည်းကိုမှ မုန်းတီး၍ လုပ်ခြင်းလည်း မဟုတ်ပါဘူး။ အခြားသောဘာသာဝင်များကို စော်ကားလို၍ လုပ်ခြင်းလည်း မဟုတ်ပါဘူး။



အမှုများက မှန်ကန်ပါလျက် နစ်နာဆုံးရှုံးနေခြင်းဖြစ်ကြောင်း မှန်ကန်မယ်၊ အမှန်တရား ပေါ်ပေါက်ပြီး ပြည်သူတွေမှာ အကျိုးရှိမယ်ဆိုရင် ဘုန်းကြီးတို့က မည်သည့်အစိုးရတက်တက် ဒီလိုစာတမ်းဖတ်ပွဲတွေကို ဆက်လက်ပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

သို့အတွက်ကြောင့် ဒီစာတမ်းဖတ်ပွဲကြီး ၁၀ ကြိမ်မြောက်မှာလည်းပဲ စာတမ်းရှင်များကို ဖိတ်ခေါ်ပါတယ်။

စာတမ်းဖတ်ပွဲ ၈ ကြိမ် ပြီးမြောက်တဲ့အခါမှာ စာတမ်းပေါင်း ၆၀ ကျော်ထဲက သူ့ကဏ္ဍအလိုက် ပေါင်းစုပြီးတော့ စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com


လည်း ထုတ်ဝေထားတယ်။ အတွဲ(၁)၊ အမှတ်(၁)ကို ထုတ်ဝေထားပြီး ဖြစ်ပါတယ်။

ဘာ့ကြောင့်ထုတ်ဝေရသလဲ။

ဘုန်းကြီးတို့ပြည်သူတွေ နစ်နာဆုံးရှုံးနေရတဲ့ဘဝကို ဘုန်းကြီးကိုယ်တိုင် နစ်နာဆုံးရှုံးနေရသကဲ့သို့ ခံစားတတ်တဲ့နှလုံးသားရှိခြင်းကြောင့် ဖြစ်ပါတယ်။

ထိုကဲ့သို့နစ်နာဆုံးရှုံးရသူများမဖြစ်ပေါ်အောင် သက်ဆိုင်ရာလုပ်ပိုင်ခွင့်ရှိတဲ့ ဌာနအသီးသီးက ပုဂ္ဂိုလ်တွေပါ ဘုန်းကြီးတို့ဆီက စာတမ်းများကို ပြန်လည်ပြီးတော့ ဖတ်ရှုလေ့လာသုံးသပ်ခြင်း၊ အခွေများကို နားထောင်လေ့လာသုံးသပ်ခြင်း၊ စာအုပ်များကို ဖတ်ရှုလေ့လာသုံးသပ်ခြင်း ပြုကြပြီးတဲ့အခါမှာ သူတို့အနေနဲ့ "ငါတို့လုပ်တာမှားတယ်"လို့ သိပြီးတော့ အမှန်ကို အမှန်အတိုင်းဖြစ်အောင် လုပ်ပေးစေချင်လို့ ယခုကဲ့သို့ စာတမ်းဖတ်ပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။ ယခုကဲ့သို့ စာအုပ်များ ထုတ်ဝေပေးရခြင်းဖြစ်ပါတယ်။

စာတမ်းဖတ်တဲ့ပုဂ္ဂိုလ်တွေ၊ ဒီအခမ်းအနား ရောက်ရှိလာတဲ့ပုဂ္ဂိုလ်တွေပါ အားလုံး အခမ်းအနား ပြီးဆုံးပြီးမှသာလျှင် ပြန်ကြပါလို့ ဘုန်းကြီးအနေနဲ့ မေတ္တာရပ်ခံအပ်ပါတယ်။

ယနေ့ အခမ်းအနားမှာ စာတမ်းရှင်များက တော်တော်များတဲ့အတွက်ကြောင့် ဘုန်းကြီးရဲ့ဩဝါဒကို ဤမျှဖြင့်ပင် နိဂုံးကမ္ပတ်အဆုံးသတ်ပါပြီ။ အားလုံး ကျေးဇူးတင်ပါတယ်။

ဦးပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
အနော်ရထာလမ်း၊ အမှတ်(၁)ရပ်ကွက်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com


# အမှာစာ

(၂၆-၁-၂၀၁၆)

"ဥပဒေအထက်မှာ ဘယ်သူတွေရှိနေသလဲ"

အတွဲ(၁)၊ အမှတ်(၁)ကို ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်ပါတယ်။ စာအုပ်ထွက်ရှိကြောင်း ကြေညာတဲ့ စာအုပ်မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ စာအုပ်မိတ်ဆက်ပွဲမှာ နောင်တော်လေးက "တိုင်စာ-စာပေ"ဖြစ်ကြောင်း ပြောကြားသွားခဲ့ပါတယ်။



တိုင်စာဆိုတာ ရသစာပေလား၊ သုတစာပေလားလို့ ဝေဖန်ခွဲခြမ်းစိတ်ဖြာကြည့်ရင် အချက်အလက်၊ အကြောင်းအရာတွေကို မှတ်တမ်းပြုထားတာတွေမို့ သုတစာပေလို့ သတ်မှတ်ရမှာဖြစ်ပါတယ်။

ဒီစာတမ်းဖတ်ပွဲမှာ လာရောင်တင်သွင်းဖတ်ကြားထားတဲ့ စာတမ်းတွေဟာ တရားရုံးအဆင့်ဆင့်အရ ကုစားလို့မရနိုင်တဲ့အထိ နစ်နာဆုံးရှုံးထားရတဲ့ အချက်အလက်၊ အကြောင်းအရာတွေပဲ များပါတယ်။ အသက်သေဆုံးရတဲ့အထိ၊ ဘဝပျက်ရတဲ့အထိ နစ်နာဆုံးရှုံးရသူတွေတောင် ပါပါတယ်။ ဒါ့ကြောင့်မို့ ရသစာပေလို့လည်း သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။

ရသစာပေဆိုတာက သုဗောဓလင်္ကာရကျမ်းအရ မဖတ်ရသေးခင်ကစိတ်ဖြစ်ပုံနဲ့ ဖတ်ရပြီးနောက်စိတ်ဖြစ်ပုံ ထူးခြားသွားစေတဲ့ စာပေမျိုးပါ။ ခံစားရအောင် ရေးထားတဲ့စာပေကို ရသစာပေလို့

www.burmeseclassic.com

www.burmeseclassic.com


ခေါ်တာပါ။ ခံစားရတယ်ဆိုတာက အာရုံအပေါ်မှာ မွေ့လျော်ခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ခက်ထန်ကြမ်းကြုတ်ခြင်း၊ ရဲရင့်တွန်းလှန်ခြင်း၊ ကြောက်ရွံ့တွန့်ဆုတ်ခြင်း၊ စက်ဆုတ်ရွံရှာခြင်း၊ အံ့ဩတုန်လှုပ်ခြင်း၊ တည်ငြိမ်ငြိမ်းအေးခြင်းတွေထဲက တစ်ခုခုဖြစ်သွားတာကို ဆိုလိုပါတယ်။ ဒါကတော့ သုဗောဓာလင်္ကာရကျမ်းအရ ဖွင့်ဆိုတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။

ဗုဒ္ဓအဘိဓမ္မာဒေသနာအရဆိုရင်တော့ လောဘ၊ ဒေါသ၊ မောဟ ဦးစီးတဲ့ အကုသိုလ်စိတ်တွေ၊ အလောဘ၊ အဒေါသ၊ အမောဟ(ပညာ) ဦးစီးတဲ့ ကုသိုလ်စိတ်တွေထဲက တစ်ခုခုဖြစ်သွားတာကို ဆိုလိုပါတယ်။

ဒီစာအုပ်ထဲက စာတမ်းတွေကို ဖတ်ရှုကြည့်ရင်တော့-
"သောကဋ္ဌာယီဘာဝ(ကာမ-ဓမ္မ)+ကရုဏာရသတွေ၊ ကောဓဋ္ဌာယီဘာဝ+ရုဒ္ဒရသတွေ၊ ဥဿာဟဋ္ဌာယီဘာဝ(ယုဒ္ဓ-ဒါန-ဒယာ)+ဝီရရသတွေ၊ ဘယဋ္ဌာယီဘာဝ+ဘယာနကရသတွေ၊ ဇိဂုစ္ဆာဋ္ဌာယီဘာဝ(ရုဓိရ-ပူတိ-ဝိရာဂ-ဩတ္တပ္ပ)+ဝီဘစ္ဆရသတွေ၊ ဝိမှယဋ္ဌာယီဘာဝ+အဗ္ဘုတရသတွေ" ဖြစ်လာရင်း စိတ်ဖြစ်ပုံတွေ ထူးခြားသွားစေနိုင်မှာဖြစ်ပါတယ်။

စိတ်ဖြစ်ပုံဆိုတဲ့စကားမှာ စာဖတ်သူရဲ့စိတ်ဖြစ်ပုံကို ဆိုလိုပါတယ်။ စာဖတ်သူဟာ ဒီစာတမ်းတစ်ခုခုကို ဖတ်နေရင်း၊ ဖတ်ပြီးနောက်ပိုင်း စိုးရိမ်ပူဆွေးစိတ်တွေ ဖြစ်လာမလား၊ ဒေါသစိတ်တွေဖြစ်လာမလား စာဖတ်သူကိုယ်တိုင် သိရှိနိုင်ပါတယ်။ ကော်မတီအနေနဲ့ကတော့ အမောဟ(ပညာ)ဦးစီးဦးဆောင်တဲ့ ကုသိုလ်စိတ်တွေပဲ ဖြစ်စေချင်ပါတယ်။ ဘယ်သူပဲဖတ်ဖတ် စိတ်ဖြစ်ပုံတွေကိုပြောင်းလဲသွားစေနိုင်မှာကတော့ သေချာပါတယ်။

အခြားဘက်ကနေကြည့်ရင် ဒီစာတမ်းတွေဟာ သမိုင်း

www.burmeseclassic.com

www.burmeseclassic.com


စာပေ ဖြစ်ပါတယ်။ သမိုင်းဆိုတာက "ဘယ်ဘုရင့်လက်ထက်၊ ဘယ်မင်းလက်ထက်၊ ဘယ်အစိုးရလက်ထက်မှာ ဘယ်လိုဖြစ်ခဲ့တယ်"ဆိုတဲ့ မှတ်တမ်းပဲ ဖြစ်ပါတယ်။ လက်ရှိအစိုးရရဲ့လက်ထက်မှာ ဖြစ်ခဲ့တာတွေကို မှတ်သားဖော်ပြထားတာတွေဖြစ်လို့ ခေတ်ပြိုင်သမိုင်းလို့ ခေါ်ဆိုနိုင်ပါတယ်။ ခေတ်ဆိုတာက ထင်ရှားတဲ့ခေါင်းဆောင်တွေက တာဝန်ယူထားတဲ့ အချိန်ကာလ(အပိုင်းအခြား)တစ်ခုပါ။ လက်ရှိအစိုးရလက်ထက်မှာ ဖြစ်ပျက်နေတာတွေကို မပျောက်မပျက်အောင် မှတ်သားဖော်ပြပေးထားပါတယ်။

ဒီစာအုပ်မှာ ဖော်ပြထားတာတွေနဲ့ပတ်သက်လို့ အရင်စာအုပ်မှာ ပါပြီးသားတွေကို ထပ်မထည့်ဘဲ ထားပါလားလို့ ဦးဆောင်ဆရာတော်က မိန့်ကြားပါတယ်။ ဥပမာအားဖြင့် ကိုဝင်းရွှေရဲ့စာတမ်း၊ မနှင်းကေသီစိုးရဲ့စာတမ်းမျိုး။ သမိုင်းမှတ်တမ်းစာပေဖြစ်တဲ့အတွက်ကြောင့် ချန်ခဲ့တာမျိုးလည်း မလုပ်သင့်ကြောင်း၊ ဖြည့်စွက်တာမျိုးလည်း မလုပ်သင့်ကြောင်း၊ ကျင်းပစဉ်က တင်ပြထားတဲ့အတိုင်း အပြည့်အစုံ ဖော်ပြသင့်ကြောင်း ပြန်လည်လျှောက်ထားရပါတယ်။

ကော်မတီက စီစဉ်ဆောင်ရွက်ပေးထားတဲ့ စာတမ်းများကို ချန်လှပ်တာမျိုးရှိခဲ့ရင် မဖော်ပြစေချင်တဲ့ဘက်က လာဘ်ထိုးထားလို့ မထည့်တာလားလို့တောင် စွပ်စွဲစရာရှိနိုင်ပါတယ်။ သမိုင်းကို မျက်ကွယ်ပြုရာလည်း ရောက်နိုင်ပါတယ်။ စာတမ်းရှင်-ကာယကံရှင်က ထည့်စေချင်တာပဲဖြစ်ဖြစ်၊ မထည့်စေချင်တာပဲဖြစ်ဖြစ်၊ အခြားသူတွေက ထည့်စေချင်တာပဲဖြစ်ဖြစ်၊ မထည့်စေချင်တာပဲဖြစ်ဖြစ် အလည့်ကျရောက်လာတဲ့အတိုင်း ထည့်သွင်းဖော်ပြရန် ကော်မတီမှာ တာဝန်ရှိနေပါတယ် . . . . .။

နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


၁။ အမှာစာ ဦးပါမောက္ခ ၃

၂။ အမှာစာ အောင်မြိုင်(မစိုးရိမ်စာသင်သား) ၆

၃။ မာတိကာ ၉

၄။ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ သိစေရန် ကြေညာချက် ထုတ်ပြန်ခြင်း ၁၂

၅။ နဝမအကြိမ် စာတမ်းဖတ်ပွဲ အခမ်းအနား အစီအစဉ်များ ၁၅

၆။ နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ နဝမအကြိမ် ဖွဲ့စည်းကြောင်း ကြေညာချက် ၁၇

၇။ နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီဝင် စာတမ်းရှင်များ ၁၉

၈။ သက်ဆိုင်ရာများထံသို့ စာတမ်းများ ပေးပို့ခြင်း ၂၆

၉။ စာတမ်းများ ပေးပို့ထားကြောင်း မှတ်တမ်းပြုတင်ပြခြင်း ၂၈

၁၀။ စာတမ်းများ ပေးပို့ထားကြောင်း မှတ်တမ်းပြုတင်ပြခြင်း(၂) ၃၆

၁၁။ မြန်မာနိုင်ငံသားများသည် ဓားစာခံမဟုတ် ၃၈

၁၂။ ဧည့်သည်ဆိုးက အိမ်ရှင်များကို ဘဝဖျက် အမြစ်ဖြတ် ချေမှုန်းနေခြင်း ၄၈

၁၃။ ရှေ့နေကျင့်ဝတ်သိက္ခာ လုံးဝမရှိသောရှေ့နေများ ကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက် ၆၇

၁၄။ အထူးအမှုအခင်း ဦးစိုးသိန်းကို မတရားဖမ်းဆီးချုပ်နှောင်စေမှု ၇၃

၁၅။ နဝမအကြိမ် စာတမ်းဖတ်ပွဲ ဓာတ်ပုံမှတ်တမ်းများ ၂၉

၁၆။ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေး
ဆုံးဖြတ်ချက်မှတ်တမ်းကို တုံ့ပြန်ဖြေရှင်းသည့် သတင်း
စာရှင်းလင်းပွဲ ဦးပါမောက္ခ၏ ရှင်းလင်းတင်ပြချက် ၁၃၇
၁၇။ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့
ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံး
ဖြတ်ချက်မှတ်တမ်းကို တုံ့ပြန်ဖြေရှင်းသည့် သတင်းစာ
ရှင်းလင်းပွဲ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ တင်ပြချက် ၁၄၈
၁၈။ သက်သေခံ(က) ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃ
နာယကအဖွဲ့ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ
ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်း ၁၅၅
၁၉။ သက်သေခံ(ခ) သတင်းစာရှင်းလင်းပွဲဖိတ်စာ ၁၅၉
၂၀။ သက်သေခံ(ဂ) ရုပ်သံမှတ်တမ်းခွေ ၁၆၀
၂၁။ အရိုး(ခ)ကိုကျော်ဇင်လင်း အမှုအခင်း လေ့လာတွေ့ရှိ
ချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း ၁၆၁
၂၂။ မဆွေဆွေနှင်းနု အမှုအခင်း တင်ပြချက် ၁၇၉
၂၃။ မဆွေဆွေနှင်းနု အမှုအခင်း လေ့လာတွေ့ရှိချက်များ
အကျဉ်းချုပ်ကို တင်ပြခြင်း ၁၈၃
၂၄။ ထေရ(ခ)ဦးဝင်းရွှေ အမှုအခင်း လေ့လာတွေ့ရှိ
ချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း ၁၉၅
၂၅။ မနှင်းကေသီစိုး အမှုအခင်း လေ့လာတွေ့ရှိချက်များ
အကျဉ်းချုပ်ကို တင်ပြခြင်း ၂၀၄
၂၆။ လာဘ်စားမှုများနှင့် မတရားမှုများကို
သက်သေခံများဖြင့် ဖော်ထုတ်ခြင်း ၂၂၄
၂၇။ အထူးအမှုအခင်း

www.burmeseclassic.com

www.burmeseclassic.com


အစ္စလာမ်ဘာသာဝင် ကုလားစိုးကျော်နိုင်က သိန်းပေါင်း
ရှစ်သောင်းကျော်ဖိုး လိမ်လည်ရယူထားခြင်းကြောင့်
နစ်နာဆုံးရှုံးနေရကြောင်း ရှင်းလင်းတင်ပြချက် ၂၃၃
၂၈။ (က) ညောင်ဦးမြို့နယ်တရားရုံး၌
ပြစ်မှုကြီးမှုအမှတ် ၆၃၀/၂၀၁၄ ၌ သုံးသပ်ချက် ၂၅၀
၂၉။ (ခ) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌
တရားမမှုကြီးမှုအမှတ် ၁၂/၂၀၁၄ ၌ သုံးသပ်ချက် ၂၅၅
၃၀။ အပြန်အလှန် စကားပြောခန်း ၂၇၂
၃၁။ (ဂ) ညောင်ဦးမြို့နယ်တရားရုံး၌
တရားမမှုကြီးမှုအမှတ် ၁၁၃/၂၀၁၄ ၌ သုံးသပ်ချက် ၂၇၈
၃၂။ (က)၊ (ခ)၊ (ဂ) အမှတ်ပြအမှု(၃)မှုတို့၌ ပူးပေါင်းကြံစည်
ကျူးလွန်သူများ၏ အမည်စာရင်းကို တင်ပြခြင်း ၂၈၂
၃၃။ (ဂ) အမှတ်ပြအမှုသုံးသပ်ချက်နိဂုံးနှင့်
(ဃ) အမှတ်ပြအမှု ကောက်နုတ်တင်ပြချက်နိဒါန်း ၂၈၅
၃၄။ (ဃ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ(၄၀၆)ဖြင့်
ချက်ချင်းဖမ်းခိုင်းမှုမှ ကောက်နုတ်တင်ပြချက် ၂၉၁
၃၅။ (၉-၇-၂၀၁၅)နေ့ည၊ ည(၁၁)နာရီခန့်က အရိုး (ခ)
ကျော်ဇင်လင်းကို တောင်ကြီး အမှတ်(၁)ရဲစခန်းမှ
လာရောက် ဖမ်းခေါ်သွားသည် ၂၉၄
၃၆။ စိုးကျော်နိုင်က ဗုဒ္ဓဘာသာဟု လိမ်ထားပုံ ၃၀၀
၃၇။ စိုးကျော်နိုင်၏ မှတ်ပုံတင်မိတ္တူ ၃၀၁
၃၈။ အရေးယူရန် ထုတ်ပြန်သည့်စာ ၃၀၂
၃၉။ မြို့နယ်သံဃနာယကအဖွဲ့က တိုင်ကြားပုံ ၃၀၃


www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့ သိစေရန် ကြေညာချက် ထုတ်ပြန်ခြင်း

သို့

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်းတို့

ရက်စွဲ။ ။၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊
၂၀၁၄ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္ဂနွေနေ့

အကြောင်းအရာ။ ။သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များကြောင့် မှန်ကန်သူများဖြစ်ပါလျက် နစ်နာခြင်းခံနေရမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြနိုင်ရန် စာတမ်းများ ဖိတ်ခေါ်ခြင်း

၁။ အထက်ပါ အကြောင်းအရာနှင့် ပတ်သက်၍ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ စနေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (---) ကျောင်းတိုက် ဝိပဿနာ(?) ... ဝိဂါဒါမိကရှုဏ်းမှုခင်းမှတ်တမ်းများ၊ နိုင်ငံတော်သမ္မတထံသို့ တင်သွင်းထားသည့်စာတမ်း၊ အမျိုးသားလွှတ်တော်ရုံး ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ ထုတ်ပြန်ထားသည့် ညွှန်ကြားစာတို့ကို လာရောက်တင်ပြ၍ နစ်နာသူများဘက်မှ အသနားခံမှုတစ်ခုကို လက်ခံလိုက်ရပါသည်။

www.burmeseclassic.com



အမှန်အားဖြင့် မှန်ကန်သူများဖြစ်ပါလျက် နစ်နာခြင်းခံနေရသည်များကို ကြားရတိုင်း၊ တွေ့ရတိုင်း ဘုန်းကြီးအနေဖြင့် သနားခြင်းရှိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

၂။ ယခုဖြစ်စဉ်မှာလည်း အမျိုးသားလွှတ်တော်ရုံး ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ၏ စိစစ်ချက်အရ မှန်ကန်သူများ ဖြစ်ပါလျက် နစ်နာခြင်းခံနေရကြောင်း ထင်ရှားနေပြီး ဖြစ်ပါသည်။

အလားတူဖြစ်စဉ်များရှိ/မရှိ လေ့လာစုံစမ်းကြည့်ရာမှာလည်း အလားတူ ဖြစ်စဉ်များရှိနေကြောင်း ကြားရ၊ သိရပြန်ပါသည်။

၃။ သို့ဖြစ်ပါ၍ အလားတူကာယကံရှင်များနှင့် ဆက်သွယ်ပေါင်းစပ်၍-

သက်ဆိုင်ရာဌာနများ၏ မှားယွင်းနေသည့် စီမံချက်များကို အချိန်မီပြင်ဆင်နိုင်အောင်၊

သက်ဆိုင်ရာတာဝန်ရှိသူများ၏ မှားယွင်းနေသည့် စီမံချက်အတိုင်း အကောင်အထည်ဖော်မှုများကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ စုံညီခုံရုံးများ၊ စာချွန်တော်များဖြင့် ပြန်လည်စိစစ်ပြီး မှန်ကန်စွာ အကောင်အထည် ဖော်နိုင်အောင်၊

မှန်ကန်သူများဖြစ်ပါလျက် နစ်နာခြင်းမခံရအောင်

ရည်ရွယ်လျက် 'စာတမ်းဖတ်ပွဲ' ပြုလုပ်ပေးလိုပါသောကြောင့် နစ်နာခြင်းခံရသူများအနေဖြင့် ကိုယ်တိုင်ရေးသားသည့်စာတမ်းများကို ကိုယ်တိုင်ပေးပို့ပြီး ကိုယ်တိုင်ဖတ်ကြားတင်သွင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတမ်းဖတ်ပွဲအတွက် ကာယကံရှင်များ၊ မီဒီယာများ၊ စိတ်ပါဝင်စားသူများ အားလုံး တက်ရောက်လေ့လာနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါကြောင်း ကြေညာအပ်ပါသည်။

ဘဒ္ဒန္တပါမောက္ခ (ဦးဆောင်ဆရာတော်)
နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ
မကွေးပရိယတ္တိစာသင်တိုက်
အနော်ရထာလမ်း၊ ၁ ရပ်ကွက်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

စာတမ်းပေးပို့ရမည့်ရက် ၁၇- ၇- ၂၀၁၄။
စာတမ်းတင်သွင်းမည့်ရက် ၁၉- ၇- ၂၀၁၄။ (အာဇာနည်နေ့)
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆုတ် ၈ ရက်၊ စနေနေ့။



## အမှားပြင်ဆင်ချက်

အတွဲ(၁)၊ အမှတ်(၁) စာမျက်နှာ(၁၉၉)တွင် အောက်မှ အထက်သို့ ပြန်ရေလျှင် (၂)ကြောင်းမြောက်စာကြောင်း၌ "ထောင်ဒဏ်လည်း ၆ နှစ်ကျခံရပါတယ်"ဟု မှားယွင်းစွာ ဖော်ပြထားမိပါသည်။ အမှန်မှာ "ထောင်ဒဏ်လည်း ၆ လကျခံရပါတယ်"ဟု ဖော်ပြမှ အမှန်ဖြစ်ပါသည်။ ပြင်ဆင်မှတ်သားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အမှားတွေ့လျှင် အကြောင်းကြားပေးပါက အမှန်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# နဝမအကြိမ် စာတမ်းဖတ်ပွဲ အခမ်းအနား အစီအစဉ်များ

သာသနာတော်နှစ် ၂၅၅၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ စနေနေ့၊ နေ့လယ် ၁ နာရီအချိန်တွင် ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ အမှတ် ၁ ရပ်ကွက်၊ အနော်ရထာလမ်း၊ မကွေးပရိယတ္တိစာသင်တိုက်အတွင်း၌ ကျင်းပအပ်သော "နစ်နာရမှုများ ရှင်းလင်းတင်ပြရေးကော်မတီ" နဝမအကြိမ် စာတမ်းဖတ်ပွဲ အခမ်းအနား အစီအစဉ်များမှာ- (အောက်ပါအတိုင်း ဖြစ်ပါသည်။)

၁။ သဗ္ဗညုတ ဉာဏ်တော်ရှင် မြတ်စွာဘုရားအား နမောတဿ ၃ ကြိမ် ရွတ်ဆို-ရှိခိုး၍ အခမ်းအနားဖွင့်လှစ်ခြင်း၊

၂။ နစ်နာရမှုများ ရှင်းလင်းတင်ပြရေးကော်မတီ ဦးဆောင်ဆရာတော် ဘဒ္ဒန္တပါမောက္ခ (မကွေးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်)က အဖွင့်ဩဝါဒကထာ ချီးမြှင့်ခြင်း၊

၃။ နစ်နာရမှုများ ရှင်းလင်းတင်ပြရေးကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်းနှင့် စာတမ်းရှင်အဖွဲ့ဝင်အမည်စာရင်းများကို ထုတ်ပြန်ကြေညာခြင်း၊

၄။ နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ နဝမအကြိမ် စာတမ်းဖတ်ပွဲသို့ တင်သွင်းလာသည့် စာတမ်းများကို ဖတ်ကြားတင်သွင်းခြင်း၊

www.burmeseclassic.com

www.burmeseclassic.com


(က) ဦးနိုင်ဝင်းထွန်း(ခ)နောင်တော်လေး

(ခ) ဦးပညာသာမိ

(ဂ) ဦးဘသိန်းအောင်

(ဃ) ဦးနေမိန္ဒ

(င) ဒေါ်အေးအေးမြင့်

(စ) မမြတ်ဖြူဖြူမျိုး (ကိုယ်စားဖတ်သူ ဦးသုစိတ္တ)

(ဆ) ဦးသုန္ဒရ

(ဇ) ဒေါ်ဝင်းဝင်းသန်း

(ဈ) မနှင်းကေသီစိုး

(ည) ဦးဝင်းထွန်းနိုင်

(ဋ) ဒေါ်သင်းသင်းနိုင်

(ဌ) ဒေါ်သုစန္ဒာ (ကိုယ်စားဖတ်သူ ဦးအောင်ပြည့်)

(ဍ) ဦးအောင်မြိုင်(မစိုးရိမ်စာသင်သား)

(ဎ) ဦးနေလင်းအောင်

(ဏ) မအေးအေးမွန်

(တ) ဒေါ်အုန်းရီ

၅။ ဆရာတော်ဘဒ္ဒန္တအကိုရ(လားရှိုး)-က အရေးကြီးသည့် အကြောင်းအရာများကို သုံးသပ်တင်ပြခြင်း၊

၅။ ဗုဒ္ဓသာသနာတော် ရှည်ကြာစွာ တည်တံ့နိုင်ပါစေကြောင်း ဆုတောင်းလျှာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို- အမိဋ္ဌာန်ပြု- ဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းခြင်း၊

(အခမ်းအနားမှူး -ဦးအောင်မြိုင်)

www.burmeseclassic.com

www.burmeseclassic.com



# နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ

## (နဝမအကြိမ် ဖွဲ့စည်းကြောင်းကြေညာချက်)

၁။ ဤကော်မတီကို သာသနာတော်နှစ် ၂၅၅၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ စနေနေ့၊ နေ့လယ် ၁ နာရီ အချိန်တွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ အမှတ် ၁ ရပ်ကွက်၊ အနော်ရထာလမ်း၊ မကွေးပရိယတ္တိစာသင်တိုက်အတွင်း၌ မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသူများဖြစ်သည့် အောက်ပါစာတမ်းရှင်များဖြင့် နဝမအကြိမ် ဖွဲ့စည်းလိုက်ပါသည်။

၂။ ဤကော်မတီသည် မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသူများ၏ အမှုအခင်းများ ဖြစ်ပွားနေစဉ်အတွင်း မှန်ကန်စွာ ဖြေရှင်းဆုံးဖြတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံတော်အစိုးရအဖွဲ့၊ သက်ဆိုင်ရာတရားရေးအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်အဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ (မှတ်တမ်းမှတ်ရာများနှင့်အတူ) တင်ပြချက်စာတမ်းများကို ပေးပို့၍ မေတ္တာရပ်ခံလွှာများ တင်သွင်းတောင်းဆိုပေးနိုင်ရန် ဖွဲ့စည်းသည့် ယာယီကော်မတီဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

၃။ ဤကော်မတီ၏စာတမ်းဖတ်ပွဲတွင် ပါဝင်သည့် စာတမ်းပါ အမှုအခင်းများနှင့်ပတ်သက်၍ သက်ဆိုရာအစိုးရအဖွဲ့၊ သက်ဆိုင်ရာတရားရေးအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်အဖွဲ့နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်လည်သုံးသပ်ကြပြီး မှန်ကန်စွာ ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပေးကြပါရန် လေးစားစွာ မေတ္တာရပ်ခံလိုက်ပါသည်။

၄။ ဤကော်မတီက ကျင်းပသည့် စာတမ်းဖတ်ပွဲတွင် သက်ဆိုင်ရာများက မှန်ကန်စွာ ဖြေရှင်းဆုံးဖြတ်ပေးရေးအတွက် တရားမျှတသော တရားဥပဒေများနှင့်အညီ ရှင်းလင်းတင်ပြချက်များ၊ သုံးသပ်ချက်များ၊ ဝေဖန်အကြံပြုချက်များ၊ မေတ္တာရပ်ခံချက်များ၊ တောင်းဆိုချက်များကိုသာ အဓိကထားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

၅။ ဖြစ်ရပ်မှန်များကို ဖြစ်ရပ်မှန်အတိုင်း တင်ပြချက်များနှင့်ပတ်သက်၍ 'သူခိုးကို သူခိုးဟု ပြောဆိုရေးသားတင်ပြခြင်းသည် ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြောဆိုရေးသားတင်ပြခြင်းမဟုတ်ဟု ဤကော်မတီက မှတ်ယူပါကြောင်း' ကြေညာလိုက်ပါသည်။

၆။ ဤကော်မတီက ကျင်းပသည့် စာတမ်းဖတ်ပွဲတွင် သက်ဆိုင်ရာအစိုးရအဖွဲ့၊ သက်ဆိုင်ရာတရားရေးအဖွဲ့၊ သက်ဆိုင်ရာလွှတ်တော်စသည်များ၏ မှားယွင်းစွာ ဖြေရှင်းဆုံးဖြတ်ခဲ့မှုများအပေါ် ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် ရည်ရွယ်ထားသည့် စွပ်စွဲပုတ်ခတ်ချက်များ၊ ပြစ်တင်ဝေဖန်ချက်များ၊ ကဲ့ရဲ့ရှုတ်ချချက်များကို ခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးလိုက်ပါသည်။

၇။ ဤကော်မတီ၏စာတမ်းဖတ်ပွဲတွင် ပါဝင်သည့် စာတမ်းရှင်များသည် မိမိတို့၏စာတမ်းအတွက် မိမိတို့ကိုယ်တိုင် မှန်ကန်ပါလျက် နစ်နာနေရခြင်းဖြစ်ကြောင်း တာဝန်ယူပြီး မှန်ကန်စွာ တင်ပြခြင်းဖြစ်ကြောင်း ခိုင်လုံသော အမှုတွဲမှတ်တမ်း အပြည့်အစုံ ပါရှိသူများ ဖြစ်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



# နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီဝင် စာတမ်းရှင်များ

## စဉ် (၁)

စာတမ်းအမည်-မြန်မာနိုင်ငံသားများသည် မားစာခံမဟုတ်
စာတမ်းရှင်အမည်-ဦးနိုင်ဝင်းထွန်း(ခ)နောင်တော်လေး
လိပ်စာအပြည့်အစုံ-ဘဏ်ရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
မှတ်ပုံတင်နံပါတ်-၁၄/ဘကလ(နိုင်)၂၄၁၇၇၉
ဖုန်းနံပါတ်-၀၉ ၇၉၀ ၉၇၅ ၉၆၉
စာတမ်းရှင်၏လက်မှတ်-

## စဉ် (၂)

စာတမ်းအမည်-ညှော်သည်ဆိုးက အိမ်တွင်းသူခိုး အမျိုးမစောင့် သစ္စာဖောက် အသားထဲမှလောက်ထွက်များနှင့် ပူးပေါင်းကြံစည်၍ အိမ်ရှင်များကို ဘဝဖျက် အမြစ်ပြတ် ချေမှုန်းနေခြင်း
စာတမ်းရှင်အမည်-ဦးပညာသာမိ
လိပ်စာအပြည့်အစုံ-မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်၊ အမှတ်(၁၇)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
မှတ်ပုံတင်နံပါတ်-၈/ပခက(သ)၀၀၁၀၂၄
ဖုန်းနံပါတ်-၀၉ ၄၀၂ ၅၁၉ ၉၀၀
စာတမ်းရှင်၏လက်မှတ်-

## စဉ် (၃)

စာတမ်းအမည်-ရဲသတင်းတပ်ဖွဲ့ ဒုရဲအုပ်ဟောင်း ဦးဘသိန်းအောင်

www.burmeseclassic.com

www.burmeseclassic.com


မှ ပင်စင်ခံစားခွင့်မရ၍ နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်
စာတမ်းရှင်အမည်-ဦးဘသိန်းအောင်
လိပ်စာအပြည့်အစုံ-အမှတ် ၃၇၂၊ စိန်ပန်းလမ်း၊ ၁၀ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
မှတ်ပုံတင်နံပါတ်-၁၂/မဥန(နိုင်)၀၅၅၄၅၅
ဖုန်းနံပါတ်-၀၉ ၂၅၀ ၈၉၀ ၃၅
စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၄ )

စာတမ်းအမည်-အကြီးမားဆုံးအမှားကြီး (မဟန၏မဟာအမှားကြီး)
စာတမ်းရှင်အမည်-ဦးနေမိန္ဒ
လိပ်စာအပြည့်အစုံ-ကျောင်းသစ်ကျောင်း၊ သခွတ္တောရွာ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
မှတ်ပုံတင်နံပါတ်-၅/ဝလန(သ)၀၀၀၇၆၈
ဖုန်းနံပါတ်-၀၉ ၇၉၂ ၂၈၈ ၇၆၅
စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၅ )

စာတမ်းအမည်-စိုက်ပျိုးရေးခြံများနှင့် လူနေရပ်ကွက်များအား သိမ်းယူရန် ခြိမ်းခြောက်စာကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်
စာတမ်းရှင်အမည်-ဒေါ်အေးအေးမြင့်
လိပ်စာအပြည့်အစုံ-စံသမာဓိရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
မှတ်ပုံတင်နံပါတ်-၁၂/မဂဒ(နိုင်) ၁၀၄၆၇၂
ဖုန်းနံပါတ်-၀၉ ၂၅၄ ၀၂၃ ၀၉၇
စာတမ်းရှင်၏လက်မှတ်-

www.burmeseclassic.com

www.burmeseclassic.com



စဉ် ( ၆ )

စာတမ်းအမည်-ဦးမင်းမင်းထွန်း (ရဲရင့်နှင်းဆီဆောက်လုပ်ရေးကုမ္ပဏီ)မှ ကာမလိမ်လည်ရယူခြင်းကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်

စာတမ်းရှင်အမည်-မမြတ်ဖြူဖြူမျိုး

လိပ်စာအပြည့်အစုံ-အမှတ် ၆၆၆၊ ရွှေနှင်းဆီ ၁ လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကိုယ်စားဖတ်ကြားတင်သွင်းသူ-ဦးသုစိတ္တ၊ ဦးသာသနကျောင်း

မှတ်ပုံတင်နံပါတ်-၁၄/မအန(နိုင်) ၂၀၂၈၅၈

ဖုန်းနံပါတ်-

စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၇ )

စာတမ်းအမည်-မြန်မာ့စီးပွားရေးဘဏ်(၃)၊ မြဝတီဘဏ်ရုံးချုပ်တို့မှ သာသနာ့ငွေများ၊ သံဃိကငွေများ ပြန်လည်ထုတ်ပေးခြင်းမရှိ၍ နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်

စာတမ်းရှင်အမည်-အရှင်သုန္ဒရ

လိပ်စာအပြည့်အစုံ-သီရိပဟံသာသုန္ဒရာရာမကျောင်းတိုက်၊ ပုန်းထွန်ရပ်၊ ကျောက်တောင်၊ ဝမ်ကောင်းမြို့ပတ်လမ်း၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း

မှတ်ပုံတင်နံပါတ်-၁၂/ဗဟန(သ)၀၀၂၇၅၅

ဖုန်းနံပါတ်-၀၉ ၄၂၈ ၂၂၀ ၁၇၂

စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၈ )

စာတမ်းအမည်-အမှန်တရားနှင့်သာသနာတော်အတွက် ရခိုင်ပြည်

www.burmeseclassic.com

www.burmeseclassic.com



နယ်အစိုးရအဖွဲ့မှ စောင့်ရှောက်ပေးစေလိုကြောင်း ရှင်းလင်းတင်ပြချက်

စာတမ်းရှင်အမည်-ဒေါ်ဝင်းဝင်းသန်း၊ မေရှိုင်း

လိပ်စာအပြည့်အစုံ-အမှတ် ၉၇၁၊ ဗိုလ်မင်းခေါင်လမ်း၊ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မှတ်ပုံတင်နံပါတ်-၁၂/ဒပန(နိုင်)၀၃၃၁၆၈

ဖုန်းနံပါတ်-၀၉ ၂၅၀၃၆၁၇၁၂

စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၉ )

စာတမ်းအမည်-ရွှေ့နေကျင့်ဝတ်သိက္ခာလုံးဝမရှိသော ရွှေ့နေများကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်

စာတမ်းရှင်အမည်-မနှင်းဧကေသီစိုး

လိပ်စာအပြည့်အစုံ-အမှတ် ၈၁၂၊ ပိတောက်မြိုင်လမ်း၊ ၇ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မှတ်ပုံတင်နံပါတ်-၁၂/ဒဂရ(နိုင်)၀၁၇၃၁၄

ဖုန်းနံပါတ်-၀၉ ၂၅၄ ၃၆၅ ၇၁၆

စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၁၀ )

စာတမ်းအမည်-ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ လယ်တံငယ်ရွာ၊ မဇ္ဈိမာလင်္ကာရကျောင်းနေ ကျောင်းထိုင်ဦးပညာဇောတကို ကျောင်းမှ ဖယ်ရှားပေးရန် ဆုံးဖြတ်ချက် ပြန်လည်ပြင်ဆင်၍ ပယ်ဖျက်ရုပ်သိမ်းပေးပါရန် အသနားခံ တင်ပြခြင်း

စာတမ်းရှင်အမည်-ဦးဝင်းထွန်းနိုင်

လိပ်စာအပြည့်အစုံ-လယ်တံငယ်ရွာ၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းဒေသကြီး
မှတ်ပုံတင်နံပါတ်-၁၄/လမန(နိုင်)၀၀၀၇၀၃
ဖုန်းနံပါတ်-၀၉ ၈၆၀ ၂၅၈၇
စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၁၁ )

စာတမ်းအမည်-မင်္ဂလာဈေး ဦးဝင်းသိန်း(အစ္စလာမ်ဘာသာဝင်)နှင့် ရွှေပန်းသီဆိုင်မှ နှောင့်ယှက်မှုကြောင့် ဆိုင်ပိတ်ခံရသည့်အထိ နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်
စာတမ်းရှင်အမည်-ဒေါ်သင်းသင်းနိုင်
လိပ်စာအပြည့်အစုံ-အမှတ် ၄၀၆၊ မြေညီထပ်၊ မင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
မှတ်ပုံတင်နံပါတ်-၁၂/စခန(နိုင်) ၀၁၆၀၃၇
ဖုန်းနံပါတ်-၀၉ ၅၄၀၅၉၁၇
စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၁၂ )

စာတမ်းအမည်-မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသူများဖြစ်ကြောင်း ရှင်းလင်းတင်ပြချက်
စာတမ်းရှင်အမည်-ဆရာလေးဒေါ်သုစန္ဒာ
လိပ်စာအပြည့်အစုံ-ကုန်းကလေးကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ကိုယ်စားဖတ်ကြားတင်သွင်းသူ-ဦးအောင်ပြည့်၊ မင်္ဂလာဒုံမြို့နယ်
မှတ်ပုံတင်နံပါတ်-၅/ရဥန(သီ) ၀၀၀၉၂
ဖုန်းနံပါတ်-
စာတမ်းရှင်၏လက်မှတ်-

www.burmeseclassic.com

www.burmeseclassic.com



စဉ် ( ၁၃ )

စာတမ်းအမည်-ဘယ်သူ့မှာတာဝန်ရှိလဲ

စာတမ်းရှင်အမည်-ဦးအောင်မြိုင်(မစိုးရိမ်စာသင်သား)

လိပ်စာအပြည့်အစုံ-အမှတ် ၄၅-အောခန်း၊ ၇-လွှာ၊ ပေ ၅၀ လမ်း၊ (လှည်းတန်း)၊ အမှတ် ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

မှတ်ပုံတင်နံပါတ်-၁၂/ကမရ(နိုင်) ဝ၆၆၇၇၇

ဖုန်းနံပါတ်-ဝ၉၅၁၄၂၁၆၇

စာတမ်းရှင်၏လက်မှတ်

စဉ် ( ၁၄ )

စာတမ်းအမည်-အင်ဒိုနီးရှားနိုင်ငံတွင် လိမ်ညာဖြားယောင်းသွေးဆောင်ခံထားရသောသမီးလေးအား ပြန်လည်ရရှိရေး တင်ပြချက်

စာတမ်းရှင်အမည်-ဦးနေလင်းအောင်

လိပ်စာအပြည့်အစုံ-အမှတ် ၁၂၈၉၊ အောင်သုခ ၂၆ လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မှတ်ပုံတင်နံပါတ်-၁၂/သကတ(နိုင်) ၁၂၇ ၁၄၂

ဖုန်းနံပါတ်-ဝ၉ ၄၂ဝ ၂၃၉ ၆၃ဝ၊ ဝ၉ ၇၈၈ ၈၄၇ ၆၄ဝ

စာတမ်းရှင်၏လက်မှတ်-

စဉ် ( ၁၅ )

စာတမ်းအမည်-ကျိုက်ထီးရိုးတောင်ပေါ်တွင် ကျိုက်ထီးရိုးဘုရားသာသနာညှိုးနွမ်းအောင် ပြုလုပ်ခြင်းနှင့် ကျိုက်ထီးရိုးဘုရားဂေါပကမှ ဘုရားဖူးများမလာရဲအောင် လုပ်ဆောင်ခြင်းများ

စာတမ်းရှင်အမည်-မအေးအေးမွန်

လိပ်စာအပြည့်အစုံ- ၈၃၊ ဖက္ကလိပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်

www.burmeseclassic.com

www.burmeseclassic.com


မြည်နယ်
မှတ်ပုံတင်နံပါတ်-၁၂/လမန(နိုင်) ၁၀၁ ၅၈၈
ဖုန်းနံပါတ်-
စာတမ်းရှင်၏လက်မှတ်

စဉ် ( ၁၆ )

စာတမ်းအမည်-အင်အားသုံး၍ အဓမ္မသိမ်းယူခံရခြင်းကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်
စာတမ်းရှင်အမည်-ဒေါ်အုန်းရီ
လိပ်စာအပြည့်အစုံ-ယူအီးဝမ်း ၁ ရပ်ကွက်၊ အမှိုက်ပုံ ဘေး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
မှတ်ပုံတင်နံပါတ်-၁၂/ဒဂမ(နိုင်) ဝ၆၅၃၁၅
ဖုန်းနံပါတ်-ဝ၉ ၂၅ဝ၅ဝ၅၆၅၄
စာတမ်းရှင်၏လက်မှတ်-



www.burmeseclassic.com



# သက်ဆိုင်ရာများထံသို့ စာတမ်းများ ပေးပို့ခြင်း

နစ် နာ ရ မှု များ ရှင်း လင်း တင် ပြ ရေး ကော် မ တီ

သို့

နိုင်ငံတော်သမ္မတ
နိုင်ငံတော်သမ္မတရုံး
ရုံးအမှတ် (၁၈)
နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ။ ။သာသနာတော်နှစ် ၂၅၅၉ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ စနေနေ့

အကြောင်းအရာ။ ။မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသည်များကို ပြန်လည်သုံးသပ်ပြီး မှန်မှန်ကန်ကန်ဖြစ်အောင် ဖြေရှင်းဆုံးဖြတ်နိုင်ရေးအတွက် ညွှန်ကြားပေးပါရန် မေတ္တာရပ်ခံခြင်း

ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍-

www.burmeseclassic.com

www.burmeseclassic.com


၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မကွေးပရိယတ္တိစာသင်တိုက်အတွင်း၌ "မှန်ကန်သူများ မနစ်နာစေရန်၊ တရားဥပဒေစိုးမိုးမှုရှိစေရန်၊ အုပ်ချုပ်ရေးမဏ္ဍိုင် မယိမ်းယိုင်စေရန်" ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် "နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ"၏ စာတမ်းဖတ်ပွဲ (နဝမအကြိမ်)တွင် တင်ပြလာသည့် စာတမ်းပါ အကြောင်းအရာများအရ မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသည်များကို တွေ့ရှိရပါသဖြင့် မှန်မှန်ကန်ကန်ဖြေရှင်းဆုံးဖြတ်နိုင်အောင် ညွှန်ကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြပါသည်။

၂။ တင်ပြလာသည့် စာတမ်းမိတ္တူနှင့် စာတမ်းရှင်များ၏ လက်မှတ်ထိုးလွှာပုံစံမိတ္တူတို့ကို ဤစာနှင့်အတူ ပူးတွဲပေးပို့ပါသည်။

၃။ သက်ဆိုင်ရာရုံးတော်အဆင့်ဆင့်၌ အမှုတွဲမှတ်တမ်းများ ရှိနေပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မှန်မှန်ကန်ကန်ဖြေရှင်းဆုံးဖြတ်နိုင်အောင် ညွှန်ကြားပေးနိုင်ပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။

၅။ တစ်ဘက်ပါ "စာတမ်းများ ပေးပို့ထားကြောင်း မှတ်တမ်းပြုတင်ပြခြင်း"ခေါင်းစဉ်ပါအတိုင်း ပေးပို့ထားပါသည်။

---

ဘဒ္ဒန္တပါမောက္ခ (ဦးဆောင်ဆရာတော်)
နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ
မကွေးပရိယတ္တိစာသင်တိုက်၊ အနော်ရထာလမ်း
၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



# စာတမ်းများပေးပို့ထားကြောင်း မှတ်တမ်းပြုတင်ပြခြင်း

၁။ မြန်မာနိုင်ငံသားများသည် ဓားစာခံမဟုတ်-အမည်ရှိ စာတမ်းကို နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကော်စီ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုး သားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရား သူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်) ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံး-တို့ထံ ပေးပို့ထားကြောင်း တင်ပြပါသည်။ (၁၃)

၂။ ညှော်သည်ဆိုးက အိမ်တွင်းသူခိုး အမျိုးမစောင့် သစ္စာ ဖောက် အသားထဲကလောက်ထွက်များနှင့် ပူးပေါင်းကြံစည်၍ အိမ် ရှင်များကို ဘဝဖျက် အမြစ်ပြတ် ချေမှုန်းနေခြင်း-အမည်ရှိစာတမ်း ကို၊ နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော် ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန် ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မ

www.burmeseclassic.com

www.burmeseclassic.com



တိဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပေးပို့ထားကြောင်း တင်ပြပါသည်။ (၁၂)

၃။ ရဲသတင်းတပ်ဖွဲ့ဒုရဲအုပ်ဟောင်း ဦးဘသိန်းအောင်မှ ပင်စင်ခံစားခွင့်မရ၍ နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိ စာတမ်းကို နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ-တို့ထံ ပေးပို့ထားကြောင်း တင်ပြပါသည်။ (၁၁)

၄။ ဝက်လက်မြို့နယ်၊ သခွတ္တောရွာ ကျူးကျော်ကျောင်းနှင့် ပတ်သက်၍ အကြီးမားဆုံးအမှားကြီး (မဟာန၏မဟာအမှားကြီး) အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့-ဥက္ကဋ္ဌဆရာတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ရွှေကျင်ဂိုဏ်းဗဟိုဌာနချုပ်-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၃)

၅။ စိုက်ပျိုးရေးမြေများနှင့် လူနေရပ်ကွက်များအား သိမ်းယူရန်

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်စာကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိ စာတမ်းကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၀)

၆။ ဦးမင်းမင်းထွန်း (ရဲရင့်နှင်းဆီဆောက်လုပ်ရေးကုမ္ပဏီ)မှ ကာမလိမ်လည်ရယူခြင်းကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၀)

၇။ မြန်မာ့စီးပွားရေးဘဏ် (၃)၊ မြဝတီဘဏ်ရုံးချုပ်တို့မှ သာသနာ့ငွေများ၊ သံဃိကငွေများ ပြန်လည်ထုတ်ပေးခြင်းမရှိ၍ နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-ဥက္ကဋ္ဌဆရာတော်၊ ကာကွယ်ရေးဦးစီးချုပ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာကော်မတီ-ဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၅)

၈။ အမှန်တရားနှင့် သာသနာတော်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စောင့်ရှောက်ပေးစေလိုကြောင်း-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-ဥက္ကဋ္ဌဆရာတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၂)

၉။ ရှေ့နေကျင့်ဝတ်သိက္ခာလုံးဝမရှိသော ရှေ့နေများကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါ သည်။ (၁၁)

၁၀။ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လယ်တံငယ်ရွာ ဓမ္မာလင်္ကာရကျောင်းမှ ဦးပညာဇောတ (ကျောင်းထိုင်)အား ကျောင်းမှဖယ်ရှားပေးရန် ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်၍ ပယ်ဖျက်ရုပ်သိမ်းပေးရန် အသနားခံ တင်ပြခြင်း-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-ဥက္ကဋ္ဌဆရာတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၂)

၁၁။ မင်္ဂလာဈေး ဦးဝင်းသိန်း(အစ္စလာမ်ဘာသာဝင်)နှင့် ရွှေပန်းသီးဆိုင်မှ နှောင့်ယှက်မှုကြောင့် ဆိုင်ပိတ်ခံရသည့်အထိ နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော် သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၀)

www.burmeseclassic.com

www.burmeseclassic.com



၁၂။ မှန်ကန်သူများဖြစ်ပါလျက် နစ်နာခံနေရသူများဖြစ်ကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော် သမ္မတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-ဥက္ကဋ္ဌဆရာတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင် ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့် အသနားခံ စာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၂)

၁၃။ အစိုးရအဖွဲ့ဝင်များ၊ တရားသူကြီးများ၊ ရှေ့နေများ၏ ပြစ်မှုကျူးလွန်သူများနှင့် ပူးပေါင်းပါဝင်မှုများအရ ဘယ်သူ မှာတာဝန်ရှိလဲ-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၉)

၁၄။ အင်ဒိုနီးရှားနိုင်ငံတွင် လိမ်ညာဖျားယောင်းသွေးဆောင်ခံထားရသော သမီးလေးမရွှေရည်ဖူးအောင်အား ပြန်လည်ရရှိရေး ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ လူကုန်ကူးတားဆီးနှိမ် နင်းရေးဗဟိုဌာန၊ နိုင်ငံကျော်ဖြတ်မှုခင်းတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၄)

၁၅။ ကျိုက်ထီးရိုးတောင်ပေါ်တွင် ကျိုက်ထီးရိုးဘုရား သာသနာ ညှိုးနွမ်းအောင် ပြုလုပ်ခြင်းနှင့် ဘုရားဖူးများ မလာရဲအောင် ကျိုက်ထီးရိုး ဘုရားဂေါပကအဖွဲ့မှ လုပ်ဆောင်နေခြင်းများအကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့-ဥက္ကဋ္ဌဆရာတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၂)

၁၆။ အင်အားသုံး၍ အဓမ္မသိမ်းယူခံရခြင်းကြောင့် နစ်နာရကြောင်း ရှင်းလင်းတင်ပြချက်-အမည်ရှိစာတမ်းကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်-တရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန-ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့-ဝန်ကြီးချုပ်၊ တရား

www.burmeseclassic.com

www.burmeseclassic.com



စီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ-တို့ထံ ပို့ပေးထားကြောင်း တင်ပြပါသည်။ (၁၀)

အ ကြောင်း ညီ ညွှတ် ပါ က
မည် သို့ မည် ပုံ ညွှန် ကြား ချက် ပေး ထား ပြီး ဖြစ်
ကြောင်း
အ ကြောင်း ပြန် ကြား ချက် ကို မျှော် လင့် ပါ သည်။
ဆက် သွယ် နိုင် ရန် ဖုန်း နံ ပါတ် မှာ
၀၉ ၂၅၀ ၉၅၆ ၆၀၁
၀၉ ၅၁၇၀၃၅၂
ဖြစ် ပါ သည်။

---

ဘဒ္ဒန္တပါမောက္ခ (ဦးဆောင်ဆရာတော်)
နစ်နာရမှုများ ရှင်းလင်းတင်ပြရေး ကော်မတီ
မကွေးပရိယတ္တိစာသင်တိုက်၊ အနော်ရထာလမ်း
၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ကြေညာချက်

အတွဲ(၁)၊ အမှတ်(၃) တွင် မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ အမှုအခင်းများအကြောင်း တင်သွင်းဖတ်ကြားထားသည့် စာတမ်းများကို စုစည်းထုတ်ဝေသွားမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# စာတမ်းများပေးပို့ထားကြောင်း မှတ်တမ်းပြုတင်ပြခြင်း (၂)

နစ်နာရမှုများ ရှင်းလင်းတင်ပြရေးကော်မတီက ကျင်းပသည့်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်၊ စနေနေ့
စာတမ်းဖတ်ပွဲတွင်
လာရောက်တင်သွင်းဖတ်ကြားသည့် စာတမ်း ၁၆ စောင်တို့ကို
ဖော်ပြပါအတိုင်း
တာဝန်ရှိသူ နိုင်ငံတော် အကြီးအကဲ ဌာနများထံသို့
ပေးပို့ထားကြောင်း မှတ်တမ်းပြုတင်ပြပါသည်။
မည်သည့်ဌာနက မည်သို့ညွှန်ကြားဆောင်ရွက်ပေးသည်ကို
ဆက်လက်မှတ်တမ်းတင်၍ ထုတ်ပြန်ကြေညာပေးပါမည်

၁။ နိုင်ငံတော်သမ္မတထံ ၁၆ စောင်၊

၂။ ကာကွယ်ရေးဦးစီးချုပ်ထံ ၅ စောင်၊
စာတမ်းအမှတ်စဉ် (၁/၂/၃/၇/၁၄)

၃။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီထံ ၁ စောင်၊
စာတမ်းအမှတ်စဉ် (၁)

၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ၁၆ စောင်၊

၅။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ၁၆ စောင်၊

၆။ ပြည်ထောင်စုတရားသူကြီးချုပ်ထံ ၁၆ စောင်၊

၇။ ပြည်ထောင်စုရှေ့နေချုပ်ထံ ၁၆ စောင်၊

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၈။ | မြန်မာနိုင်ငံရဲချုပ်ထံ | ၁၆ စောင်၊ |
| ၉။ | ပြည်ထဲရေးဝန်ကြီးထံ | ၁၆ စောင်၊ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ | ၁၁ စောင်၊ |
| | စာတမ်းအမှတ်စဉ် (၁/၂/၃/၅/၆/၇/၉/၁၁/၁၂/၁၄/၁၆) | |
| ၁၁။ | မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ | ၂ စောင်၊ (၂/၉) |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ | ၁ စောင်၊ (၄) |
| ၁၃။ | ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ | ၁ စောင်၊ (၇) |
| ၁၄။ | ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ | ၁ စောင်၊ ( ၈) |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ | ၁ စောင်၊ (၁၀) |
| ၁၆။ | မွန်ပြည်နယ်ဝန်ကြီးချုပ်ထံ | ၁ စောင်၊ (၁၅) |
| ၁၇။ | နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ထံ | ၆ စောင်၊ (၄/၇/၈/၁၀/၁၂/၁၅) |
| ၁၈။ | သာသနာရေးဝန်ကြီးထံ | ၆ စောင်၊ (၄/၇/၈/၁၀/၁၂/၁၅) |
| ၁၉။ | တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီထံ | ၁၆ စောင်၊ |
| ၂၀။ | တိုင်ကြားစာနှင့်အသနားခံစာကော်မတီထံ | ၁၆ စောင်၊ |
| ၂၁။ | မြန်မာနိုင်ငံရှိထိုင်းသံရုံးထံ | ၁ စောင် (၁) |
| ၂၂။ | ရွှေကျင်ဂိုဏ်းဗဟိုဌာနချုပ်ထံ | ၁ စောင်၊ (၄) |
| ၂၃။ | ဘဏ်များနှင့်ငွေကြေးဆိုင်ရာကော်မတီထံ | ၁ စောင်၊ (၇) |
| ၂၄။ | နိုင်ငံခြားရေးဝန်ကြီးထံ | ၁ စောင်၊ (၁၄) |
| ၂၅။ | လူကုန်ကူးတားဆီးနှိမ်နင်းရေးဗဟိုဌာနထံ | ၁ စောင်၊ (၁၄) |
| ၂၆။ | နိုင်ငံကျော်ဖြတ်မှုခင်းတပ်ဖွဲ့ထံ | ၁ စောင်၊ (၁၄) |

နစ်နာရမှုများ ရှင်းလင်းတင်ပြရေးကော်မတီ
(၁၇-၁-၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာနိုင်ငံသားများသည် ဓားစာခံမဟုတ်

နိုင်ဝင်းထွန်း(ခ)နောင်တော်လေး

ထိုင်းနိုင်ငံတောင်ပိုင်း၊ ကော့စမွီခရိုင်အတွင်းရှိ လိပ်ကျွန်းမှာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှု ဖြစ်ပေါ်ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုအတွက် မြန်မာနိုင်ငံသားနှစ်ဦးဖြစ်တဲ့ ကိုဇော်လင်းနဲ့ ကိုဝင်းဇော်ထွန်းတို့အား တရားခံအဖြစ် စွဲချက်တင်ခဲ့ပြီး စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ကော့စမွီခရိုင်တရားရုံးက မုဒိမ်းမှု၊ လူသတ်မှု အပါအဝင် ပြစ်မှုများအတွက် ပုဒ်မ ၇ ခုတို့နဲ့ သေဒဏ်ချမှတ်လိုက်ကြောင်း စီရင်ခဲ့ကြတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံသားနှစ်ဦးအား သေဒဏ်ချမှတ်လိုက်တဲ့ တရားစီရင်မှုအပေါ် ကျွန်ုပ်တို့မြန်မာနိုင်ငံသားများအနေနဲ့ များစွာစိတ်မကောင်းဖြစ်ခဲ့ကြရပါတယ်။ သေဒဏ်ချမှတ်လိုက်ခြင်းကို ကျွန်ုပ်တို့မြန်မာနိုင်ငံသားများက "မတရားတဲ့ပြစ်ဒဏ်၊ မတရားတဲ့သေဒဏ်" လို့ မှတ်ယူခဲ့ကြပါတယ်။

မြန်မာနိုင်ငံသားနှစ်ဦးဖြစ်တဲ့ ကိုဇော်လင်းနဲ့ ကိုဝင်းဇော်ထွန်းတို့နှစ်ဦးကို ဖမ်းဆီးစစ်ဆေးစဉ် ထိုင်းရဲများက ရိုက်နှက်စစ်ဆေးပြီး ဝန်ခံခိုင်းတာမျိုးတွေကို လုပ်ဆောင်ခဲ့ကြပါတယ်။ ကိုဇော်လင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းဇော်ထွန်းတို့ကို အချက်ပေါင်းများစွာ ထိုးကြိတ်ပြီး ခေါင်းကို ကြွပ်ကြွပ်အိတ်စွပ်ကာ အသက်ရှူလို့မရအောင် ညှင်းဆဲတာမျိုးတွေ လုပ်ခဲ့ကြတယ်လို့ သတင်းတွေထွက်ပေါ်လာခဲ့ပါတယ်။

ထိုင်ရဲများက စကားပြန်အဖြစ် အသုံးသူဟာ အစ္စလာမ်ဘာသာဝင် ကမာဆိုသူ ဖြစ်နေပြီး ကိုဇော်လင်းနဲ့ ကိုဝင်းဇော်ထွန်းတို့ကို ထိုးကြိတ်ရင်းနဲ့ "သတ်ခဲ့သလား၊ မသတ်ခဲ့ဘူးလား"လို့မေးပြီး "သတ်တယ်လို့ ဝန်မခံရင် သွားတွေကို ပလယာနဲ့ နုတ်ပစ်မယ်"စသည်ဖြင့် ခြိမ်းခြောက်ပြီး ဝန်ခံခိုင်းခဲ့တာမျိုးတွေကို လုပ်ဆောင်ခဲ့ကြပါတယ်။ "သတ်တယ်လို့ ဝန်ခံရင် ထောင် လေးငါးနှစ်ပဲ ကျမယ်၊ ဝန်မခံဘူးဆိုင်ရင် သတ်ပြီး ရေထဲမျှောပစ်မယ်"စသည်ဖြင့်လည်း ခြိမ်းခြောက်မှုတွေရှိခဲ့ပါတယ်။

အဓိကအားဖြင့် ထိုင်းမှုခင်းဆရာဝန်ကိုယ်တိုင်က ဗြိတိန်နိုင်ငံသူ ဟာန်နာဝစ်သရစ်ဂျ်(Han nah Witheridge)နဲ့ ဗြိတိန်နိုင်ငံသား ဒေးဗစ်မေလာ(David Miller)တို့ကို သတ်ဖြတ်ခံရမှုမှာ သက်သေခံအဖြစ် တင်သွင်းခဲ့တဲ့ ပေါက်ပြားပေါ် မှရရှိတဲ့ (DNA) များဟာ စွပ်စွဲခံထားရတဲ့ မြန်မာနိုင်ငံသား ဦးဇော်လင်းနဲ့ ကိုဝင်းဇော်ထွန်းတို့ရဲ့ (DNA)များနဲ့ တူညီမှုမရှိကြောင်း ထွက်ဆိုထားခဲ့ပြီးဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံသားနှစ်ဦးရဲ့သေမှုသေခင်းနဲ့ပတ်သက်လို့ မြန်မာနိုင်ငံသားနှစ်ဦးကို စွပ်စွဲထားတဲ့ အခြေအနေမှ ထိုင်းတရားရုံးက သေဒဏ်ချမှတ်တဲ့အထိ လုပ်ဆောင်လိုက်တာဟာ ထိုင်းနိုင်ငံအတွင်းမှာ နေထိုင်ပြီး အလုပ်လုပ်နေကြတဲ့ မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံးကို ခြိမ်းခြောက်လိုက်တာပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံအတွင်းမှာ ဖြစ်ပေါ်တဲ့ကိစ္စများမှာ မြန်မာလူမျိုးများကို ခွဲခြားစခံ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အသုံးပြုရန် စတင်ဆောင်ရွက်လိုက်တဲ့ ထိုင်းရဲများရဲ့ သရုပ်မှန်ကို ဖော်ပြလိုက်တဲ့လုပ်ရပ်လို့ ယူဆဖွယ်ရာရှိပါတယ်။

နာမယ်ဆိုးနဲ့ ကျော်ကြားတဲ့ ထိုင်းရဲများဟာ ထိုင်းလူမျိုးများကို အကာအကွယ်ပေးပြီး မြန်မာလူမျိုးများကို သေဒဏ်ကျခံစေဖို့ လုပ်ဆောင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသားနှစ်ဦး အမှန်တကယ် ကျူးလွန်ခဲ့ကြောင်း မျက်မြင်သက်သေ ပြစရာမရှိဘဲ မြန်မာနိုင်ငံသားနှစ်ဦးအပေါ် ထိုင်းတရားရုံးက သေဒဏ်ချမှတ်လိုက်ခြင်းဟာ ထိုင်းနိုင်ငံ၊ ကော့စမွီခရိုင်တရားရုံးရဲ့ ဥပဒေမဲ့လုပ်ရပ်ပဲ ဖြစ်တယ်လို့ ကျွန်ုပ်တို့မြန်မာနိုင်ငံသားများက ရှုမြင်သုံးသပ်မိပါတယ်။

မြန်မာနိုင်ငံသားနှစ်ဦးကို ဖမ်းဆီးပြီး ထိုင်းရဲတပ်ဖွဲ့က စစ်ဆေးနေစဉ် အတောအတွင်းမှာ "ဗြိတိန်အာဏာပိုင်များက မှုခင်းဆေးဘက်ဆိုင်ရာနဲ့ အလောင်းစစ်ဆေးတွေ့ရှိချက်တွေ၊ ထိုင်းရဲတပ်ဖွဲ့တွေရဲ့ စစ်ဆေးမှုတွေ မတူညီကြောင်း ထုတ်ပြန်ကြေညာခဲ့တဲ့ သတင်းတွေ ထွက်ပေါ်လာတာ"ကို သုံးသပ်ကြည့်ခြင်းအားဖြင့် အမှုနဲ့ပတ်သက်လို့ စစ်ဆေးဆောင်ရွက်ရာမှာ ပါဝင်တဲ့ ထိုင်းအာဏာပိုင်များမှာ ရိုးသားမှုမရှိဘူးလို့ ကျွန်ုပ်တို့မြန်မာနိုင်ငံသားများက ရှုမြင်သုံးသပ်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားနှစ်ဦးကို ထိုင်းနိုင်ငံ၊ ကော့စမွီခရိုင်တရားရုံးက သေဒဏ်ချမှတ်လိုက်ပြီးနောက် မြန်မာပြည်သူတစ်ရပ်လုံးက ဆန္ဒဖော်ထုတ် တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ထိုင်းရဲတပ်ဖွဲ့က "မြန်မာနိုင်ငံက ဆန္ဒပြမှုများရဲ့နောက်ကွယ်မှာ သွေးထိုးလှုံ့ဆော်မှုတွေ ရှိနေတယ်"လို့ စွပ်စွဲပြောဆိုတုံ့ပြန်ခဲ့ပါတယ်။ ထိုင်းဝန်ကြီးချုပ် ပယွတ်ချန္ဒာကလည်း ထိုင်းနိုင်ငံ၊ လိပ်ကျွန်းမှာ နိုင်ငံခြားသားနှစ်ဦး အသတ်ခံရမှုနဲ့ပတ်သက်လို့ ရွှေ့ပြောင်းမြန်မာအလုပ်သမားနှစ်

www.burmeseclassic.com



ဦးကို ထိုင်းတရားရုံးက သေဒဏ်ပေးခဲ့ပြီးနောက် မြန်မာနိုင်ငံမှာ ဆန္ဒဖော်ထုတ်မှုများ ဖြစ်ပေါ်လာတာတွေကို ကန့်ကွက်ကြောင်း ပြောဆိုလာပါတယ်။

ထိုင်းဝန်ကြီးချုပ်ဟာ ထိုင်းရဲများရဲ့ ဆောင်ရွက်ချက်များမှာ သံသယရှိဖွယ်ကောင်းတဲ့ အခြေအနေများကို သုံးသပ်ပြောဆိုခြင်း အလျဉ်းမရှိဘဲ မြန်မာနိုင်ငံက ဆန္ဒဖော်ထုတ်မှုများကိုသာ အပြစ်ဖို့ခဲ့တာ ဖြစ်ပါတယ်။

ထိုင်းဝန်ကြီးချုပ်ဟာ နိုင်ငံ့ခေါင်းဆောင်တစ်ဦးအနေနဲ့ ရှုထောင့်ပေါင်းစုံမှ သုံးသပ်ပြောဆိုရမယ့်အစား တစ်ဖက်သတ်ဆန်တဲ့ သုံးသပ်ပြောဆိုမှုတွေကို ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားများအနေနဲ့ ယခုလိုဆန္ဒဖော်ထုတ်တောင်းဆိုနေရခြင်းဟာ ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုမှာ မြန်မာနိုင်ငံသားနှစ်ဦး ကျူးလွန်ခဲ့ခြင်းလုံးဝမရှိဘူးလို့ အကြွင်းမဲ့ ယုံကြည်တဲ့အတွက်ကြောင့် ဆန္ဒဖော်ထုတ်တောင်းဆိုနေရခြင်းဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့အလယ်မှာ မြန်မာနိုင်ငံသားနှစ်ဦးအပေါ် တစ်ဖက်သတ် သေဒဏ်ချမှတ်လိုက်ခြင်း၊ ဓားစာခံလုပ်လိုက်ခြင်းကို လုံးဝလက်မခံနိုင်တဲ့အတွက်ကြောင့် ဆန္ဒဖော်ထုတ်တောင်းဆိုနေရခြင်း ဖြစ်ပါတယ်။

မြန်မာပြည်သူတစ်ရပ်လုံးကို စော်ကားတဲ့သဘော၊ မြန်မာပြည်သူတစ်ရပ်လုံးကို ချိုးနှိမ်တဲ့သဘော၊ မြန်မာလူမျိုးတစ်မျိုးလုံးကို သိက္ခာချတဲ့သဘောလို့ အဓိပ္ပာယ်သက်ရောက်နေတဲ့အတွက်ကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံသားများအနေနဲ့ အမှုမှန်ပေါ်ပေါက်ရေး၊ တရားခံအစစ်အမှန်ကို ဖော်ထုတ်ဖမ်းဆီးအရေးယူပေးရေး ဆန္ဒဖော်ထုတ်တောင်းဆိုနေရခြင်းဖြစ်ပါတယ်။

ထိုင်းရဲများအနေနဲ့ သူတို့လုပ်ဆောင်ချက်တွေ မှန်ကန်မှုရှိတယ်ဆိုပါက နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များရဲ့ ပူးပေါင်းပါဝင်မှုကို လက်ခံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမှ လေ့လာစောင့်ကြည့်လျက်ရှိနေတဲ့ လက်ရှိရင်ဆိုင်ဖြေရှင်းနေရတဲ့ အမှုမှာ ထိုင်းအစိုးရက မြန်မာနိုင်ငံသားများကို ဓားစာခံအဖြစ် သေဒဏ်ပေးပြီး မိမိနိုင်ငံဂုဏ်တက်ရေးကိုသာ အလေးထားနေတာဖြစ်ကြောင်း ပေါ်လွင်နေပါတယ်။ ထိုင်းအစိုးရရဲ့လုပ်ရပ်နဲ့ ထိုင်းရဲများရဲ့လုပ်ရပ်များဟာ လွဲမှားနေတဲ့လုပ်ရပ်များဖြစ်ကြောင်း နိုင်ငံတကာက သိမြင်နားလည်နေကြပြီး ဖြစ်ပါတယ်။

သေမှုသေခင်းဖြစ်ခဲ့ရာ လိပ်ကျွန်းတစ်ဝိုက် (ခိုတောင်ကျွန်းတစ်ဝိုက်)မှာ မာဖီးယားတွေ ကြီးစိုးနေပြီး ယခင်က ဖြစ်ပေါ်ခဲ့ဖူးတဲ့ သေမှုသေခင်းများမှာလည်း ကျွန်းသူကြီးဦးဆောင်တဲ့ မာဖီးယားတွေရဲ့ လုပ်ရပ်များကို ဖော်ထုတ်နိုင်လို့ အမှုမှန်ပေါ်ပေါက်ခဲ့ဖူးတယ်ဆိုတာ မရှိခဲ့ပါဘူး။ နောက်ဆုံးမှာ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေကိုလည်း နိုင်ငံတကာက သိမြင်မှတ်သားထားခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီကျွန်းတစ်ဝိုက်မှာ သွားရောက်အလုပ်လုပ်နေကြရတဲ့ မြန်မာနိုင်ငံသားအားလုံးကလည်း သိမြင်မှတ်သားထားခဲ့ကြပြီး ဖြစ်ပါတယ်။

ယခုအမှုမှာ သေဆုံးခဲ့ရသူနှစ်ဦးမှာ ဗြိတိန် နိုင်ငံသားနှစ်ဦး ဖြစ်နေခြင်းကြောင့် အမှုကို ပပျောက်အောင် ဖုံးကွယ်လို့ မရနိုင်တဲ့အတွက်ကြောင့် နိုင်ငံတကာမှာ မျက်နှာလုစေရန် ထိုင်းရဲများက မြန်မာနိုင်ငံသားနှစ်ဦးကို တရားခံအဖြစ် ဓားစာခံလုပ်ကာ အမှုမှန်ကို ဖုံးကွယ်နေတာဖြစ်ကြောင်း ယူဆကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသားနှစ်ဦးဖြစ်တဲ့ ဇော်လင်းနဲ့ ဝင်းဇော်ထွန်းတို့အား သေဒဏ်ချမှတ်ခြင်းနဲ့ပတ်သက်လို့ ပြန်လည်သုံးသပ်ရာမှာ

ထိုင်းအာဏာပိုင်များရဲ့ စစ်ဆေးတွေ့ရှိချက်နဲ့ ဗြိတိန်အာဏာပိုင်များရဲ့ ဆေးမှုခင်းဆိုင်ရာ စစ်ဆေးတွေ့ရှိချက်တွေ မတူညီခြင်း၊

သက်သေခံပစ္စည်းပေါ်မှာ တွေ့ရှိရတဲ့ (DNA)ဟာ မြန်မာနိုင်ငံသားနှစ်ဦးရဲ့ (DNA)မဟုတ်ခြင်း၊

မျက်မြင်သက်သေ ထင်ရှားမရှိခြင်း

စသည်တို့ကို ထောက်ရှုသုံးသပ်ကြည့်ပါက ထိုင်းနိုင်ငံ၊ ကော့စမွီခရိုင်တရားရုံးက မမှန်မကန် ဆုံးဖြတ်ချက်ချထားခြင်းဖြစ်ကြောင်း ထင်ရှားနေပါတယ်။

ထိုင်းအာဏာသိမ်းအစိုးရအနေနဲ့ မိမိနိုင်ငံရဲ့ဂုဏ်သိက္ခာအတွက် မြန်မာနိုင်ငံသားများကို ဓားစာခံအဖြစ် အသုံးပြုခြင်းဟာ အိမ်နီးချင်းနိုင်ငံနှစ်နိုင်ငံကြား ထောက်ထားငဲ့ညှာမှုမရှိတဲ့ ယုတ်မာ

www.burmeseclassic.com

www.burmeseclassic.com



ရှိုင်းစိုင်းရာကျနေပါတယ်။

အစိုးရကောင်းတစ်ရပ်အနေနဲ့ မှန်ကန်တဲ့တရားစီရင်ရေး ပြယုဂ်ကို ဖော်ထုတ်ပြသခြင်းအားဖြင့် နိုင်ငံ တကာရဲ့ လေးစားမှုကို ရယူသင့်ပါတယ်။ မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ မိမိနိုင်ငံရဲ့ဂုဏ်သိက္ခာကို အဖတ်ဆယ်နေတဲ့လုပ်ရပ်တွေကို ကျွန်ုပ်တို့မြန်မာပြည်သူများက လုံးဝလက်ခံနိုင်မှာ မဟုတ်ဘူး။ နိုင်ငံတကာကလည်း လုံးဝအသိအမှတ်ပြုမှာ မဟုတ်ဘူး။

ကျွန်ုပ်တို့အနေနဲ့ ထိုင်းဘုရင်မင်းမြတ်နဲ့ ထိုင်းအစိုးရထံ မေတ္တာရပ်ခံစာများ ပေးပို့ပြီး အပြစ်မရှိတဲ့ မြန်မာနိုင်ငံသားနှစ်ဦးကို တရားသေလွှတ်ပေးရန် မြန်မာနိုင်ငံရှိထိုင်းသံရုံးမှတစ်ဆင့် တောင်းခံခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါပေမယ်လို့ ထိုင်းဝန်ကြီးချုပ်က ထိုင်းနိုင်ငံရဲ့ တရားစီရင်ရေးစနစ်အနေနဲ့ လူထုဖိအားပေးမှုများ အောက်သို့ ဦးညွှတ်အလျှော့ပေးမှာမဟုတ်ကြောင်း ပြောဆိုလာတာကို သတင်းမီဒီယာများမှာ တွေ့မြင်ရပါတယ်။

ကျွန်ုပ်တို့မြန်မာပြည်သူများကလည်း မတရားတဲ့ ဆုံးဖြတ်ချက်ကို ဘယ်တော့မှ ခေါင်းငုံ့မခံဘူး။ ထိုင်းလူမျိုးများရဲ့ အကျိုးစီးပွားအတွက် အနစ်နာခံ၊ ဖိနှိပ်ခံပြီး ရုန်းကန်နေရတဲ့ မြန်မာလုပ်သားထုတစ်ရပ်လုံးရဲ့နောင်ရေးအတွက် ဇော်ဝင်းနဲ့ ဝင်းဇော်ထွန်းတို့နှစ်ဦးရဲ့ဖြစ်ရပ်က အထင်ရှားဆုံးနမူနာတစ်ခုအဖြစ် မှတ်တမ်းဝင်နေမှာ ဖြစ်ပါတယ်။

ယုတ်မာကောက်ကျစ်တဲ့ရဲများရှိနေတဲ့ ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံသားများ စည်းကမ်းတကျ ရိုးသားစွာ နေထိုင်ကြသော်လည်း လုံခြုံစိတ်ချရမှုမရှိတဲ့ အခြေအနေကို အထင်အရှား မြင်တွေ့ရခြင်းပင် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဘုရင်မင်းမြတ်ကိုဖြစ်စေ၊ ထိုင်းအစိုးရကိုဖြစ်စေ၊ နာမယ်ဆိုးနဲ့ ကျော်ကြားနေတဲ့ ထိုင်းရဲတပ်ဖွဲ့ကိုဖြစ်စေ အလေးအနက်ထား ပြောကြားလိုတာကတော့ ကျွန်ုပ်တို့မြန်မာနိုင်ငံသားများအနေနဲ့ ဆန္ဒဖော်ထုတ်တောင်းဆိုရာမှာ မြန်မာနိုင်ငံသားနှစ်ဦးဘက်မှ တစ်ဖက်သတ် တောင်းဆိုနေခြင်းမဟုတ်ဘဲ ထိုင်းနိုင်ငံရဲ့ မှန်ကန်တဲ့ တရားစီရင်ရေးစနစ်ရဲ့ပြယုဂ်ကို ဖော်ပြပေးရန်၊ ကျွန်ုပ်တို့မြန်မာနိုင်ငံသား အပြစ်မဲ့သူနှစ်ဦး သေဒဏ်ဘေးမှ လွတ်မြောက်စေရန် ဆန္ဒဖော်ထုတ်တောင်းဆိုနေကြတာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံရဲ့ဂုဏ်သိက္ခာကို စော်ကားပုတ်ခတ်ခြင်းအလျှဉ်းမပါစေဘဲ တောင်းဆိုနေကြတာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့မြန်မာပြည်သူများရဲ့ ဆန္ဒဖော်ထုတ်တောင်းဆိုနေကြတာကို ထိုင်းဘုရင်မင်းမြတ်အနေနဲ့လည်းကောင်း၊ ထိုင်းအာဏာသိမ်းအစိုးရအနေနဲ့လည်းကောင်း အလေးထားစဉ်းစားသုံးသပ်ပေးစေလိုပါတယ်။

မြန်မာနိုင်ငံရှိထိုင်းသံရုံးကို ဆရာတော်ဦးပါမောက္ခ၊ ဆရာတော်ဦးအကုံရ၊ ဆရာတော်ဦးဉာဏမေ့တို့ ဦးဆောင်သွားရောက်ပြီး ထိုင်းဘုရင်မင်းမြတ်နဲ့ ထိုင်းအစိုးရထံ စာပေးပို့စဉ်တုန်းက ထိုင်းသံရုံးမှ ကောင်စစ်ဝန်မစ္စတာချဒ်အား ဆရာတော်ဦးပါမောက္ခ-က "မြန်မာနိုင်ငံသားနှစ်ဦးအတွက်သာ မဟုတ်ဘဲ မြန်မာအစိုးရက ထိုင်းနိုင်ငံသားများအပေါ် ယခုကဲ့သို့ အထောက်အထားမရှိဘဲ မှားယွင်းစွာ တစ်ဖက်သတ် ဓားစာခံအဖြစ် အသုံးပြုပြစ်ဒဏ်ချမှတ်ခဲ့ရင်လည်း မှန်ကန်တဲ့ဘက်မှ ပြတ်ပြတ်သားသား ရပ်တည်တောင်းဆိုမှာပဲ ဖြစ်တယ်"လို့ မိန့်ကြားခဲ့ပြီး ဖြစ်ပါတယ်။

ယခုအခါမှာ မြန်မာနိုင်ငံအစိုးရနဲ့ ထိုင်းနိုင်ငံအစိုးရအာဏာ

www.burmeseclassic.com

www.burmeseclassic.com


ပိုင်များ ပူးပေါင်းကာ မြန်မာနိုင်ငံသားနှစ်ဦးအား သေဒဏ်ချမှတ်ထားတဲ့အမှုကို အယူခံတက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းလုပ်ဆောင်လျက်ရှိကြောင်း ကြားသိရပါတယ်။ သို့ရာတွင် မြန်မာနိုင်ငံသားနှစ်ဦးကိုသာ တရားခံအဖြစ် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အခြားဆက်စပ်သတင်းရင်းမြစ်များကို စုံစမ်းဖော်ထုတ်ခြင်းလုံးဝမရှိကြောင်းကိုလည်း ကြားသိနေရပါတယ်။ ဒီအတိုင်းသာ ဆက်လက်စစ်ဆေးဆောင်ရွက်နေမယ်ဆိုပါက ကျွန်ုပ်တို့မြန်မာနိုင်ငံသားနှစ်ဦးသာ နစ်နာရမယ့်အခြေအနေများကို ဆက်လက်မြင်တွေ့နေရပါတယ်။

ထိုင်းတို့ရဲ့ဖုံးကွယ်ထားမှုများကို ဖော်ထုတ်နိုင်ခြင်းမရှိပါက မြန်မာနိုင်ငံသားနှစ်ဦးသာ မတရားစွပ်စွဲခံရမှုအတွင်း ဓားစာခံလုံးလုံးဖြစ်ရမယ့် အခြေအနေပဲ ဖြစ်ပါတယ်။ ယခုလိုလုပ်ဆောင်နေခြင်းမျိုးကို ကျွန်ုပ်တို့အနေနဲ့ လုံးဝအယုံအကြည်မရှိပါကြောင်း ပြောကြားလိုပါတယ်။

အမှုနဲ့ပတ်သက်ပြီး လိုအပ်တာထက် ပိုမိုခက်ခဲအောင်၊ ပိုမိုကြာမြင့်အောင် ဖန်တီးနေတာဟာ လိမ်ညာမှုပဲလို့ ယူဆပါတယ်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များရဲ့ ပူးပေါင်းဆောင်ရွက်မှုကို လက်မခံဘဲ ဆက်လက်ဆောင်ရွက်နေတာဟာ လိမ်ညာမှုအတွက် သက်သက်ပဲလို့ ယူဆပါတယ်။

ထိုင်းအစိုးရအနေနဲ့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များရဲ့ ပူးပေါင်းဆောင်ရွက်မှုကို လက်ခံကာ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင်တော့ တရားဥပဒေစိုးမိုးရေးအတွက် မျှော်လင့်နေသူများမှာလည်း သံသယတွေ ကင်းရှင်းသွားမှာ ဖြစ်ပါတယ်။ အမှုမှန်လည်း ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်။ တရားခံအစစ်

www.burmeseclassic.com

www.burmeseclassic.com



အမှန် ပေါ်ထွက်လာမှာဖြစ်ပြီး ဖမ်းဆီးနိုင်မှာ မလွဲဧကန်ပါပဲ။

အမှုမှန်ပေါ်ပေါက်ရေး၊ အမှန်တကယ် ကျူးလွန်သူကို ဖမ်းဆီးရမိရေးနဲ့ အပြစ်မဲ့ မြန်မာနိုင်ငံသားနှစ်ဦးအား ဓားစာခံအဖြစ် အသုံးပြုထားခြင်းမှ တရားသေလွတ်မြောက်ရေးအတွက် မလျော့သော ဇွဲလုံ့လဝီရိယနဲ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

စာတမ်းတင်သွင်းဖတ်ကြားသူ
ဦးနိုင်ဝင်းထွန်း(ခ)နောင်တော်လေး
၁၆-၁-၂၀၁၆




www.burmeseclassic.com

www.burmeseclassic.com



# ဧည့်သည်ဆိုးက
## အိမ်တွင်းသူခိုး အမျိုးမစောင့် သစ္စာဖောက်
## အသားထဲမှ လောက်ထွက်များနှင့် ပူးပေါင်းကြံစည်၍
## အိမ်ရှင်များကို
## ဘဝဖျက် အမြစ်ပြတ် ချေမှုန်းနေခြင်း

အရှင်ပညာသာမိ

ရဲစခန်းနှင့် တရားရုံးတော်များ၌ အစ္စလာမ်ဘာသာဝင် အိန္ဒိယလူမျိုး မွတ်စလင်ကုလား စိုးကျော်နိုင် (ခ)ဟိုရခမ်း (ခ)jimmy က ကုလားအုပ်တို့၏အကျင့်မျိုးဖြင့် ၎င်းကိုယ်တိုင် "ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုး"ဟုထွက်ဆိုကာ ကိုယ်ကျိုးစီးပွားအတွက် လိမ်လည်၍ ရဲစခန်းနှင့်တရားရုံးတော်တို့ကို မထီမဲ့မြင်ပြုကာ ဆရာတော်သံဃာတော်များနှင့်တကွ ဗုဒ္ဓဘာသာဝင်အားလုံးတို့ကို ပျက်ရယ်ပြုဘိသည့်အလား ဗုဒ္ဓဘာသာကို အကြိမ်ကြိမ် တလွဲအသုံးပြုနေခြင်းကိစ္စ

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယဘင်္ဂါလီအစပ် အိန္ဒိယလူမျိုး အစ္စလာမ်ဘာသာဝင် စိုးကျော်နိုင် (ခ) ဟိုရခမ်း (ခ)jimmy (၁၂/လမန(နိုင်)၁၆၄၇၅၉)၊ (ဘ) ဦးသောင်း၊ (အမိ) ဒေါ်အေးမြင့်၊ အမှတ်(၂၉)၊ သုခမြိုင်လမ်း၊ အမှတ် (၈) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့-နေသူသည်- ဗုဒ္ဓဘာသာဝင်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သော ဒေါ်တင်တင်စိန် (ကမ္ဘာလှည့်တင်တင်စိန်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မြတ်ပုဂံဟိုတယ်၊ ခန်းလောင်းရပ်၊ ပုဂံမြို့သစ်-နေသူကို "၎င်း၏အပေါင်းအပါများဖြင့် စုပေါင်းလုပ်ကြံ၍ မြတ်ပုဂံဟိုတယ်နှင့်တကွ အတွင်းပစ္စည်း စိန် ရွှေ ငွေများ အပါအဝင် ပြင်ဦးလွင်မြို့ ရှိမြေကွက်များ၊ ပဲခူးမြို့ရှိမြေကွက်များ၊ လှည်းကူးမြို့ရှိမြေကွက်များ၊ ပရာဒိုကား(၇ဃ/၃၉၄၉)နှင့် ရန်ကုန်မြို့ရှိတိုက်ခန်းများ စုစုပေါင်း ကာလတန်ဖိုး ကျပ်သန်းပေါင်းတစ်သောင်းကျော် (၁၀ ၀၀၀ ၀၀၀ ၀၀၀) ခန့်တို့ကို ငွေတစ်ပြားမှ ပေးချေခြင်းမရှိဘဲ ဒေါ်တင်တင်စိန်ကို ယုံကြည်အောင် (၁)နှင့်နှင့်(၂)လခန့် (လပေါင်း ၁၄-လခန့်) အနီးကပ်စည်းရုံးသိမ်းသွင်း၍ လိမ်လည်ရယူရန် ကြိုးစားခဲ့သည်" ကိုတွေ့ရပါသည်။

(သက်သေအဖြစ် ဒေါ်တင်တင်စိန်၏သားများဖြစ်သော ဦးရိုးမကျော်၊ ဦးရဲထွန်းအောင်တို့ကို စိုးကျော်နိုင် (ခ)ဟိရခမ်း (ခ) jimmyနှင့် ၎င်း၏အပေါင်းအပါ လှမင်းထွန်း(ခ)ကာကူးတို့မှ "ညှိနှိုင်းချင်ပါတယ်"ဟု ဖုန်းဆက်၍ ပြောဆိုပြီး ချိန်းဆိုရာ ပုဂံမြို့ရှိ လဘက်ရည်ဆိုင်တွင် (၂-၁၀-၂၀၁၄)ရက်နေ့၊ နေ့(၂)နာရီခန့်က ၎င်းစိုးကျော်နိုင်မှ ဝယ်ယူထားခြင်းမရှိကြောင်း၊ ပစ္စည်းအားလုံး ပြန်ပေးမည်ဖြစ်ကြောင်း ၎င်းစိုးကျော်နိုင်ကိုယ်တိုင် ပြောဆိုခဲ့သော ဗွီဒီယိုဖိုင်ကို ပူးတွဲတင်ပြပါသည်။)

၎င်းစိုးကျော်နိုင် (ခ)ဟိရခမ်း (ခ)jimmy-က ဒေါ်တင်တင်စိန်ကို ယုံကြည်အောင် သိမ်းသွင်းခဲ့ပုံ တစ်စိတ်တစ်ဒေသမှာ-

ရန်ကုန်မြို့ရှိ ပုလဲခြံကို သိန်းပေါင်း(၁၇၀၀)ဖြင့် ရောင်းချရန် စီစဥ်ခဲ့သော်လည်း စိုးကျော်နိုင်မှ သိန်းပေါင်း(၂၂၅၀)ဖြင့် ရောင်း

www.burmeseclassic.com

www.burmeseclassic.com



ချပေးပြီး ယုံကြည်မှု စတင်တည်ဆောက်ခဲ့ပါသည်။ ထိုပုလဲခြံရောင်းရသမျှ ကားနှင့်ငွေများကို စိုးကျော်နိုင် (ခ)ဟိုရခမ်း (ခ)jimmy-က အကုန်လုံး ရယူသွားခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

စိုးကျော်နိုင် (ခ)ဟိုရခမ်း (ခ)jimmy-ကိုယ်တိုင် "၎င်း၏ရှေ့နေများက ဖွနေကြောင်း၊ အမှုရှည်အောင်လုပ်နေကြောင်း၊ အမှုရှည်မှ ငွေများများရကြမှာဖြစ်ကြောင်း၊ ကျွန်တော်ရှုံးလို့ ကျွန်တော်နေရင်တောင်မှ ကျွန်တော့်ရှေ့နေများက နေမှာမဟုတ်ကြောင်း၊ အထက်ကို အဆင့်ဆင့်တက်မှာဖြစ်ကြောင်း"တို့ကို ဒေါ်တင်တင်စိန်၏သား ဦးရိုးမကျော်၊ ဦးရဲထွန်းအောင်တို့ကို ပုဂံမြို့သစ်လဘက်ရည်ဆိုင်တွင် ပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။


ဒေါ်တင်တင်စိန်(ကမ္ဘာလှည့်တင်တင်စိန်)၊ မဟာသဒ္ဓမ္မဇောတိကဓဇကို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ အင်းစိန်ရွာမဆရာတော်၊ သီတဂူဆရာတော်၊ တိပိဋကဆရာတော်များ၊ မကွေးကျောင်းဆရာတော်ဦးပါမောက္ခ၊ အထက်မြန်မာပြည် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(မန္တလေး)မှ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့်တကွ အဖွဲ့ဝင်ဆရာတော်များ၊ ဆရာတော်ဦးက္ကန္ဒာစက္က၊ ဦးဝီရသူ၊ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂရန်ကုန်နှင့်မန္တလေးအဖွဲ့မှဆရာတော်များ၊ ပုဂံနှင့်ညောင်ဦးမြို့နယ်တို့မှ ဆရာတော်ကြီးများ စသော ဆရာတော်များက ကောင်းစွာ စောင့်ရှောက်သည်ကို ဒေါ်တင်တင်စိန်၏ လူယုံအဖြစ် (၁)နှစ်နှင့် (၂)လခန့် (လပေါင်း ၁၄ လခန့်) အနီးကပ်နေထိုင်ခဲ့ဖူးသော အစ္စလာမ်ဘာသာဝင် ကုလားစိုးကျော်နိုင် (ခ)ဟိုရခမ်း (ခ)jimmy-က ကောင်းစွာသိရှိသဖြင့် ဒေါ်တင်တင်စိန်ကို ယုံကြည်အောင် သိမ်းသွင်း၍ ယုံကြည်မှုကို တလွဲအသုံးချ

www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းများကို လိမ်လည်ရယူလို ၍ ဂုင်း၏အပေါင်းအပါများနှင့် ပူးပေါင်း၍ တရားစွဲဆိုခဲ့ကြပါသည်။

တရားရုံးတော်တို့၌ စိုးကျော်နိုင် (ခ)ဟိရခမ်း (ခ)jimmy-က သူသည် အိန္ဒိယလူမျိုး အစ္စလာမ်ဘာသာဝင် ဖြစ်ပါလျက် "ဗမာလူမျိုး/မြန်မာလူမျိုး"ဟုလည်းကောင်း၊ "ဗုဒ္ဓဘာသာ"ဟုလည်းကောင်း အကြိမ်ကြိမ်လိမ်လည်၍ ကျူးလွန်ခဲ့ပါသည်။



( ၁ ) ဘာသာလိမ်လည်ခြင်း၊ လူမျိုးလိမ်လည်ခြင်း

ညောင်ဦးမြို့နယ်တရားရုံးတွင် ၂၀၁၄ ခုနှစ်၊ ပြစ်မှုကြီး မှုအမှတ်(၆၃၀)၊ ၂၀၁၄ ခုနှစ်၊ မတ်လ(၁၁)ရက်၊ တရားလိုသက်သေအမှတ်( )၊ တရားလိုသက်သေထွက်ချက် ကျမ်းကျိန်ဆို ကတိသစ္စာပြု ထွက်ဆိုရာ၌ "လူမျိုး-ဗမာ၊ ကိုးကွယ်သည့်ဘာသာ-ဗုဒ္ဓဘာသာ" ဟုဆိုကာ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာကို တရားရုံးတော်အား မထီမဲ့မြင်ပြုကာ မမှန်သက်သေ ထွက်ဆိုခဲ့ပါသည်။ လူတစ်ဦးအားကိုး

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သည့် ဘာသာသာသနာကို လူတစ်စားတို့ စိတ်ဖြိုဖြင်စေအောင်ပြုလျက် ထွက်ဆိုခဲ့ခြင်းဖြစ်ပါသည်။

ယင်းသို့ထွက်ဆိုခြင်းမှာ နိုင်ငံတော်မှ မဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဗုဒ္ဓဘာသာ သာသနာပြု ဘွဲ့တံဆိပ်ရ ဒေါ်တင်တင်စိန်ကို(ကမ္ဘာလှည့်တင်တင်စိန်)ကို ဗုဒ္ဓမဟုတ်သူ အစ္စလာမ်ဘာသာဝင်က တရားရုံးထွက်ချက်အတွင်း လိမ်လည်ခဲ့ခြင်းဖြစ်၍ "ဒေါ်တင်တင်စိန်တစ်ယောက်တည်းကိုသာ နစ်နာစေသည်မဟုတ်၊ ဆရာတော်သံဃာတော်များနှင့်တကွ ဗုဒ္ဓဘာသာဝင် အားလုံးတို့ကို စိတ်ဖြိုဖြင်အောင်ပြုလုပ်၍၊ ဗုဒ္ဓဘာသာကို ခုတုံးလုပ်၊ ဗုဒ္ဓဘာသာကို သေးသိမ်အောင်လုပ်၍ ဗုဒ္ဓဘာသာဝင်အားလုံးတို့ကို နစ်နာစေခြင်းဖြစ်သည်"ကို တွေ့ရှိရပါသည်။ (ထွက်ဆိုချက်မိတ္တူကို ပူးတွဲတင်ပြထားပါသည်။)

ထိုသို့လိမ်လည်ထွက်ဆိုမှုကို ပြုလုပ်ကျူးလွန်ခဲ့သည်ကို အကြောင်းပြု၍ (၃၀-၅-၂၀၁၄)ရက်နေ့၊ ည(၈)နာရီခန့်တွင် (၁) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မဟာဝိသုတာရာမတိုက်၊ မြို့နယ်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌဆရာတော် ဦးပညာသိရီ (၂) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ မြို့နယ်သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော်၊ ဦးကလျာဏ- ဆရာတော်(၂)ပါးက လက်မှတ်ရေးထိုး၍ ၎င်းဆရာတော် (၂)ပါးလက်မှတ်ဖြင့် ပုဂံမြို့သစ်ရဲစခန်းသို့ သက်သေအထောက်အထား စာရွက်စာတမ်းများဖြင့် သွားရောက်အမှုဖွင့်ခဲ့ပါသည်။

စခန်းမှူးဦးဇော်ဇော်ဦးသည် ညောင်ဦးမြို့နယ် ဥပဒေအကြံပေး ဒေါ်သန်းသန်းမော်အား ဖုန်းဖြင့်ဆက်၍ "အစ်မ ၂၉၅-က-

www.burmeseclassic.com

www.burmeseclassic.com



က ရဲအရေးပိုင်သလား”ဟု မေးရာ ဒေါ်သန်းသန်းမော်က “ပိုင်တယ်လေ၊ ဘာဖြစ်လို့တုံး”ဟု ပြောရာ စခန်းမှူးဦးဇော်ဇော်ဦးက “အစ်မ ဘုန်းကြီးတွေ”ဟု ပြောကာရှိသေး- “ရတယ်လေ၊ ရတယ်လေ၊ တစ်ခါတည်း သင်္ကန်းချွတ်ပြီး အချုပ်ထဲ ထည့်လိုက်”ဟု အလောသုံးဆယ် ပြန်လည်ပြောဆိုအကြံပေးခဲ့သည်ကို နားဖြင့်ဆတ်ဆတ် ကြားခဲ့ရပါသည်။

စခန်းမှူးဦးဇော်ဇော်ဦးက “မဟုတ်ဘူးအစ်မ၊ ဘုန်းကြီးတွေက လာဖွင့်တာ”ဟု ပြောရာ “ဟုတ်လား၊ ဘာတုံး”ဟု ပြန်မေးရာ စခန်းမှူးဦးဇော်ဇော်ဦးက “ကုလားကို လာဖွင့်တာ”ဟု ပြောရာ “ဘယ်ကုလားလဲ”ဟု ပြန်မေးပါသည်။

စခန်းမှူးက “ဟိုကုလား စိုးကျော်နိုင်ကို -”ဟု ပြောကာရှိသေး- ဒေါ်သန်းသန်းမော်က အလောသုံးဆယ်ဖြင့် “အဲဒါဆို အရမ်းမလုပ်နဲ့၊ အစ်မလာမှ လုပ်မယ်၊ အခု အစ်မ နေပြည်တော်မှာ”ဟု ပြောပြီး ဖုန်းချခဲ့ပါသည်။

ထိုအချိန်တွင် စခန်းမှူးဦးဇော်ဇော်ဦး၊ ၎င်း၏ဇနီးနှင့် မိမိဦးပညာသာမိ၊ ဦးစန္ဒာဝရ(တာမဏီကျောင်း-ပုဂံ)၊ ဒေါ်တင်တင်စိန်၏သား ဦးရဲထွန်းအောင်တို့ရှေ့တွင် စခန်းမှူးက ဖုန်းစပီကာ ဖွင့်ပြောခြင်းဖြစ်၍ အပြည့်အစုံ ကြားခဲ့ရခြင်းဖြစ်ပါသည်။ အလွန်ရင်နာစရာကောင်းသောစကားများကို နားနှင့်ဆတ်ဆတ် ကြားခဲ့ရခြင်းဖြစ်ပါသည်။ ဘုန်းကြီးတွေကိုကျတော့ “တစ်ခါတည်း ဖမ်း”တဲ့။ ကုလားကိုကျတော့ “နေအုံး၊ အရမ်းမလုပ်နဲ့”တဲ့။

စခန်းမှူးဦးဇော်ဇော်ဦးက နောက်ရက်မှ ကြွလာရန် လျှောက်၍ နောက်ရက်(၃၁-၁-၂၀၁၄)ရက်နေ့၊ မနက်(၉)နာရီခန့်တွင် ရဲစခန်းသို့ သွားရောက်ခဲ့ရာ တာဝန်မှူးက “လက်မှတ်ထိုး


www.burmeseclassic.com

www.burmeseclassic.com



ထားသည်မှာ ဆရာတော်ကြီးများဖြစ်၍ စစ်ဆေးရန် မလွယ်ကူကြောင်း" ပြောသည့်အတွက် ဦးစန္ဒာဝရ(တာမဏီကျောင်း-ပုဂံ)က ထပ်မံဖြည့်သွင်းလက်မှတ်ထိုးပြီး နံနက်(၁၀း၃၀)နာရီခန့်တွင် ရဲစခန်းသို့ ထပ်မံသွားရောက်ရာ "တာဝန်မှူးပြန်မရောက်သေးကြောင်း၊ (FIR)စာအုပ်ကို တာဝန်မှူးက သော့ခတ်သိမ်းသွားသည့်အတွက် စခန်းမှူးကလည်း အမှုဖွင့်ပေးလို့ မရဘဲ ဖြစ်နေကြောင်း" ပြောပြ၍ ပြန်ခဲ့ရပြန်ပါသည်။

ညနေ(၄)နာရီခန့်မှ တာဝန်မှူးရောက်လာပြီး တာဝန်မှူးက စခန်းမှူးကို "အမှုဖွင့်ပေးရမလား"ဟုမေးရာ စခန်းမှူးက "ငါတာဝန်ယူတယ်၊ ဖွင့်ပေးလိုက်"ဟု ပြောမှ (ပ/၄၇၊ ပုဒ်မ ၂၉၅-က)ဖြင့် အမှုဖွင့်ပေးခဲ့ပါသည်။ (တိုင်ကြားစာကို မိတ္တူပူးတွဲတင်ပြထားပါသည်။)



ထိုသို့အမှုဖွင့်ပေးသည့်အတွက် စခန်းမှူးဦးဇော်ဇော်ဦးအား

www.burmeseclassic.com

www.burmeseclassic.com



ညောင်ဦးခရိုင်ရဲစခန်းမှ "ဘာလို့ ဖွင့်ပေးရတာလဲ"ဟု ငေါက်၍ ဖိအားပေးခဲ့ပါသည်။ စခန်းမှူးဦးဇော်ဇော်ဦးသည် ၎င်းစိတ်ကြောင့် စိတ်ညစ်၍ အရက်များဖိသောက်ရာ အမှုဖွင့်ပြီး (၁၅)ရက်ခန့်တွင် ရှော့ခ်ဖြစ်ပြီး ဆုံးပါးသွားခဲ့ရပါသည်။ ၎င်း၏ဇနီးသည်လည်း စခန်းမှူးဦးဇော်ဇော်ဦးစိတ်ဖြင့် ဦးဇော်ဇော်ဦးဆုံးပြီးနောက် မကြာမီ ထပ်မံသေဆုံးသွားခဲ့ရပါသည်။

သားတစ်ယောက်ကျန်ခဲ့ရာ ထိုသားကို အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (အထက်မြန်မာပြည်၊ မန္တလေး) ရုံးအဖွဲ့မှူး ဦးဣန္ဒောဘာသ(ဦးရခိုင်)က ခေါ်ယူစောင့်ရှောက်ပေးထားရပါသည်။ အလွန်ရင်နာစရာကောင်းပါသည်။ တာဝန်ရှိသူအာဏာပိုင်တွေက "ဘာသာခြားကို ဘာလို့ ဒီလောက်အထိ အကာအကွယ် ပေးနေရတာလဲ။ ဗုဒ္ဓဘာသာတွေက ဘယ်လောက်အထိ ပေးဆပ်နေရဦးမှာလဲ"။ ယခုအချိန်အထိ အရေးယူခြင်းမရှိသေးပါ။

ထိုတိုင်ကြားစာနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၀၂/၂၀၀၀) နာရီဖြင့် မှတ်ပုံတင်ကြေးနန်းစာပုံစံအစား လျှို့ဝှက်စာထွက်၍ အထက်မှ ညွှန်ကြားခဲ့ပါသည်။ ထိုညွှန်ကြားချက်နှင့် ပတ်သက်၍ ညွှန်ကြားချက်တွင်ပါရှိသော မိမိဦးပညာသာမိနှင့် ဦးရခိုင်တို့ကို လာရောက်စစ်ဆေးခြင်း၊ ခေါ်ယူစစ်ဆေးခြင်း၊ အကြောင်းကြားခြင်းများလည်း မရှိခဲ့ပါ။ ယခုအချိန် အရေးယူပေးမှုများလည်း မရှိခဲ့သေးပါ။ "အစ္စလာမ်ဘာသာဝင် အိန္ဒိယဘင်္ဂါလီအစပ် စိုးကျော်နိုင်သည် ဥပဒေအထက်တွင် ရှိနေသလား" ဟုတောင် မေးရမလို ဖြစ်နေပါသည်။ (ညွှန်ကြားစာကို မိတ္တူရိုက်တွဲတင်ပြထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အရေးမယူသည့်အတွက်ကြောင့် စိုးကျော်နိုင် (ခ)ဟိရခမ်း (ခ)jimmy-(အစ္စလာမ်ဘာသာဝင်၊ အိန္ဒိယလူမျိုး) သည် ဘာသာလိမ်လည်ခြင်း၊ လူမျိုးလိမ်လည်ခြင်းတို့ကို ထပ်မံကျူးလွန်ခဲ့ပြန်ပါသည်။

( ၂ ) ဒုတိယအကြိမ်

ဘာသာလိမ်လည်ခြင်း၊ လူမျိုးလိမ်လည်ခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ကျမ်းသစ္စာပေးသူအရာရှိ အဲမွန်သန့်ထံမှောက်၌ ၎င်းကိုယ်၎င်း မှတ်ပုံတင်အမှတ်(၁၂/လမန(နိုင်)၁၆၄၇၅၉)ကိုင်ဆောင်သူ "မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူအဖြစ်" ပေါ်ပေါ်ထင်ထင်လိမ်လည်၍ နိုင်ငံတော်၏အခွန်တံဆိပ်ခေါင်းကို အသုံးပြုပြီး နိုင်ငံတော်အပေါ်၌ပါ မထီမဲ့မြင် ပြုလုပ်ခဲ့ပါသည်။

ထိုကျမ်းကျိန်လွှာ၌ ပူးပေါင်းကြံစည်သူများမှာ-

(၁) အသိသက်သေနေရာ၌ ဒေါ်နန်းအိသန္တာထွန်း (၁၂/ကခမ(နိုင်)၀၇၉၁၀၂) အမှတ်(၉၉-၁၀၁)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်းမြို့နယ်နေသူ ဖြစ်ပါသည်။

(၂) ၎င်း၏ရှေ့နေ ဒေါ်သီတာမော်(၇/သဝတ(နိုင်)၁၆၄၂၁၀၊ (ဘ) ဦးတင်ငွေ၊ အလုပ်အကိုင်-တရားလွှတ်တော်ရှေ့နေက ပူးပေါင်းကြံစည်ကာ ကိုယ်တိုင်ကျမ်းကျိန်ဆိုခဲ့သူဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၃) အဲမွန်သန့်၊ ကျမ်းသစ္စာပေးသူအရာရှိ အရှေ့ပိုင်းခရိုင်တရားရုံးကလည်း ပူးပေါင်းကြံစည်ထားသည်ကို တွေ့ရှိရပါသည်။

ရှင်းလင်းတင်ပြချက်

စိုးကျော်နိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါ်၌ "လူမျိုး/ဘာသာ"နေရာတွင် "အိန္ဒိယ/(အိန္ဒိယဗမာ+ဘင်္ဂါလီဗမာ)/

www.burmeseclassic.com

www.burmeseclassic.com



အစ္စလာမ်"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စိစစ်၍ အထင်အရှား ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၎င်းကျမ်းကျိန်သူတို့ လက်မှတ်ထိုးရာနေရာ၏ အောက်တွင် "ဤကျမ်းကျိန်လွှာကို ကျွန်ုပ်၏ရှေ့မှောက်၌ (၁၂-၁-၂၀၁၅)ရက်နေ့တွင် ပြုလုပ်သည်မှာ မှန်ကန်ပါသည်"ဟု ပြဆိုထားသည်ကို တွေ့ရှိရပါသည်။

ကျမ်းကျိန်လွှာပြုလုပ်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခွန်တံဆိပ်ခေါင်း(၂၀၀)ကျပ်တန်ကို အသုံးပြု၍ နိုင်ငံတော်၏ အခွန်တံဆိပ်ခေါင်းကို လိမ်လည် မလျော်ကန်သောနည်းဖြင့် အသုံးချထားသည်ကို တွေ့ရှိရပါသည်။

၎င်းကဲ့သို့ "လူမျိုး/ဘာသာ"လိမ်လည်၍ ကျမ်းကျိန်လွှာပြုလုပ်ရခြင်းအကြောင်းမှာ (၂၂-၁၂-၂၀၁၄)ရက်နေ့တွင် ဒေါ်တင်တင်စိန်၏ရှေ့နေက ပြန်လှန်မေးခွန်းမေးရာ ဖြေဆိုထွက်ချက်၌ "မလေးရှားနိုင်ငံသို့ အလုပ်သွားလုပ်ရာတွင် ငွေတစ်ပြားမှ မစုမိခဲ့"ဟုဆိုလျှင် မှန်ပါသလားဟု မေးမြန်းရာ "မှန်ပါသည်"ဟု ထွက်ဆိုခဲ့ပြီး (၎င်းထွက်ဆိုချက်ကို ဖတ်ပြရာ မှန်ကန်ကြောင်း စိုးကျော်နိုင်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး) ဖြစ်ပါလျက်-

၁။ ပြည်သူ့ဝန်ထမ်းတစ်ဦးက ထိန်းသိမ်းထားသည့်တရားရုံးမှတ်တမ်းကို လိမ်လည်၍ ပြုပြင်ပေးစေလိုခြင်း၊

၂။ အဖိုးတန်စာတမ်းအမှတ်အသားတစ်ခုကို ပြင်ဆင်စေရန် (သို့မဟုတ်) ဖျက်ဆီးစေရန် လိမ်လည်၍ မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်လိုခြင်းကြောင့်ဖြစ်ကြောင်း တွေ့မြင်ရပါသည်။ (ကျမ်းကျိမ်လွှာမိတ္တူကို ပူးတွဲတင်ပြထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



( ၃ ) တတိယအကြိမ်

ဘာသာလိမ်လည်ခြင်း၊ လူမျိုးလိမ်လည်ခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ တရားမကြီးမှုအမှတ် ၁၂/၂၀၁၄ အတွက် တရားလိုသက်သေထွက်ချက်၊ ကျမ်းကျိန်သစ္စာပြုထွက်ဆိုခဲ့ရာ စိုးကျော်နိုင်က "လူမျိုး=မြန်မာ၊ ကိုးကွယ်သည့်ဘာသာ=ဗုဒ္ဓ" ဟု ထပ်မံလိမ်လည်၍ ထွက်ဆိုထားသည်ကို တွေ့ရှိရပါသည်။ စိုးကျော်နိုင် ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကဒ် ရရှိသည့်ရက်စွဲမှာ (၂၄-၁၂-၂၀၁၄) ဖြစ်ပါသည်။ (သက်သေခံမိတ္တူများကို ပူးတွဲတင်ပြထားပါသည်။)

( ၄ ) စတုတ္ထအကြိမ် ဘာသာလိမ်လည်ခြင်း

၈-၃-၂၀၁၅ ရက်နေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်း၌ အရှိုး(ခ)ကျော်ဇင်လင်းအား စိုးကျော်နိုင်က မဟုတ်မမှန်လိမ်လည်၍ အမှုဖွင့်တိုင်ကြားခဲ့ရာ စိုးကျော်နိုင်က ၎င်းကိုယ်၎င်းဗုဒ္ဓဘာသာဟုဆိုကာ ရဲစခန်းကို လိမ်လည်ပြောဆိုတိုင်ကြားသည်ကိုလည်း တွေ့ရှိရပါသည်။

ထိုအမှုနှင့်ပတ်သက်၍ မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-က အမှုမှန်ပေါ်ပေါက်စေရေးအတွက် မင်္ဂလာတောင်ညွန့်ရဲများကို စာရွက်စာတမ်းသက်သေအထောက်အထားများဖြင့်သွားရောက်ရှင်းလင်းပြခဲ့ရပြီး ၎င်းစိုးကျော်နိုင်မှာ အစ္စလာမ်ဘာသာဝင် မွတ်စလင်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်မဟုတ်ကြောင်း ရှင်းပြခဲ့ရပါသည်။ ထိုအခါ ရဲစခန်းက "စိုးကျော်နိုင်က ဗုဒ္ဓဘာသာပါ"ဟုပင်ပြန်လည်လျှောက်ထားခဲ့ရာ ဆရာတော်ဦးပါမောက္ခ-က မှတ်ပုံတင်မိတ္တူကို ပြ၍ မွတ်စလင်ဖြစ်ကြောင်း သက်သေခံအထောက်အထား

www.burmeseclassic.com

www.burmeseclassic.com



ပေးတော့ကျမှ ရဲစခန်းက ၎င်းတို့ကိုယ်၎င်းတို့ အလိမ်ခံခဲ့ရမှန်းသိရသည်ကိုလည်း တွေ့ရှိရပါသည်။

ထိုသို့ဆရာတော်ဦးပါမောက္ခ-က မင်္ဂလာတောင်ညွန့်ရဲစခန်းကို ကိုယ်တော်တိုင် သွားရောက်ပြီး အမှုမှန်ပေါ်ပေါက်စေရန် ဆောင်ရွက်သည်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့ကိုပါ တိုင်းဒေသကြီးရဲမှူးက လိမ်လည်၍ ဆရာတော်ဦးပါမောက္ခ-အား အရေးယူပေးရန် တိုင်ကြားခဲ့ပါသည်။ မွတ်စလင်ကုလားစိုးကျော်နိုင်က ရဲမှူးနှင့်ပူးပေါင်းကြံစည်၍ တိုင်ကြားခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့ကလည်း လွဲမှားစွာ ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်ကို ထပ်မံတွေ့ရှိရပါသည်။

ယခုကဲ့သို့ အာဏာပိုင်အဖွဲ့အစည်းဖြစ်သော ရဲစခန်းကိုပင် အစ္စလာမ်ဘာသာဝင် စိုးကျော်နိုင်က ၎င်းကိုယ်၎င်း "ဗုဒ္ဓဘာသာပါ" ဟုဆိုကာ လိမ်လည်ခြင်း၊ ရဲစခန်းကလည်း ဗုဒ္ဓဘာသာမဟုတ်မှန်း၊ သူတို့ကိုလာရောက်လိမ်လည်နေမှန်း သိရှိပါလျက် မျက်ကွယ်ပြုကာ ပူးပေါင်းကြံစည်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

အရိုး(ခ)ကျော်ဇင်လင်းကို ပုဒ်မ(၄၀၆)ဖြင့် လိမ်လည်၍ အမှုဖွင့်သည်ကို မင်္ဂလာတောင်ညွန့်ရဲစခန်းက လက်ခံခဲ့ကြောင်း၊ အရိုး(ခ)ကျော်ဇင်လင်းကို အချုပ်ခန်းအတွင်း ဖမ်းချုပ်ထားပြီး အာမခံမပေးဘဲ ချုပ်ထားခဲ့ကြောင်း တွေ့ရှိရပါသည်။ (ဆရာတော်ဦးပါမောက္ခ-က ဖော်ထုတ်ရှင်းလင်းပေးတော့မှ အချုပ်ခန်းမှ လွှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ အရှေ့ပိုင်းခရိုင်ရဲမှူးကြီးက ပြစ်မှုမမြောက်ပါဘဲ မှားယွင်းဖမ်းဆီးချုပ်နှောင်ခဲ့မှုဖြစ်ကြောင်း လျှောက်ထားပြီး လွှတ်ပေးစေခဲ့ခြင်းဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



စိုးကျော်နိုင်က မဟုတ်မမှန် လုပ်ကြံ၍ စာရွက်စာတမ်း အတုများဖြင့် အမှုဖွင့်သည်ကို မကျေနပ်သဖြင့် အရှိုး(ခ)ကျော်ဇင်လင်းက ၎င်းစိုးကျော်နိုင်ကို ပုဒ်မ(၄၀၆/၄၆၈/၄၂၀)တို့ဖြင့် ပြန်လည်အမှုဖွင့်ခဲ့ရာ ပုဒ်မ(၄၂၀)ဖြင့်သာ မင်္ဂလာတောင်ညွန့်ရဲစခန်းက လက်ခံဖွင့်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။ အာမခံပေးခဲ့ပါသည်။

ယခုကဲ့သို့ အာဏာပိုင်အဖွဲ့အစည်းများကို လှည့်ပတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အစ္စလာမ်ဘာသာဖြစ်ပါလျက် ဗုဒ္ဓဘာသာပါ ဟုဆိုကာ လိမ်လည်ခြင်းကို ဆက်တိုက်၊ ဆက်တိုက် တွေ့ရှိရပါသည်။ (သက်သေခံအဖြစ် ဆရာတော်ဦးပါမောက္ခနှင့် အရှိုး(ခ) ကျော်ဇင်လင်း ရှိပါသည်။ မေးမြန်းနိုင်ပါသည်။)

ရန်ကုန်တွင် အရှိုး(ခ)ကျော်ဇင်လင်းကို အရေးယူခံရအောင် လုပ်မရသည့်အခါ တောင်ကြီးရဲစခန်းတွင် သွားရောက်အမှုဖွင့်ပြီး (၈-၇-၂၀၁၅)ရက်နေ့တွင် အရှိုး(ခ)ကျော်ဇင်လင်းကို တောင်ကြီးရဲစခန်းက လာရောက်ဖမ်းဆီးခဲ့ပါသည်။ အာမခံမပေးဘဲ (၈) ရက်ခန့် ဖမ်းချုပ်ထားစဉ် တောင်ကြီးမဘသအဖွဲ့များက လိုက်လံကူညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အရှိုး(ခ)ကျော်ဇင်လင်း၏ဇနီးက ကုလားဘက်မှ နောက်ထပ်နောက်ထပ် လိုက်လံနှောင့်ယှက်နေမှာ စိုးရိမ်သောကြောင့် ရန်ကုန်ရဲစခန်းတွင် ဖွင့်ထားသောအမှု၊ ပုဒ်မ(၄၂၀)ဖြင့် ချေ၍ ကျေအေးပေးလိုက်ရပါသည်။ အားမတန်၍ မာန်လျှော့ ပေးလိုက်ရခြင်းဖြစ်ပါသည်။

( ၅ ) ပဥ္စမအကြိမ် ဘာသာလိမ်လည်ခြင်း

ပဲခူးမြို့အမှတ်(၂)ရဲစခန်းတွင် စိုးကျော်နိုင်က ၎င်းကိုယ်၌င်း "ဗုဒ္ဓဘာသာပါ"ဟုဆိုကာ လိမ်လည်၍ ဦးဘကို-ကို တိုင်တန်းခဲ့သည်ကို တွေ့ရှိရပါသည်။ တိုင်တန်းခြင်းအကြောင်းမှာ နိုင်ငံတော်

www.burmeseclassic.com

www.burmeseclassic.com



မှ ဦးဘကိုအမည်ဖြင့် ပုံစံ(၇)ချပေးထားပြီးဖြစ်သည့် ဦးဘကိုပိုင် ခြံဝင်းအတွင်းရှိ သစ်ပင်ကြီး(၂၅)ပင်တို့ကို စိုးကျော်နိုင်က (၂၀-၇-၂၀၁၅)တွင် ကျူးကျော်ဝင်ရောက်ခုတ်လှဲရယူသွားခြင်းကြောင့် ဖြစ်ပါသည်။ ထိုသို့ခုတ်ယူသွားသည်ကို မကျေနပ်သည့်အတွက် (၂၅-၇-၂၀၁၅)တွင် ဦးဘကိုက ပဲခူးအမှတ်(၂) ရဲစခန်း၌ အမှုဖွင့် တိုင်ကြားခဲ့သော်လည်း ယခုတိုင်အောင် ထူးခြားမှုမရှိသေးသည်ကို တွေ့ရှိရပါသည်။

ဦးဘကိုက အမှုဖွင့်တိုင်ကြားချက်အတွက် ထူးခြားချက်မရှိပါဘဲ ဒေါ်ယင်းမာ၊ မြို့နယ်တွဲဖက်တရားသူကြီး၊ ပဲခူးမြို့က ဦးဘကို ထံ အာမခံမည့်သူများဖြင့် (၂၈-၂-၂၀၁၆)တွင် တရားရုံးသို့ လာ ရောက်ရန် (၁၀-၁-၂၀၁၆)ရက်စွဲဖြင့် ဖမ်းဝရမ်းထုတ်သည်ကို ခံလိုက်ရကြောင်း တွေ့ရှိရပါသည်။ ဦးဘကို-က ဆုံးရှုံးနစ်နာရသူ ဖြစ်ပါလျက် ဦးဘကို-က တိုင်ကြားသည့်အမှုအတွက် အတိုင်ခံရသူ မှာ ဘာမှမဖြစ်ဘဲ ရယူသိမ်းပိုက်ကျူးလွန်သွားသူက တိုင်ကြားမှုအ တွက် ဦးဘကို-က တရားခံဖြစ်ရပြီး အဖမ်းခံရဖို့ ဖမ်းဝရမ်းထွက်ပေါ် လာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံရေးအုပ်ချုပ်ရေး၊ မြန်မာနိုင်ငံတ ရားစီရင်ရေး၊ မြန်မာရဲတပ်ဖွဲ့တို့၏ဖြစ်ရပ်များကို မေးခွန်းထုတ်စရာ ရှိလာခြင်းဖြစ်ပါသည်။ အဖြေထုတ်စရာကတော့ ရှိ/မရှိမသိရပါ။ အခြေအနေက အလွန်မှပင် ကပြောင်းကပြန် ဖြစ်နေပါသည်။ (သက်သေခံအဖြစ် ဦးဘကို ရှိပါသည်။)

( ၇ ) ပူးပေါင်းကျူးလွန်သူများကို တင်ပြခြင်း

အထက်ဖော်ပြပါ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆)အမှုတို့အရ ကျူးလွန် သူစိုးကျော်နိုင် အစ္စလာမ်ဘာသာဝင်နှင့် ပူးပေါင်းကျူးလွန်နေသူများ ကို စစ်ဆေးသုံးသပ်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

(က) တရားရုံးများသို့ လိုက်ပါဆောင်ရွက်၍ ပူးပေါင်းလိမ်လည်ပေးကြသည့် ရှေ့နေရှေ့ရပ်များ၊

(ခ) တရားရုံးတော်များသို့ လိုက်ပါသက်သေထွက်ဆိုပေးကြသည့် ပူးပေါင်းကြံစည်သူသက်သေများ၊

(ဂ) ရဲစခန်းတို့တွင် ပူးပေါင်းကြံစည်၍ လိုက်ပါအမှုဖွင့်ပေးသူများ၊ အမှုလက်ခံဖွင့်ပေးကြသည့် ရဲစခန်းတာဝန်ရှိသူများ၊

(ဃ) တာဝန်ဝတ္တရားပျက်ကွက်ပြီး မှားယွင်းစွာ ဆောင်ရွက်ကြသည့် ရဲစခန်းများနှင့် ရဲတပ်ဖွဲ့ဝင်များ၊

(င) ဥပဒေကို မှားယွင်းစွာ ကျင့်သုံးကြသည့် ရဲစခန်းအသီးသီးမှ ရဲတပ်ဖွဲ့ဝင်များ၊

(စ) ဥပဒေကို မှားယွင်းစွာ ကျင့်သုံးကြသည့် ဥပဒေအကြံပေးအရာရှိများ၊

(ဆ) ဥပဒေကို မှားယွင်းစွာ ကျင့်သုံးကြသည့် တရားရုံးအသီးသီးမှ တရားသူကြီးများ

ဖော်ပြပါ(က၊ ခ၊ ဂ၊ ဃ၊ င၊ စ) အမှတ်ပြတာဝန်ရှိသူများသည် ကျူးလွန်သူစိုးကျော်နိုင် အစ္စလာမ်ဘာသာဝင်နှင့် ပူးပေါင်းကျူးလွန်နေသူများဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

## ( ၈/က ) စိုးကျော်နိုင်(အစ္စလာမ်ဘာသာဝင်)က နံပါတ်(၁)အမှုကို ကျူးလွန်ခြင်း

နံပါတ်(၁)အမှုကို (၁၁-၃-၂၀၁၄)ရက်နေ့တွင် ကျူးလွန်ခဲ့သည်။ နိုင်ငံသားစိစစ်ရေးကဒ်ကို (၂၄-၁၂-၂၀၁၄)ရက်နေ့ရောက်မှ ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၈/ခ) စိုးကျော်နိုင်(အစ္စလာမ်ဘာသာဝင်)က
နံပါတ်(၂)အမှုကို ကျူးလွန်ခြင်း

နံပါတ်(၂)အမှုကို (၁၂-၁-၂၀၁၅)ရက်နေ့တွင် ကျူးလွန်ခဲ့သည်။ ကျူးလွန်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အခွန်တံဆိပ်ခေါင်း ငွေ(၂၀၀)ကျပ်တန်ကို တလွဲအသုံးချခြင်း၊ ပြည်သူ့ဝန်ထမ်းတစ်ဦးက ထိန်းသိမ်းထားသည့် တရားရုံးမှတ်တမ်းကို လိမ်လည်၍ ပြုပြင်စေလိုခြင်း၊ အဖိုးတန်စာရွက်စာတမ်းအမှတ်အသားတစ်ခုကို ပြင်ဆင်စေရန် သို့မဟုတ် ပျက်စီးစေရန် လိမ်လည်၍ မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်ခြင်းတို့ကို ကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။ (သက်သေခံမိတ္တူများကို ပူးတွဲတင်ပြထားပါသည်။)

( ၉ ) ဖွဲ့စည်းပုံအခြေခံဥပဒေကို
ကာကွယ်စောင့်ရှောက်ပေးရန် တင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)တွင်-

"ပုဒ်မ ၃၆၀-က ၌ ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးရာ ဆောင်ရွက်မှုတစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ(၃၄)ပါ သာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

ပုဒ်မ ၃၄ ၌ ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com


တို့ကို အညီအမျှ ရရှိစေရမည်။

ပုဒ်မ ၃၆၁ ၌ နိုင်ငံတော်သည် "ဗုဒ္ဓဘာသာ သာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်"ဟု အသိအမှတ်ပြုသည်။

ပုဒ်မ ၃၆၃ ၌ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်"ဟု ပြဋ္ဌာန်းထားပါသည်။

ထိုပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက် အခန်း(၁၅)ပါ ပုဒ်မများအရလည်းကောင်း ဗုဒ္ဓဘာသာဝင်မဟုတ်သော စိုးကျော်နိုင် (အစ္စလာမ်ဘာသာဝင်)က "ဗုဒ္ဓဘာသာပါ"ဟုဆိုကာ လိမ်လည်ထွက်ဆိုချက်များအပေါ် အရေးယူပေးခြင်းမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျူးလွန်ခံရခြင်းဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေကို ကျူးလွန်ခံရခြင်းဖြစ်ကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။

## ( ၁၀ ) ကျူးလွန်သူများ၏ ကျူးလွန်မှုအရ ကျူးလွန်ခံရသူများကို တင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)၌ အတိအလင်းဖော်ပြပြဋ္ဌာန်းထားပါလျက် စိုးကျော်နိုင် (အစ္စလာမ်ဘာသာဝင်၊ အိန္ဒိယလူမျိုး)နှင့် ဖော်ပြခဲ့ပါ စာပိုဒ်နံပါတ်(၇)၊ အပိုဒ်ခွဲနံပါတ်(က၊ ခ၊ ဂ၊ ဃ၊ င၊ စ)ပါ ပူးပေါင်းကြံစည် ကျူးလွန်သူများသည်

(၁) နိုင်ငံတော်သံဃမဟာနာယကဦးဆောင်သည့် သံဃာထုတစ်ရပ်လုံးကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၂) နိုင်ငံတော်အစိုးရကိုလည်းကောင်း၊

(၃) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုလည်းကောင်း၊

(၄) သာသနာရေးဝန်ကြီးဌာနကိုလည်းကောင်း၊

(၅) ပြည်ထဲရေးဝန်ကြီးဌာနကိုလည်းကောင်း၊

(၆) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာနကိုလည်းကောင်း၊

(၇) တရားဥပဒေစိုးမိုးရေးဥက္ကဋ္ဌကိုလည်းကောင်း၊

(၈) ဗုဒ္ဓဘာသာဝင် အသိုက်အဝန်းအားလုံးကိုလည်း ကောင်း မထီမဲ့မြင်ပြုလုပ်၍ ခလုတ်တိုက်ခြင်း၊ သွေးတိုးစမ်းခြင်း၊ ကျူးလွန်ခြင်း၊ စော်ကားခြင်း ဖြစ်ပါသည်။ ကျူးလွန်ခံရသူများ ဘက်က ကျူးလွန်ခံရခြင်းဖြစ်ကြောင်း သိမြင်ကြဖို့ လိုအပ်ပါသည်။

သို့အတွက်ကြောင့် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ ဌာနတို့က အထက်ပါကျူးလွန်သူ စိုးကျော်နိုင်နှင့် ပူးပေါင်းကြံစည် ကျူးလွန်သူများကို (တစ်ယောက်မကျန် စုံစမ်းစစ်ဆေး၍) ထိ ရောက်စွာ အရေးယူပေးကြပါရန် တစ်ဦးတစ်ယောက်အတွက် မဟုတ်ဘဲ ဗုဒ္ဓဘာသာ အသိုက်အဝန်းအားလုံးကိုယ်စား တိုင်ကြား တောင်းဆိုလိုက်ရခြင်းဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ "တာဝန်သိ သူမှာ တာဝန်ရှိသည်၊ တာဝန်ရှိသူမှာ တာဝန်ပိသည်"ဆိုသည့် ဩ ဝါဒတော်အတိုင်း တာဝန်သိ၊ တာဝန်ရှိ၊ တာဝန်ပိနေခြင်းခံရသူ မိမိဦးပညာသာမိအနေဖြင့် ဗုဒ္ဓဘာသာမဟုတ်သူ အစ္စလာမ်ဘာသာ ဝင် စိုးကျော်နိုင် (ခ)ဟိရခမ်း (ခ)jimmy-နှင့် ပူးပေါင်းပါဝင်ကျူးလွန် သူများ၏ "ဗုဒ္ဓဘာသာပါ"ဟုဆိုကာ လိမ်ညာထွက်ဆိုချက်အ ကြောင်း စိစစ်တင်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းသားမဟုတ်သောညှော်သည်၊ အစ္စလာမ်ဘာသာဝင် စိုးကျော်နိုင် (ခ)ဟိရခမ်း (ခ)jimmy-နှင့် ပူးပေါင်းကြံစည်လိမ်လည်နေသူများ၏ ယုတ်မာမှုများကြောင့် တိုင်းရင်းသားဖြစ်သော အိမ်ရှင်၊ ဗုဒ္ဓဘာသာဝင်များ အသက်တွေရင်းခဲ့ကြရပြီး ဖြစ်နေပါသည်။ အသက်တွေသေဆုံးခဲ့ကြရပြီး ဖြစ်နေပါသည်။ ဘဝတွေပျက်ခဲ့ကြရပြီး ဖြစ်နေပါသည်။ နောက်နောင် ဘယ်လောက်အထိများ အိမ်ရှင်၊ ဗုဒ္ဓဘာသာဝင်တွေက ပေးဆပ်နေကြရဦးမှာလဲဟု အလေးအနက် မေးခွန်းထုတ်လိုက်ခြင်းဖြစ်ပါသည်။

အရှင်ပညာသာမိ
ဂ/ပခက(သ)၀၀၁၀၂၄
မဟာဝိသုတာရာမတိုက်သစ်ကျောင်းတိုက်
အမှတ်(၁၇)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com





# ရွှေ့နေကျင့်ဝတ်သိက္ခာ လုံးဝမရှိသော ရွှေ့နေများ ကြောင့် နစ်နာရကြောင်း

မနှင်းကေသီစိုး

ယနေ့ ၁၆-၁-၂၀၁၆ တွင် မကွေးကျောင်းတိုက်၌ နဝမ အကြိမ် ပြုလုပ်ကျင်းပသော စာတမ်းဖတ်ပွဲ၌ စာတမ်းရှင်အဖြစ် နစ်နာနေရသော ကျွန်မမနှင်းကေသီစိုး(ဘ)ဦးမြင့်စိုး၊ အသက်(၂၅) နှစ်၊ ဥပဒေတွဲ၊ မှတ်ပုံတင်အမှတ် ၁၂/ဒဂရ(နိုင်)၀၁၇၃၁၄ ကိုင် ဆောင်သူက မိမိကြုံတွေ့ခံစားနေရသော တရားလွှတ်တော်ရှေ့နေ များ၏ ယုတ်မာကောက်ကျစ်မှုများနှင့် ရဲများ၏ တစ်ဖက်လူကို ပြန်မကြည့်ဘဲ အမှုမြောက်မြောက်၊ မမြောက်မြောက် ငွေပေးလျှင်၊ ပိုက်ဆံရလျှင် အမှုဖွင့်ပေး၍ စွပ်စွဲခံရသူအနေဖြင့် မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းများကို အဆင့်ဆင့် လိုက်လံကူညီဆောင်ရွက်ပေး နေရသော အမှု(၁)မှုအကြောင်း ဖြစ်ပါသည်။

ဒုတိယအကြိမ်နှင့် နဝမအကြိမ် ၁ နှစ်ကျော်ကာလကြာပြီး ကျွန်မအမှုက ဆက်လက်ဖြစ်ပွားနေရသောအခြေအနေများကို တင်ပြသွားပါမည်။

ကျွန်မ၏အစ်မဖြစ်သူဒေါ်ကြည်ပြာစိုးသည် ၎င်း၏ဆရာ အရင်းဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဒေါ်ဘေဘီထွန်း(စဉ်- ၅၀၄၉)နှင့် အလွန်ခင်မင်ရင်းနှီးပါသည်။ သို့ဖြစ်၍ ကျွန်မ အစ်မက ကျွန်မအား နိုင်ငံခြားသားဦးအောင်မင်းနိုင်(ခ)Mr Pohla Duke

www.burmeseclassic.com

www.burmeseclassic.com


Patrick က သဘောကျနှစ်သက်၍ ပြင်ဦးလွင်ရှိခြံနှင့်တိုက်အား တင်တောင်းသည့်ကိစ္စ၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကိစ္စ၊ လက်ထပ်စာချုပ်ချုပ်ဆိုခြင်းကိစ္စ စာရွက်စာတမ်းများ သေချာစွာ ပိုင်ပိုင်နိုင်နိုင်စစ်ဆေး၍ အမှားအယွင်းမရှိစေရန် အကျိုးဆောင် ရှေ့နေအဖြစ် တရားလွှတ်တော်ရှေ့နေဒေါ်ဘေဘီထွန်း(စဥ်-၅၀ ၄၉)ကို ငွေကျပ်ငါးသိန်း၊ မီးခံသေတ္တာတစ်လုံး ဝယ်ပေး၍ ငှားရမ်းခဲ့ ပါသည်။

ထိုသို့ငှားရမ်းခဲ့ရာ ၎င်းက လက်ထပ်စာချုပ်တွင် ၎င်း၏ လက်ရေးဖြင့် ရေးသားခြင်း၊ အရောင်းအဝယ်စာချုပ်တွင် အသိ သက်သေအဖြစ် လက်မှတ်ရေးထိုးခြင်း၊ နှစ်ဦးသဘောတူစာချုပ်၊ ပစ္စည်းအပ်နှံခြင်းစသည်တို့တွင် သူမကိုယ်တိုင်လက်မှတ်ရေးထိုး၍ ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့ပါသော်လည်း ကျွန်မ အခု ရင်ဆိုင်နေ ရသော၊ မဖြစ်သင့်ဘဲ ဖြစ်နေရသော အမှုအခင်းများ၏ အရင်းအ မြစ်မှာ ဒေါ်ဘေဘီထွန်းကြောင့် ဖြစ်ပါသည်။

အရောင်းအဝယ်စာချုပ်ချုပ်ဆိုစဥ်က တရားလွှတ်တော် ရှေ့နေဒေါ်ခင်မာအေးက သူမနှင့် ဦးအောင်နိုင်(ဗိုလ်ချုပ်-အငြိမ်း စား၊ ဒေါ်ခင်မာအေးခဲ့အို)တို့ကြားတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ တွင် ချုပ်ဆိုလွှဲပြောင်းပေးထားသော **SP.GP**သည် ဒေါ်ခင် မာအေးတွင်ရှိကြောင်း၊ အထားမှား၍ ပျောက်နေကြောင်း၊ ရှာတွေ့လျှင် ချက်ချင်းပေးမည်ဖြစ်ကြောင်း ဒေါ်ခင်မာအေး က ပြောသည်ကို ကျွန်မသဘောဆန္ဒမပါဘဲ ကျွန်မနောက် ကွယ်တွင် ဒေါ်ဘေဘီထွန်းမှ ခေါင်းညိတ်ခဲ့ပါသည်။

ထို့ကြောင့် စာရွက်စာတမ်းများကို စစ်ဆေးရာတွင် အလွန် အရေးကြီးသော ဦးအောင်နိုင်(ဗိုလ်ချုပ်-အငြိမ်းစား)၏ပါဝါကို မယူ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကျွန်မနားမလည်သည်ကို အခွင့်ကောင်းယူပြီး စာချုပ်စာတမ်းများစစ်ဆေးကာ "အားလုံးပြည့်စုံတယ်၊ **Save** ဖြစ်တယ်"ဆိုပြီး ကျွန်မတို့ကို ပြောကြားပြီး လက်မှတ်ထိုးစေခဲ့ပါသည်။

ယခု ပြင်ဦးလွင်ခရိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် ရင်ဆိုင်ဖြေရှင်းနေရသော တရားလိုမနှင်းကေသီစိုး၊ တရားပြိုင်ဦးအောင်နိုင်၊ ဒေါ်ခင်မာအေး၊ မကြီး ၉၈/၂၀၁၄ "ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု"သည် ကျွန်မရှေ့နေဖြစ်သူ ဒေါ်ဘေဘီထွန်း(စဉ်-၅၀၄၉)၏ လက်လွတ်စပယ်လုပ်ခဲ့မှုကြောင့် ငွေကုန်ကြေးကျခံ၍ ဖြေရှင်းနေရသောအမှု ဖြစ်နေပါသည်။ ကျွန်မ အလွန်နစ်နာခဲ့ရပါသည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်ဘေဘီထွန်း(စဉ်-၅၀၄၉)၏ ယုတ်မာကောက်ကျစ်မှုများနှင့် ရှေ့နေကျင့်ဝတ်သိက္ခာပျက်ပြား ချစားနေမှုများကို ဆက်လက်ဖော်ပြသွားပါဦးမည်။

တရားလွှတ်တော်ရှေ့နေဒေါ်ခင်မာအေး(စဉ်-၆၄၅၈) သည် ပြင်ဦးလွင်မှ ခြံနှင့်တိုက်ကို ကျွန်မနှင့် အရောင်းအဝယ်ပြုလုပ်ခဲ့သူ ဖြစ်ပါသည်။ ကျွန်မက ဝယ်ယူသူ ဖြစ်ပါသည်။ ဒေါ်ခင်မာအေးသည် ဥပဒေကိုသိသူတစ်ယောက်၊ အသက်အရွယ်မှာ (၄၀)နှစ်ဖြစ်ပါသည်။ ဥပဒေကိုသိ၍ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ကျွန်မအပေါ် မမှန်မကန် လိမ်ညာ၍ တရားရုံးများ၊ ရဲများကို ငွေပေးကာ တစ်မှုပြီးတစ်မှု အမှုတွေပွားပြီး ကျွန်မကို စိတ်ဆင်းရဲဒုက္ခရောက်၊ ထောင်ကျအောင် အမျိုးမျိုးလိုက်လုပ်နေသူ ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ညနေ (၆)နာရီလောက်တွင် ကျွန်မမနှင်းကေသီစိုးကို ဦးအောင်မင်းနိုင်မှ ဦးအောင်နိုင်(ဗိုလ်ချုပ်-

www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစား)နေထိုင်သော အမှတ် ၄၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်သို့ ခေါ်သွားပြီး ဦးအောင်နိုင်နှင့်ဇနီး၊ မိသားစုတို့နှင့် မိတ်ဆက်ပေးခဲ့ပါသည်။ ဒေါ်ခင်မာအေးလည်း ရှိနေပြီး ပြင်ဦးလွင်အိမ် အရောင်းအဝယ်ကိစ္စပြောကြရာ ဦးအောင်နိုင်နှင့်ဒေါ်ခင်မာအေးတို့က "အဲဒီအိမ် အရောင်းအဝယ်အတွက် လုပ်ပေးမယ်၊ သဘောတူညီမှုတစ်ခု ယူမယ်"ဟု ပြောပါသည်။

အဲဒါကတော့ ဦးအောင်မင်းနိုင်ဝယ်ထားသော၊ ဦးအောင်နိုင်၊ ဒေါ်ခင်မာအေးတို့အမည်ခံငပလီမှ ၃ ကေကျော် ၄ ကေရှိ ဘန်ဂလို ၄ လုံးပါ ခြံကို ဒေါ်ခင်မာအေးမှ သူ့ကို ပေးရမည်ဖြစ်ကြောင်း၊ (ထိုဘန်ဂလိုကို ကျွန်မကိုယ်တိုင် ရောက်ဖူးပါသည်။) ပြီးတော့ ဦးအောင်မင်းနိုင်သမီးမှ ငွေကျပ်သိန်း(၁၈၀၀) ထပ်ပို့ပေးလျှင် ကျွန်မနှင့် အရောင်းအဝယ်စာချုပ် ချုပ်ပေးမည်ဟုဆိုကာ ငွေညစ်အကျပ်ကိုင်ခြင်းဖြစ်ပါသည်။

ဦးအောင်မင်းနိုင်သမီးမှ ငွေကျပ်သိန်း(၁၈၀၀) လွှဲပေးပြီးနောက် ကျွန်မကို ပြင်ဦးလွင်အိမ် အရောင်းအဝယ်စာချုပ်ကို ဒေါ်ခင်မာအေးက ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ကျွန်မလက်မထပ်ခင် ၁ ရက်အလို (၄-၂-၂၀၁၄)တွင် ချုပ်ဆိုပေးခဲ့ပါသည်။

သို့သော် ကျွန်မမသိခဲ့တာက စာချုပ်စာတမ်း အပြည့်အစုံမပေးသေးဘဲ "ပျောက်နေလို့ ရှာတွေ့တာနဲ့ ပေးပါ့မယ်"ဟု ရှေ့နေဒေါ်ဘေဘီထွန်းကို ဒေါ်ခင်မာအေးနှင့် ဦးအောင်မင်းနိုင် ပြောခိုင်းခဲ့သည်ကို ကျွန်မမသိခဲ့ရခြင်းဖြစ်ပါသည်။ ဒေါ်ခင်မာအေးက ငပလီမှခြံကို ရောင်းချခဲ့ပြီး ငွေကျပ်သိန်း(၃၆၅၀)ရသည်ကို ကျွန်မကြားသိခဲ့ရပါသည်။

ကျွန်မအိမ်ထောင်ကျပြီး ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မာအေးက မပေးဘဲချန်ထားသော ခုနက ပြောခဲ့သည့် ဥပဒေလက်တစ်လုံးခြားလုပ်ရန်၊ ကလိမ်ကကျစ်လုပ်ရန်-အကြံဖြင့် ဦးအောင်နိုင်၏ SP.GPကို ဦးအောင်မင်းနိုင်မှတစ်ဆင့် တောင်းပေးရန် ပြောခဲ့ပါသည်။ တောင်းခဲ့သော်လည်း ဦးအောင်နိုင်၏ SP. GPကို မပေးခဲ့ပါ။

ထို့နောက် ကျွန်မတို့လင်မယား ဘာသာရေးကိုအခြေခံ၍ အိမ်ထောင်ရေးပြဿနာတွေ စဖြစ်လာခဲ့ရာ ဒေါ်ခင်မာအေးတို့အတွက် အခွင့်ကောင်းရရှိသွားစေခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ပြဿနာများ စတက်လာရာ ဦးအောင်မင်းနိုင် အိမ် ပေါ်မှ ဆင်းသွားပြီး စာရွက်စာတမ်းများ အိမ်မှာ ထားခဲ့ပြီး "ကျွန်မက ခိုးပါတယ်"ဟု လိမ်လည်အမှုဖွင့်တိုင်ကြားရာ ရဲများ၏စစ်ဆေးခြင်းကို ခံခဲ့ရပါသည်။

တရားရုံးဦးတိုက်လျှောက်ရာ အမှုမမြောက်၍ မရမ်းကုန်းမြို့နယ်တရားရုံးမှ ပလပ်ခဲ့ပါသည်။ ထို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၃ ရက်နေ့တွင် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သူ၏ခယ်မ ဒေါ်ခင်မာအေးက ကျွန်မကို ဂရန်နှင့်တကွ ဆက်စပ်စာချုပ်များဖြင့် ရောင်းချထားသည့်အိမ်ကို ဗိုလ်ချုပ်ဟောင်းဦးအောင်နိုင်က ဦးစံဝင်းအောင်ဆိုသူကို တစ်ဖက်လှည့်ဖြင့် SP.ပေးပြီး ဂရန်ပျောက်လျှောက်ခိုင်းခဲ့ပါသည်။

ကျွန်မသိရ၍ သက်ဆိုင်ရာဌာနအသီးသီးကို ကန့်ကွက်စာတွေ ပို့ခဲ့ရပါသည်။ ၁၉-၉-၂၀၁၄ ရက်နေ့တွင် ကျွန်မတို့သားအမိ ၃ ယောက်က ခြံသော့၊ အိမ်သော့များကို ဖျက်ဆီးပြီး ကျူးကျော်ဝင်ရောက်ပါသည်ဟုဆိုကာ ၂၀-၉-၂၀၁၄ ရက်နေ့တွင် ဒေါ်ခင်မာအေးက တရားလိုပြုပြီး ပုဒ်မ ၄၅၃၊ ပ-၁၈၁/၁၄ ကို ရိုင်လုံမှုမရှိ

www.burmeseclassic.com

www.burmeseclassic.com



စာရွက်စာတမ်းတစ်စုံတစ်ရာ မပြနိုင်ဘဲ ပြင်ဦးလွင်မြို့နယ်ရဲစခန်းတွင် ရဲကို ငွေပေးပြီး နေ့ချင်း အမှုဖွင့်ခဲ့ရာ ထိုအမှုအတွက် ကျွန်မအမေပါ စစ်ဆေးမေးမြန်းခံရပြန်ပါသည်။ ထိုအမှုမှာ မပြောက်၍ ဒေါ်ခင်မာအေးကိုယ်တိုင် ထို ပ-၁၈၁/၁၄ ကို ၂၀-၇-၂၀၁၄ ရက်နေ့တွင် မှားယွင်းသဖြင့်ဟုဆိုကာ ပိတ်သိမ်းနံပါတ် ၂၂/၁၅ ဖြင့် ပိတ်သိမ်းခဲ့ရပါသည်။

သို့သော် အမှန်တရားကို မျက်ကွယ်ပြု၍ ဒေါ်ခင်မာအေး၊ ဒေါ်ဘေဘီထွန်းတို့က ကျွန်မနောက်ကွယ်တွင် သိက္ခာကျအောင် လက်ရှိအမှုစွဲဆိုခံနေရသည့်ပုံစံဖြင့် အမျိုးမျိုး လိုက်ပြောနေကြပါသည်။

ထိုအချိန်တွင် ပြင်ဦးလွင်ခရိုင်တရားရုံးတွင် မကြီး ၉၃/၁၄ တရားလိုဒေါ်ခင်မာအေးနှင့်ဦးအောင်နိုင်တို့က တရားပြိုင်ဦးအောင်မင်းနိုင်နှင့် မနှင်းကေသီစိုးကို "ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှု"နှင့် "စာချုပ်စာတမ်းနှင့်နေအိမ်လက်ရောက်ရလိုမှု"ဟုဆိုကာ တရားစွဲဆိုထားပါသည်။

ထိုအချိန်တွင် ဦးအောင်မင်းနိုင်(နိုင်ငံခြားသား)နှင့် ဒေါ်ခင်မာအေးတို့ တစ်ဖွဲ့တည်းဖြစ်ပြီး ပူးပေါင်းကာ ထိုအမှုကို စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိသာထင်ရှားစေပါသည်။ ၃-၁၁-၂၀၁၄ ရက်နေ့တွင် ဦးအောင်မင်းနိုင်က ဝန်ခံချေလွှာတင်ခဲ့သည်။ သို့သော် သူနိုင်ငံခြားကို ပြန်သွား(ထွက်ပြေးတိမ်းရှောင်သွား)ခဲ့သည့်ရက်စွဲမှာ (၂-၁၁-၂၀၁၄) ဖြစ်ပါသည်။

ထိုဝန်ခံချက်လွှာမှာ ရုံးတော်သို့ ၁ ရက်နောက်ကျပြီးမှ တရားပြိုင်ကိုယ်တိုင် မရှိပါဘဲလျက် ဒေါ်ခင်မာအေးက အကြံဖြင့် အမှုအားကောင်းအောင် တမင်ရည်ရွယ်၍ ရှေ့နေတစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ငွေပေးပြီး တင်ခိုင်းခဲ့ခြင်းဖြစ်ပါသည်။

တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာအေးနှင့် ဒေါ်ဘေဘီထွန်းတို့သည် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် စမ်းချောင်းမြို့နယ်ရဲစခန်းတွင် ခရိုင်ရဲမှူး၊ မြို့နယ်မှူး၊ အမှုစစ်တို့ကို ငွေပေးပြီး ချက်ချင်းပင် ပုဒ်မ ၄၀၆ ဖြင့် အမှုဖွင့်ခဲ့ပါသည်။

အမှုစစ်အောင်ကိုဝင်းက ကျွန်မအိမ်ကိုလာပြီး ရဲမေ-မပါ။ ခိုင်လုံမှုမရှိ။ ကျွန်မလက်မှတ်မပါ။ လုံးဝအမှုမမြောက်။ ဖွင့်၍မရကောင်းသည့်အမှုကို ဒေါ်ခင်မာအေးဆီမှ ငွေယူပြီး ကျွန်မကို နေ့ချင်း အချုပ်ထဲထည့်ရန် အိမ်အရောက် လာရောက်ဖမ်းပါသည်။ ကျွန်မ ဆေးရုံးမှ ဆင်းလာသည်မှာ ၁ ရက်ပဲ ရှိပါသေးသည်။

ထိုအတွက်ကြောင့် မနက်ဖြန်မှ စခန်းလာခဲ့ပါမည်ဟု ပြောကြားပြီး ဆရာတော်ဦးပါမောက္ခဆီ ဖုန်းဆက်လျှောက်ထားခဲ့ရပါသည်။ ဆရာတော်ဦးပါမောက္ခ၊ ဆရာတော်ဦးပညာဇောတတို့နှင့် မီဒီယာတွေလည်း ၂၄-၂-၂၀၁၅ ရက်နေ့တွင် စမ်းချောင်းရဲစခန်းရှေ့သို့ ရောက်ခဲ့ပါသည်။ ထို ၄၀၆ အမှုမှာ ဒေါ်ခင်မာအေးက တရားလို၊ ကျွန်မ၏ရှေ့နေဒေါ်ဘေဘီထွန်းက ကျွန်မအပေါ် ရက်ရက်စက်စက် သက်သေထွက်ဆိုခဲ့ကြောင်း သိရှိရပါသည်။

သူတို့နှစ်ယောက်စလုံးသည် တရားလွှတ်တော်ရှေ့နေတွေဖြစ်၍ လုံးဝအမှုမမြောက်သည့်အမှုကို သိပါလျက် ရဲကို လာဘ်ထိုးပြီး နေ့ချင်း ဖမ်းစေလိုသဖြင့် မဟုတ်မမှန်၊ ကလိမ်ကကျစ်ဖြင့် အမှုဖွင့်ခဲ့ကြရာ ထိုအမှုကို ဥပဒေအကြံပေး နေပြည်တော်အထိ တင်ခဲ့ရပါသည်။ အမှုမမြောက်သော်လည်း ဖြေရှင်းခဲ့ရပြန်ပါသည်။ ဆရာတော်များက ဝင်ရောက်ကူညီစောင့်ရှောက်၍ အဖမ်းမခံရဘဲ လွတ်မြောက်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုအတွက် လာဘ်စားခဲ့သည့် စမ်းချောင်းမြို့နယ်တာဝန်ရှိ ခရိုင်မှူးလည်း ရခိုင်ပြည်နယ်သို့ နယ်ပြောင်းခဲ့ရပါသည်။ ထိုအမှုကတော့ အစကတည်းက မမြောက်သည့်အမှုကို ထိုရှေ့နေများက လုပ်ကြံဖွင့်သည့်အမှုဖြစ်ခြင်းကြောင့် အခု ကျွန်မကြားသိရတာကတော့ အမှုလုံး၀မမြောက်ကြောင်း၊ အခြေအနေကောင်းကြောင်း ကြားသိရပါသည်။

ရှေ့နေတစ်ယောက်ကတော့ ဒေါ်အေးအေးမြိုင်(စဉ်-၂၀၀၈)၊ မန္တလေးသူတစ်ယောက်ပါ။ သူကတော့ အမှုဖိုးသိန်း(၈၀)ထဲမှ တစ်၀က်သိန်း(၄၀)ကို ရယူပြီးနောက် နှစ်ဖက်ချွန်လုပ်ကာ အမှုသည်ကျွန်မကို ပညာသားပါပါ ပညာစုံပြသူ ဖြစ်ပါသည်။ ကျွန်မ ကောင်းကောင်းကြီး ဒုက္ခခံခဲ့ရပြန်ပါသည်။

ရှေ့နေခတစ်၀က်ကို ပြင်ဦးလွင်ခရိုင်ရုံးမှာ ဒေါ်ခင်မာအေးတို့ မကြီး ၉၃/၁၄ "ဟန်ဆောင်စာချုပ်"ဟု မစွဲခင်ကတည်းက မကြီး ၉၈/၁၄ ကို "ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လက်ဦးမှုရအောင် အကျိုးဆောင်ခတစ်၀က်ကို (၁)လစောအရင်ပေးပြီး တရားစွဲခိုင်းသော်လည်း လက်ဦးမှုမရ၊ လက်နှေးမှုသာ ရရှိပြီး ကျွန်မ အလွန်နစ်နာစေခဲ့သောအကြောင်းတစ်ခု ဖြစ်ခဲ့ရပါသည်။

နောက်ထပ် တရားမမှု အပြန်အလှန် ခရိုင်ရုံးမှာပါ ရှိနေသော်လည်း ဒေါ်ခင်မာအေးက ရာဇ၀တ်မှု ၄၅၃ ဖြင့် သားအမိ(၃)ယောက်စလုံး အစွဲခံရသည့်အမှုတွင် ဒေါ်အေးအေးမြိုင်(ရှေ့နေ)က အမှုပွဲစား လုပ်ခဲ့ပြန်ပါသည်။ ဥပဒေအရာရှိကို ပိုင်ကြောင်း၊ အမှုမမြောက်အောင် ဦးရဲအောင်မြင့်၏သား ဗညားရဲအောင်မြင့်နှင့် ချိတ်ပေးပြီး သိန်း(၁၂၀)ပေးခိုင်းသည်။ ထိုအမှုမြောက်သွားလျှင် တရားမမှုရှုံးမည်ဟုလည်း ခြိမ်းခြောက်ခဲ့ပါသည်။ ဘုန်းကြီးတွေကို

www.burmeseclassic.com

www.burmeseclassic.com



မလျှောက်ထားရန်လည်း နှုတ်ပိတ်ခဲ့ပါသည်။

ပြင်ဦးလွင်ခရိုင်တရားသူကြီးဒေါ်သဇင်ရွှေက မကြီး ၉၃/ ၁၄ အမှုကို ပဏာမငြင်းချက်ထုတ်ပြီး ကြားဖြတ်အမိန့်ချရာ တစ်ဖက်သတ်အမိန့် ချမှတ်ခဲ့ပါသည်။

ကျွန်မ၏ရှေ့နေကလည်း ဖုန်းဆက်လျှင် ဖုန်းမကိုင်ပါ။ ရုံးချိန်းမလာပါ။ တိုင်းရုံးတွင် ဒေါ်ခင်မာအေးတို့၏ သတင်းစာကြော်ငြာမှုနှင့်ပတ်သက်၍ "တရားရုံးမထီမဲ့မြင်မှု"စွဲရန် ငွေကျပ်(၅)သိန်း ထပ်ပေးခဲ့ရသည်။ ကျွန်မနှင့်အမှုဖြစ်နေသူ တစ်ဖက်ဒေါ်ခင်မာအေး၏ အကျိုးဆောင်အဖြစ် ရှေ့နေလိုက်သူမှာ ကျွန်မ၏အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့သူ ဒေါ်ဘေဘီထွန်း(စဥ်-၅၀၄၉)ဖြစ်ကြောင်းကို ဒေါ်အေးအေးမြိုင်က သိပါလျက်နှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါ။ ထို့အတွက် မထွေ ၅/၂၀၁၅ တွင် ကျွန်မတို့ရှုံးခဲ့ရပြန်သည်။

အမိန့်မချခင် (၃)ရက်အလိုတွင် ဒေါ်အေးအေးမြိုင်က "ပိုက်ဆံလိုက်အုံးမလား"မေးရာ ကျွန်မက "ဆရာမ အဲသလို လိုလို့လား၊ ဒီအမှုက သူတို့သတင်းစာကြော်ငြာကြီးက သိသာနေတာပဲ" ဟု ပြောရာ "မလိုက်နဲ့တော့"ဟု ပြောခဲ့ပါသည်။ ပိုက်ဆံမလိုက်နိုင်၍ ထိုအမှုရှုံးခဲ့ရပါသည်။

ကျွန်မ အခု တင်ပြဖတ်ကြားခဲ့သည်များမှာ အားလုံး အမှန်တွေချည်းပါပဲ။ ကျွန်မကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည့် ဥပဒေကိုသိ၍ ဥပဒေကို လက်တစ်လုံးခြား နှစ်ဖက်ချွန်လုပ်ကာ ရှေ့နေကျင့်ဝတ်သိက္ခာကို မစောင့်ထိန်း၍ ကိုယ့်ရှေ့နေက သူ့သက်သေလိုက် အကျိုးဆောင်လုပ် ငွေမျက်နှာသာကြည့်ပြီး တစ်ဖက်သားကို ကိုချင်းစာနာမှုကင်းသည့် ရှေ့နေတွေ၊ ရဲတွေ၊ တရားသူကြီးတွေကြောင့် ကျွန်မအမှုမှာ အချိန်ကာလ မကြာသင့်ဘဲ ကြာ၊ ငွေမကုန်သင့်ဘဲ ကုန်ရ၍ စိတ်ဆင်းရဲ ဒုက္ခရောက်နေရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်နှင့်ရန်ကုန် တစ်လတစ်လ အနည်းဆုံး ၂ ကြိမ် သွားပြီး အမှုရင်ဆိုင်နေရသဖြင့် လူလည်း အလွန်ပင်ပန်းလှပါသည်။ အမှန်တကယ် ကျွန်မအမှုကို သေချာစစ်လျှင် ၃ လတောင် မကြာလောက်ပါဘူး။ သို့သော် ၁ နှစ်၊ ၆ လလောက်အထိ ရှိပါသော်လည်း ယခုအချိန်အထိ အမှုစစ်ဆေးသည့် အနေအထားကို မရောက်သေးပါဘူး။

တရားလွှတ်တော်ရှေ့နေတွေဖြစ်ပြီး ရှေ့နေတစ်ယောက်၏ ကျင့်ဝတ်သိက္ခာ မစောင့်ထိန်းဘဲ ဖောက်ဖျက်ပြီး အမှုတွေပွားအောင် ပြုလုပ်နေကြသော ဒေါ်ခင်မာအေး(စဥ-၆၄၅၈)၊ ဒေါ်ဘေဘီထွန်း(စဥ-၅၀၄၉)၊ ဒေါ်အေးအေးမြိုင်(စဥ-၇၆၀၅)တို့ကို အရေးယူပေးပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်(နေပြည်တော်)၊ ပြည်ထောင်စုရှေ့နေချုပ်(နေပြည်တော်) ရှေ့နေရှေ့ရပ်ဌာနတို့ကို ခဏခဏ တိုင်ကြားခဲ့ဖူးပါသည်။

အရေးယူဆောင်ရွက်ပေးခြင်းမရှိသေးပါ၍ ယခု မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသူများအတွက် စာတမ်းဖတ်ပွဲအခမ်းအနားတွင် လာရောက်ဖတ်ကြားတင်ပြရခြင်းဖြစ်ပါသည်။

မှန်ကန်သူများဖြစ်ပါလျက် နစ်နာနေရသူများအတွက် စာတမ်းဖတ်ပွဲကို ၂ လ၊ ၁ ကြိမ် ပုံမှန်စီစဉ်ဆောင်ရွက်ပေးပါသော "မကွေးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော် ဦးပါမောက္ခ" နှင့် ကော်မတီကိုလည်း အထူးပင် ကျေးဇူးတင်ပါသည်။

တင်ပြဖတ်ကြားသူ

မနှင်းကေသီဦး

၁၂/ဒဂရ(နိုင်)၀၁၃၃၁၄

အမှတ် ၈၁၂၊ ပိတောက်မြိုင်လမ်း၊ ၇ ရပ်ကွက်၊

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



## (အထူးအမှုအခင်း)
## ဦးစိုးသိန်းကို မတရားဖမ်းဆီးချုပ်နှောင်စေမှု

သို့

(၁) နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ် (၃၈)၊ နေပြည်တော်

သို့

(၂) ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၅)၊ နေပြည်တော်

သို့

(၃) ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်

သို့

(၄) တပ်ဖွဲ့မှူး၊ မှုခင်းစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့ (စီအိုင်ဒီ)ရုံး၊ နေပြည်တော်

သို့

(၅) ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၆) နိုင်ငံတော်ရှေ့နေချုပ်၊ နိုင်ငံတော်ရှေ့နေချုပ်ရုံး၊ ရုံးအမှတ် (၈)၊ နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



သို့

(၇) ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၈) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၉) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၀) ခရိုင်တရားသူကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၁) ခရိုင်ဥပဒေအရာရှိ၊ ရန်ကုန်မြောက်ပိုင်းခရိုင်ဥပဒေရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၂) ခရိုင်ရဲတပ်ဖွဲ့မှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၃) မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



သို့

(၁၄) မြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၅) မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၆) မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အင်းစိန်မြို့မရဲတပ်ဖွဲ့စခန်း၊ ရွာမဘူတာအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၇) ဌာနမှူး၊ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၈) ဌာနမှူး၊ စစ်ဆေးရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၁၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ စော်ဘွားကြီးကုန်းအဝေးပြေးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၂၀) တာဝန်ခံအရာရှိ၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သို့

(၂၁) ဦးပါမောက္ခ၊ မကွေးကျောင်းဆရာတော်ဘုရားကြီး၊ (ဦးဆောင်ဆရာတော်)၊ နစ်နာရမှုများရှင်းလင်းတင်ပြရေးကော်မတီ၊ မကွေးပရိယတ္တိစာသင်တိုက်၊ အမှတ် ၁ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရက်စွဲ၊ ၂၃-၁၁-၂၀၁၅၊ တနင်္လာနေ့

ရည်ညွှန်းစာ။ ။ရက်စွဲမပါဘဲ ပေးပို့ထားသော "အင်းစိန်မြို့မရဲစခန်း (ပ) နံပတ် - ၁၁၀၉/၁၅၊ တရားလို ဦးအောင်မြင့်နှင့် တရားခံဦးလှမြင့်-ပါ(၄)ဦးတို့၏ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၂၀/၄၆၈ အရ "တရားခံများကို မတရား ဖမ်းဆီးချုပ်နှောင်ထားသည်" ဟုဆိုကာ FACE BOOK ပေါ်တွင် တက်လာသည့်ကိစ္စကြီးအား ရှင်းလင်းတင်ပြချက်" စာတမ်းနှင့် ပူးတွဲတင်ပြချက် စာရွက်စာတမ်းများ၊ ဓာတ်ပုံများအတွက် ရည်ညွှန်းပါသည်။

အကြောင်းအရာ။ ။ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ နီလာ(၆) လမ်း၊ အဆောင်နံပတ် (၇၄/ခ)၊ အခန်း(၁) ပွဲရုံဆိုင်ခန်းကို အကြောင်းပြု၍ (ပ)နံပတ်-၁၁၀၉/၁၅၊ ၄၂၀/၄၆၈ အရ အမှုအခင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာရာ-

စွပ်စွဲသူများ၏ မမှန်မကန် လုပ်ဆောင်ထား မှုများကို ရှင်းလင်းတင်ပြခြင်းနှင့်

စွပ်စွဲခံရသူများ၏ နစ်နာဆုံးရှုံးရမှုများကို ရှင်းလင်းတင်ပြခြင်း

အပိုင်း(၁) ဦးအောင်မြင့်၏ ရှင်းလင်းတင်ပြချက်စာတမ်းကို တုံ့ပြန် ဖြေရှင်းခြင်း၊

အပိုင်း(၂) အမှုအခင်းဖြစ်စဉ်များကို အမှန်အတိုင်း အပြည့်အစုံ ရှင်း လင်းတင်ပြခြင်း၊

အပိုင်း(၃) သက်သေခံအဖြစ် ပူးတွဲတင်ပြထားသည့် အမှုအခင်းဆိုင် ရာ စာရွက်စာတမ်းများကို အစီအစဉ်တကျ စီစဉ်တွဲစပ်၍ မှတ်တမ်းပြု တင်ပြခြင်း၊

## အပိုင်း(၁)
## ရည်ညွှန်းပါစာထဲမှ
## အကြောင်းအရာများ၊ စကားလုံးများကို
## တိုက်ရိုက်တုံ့ပြန်ဖြေရှင်းခြင်း

### "စာချုပ်အတုအပများ" ဆိုသည့်စကားလုံးကို
### တုံ့ပြန်ဖြေရှင်းခြင်း

ရက်စွဲမပါဘဲ ပေးပို့ထားသော "အင်းစိန်မြို့မရဲစခန်း (ပ) နံပတ် - ၁၁၀၉/၁၅၊ တရားလို ဦးအောင်မြင့် နှင့် တရားခံဦးလှမြင့်- ပါ(၄)ဦးတို့၏ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၂၀/၄၆၈ အရ "တရား ခံများကို မတရား ဖမ်းဆီးချုပ်နှောင်ထားသည်" ဟုဆိုကာ FACEBOOK ပေါ်တွင် တက်လာသည့်ကိစ္စကြီးအား ရှင်းလင်း တင်ပြချက်" စာတမ်းထဲမှ "ဖြစ်စဉ်အကျဉ်း" ခေါင်းစဉ်ပါ "စာချုပ်

www.burmeseclassic.com

www.burmeseclassic.com


အတုအပများ”ဆိုသည့်စကားလုံးကို တုံ့ပြန် ဖြေရှင်းလိုပါသည်။

တရားလိုဦးအောင်မြင့်က “စာချုပ်အတုအပများ”ဆိုသည့် စကားလုံးဖြင့် (၁၈-၁၁-၂၀၀၉)ရက်စွဲပါ ဦးအောင်မြင့်မှ ကျွန်တော် ဦးစိုးသိန်းကို (၇၄/ခ၊ ၁) ဆိုင်ခန်း ရောင်းထားသည့် အရောင်းအဝယ်ကတိစာချုပ်ကို စာချုပ်အတုအပများဟု ဆိုလိုခြင်းဖြစ်ကြောင်း သိရပါသည်။ ပူးတွဲသက်သေခံ (၂/၈၊ ၂/၅)ကို ရည်ညွှန်းသည်။

အမှန်မှာ ဖော်ပြပါစာချုပ်သည် အမှန်တကယ် အရောင်းအဝယ် အကျိုးသက်ရောက်မှုရှိသော စာချုပ်ဖြစ်၍ “အစစ်အမှန်စာချုပ်” ဖြစ်ပါသည်။ ဦးအောင်မြင့်၏ဖော်ပြချက်အတိုင်း အတုအပစာချုပ်မဟုတ်ပါ။

အမှန်တကယ် အရောင်းအဝယ် အကျိုးသက်ရောက်မှုရှိပုံကို “၅။ အမှုအခင်းဖြစ်ပွားခြင်းဆိုင်ရာ ဖြစ်စဉ်များကို မှန်ကန်စွာ ရှင်းလင်းတင်ပြခြင်း”ခေါင်းစဉ်တွင် အကျယ်တဝင့် ရှင်းလင်းတင်ပြထားပါသည်။ ဥပဒေနှင့်ညီသောပုံစံအရ အရောင်းအဝယ် အကျိုးသက်ရောက်ပြီးဖြစ်ကြောင်း ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။

အရောင်းအဝယ် အကျိုးသက်ရောက်ပြီးပုံမှာ ကျွန်တော်ဦးစိုးသိန်းမှ ငွေကျပ်သိန်းတစ်ရာ့ငါးဆယ် (=၁၅၀)ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးတို့က ငွေကျပ် သိန်းတစ်ရာ့ငါးဆယ် (=၁၅၀)ကို လက်ခံရယူခဲ့ပြီးဖြစ်ပါသည်။ ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးတို့မှ (၇၄/ခ၊ ၁) ဆိုင်ခန်းသော့၊ ဆိုင်ခန်းဆိုင်ရာခံစားခွင့်အရပ်ရပ်၊ ဆိုင်ခန်းဆိုင်ရာစာရွက်စာတမ်းများကိုပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်ဦးစိုးသိန်းက (၇၄/ခ၊ ၁) ဆိုင်ခန်းသော့၊ ဆိုင်ခန်းဆိုင်ရာခံစားခွင့်အရပ်ရပ်၊ ဆိုင်ခန်းဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com


စာရွက်စာတမ်းများကို လက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။

တရားလိုဦးအောင်မြင့်တို့နှင့် ကျွန်တော်ဦးစိုးသိန်းတို့ စတင်သိရှိခဲ့ကြသည်မှာ နှစ်ပေါင်း (၂၀)ကျော်ရှိခဲ့ပြီးဖြစ်ပါသည်။ ဦးစံရွှေမြင့်ထံမှ ဖော်ပြပါဆိုင်ခန်းများကို ဦးအောင်မြင့် မဝယ်ရသေးခင်ကတည်းက စော်ဘွား ကြီးကုန်းကုန်ဆိုင်ဝင်း တစ်ဝင်းတည်းတွင် လုပ်ငန်းတူများအဖြစ် လုပ်ကိုင်နေသူများ ဖြစ်ပါသည်။

ဦးအောင်မြင့် အကျဉ်းကျနေ၍ ငွေကြေးလိုအပ်ချက်အရ ဖော်ပြပါဆိုင်ခန်းတစ်ခန်း ရောင်းလိုကြောင်း ကျွန်တော်ဦးစိုးသိန်းထံ ထုတ်ဖော်ပြောဆိုသူများမှာ ဂျိန်းပီတာ(ခ)ကိုပီတာ၊ ဦးလှမြင့်(ခ)ကရင်နှင့် မူဆာ-စုစုပေါင်း(၃)ဦးတို့က ထုတ်ဖော်ပြောဆိုခဲ့ကြခြင်းဖြစ်ပါသည်။ သာမန်အားဖြင့် လူငန်းတူလည်းဖြစ်၊ ပြောဆိုနှုတ်ဆက်ခြင်းလည်း ရှိခဲ့ပါသည်။

အထူးပြုတင်ပြချက်

အထူးပြုတင်ပြလိုသည့်အချက်များမှာ "ငွေချေပေးစဉ် <u>ဦးအောင်မြင့်၏ဇနီး ဒေါ်ရီရီမာကိုယ်တိုင်နှင့် သားဖြစ်သူအောင်မင်းဦးကိုယ်တိုင်</u> အခန်းတွင်းရှိ သူတို့ပစ္စည်းများကို ထုတ်ယူခြင်း၊ အခန်းကို သန့်ရှင်းရေးလုပ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပြီးမှ ဆိုင်ခန်းသော့ကို ကျွန်တော်ဦးစိုးသိန်းထံ ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

ဦးလှမြင့်(ခ)ကရင်ကို ဖမ်းဆီးရမိသည့် ၂၉-၁၀-၂၀၁၅-ည၊ သန်းခေါင်းအချိန်တွင် ရဲစခန်းအမှုကိုင် ဒုရဲအုပ်လှအောင်ရှေ့မှောက်ထွက်ဆိုချက်၌ "(၇၄/ခ၊ ၁) ဆိုင်ခန်းမှာ မိသားစုပိုင်ဆိုင်ခန်းဖြစ်ကြောင်း၊ ၎င်းတို့မှာ မှတ်ပုံတင်မရှိကြောင်း၊ အစ်ကိုကြီး(ဦးအောင်မြင့်)မှာသာ မှတ်ပုံတင်ရှိသဖြင့် အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြီး(ဦးအောင်မြင့်)အမည်ဖြင့် ထားရှိရခြင်းဖြစ်ကြောင်း" ထွက်ဆိုထားပြီးဖြစ်ပါသည်။

(ဦးအောင်မြင့်၏မိဘများကလည်း မိသားစုပိုင်ဆိုင်ခန်းဖြစ်ကြောင်း ထွက်ဆိုထားသည်ကို လေ့လာတွေ့ရှိရပါသည်။)

အထူးစုံစမ်းသိရှိရချက်များ

စုံစမ်းသိရှိရသည့်အချက်မှာ ဦးအောင်မြင့်တို့မိသားစုတွင် မိဘနှစ်ဦးနှင့် သားသမီးဖြစ်သူ ညီအစ်ကို မောင်နှမကိုးဦးရှိကြောင်း၊ အမေဖြစ်သူ၊ သားကြီးဦးအောင်မြင့်၊ သားဦးလှမြင့်(ခ)ကရင်၊ သမီးစန်းစန်းဌေး-ဆိုသည့် (၄)ဦးသာ မှတ်ပုံတင်ရှိသူဖြစ်ကြောင်း၊

ဦးအောင်မြင့်၏ အဖေဖြစ်သူ ဦးစောမောင် (ယခုသက်ရှိထင်ရှားရှိသူ)မှာ မှတ်ပုံတင်မရှိကြောင်း၊ ကျန်သားသမီးဖြစ်သူ (၆) ဦးတို့မှာလည်း မှတ်ပုံတင်မရှိကြောင်း လေ့လာသိရှိရပါသည်။

ထိုသို့လေ့လာသိရှိရချက်များအရ ဦးစောမောင်-ဦးအောင်မြင့်-မိသားစုတွင် ဘိုးဘွားဘီဘင် မိသားစုဆင်းသက်ပုံ လဝကဇယားမှတ်တမ်းမရှိကြောင်း၊ ထိုသို့မရှိသူများ ဖြစ်ပါလျက် သားသမီး(၃)ဦးတို့မှာ မှတ်ပုံတင်ရှိနေကြောင်း၊ မှန်ကန်သောနည်းဖြင့် ရရှိပိုင်ဆိုင်ခွင့်မရှိဘဲ မမှန် မကန်သောနည်းဖြင့် ရရှိပိုင်ဆိုင်ထားသဖြင့် ကိုင်ဆောင်ခွင့်ရရှိနေခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်တို့ကို အထူးပြုတင်ပြပေးလိုက်ပါသည်။

သက်ဆိုင်ရာ လဝကဌာနများက စိစဉ်ညွှန်ကြားချက်ဖြင့် သက်ဆိုင်ရာလဝကဌာနနှင့် ပြည်ထဲရေးဌာနမှ တာဝန်ရှိသူများက သတိထားစစ်ဆေးပြီး ဖော်ထုတ်ရှင်းလင်းပေးရမည့် အခြေအနေဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာချုပ်အပိုဒ်(၃)ပါ ဝန်ခံကတိပြုချက်

စာချုပ်ပါအပိုဒ်(၃)အရ "နောက်နောင်အရှုပ်အရှင်း ပေါ်ပေါက်လာပါက ဝယ်ယူသူတွင် နစ်နာဆုံးရှုံးမှု မရှိစေဘဲ၊ မိမိတို့စရိတ်ဖြင့် ပြေလည်ကင်းရှင်းသည့်အထိ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ရောင်းသူက ဝန်ခံကတိပြုပါသည်။" ဆိုသည့် တာဝန်ယူကတိပြုချက်အရ (၇၄/ခ၊ ၁) ဆိုင်ခန်း ရောင်းသူ၊ ရောင်းရငွေလက်ခံရယူသူများဖြစ်သည့် ဦးလှမြင့် (ခ) ကရင်၊ ၎င်း၏ညီဖြစ်သူ-မူဆာ၊ ဦးအောင်မြင့်၏ဇနီးဖြစ်သူ ဒေါ်ရီရီမာ၊ ဦးအောင်မြင့်+ဒေါ်ရီရီမာတို့၏သားဖြစ်သူ အောင်မင်းဦး၊ စုစုပေါင်း(၄)ဦးတို့မှာသာ တာဝန်ရှိပါသည်။

၎င်းတို့(၄)ဦးက ပြေလည်ကင်းရှင်းသည့်အထိ ၎င်းတို့စရိတ်ဖြင့် တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်ပါသည်။ (၇၄/ ခ၊ ၁) ဆိုင်ခန်း ဝယ်ယူသူ၊ ငွေပေးချေရသူဖြစ်သည့် ကျွန်တော်ဦးစိုးသိန်းက တာဝန်ယူဖြေရှင်းပေးရန် တာဝန်မရှိပါ။

## ခြုံငုံသုံးသပ်တင်ပြချက်

ခြုံငုံသုံးသပ်တင်ပြရလျှင် (၇၄/ခ၊ ၁) ဆိုင်ခန်းဝယ်ယူသူ ဖြစ်သည့် ကျွန်တော်ဦးစိုးသိန်းအပေါ် ဖော်ပြပါ အရောင်းအဝယ် ကတိစာချုပ်နှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ အရ တရားစွဲဆိုမှုပြုထားခြင်းသည် မှားယွင်းစွာ လုပ်ဆောင်မှု ဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ တို့ဖြင့် အရေးယူ-ဖမ်းဆီးချုပ်နှောင်မှုပြုထားခြင်းနှင့် *"၄၂၀ အရ ထောင်ဒဏ် ၇ နှစ်၊ ၄၆၈ အရ ထောင်ဒဏ် ၇ နှစ် ပြဋ္ဌာန်းချက်"* အခြောက် ထောင်ချမှုပြုလုပ်ရန် တရားစွဲမှုပြုထားခြင်းတို့သည် မှားယွင်းစွာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်မှု ဖြစ်ပါသည်။

ဤသို့မှားယွင်းစွာမလုပ်ဆောင်မီကတည်းက ဦးအောင်မြင့် (ထောင်ထွက်)က ကျွန်တော်ဦးစိုးသိန်းကို "အခန်းကို ပြန်အပ်ရင်အပ်၊ မအပ်ရင် အာမခံမရတဲ့ပုဒ်မ ၄၂၀/၄၆၈-နဲ့ ထောင်ချမယ်"ဟု အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့ဖူးပါသည်။ ယခုအခါတွင် ထိုသို့အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့သည့်အတိုင်း အကောင်အထည် ဖော်ဆောင်လာသည်ကို တွေ့ရှိရခြင်းဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ပြဌာန်းချက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ တွင် "ပစ္စည်းကို ပေးအပ်စေရန် လိမ်လည်၍ မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင်ခြင်း၊

မည်သူမဆို လှည့်ဖျားခြင်းခံရသောသူအား တစ်ခုခုသော ပစ္စည်းကို သူတစ်ဦးတစ်ယောက်သို့ ပေးအပ်စေရန်သော်လည်းကောင်း၊ အဖိုးတန်စာတမ်းအမှတ်အသားအားလုံးကို သို့တည်းမဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လက်မှတ်ရေးထိုးခြင်းသော်လည်းကောင်း၊ တံဆိပ်ခတ်နှိပ်ခြင်းသော်လည်းကောင်း ရှိသည်လည်းဖြစ်၍ အဖိုးတန်စာတမ်းအမှတ်အသားအဖြစ်သို့ ပြောင်းလွဲနိုင်သည်လည်းဖြစ်သော အရာအားလုံးကို သို့တည်းမဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြုစေရန် သို့တည်းမဟုတ် ပြင်ဆင်စေရန် သို့တည်းမဟုတ် ဖျက်ဆီးစေရန်သော်လည်းကောင်း ထိုလှည့်ဖျားခြင်းခံရသူအား လိမ်လည်၍ မရိုးမဖြောင့်သောသဘောနှင့် သွေးဆောင်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"ဟု အတိအလင်း ရေး ပြဌာန်းထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဦးစိုးသိန်းသည် ဖော်ပြပါအရောင်းအဝယ် စာချုပ်နှင့်ပတ်သက်၍ “မရိုးမဖြောင့်သောသဘောနှင့်သွေးဆောင်ခြင်းမရှိသူဖြစ်ကြောင်း” တာဝန်ယူပါသည်။ ငွေကျပ်သိန်းတစ်ရာငါးဆယ် (=၁၅၀)ကို ပေးချေထားပြီးဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ပါ ပြစ်မှု (=လိမ်လည်မှု၊ မရိုးမဖြောင့်သောသဘောနှင့်သွေးဆောင်မှု)ကို မကျူးလွန်သူဖြစ်ပါသည်။

ဤကဲ့သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ကို မကျူးလွန်သူ ကျွန်တော်ဦးစိုးသိန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ တပ်၍ “ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်ရှိခြင်း၊ အာမခံပေးနိုင်ခြင်း၊ ကျေအေးခွင့်မရှိခြင်း၊ ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်ခြင်း”တို့ကို လုပ်ဆောင်လျှင် လုပ်ဆောင်သူများ၏ ထိုလုပ်ဆောင်မှုသည် မှန်ကန်ခြင်းလုံးဝမရှိပါ။ မမှန်မကန် လုပ်ဆောင်သူများဟု ဆိုရာတွင် ဦးအောင်မြင့်၏ သွေးဆောင်ဖိအားပေးခြင်း၊ ဒုရဲအုပ်အမှုကိုင်လှအောင်၏ ဖမ်းဆီးအချုပ်ချခြင်းတို့အရ ဦးအောင်မြင့်နှင့် ဒုရဲအုပ်အမှုကိုင်လှအောင်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

လုပ်ဆောင်ခံရသူကျွန်တော်ဦးစိုးသိန်းမှာ လူမှုရေးအရ ဂုဏ်သိက္ခာကျစေခြင်း၊ ဘဝပျက်ရခြင်း၊ ကျွန်တော့်မိသားစုဘဝပျက်ရခြင်း၊ စီးပွားပျက်ရခြင်း၊ လုပ်ငန်းပျက်ရခြင်းတို့ကို မလွဲမသွေ ရရှိခံစားရမည်ဖြစ်၍ နစ်နာဆုံးရှုံးရမှုများမှာ ပြင်ဆင်လို့မရနိုင်အောင် အလွန့်အလွန် ကြီးကျယ်နက်ရှိုင်းမည်ဖြစ်ပါသည်။

### ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ ပြဋ္ဌာန်းချက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ တွင် “လိမ်လည်ရန် အလို့ငှာ လိမ်လည်အတုပြုခြင်း၊

မည်သူမဆို လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုထား

www.burmeseclassic.com

www.burmeseclassic.com


သော စာတမ်းအမှတ်အသားကို သုံးစွဲစေရန်အကြံဖြင့် လိမ်လည်အတုပြုမှုကို ကျူးလွန်လျှင် ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။”ဟု အထင်အရှား ပြဋ္ဌာန်းထားပါသည်။

ကျွန်တော်ဦးစိုးသိန်းသည် လိမ်လည်ရန်အလို့ငှာ လိမ်လည်အတုပြုမှုကို ကျူးလွန်သူမဟုတ်ကြောင်း တာဝန်ယူပါသည်။ ကျွန်တော်ဦးစိုးသိန်း ဝယ်ယူရရှိခဲ့သည့် (၇၄/ခ၊ ၁) ဆိုင်ခန်းကို ရရှိလိုခြင်းသာဖြစ်ပါသည်။ ကျွန်တော့်ဆိုင်ခန်းကို ကျွန်တော်ရရှိလိုခြင်းသည် မည်သည့်ပြစ်မှုဥပဒေပုဒ်မကိုမျှ ကျူးလွန်းခြင်းမဖြစ်ပါ။ ကျွန်တော်ဦးစိုးသိန်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၈ ပါ ပြစ်မှု (=လိမ်လည်အတုပြုမှု)ကို မကျူးလွန်သူဖြစ်ပါသည်။

ဤကဲ့သို့ ၄၆၈ ကို မကျူးလွန်သူကျွန်တော်ဦးစိုးသိန်းအပေါ် ၄၆၈ ပုဒ်မတပ်၍ “ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိခြင်း၊ အာမခံမပေးနိုင်ခြင်း၊ ကျေးအေးခွင့်မရှိခြင်း၊ ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်ခြင်း”တို့ကို လုပ်ဆောင်လျှင် လုပ်ဆောင်သူများ၏ ထိုလုပ်ဆောင်မှုသည် မှန်ကန်ခြင်းလုံးဝမရှိပါ။ မမှန်မကန် လုပ်ဆောင်သူများဟုဆိုရာတွင် ဦးအောင်မြင့်၏ သွေးဆောင်ဖိအားပေးခြင်း၊ ဒုရဲအုပ်အမှုကိုင်လှအောင်၏ ဖမ်းဆီးအချုပ်ချခြင်းတို့အရ ဦးအောင်မြင့်နှင့် ဒုရဲအုပ်အမှုကိုင်လှအောင်တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

လုပ်ဆောင်ခံရသူကျွန်တော်ဦးစိုးသိန်းမှာ လူမှုရေးအရ ဂုဏ်သိက္ခာကျစေခြင်း၊ ဘဝပျက်ရခြင်း၊ ကျွန် တော့် မိသားစုဘဝပျက်ရခြင်း၊ စီးပွားပျက်ရခြင်း၊ လုပ်ငန်းပျက်ရခြင်းတို့ကို မလွဲသေချာ ရရှိခံစားရမည်ဖြစ်၍ နစ်နာဆုံးရှုံးရမှုများမှာ ပြင်ဆင်၍မရနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် အလွှန့်အလွန် ကြီးကျယ်နက်ရှိုင်းမည်ဖြစ်ပါသည်။

အရေးကြီးသည့် အနှစ်ချုပ် အကြောင်းအချက်များ

၁။ ပစ္စည်းကို ပေးအပ်စေရန် လိမ်လည်၍ မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်မှုကို မကျူးလွန်ခြင်း၊

၂။ လိမ်လည်ရန် အလို့ငှာ လိမ်လည်အတုပြုမှုကို မကျူးလွန်ခြင်း၊

၃။ ဦးအောင်မြင့်က အကျဉ်းကျမည့်အရေးကြောင့် ညီအရင်းဖြစ်သူ ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးတို့အား ဆိုက်ခန်းများပေးအပ်ခဲ့ကြောင်း မျက်မြင်သက်သေခံသူ ဦးတင်ငွေတို့ရှိခြင်း၊

၄။ ဦးအောင်မြင့်မိသားစုအကျိုးငှာ ဦးလှမြင့်(ခ)ကရင်မှာ စီစဉ်ပိုင်ခွင့်ရှိခြင်း၊

၅။ ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးတို့က ငွေလိုသဖြင့် ရောင်းလိုကြောင်း၊ ပေါင်လိုကြောင်း ပြောဆိုကမ်းလှမ်းလာခြင်း၊

၆။ ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်(=၁၅၀)ကို လက်ခံရယူသူများတွင် ဦးအောင်မြင့်၏ဇနီးဖြစ်သူ ဒေါ်ရီရီမာကိုယ်တိုင် ပါဝင်ခြင်း၊ ဆိုင်ခန်းကို ဒေါ်ရီရီမာကိုယ်တိုင် သန့်ရှင်းရေးလုပ်ပေးပြီးမှ သော့အပ်ခြင်းတို့ကို-

ထောက်ထားသုံးသပ်ကြည့်ပါက ကျွန်တော်ဦးစိုးသိန်းအနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈-တို့ကို ကျူးလွန်မှုမရှိကြောင်း တွေ့ရှိရမည်မှာအမှန်ပင် ဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ် စာချုပ်များမှာ အစစ်အမှန်စာချုပ်များဖြစ်ကြောင်း တွေ့ရှိရမည်မှာအမှန်ပင် ဖြစ်ပါသည်။

အခွန်အရပ်ရပ်ပေးဆောင်ခြင်းကိစ္စကို တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာတမ်းထဲမှ "အခွန်လခပေးသွင်းခြင်း

www.burmeseclassic.com



ပြေစာများ၊ မိတ္တာအခွန်ပြေစာများ၊ မိဘ မေတ္တာဆိုင်းဘုတ်အခွန် ပြေစာများ၊ နေရောင်ကာဆန်းရှိတ်အခွန်ပြေစာများကို အမှုကိုင်ဒုရဲ အုပ်ဦးလှအောင်ထံ ပေးအပ်ခဲ့ပါသည်”ဆို သည့်စကားလုံးကို တုံ့ပြန် ဖြေရှင်းလိုပါသည်။

ဦးအောင်မြင့် ဖော်ပြထားသည့် ဖော်ပြပါစကားစုသည် မှား ယွင်းသောစကားစု ဖြစ်ပါသည်။ “၄။ အခွန်အရပ်ရပ်ပေးဆောင် ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း”ခေါင်းစဉ်တွင် အကျယ်တဝင့် ရှင်းလင်းတင်ပြထားပါသည်။

ကျွန်တော်ဦးစိုးသိန်းလက်ဝယ်တွင် “၂၀၁၁ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၈)ရွက်၊ ငွေရပြေစာဖြတ်ပိုင်း (၉) ရွက်၊ ၂၀၁၂ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၁၁)ရွက်၊ ၂၀၁၃ ခုနှစ်၊ ငွေရပြေစာဖြတ် ပိုင်း (၁၂)ရွက်၊ ၂၀၁၄ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၁၂)ရွက်၊ ၂၀၁၅ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၂၁)ရွက်တို့အတွက် ကျွန်တော် ဦးစိုး သိန်း ပေးဆောင်ထား၍ ဖော်ပြပါပြေစာများ နှစ်စဉ်အလိုက် ကျွန် တော်ဦးစိုးသိန်းလက်ဝယ်တွင် ရှိနေပါသည်။ ဦးအောင်မြင့်၏လက် ဝယ်တွင် နှစ်စဉ်အလိုက် ရှိ/မရှိ စစ်ဆေးဖော်ထုတ်ကြည့်လျှင် ပေါ် ပေါက်လာမည်သာ ဖြစ်ပါသည်။

### “မိဘမေတ္တာဆိုင်းဘုတ်ကြီး ထင်ရှားစွာ တွေ့မြင်နေရသည့်အချက်” ဆိုသည့်စကားလုံးကို တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာတမ်းထဲမှ “ဆိုင်ခန်းပေါ်ရှိ မိဘ မေတ္တာဆိုင်းဘုတ်ခတ်ပုံ၊ ဆိုင်ခန်းပေါ်တွင် ယနေ့တိုင် ထားရှိ သော မိဘမေတ္တာဆိုင်းဘုတ်ကြီးမှာ ထင်ရှားစွာ တွေ့မြင်နေ ရသည့်အချက်”ဆိုသည့် စကားလုံးတို့ကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်းဘုတ်ရှိနေခြင်းမှာ ဒေါ်ရီရီမာ သန့်ရှင်းရေးလုပ်စဉ်က ကျန်ရှိနေခြင်းသာဖြစ်ပါသည်။ ကျွန်တော် ဦးစိုးသိန်းအနေဖြင့် ထိုဆိုင်ခန်းကို ဝယ်ယူရရှိပိုင်ဆိုင်ထားပြီးနောက် ကျွန်တော့်လုပ်ငန်းသုံးပစ္စည်းများကို သိုလောင်ထားရှိသည့် ကုန်လှောင်ခန်းအဖြစ်သာ အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ထိုဆိုင်းဘုတ်ရှိနေခြင်း/ ရှိမနေခြင်းကို အရေးကြီးသည့်ကိစ္စဟု သဘောမထားမိသဖြင့် ဒေါ်ရီရီမာတို့ကို ဖြုတ်ယူသိမ်းဆည်းရန် မတိုက်တွန်းမိခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် ထိုဆိုင်းဘုတ်ရှိနေရုံမျှဖြင့် ကျွန်တော်ဦးစိုးသိန်းက တရားဝင်ပိုင်ခွင့်ဆိုင်ရေးမရှိဟု ဆိုနိုင်မည်မဟုတ်ပါ။ အရောင်းအဝယ်ပြုလုပ်မှု၊ အပေါင်အနှံပြုလုပ်မှု တစ်ခုခုဖြင့်သာ တရားဝင်ပိုင်ခွင့်ဆိုင်ရေး ရှိ/မရှိ ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

ဦးအောင်မြင့်သည် အ. ပ. က (၃) ပုဒ်မအရ အများပြည်သူပိုင်ပစ္စည်း အလွဲသုံးစားရောင်းဝယ်ဖောက်ကားမှု-ဖြင့် ထောင်ဒဏ်(၁၀)နှစ် ကျခံနေရသူအဖြစ်မှ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။

၂၀၁၂ ခုနှစ်တုန်းက ဆိုင်ခန်းဈေးများ တက်လာခြင်းမရှိသေးသဖြင့် ဦးအောင်မြင့်က ကျွန်တော်ဦးစိုးသိန်းအပေါ် စွဲဆိုခြင်းစသည်များကို စတင်ပြုလုပ်ခဲ့ခြင်းမရှိခဲ့ပါ။

ယခု ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ဆိုင်ခန်းဈေးများက သိန်းပေါင်း (၁၃၀၀)ကျော်အထိ တက်လာသည့်အတွက် ဦးအောင်မြင့်(ထောင်ထွက်)က လောဘဇောတိုက်ပြီး "ဆိုင်ခန်းပြန်အပ်လျှင် ပြန်အပ်၊ ပြန်မအပ်လျှင် ၄၂၀/၄၆၈-ပုဒ်မတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



အာမခံမရအောင် တရားစွဲ-ထောင်ချပစ်မယ်"စသည်ဖြင့် ခြိမ်းခြောက်လာခြင်းဖြစ်ပါသည်။

ထို့ကြောင့်ပင် ကျွန်တော်ဦးစိုးသိန်းအနေဖြင့် တရားမမှုကြီးအမှတ် (၁၈၀/၂၀၁၅)ကို အမှုဖွင့်ခဲ့ရခြင်း ဖြစ်ပါသည်။

"ဦးစိုးသိန်း(ခ)စိန်ဗေဒါ တရားခံဖြစ်နေသူကို
မတရားအချုပ်ချထားသယောင်နှင့်
ဗမာလူမျိုးတစ်ဦးကို ကုလားလူမျိုးတို့က
လက်ဝါးရိုက်အမှုဆင်ဖမ်းဆီးထားသယောင်"
ဆိုသည့်စကားလုံးတို့နှင့်ပတ်သက်၍ တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာတမ်းထဲမှ "ဦးစိုးသိန်း(ခ)စိန်ဗေဒါ တရားခံဖြစ်နေသူကို မတရားအချုပ်ချထားသယောင်နှင့်"ဆိုသည့် စကားလုံးကို အထက်ဖြေရှင်းချက်ပါ "စာချုပ်အတုအပများ"ဆိုသည့်စကားလုံးကို တုံ့ပြန်ဖြေရှင်းခြင်းခေါင်းစဉ်တွင် အကျယ်တဝင့် တုံ့ပြန်ဖြေရှင်းထားပြီးဖြစ်ပါသည်။

ကျွန်တော်ဦးစိုးသိန်း အချုပ်ချခံနေရခြင်းသည် မတရား အချုပ်ချခံနေရခြင်းအစစ်ဖြစ်နေကြောင်း ထင်ရှားနေပြီးဖြစ်ပါသည်။

"ဗမာလူမျိုးတစ်ဦးကို ကုလားလူမျိုးတို့က လက်ဝါးရိုက် အမှုဆင် ဖမ်းဆီးထားသယောင်"ဆိုသည့်စကားလုံးကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

ကျွန်တော်ဦးစိုးသိန်း (ခ) စိန်ဗေဒါသည် တစ်ဦးတည်းသော ဗမာလူမျိုးအစစ် ဖြစ်ပါသည်။ ဦးအောင်မြင့်၊ ဦးလှမြင့်(ခ) ကရင်၊ မူဆာ၊ ဒေါ်ရီရီမာတို့သည် မှတ်ပုံတင်သက်သေခံကတ်အရ ဘင်္ဂလားဒေ့ရှ်-ဘင်္ဂါလီ+ဗမာဖြစ်ကြောင်း ပေါ်ပေါ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကုလားလူမျိုးတွေ ဖြစ်နေကြပါသည်။

ထို့ကြောင့် FACEBOOK ပေါ်တွင် သုံးနှုန်းတင်ပြထားသည့် "ဦးစိုးသိန်း(ခ)စိန်ပေဒါ တရားခံဖြစ်နေသူကို မတရားအချုပ်ချထားသယောင်နှင့် ဗမာလူမျိုးတစ်ဦးကို ကုလားလူမျိုးတို့က လက်ဝါးရိုက်အမှုဆင် ဖမ်းဆီးထားသယောင်"ဆိုသည့်စကားတို့သည် ဟုတ်တိုင်းမှန်စွာ သုံးနှုန်းတင်ပြထားသည့်စကားလုံးများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

"လွန်စွာ တုံ့လှုပ်ခြောက်ခြားမိရ"ဆိုသည့်စကားလုံးကို တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာတမ်းထဲမှ "FACEBOOK ပေါ်တွင် . . . . . ဖော်ပြထားသည်ကို တရားလိုဦးအောင်မြင့်မှ ဖတ်ရှုရသဖြင့် လွန်စွာတုံ့လှုပ်ခြောက်ခြားမိခဲ့ရပါသည်"ဆိုသည့်စကားလုံးကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

မတရားလုပ်ထားမှုမရှိသူ၊ အမှားလုပ်ထားမှုမရှိသူ၊ အပြစ်ကျူးလွန်ထားမှုမရှိသူမှန်သမျှသည် "FACE BOOK ပေါ်တွင် . . . . . ဖော်ပြထားသည်ကို တရားလိုဦးအောင်မြင့်မှ ဖတ်ရှုရသဖြင့် လွန်စွာတုံ့လှုပ်ခြောက်ခြားစရာမရှိပါကြောင်း၊ လွန်စွာတုံ့လှုပ်ခြောက်ခြားမိရသူဖြစ်လျှင် မတရားလုပ်ထားမှုရှိသူ၊ အမှားလုပ်ထားမှုရှိသူ၊ အပြစ်ကျူးလွန်ထားမှုရှိသူများသာဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံကြေညာလိုက်ခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာသံဃာတော်များသည် အမှန်တရားပေါ်ပေါက်ထွန်းကားရေးအကျိုးငှာလည်းကောင်း၊ ပဋိပက္ခများ၊ မတရားအနိုင်ကျင့်နှိပ်ကွပ်ရက်စက်မှုများကို ဟန့်တားဖယ်ရှားပြီး ငြိမ်းချမ်းရေးအကျိုးငှာလည်းကောင်း လုပ်ဆောင်နေသည့် သိက္ခာရှိ ကျင့်

www.burmeseclassic.com

www.burmeseclassic.com


ဝတ်ရှိ စည်းကမ်းရှိ ဘာသာရေးခေါင်းဆောင်များသာ ဖြစ်ပါသည်။

အပြစ်ကျူးလွန်မှုရှိသူများ၊ အမှားလုပ်ထားမှုရှိသူများ၊ မတရားလုပ်ထားမှုရှိသူများ ပေါ်ပေါက်တွေ့ကြုံလာလျှင် ဆုံးမရန် အလို့ငှာ ဒုက်လက်နက်၊ ဓားလက်နက် အစရှိသည့် လက်နက်တစ်ခုကိုမျှ ကိုင်ဆောင်လေ့ရှိသည့်ပုဂ္ဂိုလ်များမဟုတ်ကြောင်း တစ်ကမ္ဘာလုံးအသိပင် ဖြစ်ပါသည်။

"ရဲစခန်းရှေ့ထွက်ချက်နှင့် သတင်းစာကြေညာချက်များ ကွာဟနေပုံ"ဆိုသည့်စကားများကို တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာထဲမှ "ရဲစခန်းရှေ့ထွက်ချက်နှင့် သတင်းစာကြေညာချက်များ ကွာဟနေပုံ"ဆိုသည့် စကားများကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

၎င်းစကားများနှင့်ပတ်သက်သည့် ဖြစ်စဉ်မှန်များကို "စာချုပ်အတုအပများ"ဆိုသည့်စကားလုံးအတွက် တုံ့ပြန်ဖြေရှင်းချက်တုန်းက ပြည့်စုံစွာ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါသည်။ သတင်းစာ၌ ကြေညာရာတွင် ဥပဒေနှင့်ညီသောပုံစံအရ ကြေညာရခြင်းဖြစ်ပါသည်။ ရဲစခန်းရှေ့ထွက်ချက်များတွင် ဖြစ်စဉ်မှန်များကို အပြည့်အစုံ ထွက်ချက်ပေးရခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဦးအောင်မြင့်၏ဖော်ပြချက်အတိုင်း "ရှေ့နေများမှတစ်ဆင့် လိမ်ပြီး ကြေညာခဲ့ခြင်းမဟုတ်ကြောင်း" ပေါ်လွင်ထင်ရှားနေပြီးဖြစ်ပါသည်။ ဦးအောင်မြင့်က ဘယ်လိုပင်ယူဆယူဆ "အရောင်းအဝယ်ကိစ္စသည် အမှန်တကယ်ပြုလုပ်ခဲ့သောကိစ္စဖြစ်ပါသည်။ ယူသူ(၄)ဦး၊ ပေးသူ(၁)ဦး၊ အနည်းဆုံးအသိ သက်သေ(၂)ဦး အထင်အရှား သိရှိပြီးကိစ္စ ဖြစ်ပါသည်။ ထို့ကြောင့် ဦးအောင်မြင့်၏ဖော်ပြချက်ပါ "မဟုတ်မမှန် လုပ်ကြံဖန်တီးအပိုင်

www.burmeseclassic.com



ရယူရန် ကြံစည်ထားမှုမဟုတ်ကြောင်း" ရှင်းလင်းတင်ပြပါသည်။

"ဦးစိုးသိန်း(ခ)စိန်ပေဒါ၏ဇနီးဒေါ်ဖြူ၏
လျှောက်ထားချက်များ"နှင့်ပတ်သက်၍
တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာထဲမှ "ဦးစိုးသိန်း(ခ)စိန်ပေဒါ၏ ဇနီးဒေါ်ဖြူ၏ လျှောက်ထားချက်များမှန်ကန်ကြောင်းကို "စာချုပ် အတုအပများ"စကားလုံးအတွက် ဖြေရှင်းတုံ့ပြန်ချက်တွင် ပြည့်စုံစွာ ရှင်းလင်းတင်ပြထားပြီးဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈ အရ ပြစ်မှုများ ကို ကျူးလွန်သူမဟုတ်ပါဘဲ ကျူးလွန်သူဖြစ်ကြောင်း စွပ်စွဲ သတ်မှတ်၍ အဖမ်းခံထားရမှုကို မတရားဖမ်းဆီးချုပ်နှောင် ထားမှုဟုမဆိုလျှင် အဘယ်အရာကို မတရားဖမ်းဆီးချုပ် နှောင်ထားမှုဟု ဆိုနိုင်စရာရှိတော့မည်နည်း။

သံဃာတော်များသည် အမှား/အမှန်ကို သုံးသပ်နိုင်ခြင်း မရှိဘဲ လျှောက်ထားပင့်ခေါ်သည့်အတိုင်း လိုက်ပါကြွရောက်လာ တော်မူကြမည်မဟုတ်ပေ။ အမှား/အမှန်ကို သုံးသပ်တော်မူပြီးမှ အမှားလုပ်မှုများကို သိရှိတော်မူပြီး အမှုမှန်ပေါ်ပေါက်လာစေရန် အတွက် မေတ္တာဖြင့် ကူညီစောင့်ရှောက်ပေးရန် လိုက်ပါကြွရောက် လာတော်မူကြခြင်းဖြစ်ပါသည်။

"မှန်ကန်စွာ အမှုတည်ဆောက်ထားမှု၊
အရေးယူဖမ်းဆီးထားမှု"
ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာထဲမှ "နိုင်ငံတော်ရဲတပ်ဖွဲ့မှ ရဲ့ပုံပ ထုံးလုပ်နည်းအရ မှန်ကန်စွာ အမှုတည်ဆောက် ထားမှု၊ အရေးယူ

www.burmeseclassic.com

www.burmeseclassic.com


ဖမ်းဆီးထားမှုအပေါ် သံသယအမြင်ဖြစ်ပေါ်စေရန် တမင်ဖန်တီး ပင့်ဆောင်လာသည်"ဆိုသည့် စကားကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

ဦးအောင်မြင့်ဖော်ပြထားသည့် ဤစကားလုံးများသည် အရေးကြီးသည့် စကားလုံးများ ဖြစ်သည်။ ထိုစကားလုံးများထဲမှ "နိုင်ငံတော်ရဲတပ်ဖွဲ့၊ ရဲလုပ်ထုံးလုပ်နည်း"ဆိုသည့်စကား (၂)လုံးကို မသုံးသပ်သေးဘဲ မှန်ကန်စွာ အမှုတည်ဆောက်ထားမှုဟုတ်/ မဟုတ်ကို သုံးသပ်ရလျှင်-

အလွန့်အလွန် မှားယွင်းနေသော အမှုတည်ဆောက်မှုဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပြီမဟုတ်ပါလား။

အပြစ်မရှိသူ၊ ပြစ်မှုမကျူးလွန်သူကို အရေးယူဖမ်းဆီးထားမှုဖြစ်ကြောင်း တွေ့မြင်နေရပြီ မဟုတ်ပါလား။

"မှားယွင်းစွာ အမှုတည်ဆောက်ထားမှု ဖြစ်နေပါသည်။ အပြစ်မရှိသူ၊ ပြစ်မှုမကျူးလွန်သူကို ဖမ်းဆီးထားမှု ဖြစ်နေပါသည်"ဆိုတာကို သန္နိဋ္ဌာန်ကျ၊ ယတိပြတ် သိမှတ်နိုင်ပါပြီ။ သံသယအမြင်ဖြစ်စေရန် အကြောင်းအချက်ပင် မရှိတော့ပါပြီ။

"သာမန်အရပ်သားပုဂ္ဂိုလ်များ၏ ဥပဒေရေးရာကိစ္စတွင် ဆရာတော်ကြီးများ ဝင်ရောက်စွက်ဖက်"ဆိုသည့်စကားလုံးများနှင့်ပတ်သက်၍ တုံ့ပြန်ဖြေရှင်းခြင်း

ဖော်ပြပါရည်ညွှန်းစာထဲမှ "သာမန်အရပ်သားပုဂ္ဂိုလ်များ၏ ဥပဒေရေးရာကိစ္စတွင် ဆရာတော်ကြီးများ ဝင်ရောက်စွက်ဖက်-၊ အာမခံမပေးနိုင်သော ၄၂၀/၄၆၈ ပုဒ်မကြီးဖြင့် ဥပဒေအတိုင်း အရေးယူထားသည့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်ထားချက်အပေါ် မျိုးချစ်သံဃာတော်များက ဝက်ရောက်စွက်ဖက်ပြီး'ဆိုသည့်စကားလုံး

www.burmeseclassic.com

www.burmeseclassic.com



များသည် အလွန်ကျယ်ဝန်းသော စည်းကမ်းအပိုင်းအခြား၊ ဥပဒေ အပိုင်းအခြား၊ လုပ်ထုံးလုပ်နည်းအပိုင်းအခြားတို့ဖြင့် နားလည်ရမည့် စကားလုံးများ ဖြစ်နေပါသည်။

"သာမန်အရပ်သားပုဂ္ဂိုလ်များ"အရတွင်-

(၁) ဗုဒ္ဓဘာသာဝင် တရားလိုနှင့် ဗုဒ္ဓဘာသာဝင် တရားခံ ဖြစ်ရာတွင်-

(က) တရားလိုဘက်က ပြစ်မှုကျူးလွန်ခံရသူ၊ နစ်နာဆုံးရှုံးခံရသူ ဖြစ်၍ မှန်နေလျှင်၊ တရားခံဘက်က ပြစ်မှုကျူးလွန်သူ၊ အနိုင်ကျင့်ရယူသိမ်းပိုက်သူဖြစ်၍ မှန်နေလျှင် ဆရာတော်ကြီးများ ဝင်ရောက်စွက်ဖက်မည်မဟုတ်ချေ။ သူ့အပြစ်အတိုင်း စီရင်စေဟုသာ သဘောထားရှိတော်မူကြမည်ဖြစ်သည်။

(ခ) တရားလိုဘက်က ပြစ်မှုကျူးလွန်သူ၊ အနိုင်ကျင့်ရယူသိမ်းပိုက်သူဖြစ်၍ မှားနေလျှင်၊ တရားခံဘက်က ပြစ်မှုကျူးလွန်ခံရသူ၊ အနိုင်ကျင့်ရယူသိမ်းပိုက်ခံရသူဖြစ်၍ မှားနေလျှင် ဆရာတော်ကြီးများ ဝင်ရောက်စွက်ဖက်ရမည်မှာ ဘာသာရေးခေါင်းဆောင် သံဃာတော်များ၏ ကျင့်ဝတ်အရ တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

(၂) ဟိန္ဒူဘာသာဝင်တရားလိုနှင့် ဟိန္ဒူဘာသာဝင်တရားခံဖြစ်ရာတွင် (က) တရားလိုဘက်က မှန်နေလျှင်၊ တရားခံဘက်က မှန်နေလျှင်၊ (ကာယကံရှင်များ၏တာဝန်)၊ (ခ) တရားလိုဘက်က မှားနေလျှင်၊ တရားခံဘက်က မှားနေလျှင် (ဘာသာရေးခေါင်းဆောင်ပဏ္ဍိတ်ကြီးများ၏တာဝန်)

(၃) ခရစ်ယာန်ဘာသာဝင် တရားလိုနှင့် ခရစ်ယာန်ဘာသာဝင် တရားခံဖြစ်ရာတွင် (က) တရားလိုဘက်က မှန်နေလျှင်၊ တရားခံဘက်က မှန်နေလျှင်၊ (ကာယကံရှင်များ၏တာဝန်)၊ (ခ) တရားလို

www.burmeseclassic.com

www.burmeseclassic.com


ဘက်က မှားနေလျှင်၊ တရားခံဘက်က မှားနေလျှင် (ဘာသာရေး ခေါင်းဆောင်ဓမ္မဆရာကြီးများ၏တာဝန်)

(၄) အစ္စလာမ်ဘာသာဝင် တရားလိုနှင့် အစ္စလာမ်ဘာသာဝင် တရားခံဖြစ်ရာတွင် (က) တရားလိုဘက်က မှန်နေလျှင်၊ တရားခံဘက်က မှန်နေလျှင်၊ (ကာယကံရှင်များ၏တာဝန်)၊ (ခ) တရားလိုဘက်က မှားနေလျှင်၊ တရားခံဘက်က မှားနေလျှင် (ဘာသာရေး ခေါင်းဆောင်ဗလီဆရာကြီးများ၏တာဝန်)

ယခုဖြစ်ပွားနေသည့် အမှုအခင်းအရ ဦးစိုးသိန်း(ခ)စိန်ဗေဒါ (ဗုဒ္ဓဘာသာဝင်) နှင့် ဦးအောင်မြင့် (အစ္စလာမ်ဘာသာဝင်၊ ထောင်ထွက်) တို့၏ အမှုအခင်းသည် တရားလိုဦးအောင်မြင့် (အစ္စလာမ်ဘာသာဝင်၊ ထောင်ထွက်)က မှားသူ ဖြစ်သည်။

၂၀၀၉ ခုနှစ်က ဆိုင်ခန်းတန်ဖိုးအရ ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်ကို ရောင်းငွေအဖြစ် ရယူထားသူ ဖြစ်သည်။

ဦးအောင်မြင့်(အစ္စလာမ်ဘာသာဝင်၊ ထောင်ကျ) ကိုယ်တိုင်ရယူခြင်း မဟုတ်သော်လည်း ဇနီးဖြစ်သူကိုယ်တိုင်၊ ညီအရင်းဖြစ်သူ(၂)ဦးကိုယ်တိုင် ယူထားခြင်းဖြစ်သည့်အတွက် ဦးအောင်မြင့် ကိုယ်စား ရယူထားခြင်းဖြစ်ကြောင်း သေချာပါသည်။

ထိုဆိုင်ခန်းမှာ ဦးအောင်မြင့်တစ်ဦးတည်းပိုင်ဆိုင်ခန်း မဟုတ်ကြောင်း၊ မိသားစုပိုင်ဆိုင်ခန်းဖြစ်ကြောင်း၊ ထို့ကြောင့် ဦးလှမြင့်(ခ)ကရင်-ပါ အခြားမိသားစုဝင်များက ရောင်းချပိုင်ခွင့်ရှိကြောင်း၊ သို့ရာတွင် ဦးအောင်မြင့်မှာသာ မှတ်ပုံတင်ရှိသဖြင့် ဦးအောင်မြင့်အမည်ဖြင့်သာ အရောင်းအဝယ်စာချုပ် ပြုလုပ်နိုင်ကြောင်း ရှင်းပြထားပြီးဖြစ်ပါသည်။

ဦးအောင်မြင့်က ရောင်းထားပြီး ဆိုင်ခန်းကို ပြန်အပ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ခြိမ်းခြောက်တောင်းဆိုသည့်အတိုင်း ပြန်အပ်ရမည်ဆိုလျှင် ကျွန်တော်ဦးစိုးသိန်းမှာ ဆိုင်ခန်းလည်းဆုံးရှုံးရမည်ဖြစ်ပါသည်။ ထို့ပြင် ထောင်ဒဏ်ပါ (၁၄)နှစ်ထိ ချမှတ်ခံရမည်ဆိုလျှင် မည်သို့သောနည်းဖြင့် မှန်နိုင်ပါဦးမည်နည်း။

မတရားအနိုင်ကျင့် ရယူသိမ်းပိုက်ခံရသူ ဖြစ်နေရမည်သာ။
မတရားအပြစ်ပေးခံရသူ ဖြစ်နေရမည်သာ။
"အမှုတွဲတည်ဆောက်ထားမှုအရ ငွေကြေးလည်းဆုံးရှုံး၊ ထောင်ဒဏ်လည်းကျခံရ"ပုံစံအတွင်း ရောက်ရှိနေရပါသည်။

ဤကဲ့သို့ စည်းကမ်းအပိုင်းအခြား၊ ဥပဒေအပိုင်းအခြား၊ လုပ်ထုံးလုပ်နည်းအပိုင်းအခြားတို့ဖြင့် နားလည်လျှင် ဗုဒ္ဓဘာသာဝင်၊ ဗမာလူမျိုးတစ်ဦး မတရားဖမ်းဆီးချုပ်နှောင်ခံရ၊ ဆိုင်ခန်း (သို့မဟုတ်) ဆိုင်ခန်းဝယ်ယူခ ငွေကြေးဆုံးရှုံးခံရ၊ ထောင်ချခံရမည့် အရေးအတွက် ဗုဒ္ဓဘာသာဝင် ဘာသာရေးခေါင်းဆောင်ဆရာတော်ကြီးများက ဝင်ရောက်စွက်ဖက်ကူညီမှု မပြုလျှင် ပါထိကဝဂ္ဂပါဠိတော်၊ သိင်္ဂါလောဝါဒသုတ်အရ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်"ဆိုသည့် ဘုန်းကြီးတာဝန်၊ ဆရာတာဝန်၊ ခေါင်းဆောင်တာဝန် ကျေပွန်မည်မဟုတ်ကြောင်း၊ ယခုကဲ့သို့ ပါဝင်စွက်ဖက်ဆောင်ရွက်ခြင်းမှာ ဘုန်းကြီးတာဝန်၊ ဆရာတာဝန်၊ ခေါင်းဆောင်တာဝန် ကျေပွန်အောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း နားလည်နိုင်မည်ဖြစ်ပါသည်။ သုံးသပ်နိုင်မည်ဖြစ်ပါသည်။

"ဥပဒေနှင့် အမှန်အကန် ဖြေရှင်းနိုင်ပါက

.....”ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ "ဥပဒေနှင့် အမှန်အကန် ဖြေရှင်းနိုင်ပါက ယခုကဲ့သို့ ဆရာတော်ကြီးများအား ခိုတုံးလုပ်၊

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူလာစရာအကြောင်း မမြင်ပါ”ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

ဥပဒေအရ ဖြေရှင်းနိုင်ပါသည်။ ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း အကောင်အထည်ဖော်ပေးသည့် ရဲများ၊ တရားရုံးများတွင် ဥပဒေအရ ဖြေရှင်းနိုင်ပါသည်။

သို့ရာတွင် ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူခြင်းမဟုတ်သော၊ ဆုံးဖြတ်ခြင်းမဟုတ်သော ဥပဒေဗန်းပြ၊ အနိုင်ကျင့်ရယူသိမ်းပိုက်ခံရမှုများ၊ အနိုင်ကျင့် ဖမ်းဆီးချုပ်နှောင်ခံရမှုများ ပေါ်ပေါက်လာခြင်းကြောင့် ဆရာတော်ကြီးများထံ လျှောက်ထားတင်ပြရခြင်းဖြစ်ပါသည်။

ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူဆုံးဖြတ်မှုဖြစ်လျှင် ထိုအမှုမျိုးနှင့်ပတ်သက်၍ ဆရာတော်ကြီးများ ကြွရောက်လာတော်မူလိမ့်မည်မဟုတ်ပေ။ ဤသဘောထားကို သိရှိထားဖို့လိုပါသည်။ ဆရာတော်ကြီးများသည် လူတကာတို့၏အခိုင်းခံများမဟုတ်ကြောင်း အသိအမှတ်ပြုထားဖို့ လိုပါသည်။

### “ပြည်သူ့ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည်”ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ “ပြည်သူ့ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ကျဆင်းစေသည်”ဆိုသည့်စကားလုံးများကို တုံ့ဖြန်ဖြေရှင်းလိုပါသေးသည်။

ထိုစကားနှင့်ဆက်စပ်စကားစုအတွင်း ဦးအောင်မြင့်ဖော်ပြထားသည့် ဖြစ်ရပ်မှန်ဆိုတာ ဘာပါလဲ၊ ဘယ်လိုပါလဲဟု ရှေးဦးစွာမေးရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ဆိုင်ခန်းတန်ဖိုးအရ ကျွန်တော်ဦး စိုးသိန်းထံမှ ငွေကျပ်သိန်း တစ်ရာ့ငါးဆယ်ကို ယူမထားဘဲ (၇၄/ခ၊ ၁)ဆိုင်ခန်းကို ကျွန်တော်ဦးစိုးသိန်းကို ပေးထားရသည်ဟုဆိုမှ ဖြစ်ရပ်မှန်တဲ့လား။

ထိုကဲ့သို့ငွေမယူထားဘဲ ဆိုင်ခန်းကို ပေးရသည်ဆိုတာ ဘယ်နိုင်ငံမှာရှိမည်နည်း။ ဘယ်ရပ်ကွက်မှာရှိမည်နည်း။ ကျွန်တော်ဦးစိုးသိန်းက ဆိုင်ခန်းကို မပေးဘဲနှင့် အတင်းအဓမ္မ ခိုးယူထားတာမဟုတ်ပါ။ အတင်းအဓမ္မ ဓားပြတိုက်ယူထားတာမဟုတ်ပါ။

ဆရာတော်ကြီးများကို ပင့်ဆောင်လာသည့် အကျိုးဆက်ကြောင့် ပြည်သူ့ရဲတပ်ဖွဲ့၏ဂုဏ်သိက္ခာကို ကျဆင်းစေမည်မဟုတ်ပါ။ ဆရာတော်ကြီးများကို ပင့်ဆောင်လာသည့် အကျိုးဆက်ကြောင့် ပြည်သူ့ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို တိုးတက်မြင့်မားလာစေမည် မဟုတ်ပါ။

ပြည်သူ့ရဲတပ်ဖွဲ့၏ မှားယွင်းစွာ လုပ်ဆောင်မှု၏အကျိုးဆက်ကသာ ပြည်သူ့ရဲတပ်ဖွဲ့၏ဂုဏ်သိက္ခာကို ကျဆင်းစေမည်ဖြစ်၏။ ပြည်သူ့ရဲတပ်ဖွဲ့၏ မှန်ကန်စွာ လုပ်ဆောင်မှု၏အကျိုးဆက်ကသာ ပြည်သူ့ရဲတက်ဖွဲ့၏ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေမည်ဖြစ်၏။

အမှန်မှာ ပြည်သူ့ရဲတပ်ဖွဲ့၏ဂုဏ်သိက္ခာကို ကျဆင်းစေသူ၏လုပ်ရပ်သည် တရားလိုဦးအောင်မြင့်၏ လုပ်ရပ်ဖြစ်ကြောင်း ထင်ရှားစွာ ပေါ်နေပြီဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အာမခံမပေးနိုင်သော ၄၂၀/၄၆၈ ပုဒ်မကြီးဖြင့်
.....''ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ "အာမခံမပေးနိုင်သော ၄၂၀/၄၆၈ ပုဒ်မကြီးဖြင့် ဥပဒေအတိုင်း အရေးယူထားသည့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်ထားချက်အပေါ် မျိုးချစ်သံဃာတော်များက ဝက်ရောက်စွက်ဖက်ပြီး လွှမ်းမိုးခွင့်ရှိနေသည်ဟု အများပြည်သူများ၏ အထင်လွဲမှားမှုကို ပေါ်ပေါက်စေကြောင်း''ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းလိုပါသေးသည်။

အမှားလုပ်ဆောင်မှုများကို ကျူးလွန်လုပ်ဆောင်နေသူများအပေါ် မည်သူကမဆို စာရိတ္တနှင့် လူမှုကျင့်ဝတ်တရားအလို့ငှာ လွှမ်းမိုးခွင့်ရှိကြောင်း ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းပါရှိပြီးဖြစ်ပါသည်။

ပုဒ်မကြီး ၂ ခုတို့ဖြင့် ဆောင်ရွက်ထားချက်သည် မှားယွင်းနေသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေခဲ့ပြီးပါပြီ။ အများပြည်သူများ၏ အမြင်လွဲမှားမှုဟု ပြောင်းပြန်ဖော်ပြထားသေးသည်ကို တွေ့ရပါသည်။ အမှန်မှာ အများပြည်သူများက-

"သံဃာတော်များ၏လုပ်ဆောင်ချက်သည် မှန်လှပေ၏။
ရဲတပ်ဖွဲ့၏ဆောင်ရွက်ချက်သည် မှားယွင်းနေ၏။"

ဟု အမြင်မှန်အတိုင်း မြင်သွားနိုင်ကြပါပြီ။ မြင်လည်းမြင်နေကြပါပြီ။ ရဲတပ်ဖွဲ့၏ဆောင်ရွက်ချက်သည် မှားယွင်းနေ၏။

".....အဟောသိကံ ဖြစ်သွားစေသည်''
ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ "သက်ဆိုင်ရာတာဝန်ရှိသူ ခရိုင်ရဲတပ်ဖွဲ့၏သဘောထားမှတ်ချက်၊ မြို့နယ်ဥပဒေရုံး၏ ဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



သဘောထားမှတ်ချက်များသည် အဟောသိကံ ဖြစ်သွားစေသည်" ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

အဟောသိကံဖြစ်လောက်သောကြောင့် အဟောသိကံ ဖြစ်သွားရခြင်းဖြစ်ပါသည်။ အမှုအခင်းအတွင်း ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်များကို သေချာသိရှိရခြင်းမရှိခင်ကာလအတွင်း မှားယွင်းစွာ မှတ်ချက်ပေးခဲ့သည်များကို အပြစ်ဟုမဆိုနိုင်စေကာမူ ယခုရှင်းလင်းတင်ပြချက်ကို တင်ပြထားပြီးနောက်ပိုင်းကာလတွင် ဆက်လက်ပြီးတော့ မှားယွင်းသည့် မှတ်ချက်များဖြင့် အကောင်အထည် ဖော်လာဦးမည်ဆိုပါက ပြဿနာများ ကြီးထွားသည်ထက် ပိုမိုကြီးထွားလာတော့မည်ဖြစ်ကြောင်း သုံးသပ်မိ၍ စိုးရိမ်စရာပင် ဖြစ်ရပါသည်။

"..... လူမျိုးရေးဆန်သော ပဋိပက္ခများ
ဖြစ်ပေါ်စေရန် ဖန်တီးလိုက်သကဲ့သို့"
ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ "ဗမာကို မတရားဖမ်း၊ ကုလားကိုတော့မဖမ်းဟု (ပ) လူမျိုးရေးဆန်သော ပဋိပက္ခများဖြစ်ပေါ်စေရန် ဖန်တီးလိုက်သကဲ့သို့ ဖြစ်နေသည်"ဆိုသည့်စကားများကို တုံ့ပြန် ဖြေရှင်းလိုပါသည်။ ထိုစကားစုထဲမှ "ဗမာကို မတရားဖမ်း၊ ကုလားကိုတော့မဖမ်း"ဆိုသည့်စကားသည် မှန်ကန်စွာ ဖော်ပြထားသည့် စကားပင် ဖြစ်ပါသည်။

လူမျိုးရေးဆန်သောပဋိပက္ခများ ဖြစ်ပေါ်စေရန် ဖန်တီးသည်ဟု ယူဆလျှင် စတင်ဖန်တီးသူမှာ ဦးအောင်မြင့်ပင်ဖြစ်ကြောင်း ပေါ်ပေါက်လာရမည်ဖြစ်ပါသည်။

"FACEBOOK-ပါ ဖော်ပြချက်များ မှန်ကန်မှုရှိ/မရှိ

www.burmeseclassic.com

www.burmeseclassic.com


တိုက်ဆိုင်စစ်ဆေးနိုင်ရန် ရှင်းလင်းတင်ပြ"

ဆိုသည့်စကားလုံးများကို တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ "FACEBOOK-ပါဖော်ပြချက်များသည် . . . . . မှန်ကန်မှုရှိ/မရှိ ကျွန်တော်၏ ရှင်းလင်းချက်ပါ စာရွက်စာတမ်းများနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ရန် ရှင်းလင်းတင်ပြပါသည်" ဆိုသည့်စကားကို တုံ့ပြန်ဖြေရှင်းလိုပါသည်။

ဦးအောင်မြင့်၏ ရှင်းလင်းချက်ပါ ဖော်ပြချက်များသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သံဃာတော်များ ကြွရောက်လာတော်မူပြီး အမှား/အမှန်ကွဲပြားထင်ရှားအောင် မေးမြန်းသုံးသပ်တော်မူခဲ့ကြပြီးဖြစ်ပါသည်။

မြို့နယ်မှူးဦးစိုးသန်းကိုယ်တိုင် ဦးအောင်မြင့်၏ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်း လက်ခံပြီး ကျွန်တော်ဦးစိုးသိန်းကို အာမခံဖြင့် ပြန်လွှတ်ပေးထားခြင်းဖြစ်ပါသည်။

ပြစ်မှုကို အမှန်တကယ် ကျူးလွန်ထားသည့် ရာဇဝတ်သားတစ်ဦးကို မည်သည့်မြို့နယ်မှူးကမှ အာမခံဖြင့် ပြန်လည်လွှတ်ပေးဝံ့မည်မဟုတ်ကြောင်း သဘောပေါက်စေလိုပါသည်။

"တရားလိုဦးအောင်မြင့်မှာ ကုလားလူမျိုးမဟုတ်ပါ"

ဆိုသည့်စကားလုံးများအတွက် တုံ့ပြန်ဖြေရှင်းချက်

ဖော်ပြပါရည်ညွှန်းစာထဲမှ တရားလိုဦးအောင်မြင့်၏ သဘောထား-ခေါင်းစဉ်ပါ နောက်ဆုံးပိုင်းတွင် ဦးအောင်မြင့်က-

"တရားလိုဦးအောင်မြင့်မှာ ကုလားလူမျိုး မဟုတ်ပါ" ဟုလည်းကောင်း၊

"မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို အမြဲစောင့်သိ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေနေထိုင်ခဲ့သူ”ဟုလည်းကောင်း၊

“သူ့မိသားစုတစ်ခုလုံး၏ ဘဝအညွန့်တုံးသွားစေသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သူ”ဟုလည်းကောင်း၊

“မတရားမှုထက် တရားမှုကို လိုလား သူတစ်ဦးသာ ဖြစ်ပါသည်”ဟုလည်းကောင်း၊

“မတရားလုပ်ရပ်ကို ကျူးလွန်သူများအထဲတွင် ကျောသားရင်သားမခွဲခြားဘဲ ညီအရင်းလှမြင့်ကိုပင် တရားခံအမှတ်(၁)စာရင်းတွင် ထည့်သွင်းတရားစွဲ ဆိုထားခြင်းဖြစ်ပါသည်”ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

တရားလိုဦးအောင်မြင့်၏မှတ်ပုံတင်တွင် ဘင်္ဂလားဒေ့ရှ်-ဘင်္ဂါလီ+ဗမာဟု ဖော်ပြထားသဖြင့် ကုလားလူမျိုးဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆက်ဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်မြင့်၏ “ကုလားလူမျိုးမဟုတ်ကြောင်းစကား” သည် ပြောင်လိမ်ထားသည့် အမှားကြီးသာဖြစ်ကြောင်း တွေ့ရပါသည်။

ထို့ပြင် ဦးအောင်မြင့်သည် အ. ပ. က (၃) ပုဒ်မဖြင့် အများပြည်သူများပိုင်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှုဖြင့် ပြစ်မှုထင်ရှားကြောင်း စီရင်ချက်/အမိန့် ချမှတ်ခြင်းခံရသူဖြစ်၍ ထောင်ဒဏ်(၁၀)နှစ် ကျခံခဲ့ရသူ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးအောင်မြင့်၏ “မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို အမြဲစောင့်သိရိုသေသူဖြစ်ကြောင်း”စကားသည်လည်း ပြောင်လိမ်ထားသည့်စကားသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ကျေးဇူးသစ္စာတော်ကို အမြဲစောင့်သိရိုသေသူတစ်ဦးက ထိုကဲ့သို့ပြစ်မှုများဖြင့် အရေးယူခြင်းခံရသူဖြစ်နေလျှင်

www.burmeseclassic.com

www.burmeseclassic.com



အခြားသူများသည်ပင် မိမိတို့ကိုယ်ကိုယ် "မိမိသည် မြန်မာနိုင်ငံ၏ ကျေးဇူးသစ္စာတော်ကို အမြဲစောင့်သိရှိသေသူဖြစ်ပါသည်"ဟု ထုတ်ဖော်ပြောဆိုဖို့အတွက် အရှက်ရစေသကဲ့သို့ ဖြစ်ပေါ်နေစေခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ထို့ပြင် "သူ့မိသားစုတစ်ခုလုံး၏ ဘဝအညွန့်တုံးသွားစေသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သူ"ဟုဆိုကာ ကျွန်တော်ဦးစိုးသိန်းကို ထောင်ထဲမရောက်ဘဲ မနေရအောင် ထောင်ချနေခြင်းမှာ ၂၀၀၉ ခုနှစ်တုန်းက သူ့နာမည်ဖြင့် ပစ္စည်းအပ်+ငွေယူလုပ်ထားသည့် အကြောင်းအရာကို အစဖျောက်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း အမှုအခင်းဖြစ်စဉ်များက သက်သေခံနေပါပြီ။

အမှန်မှာ ဦးအောင်မြင့်သည်သာလျှင် ကျွန်တော်ဦးစိုးသိန်းနှင့် ကျွန်တော့်မိသားစုကို ဘဝအညွန့်တုံးအောင် အာဏာပိုင်များကို အသုံးချ၍ ကျူးလွန်နေသူဖြစ်ကြောင်း ထင်ရှားစွာ ပေါ်နေပါပြီ။

ထို့ပြင် တရားလိုဦးအောင်မြင့်က "မတရားမှုထက် တရားမှုကို လိုလားသူတစ်ဦးသာ ဖြစ်ပါသည်"ဟု ဖော်ပြထားရာ ဟာသတစ်ခုသဖွယ်ဖြစ်သော်လည်း အလွန်မှပင် နာကြည်းစရာကောင်းသည့် ပုံပြတစ်ခုသာဖြစ်ကြောင်း၊ ရုပ်ပြတစ်ခုသာဖြစ်ကြောင်း အမှုအခင်းမှတ်တမ်းများက သက်သေခံနေပါပြီ။

ကျွန်တော်ဦးစိုးသိန်းကို မတရားသဖြင့် ပစ္စည်းကိုယူ၊ လူကို ထောင်ချ-ပြုလုပ်နေသည့် ဦးအောင်မြင့်သည် တရားမှုကို ကျောခိုင်းပြီး မတရားမှုကို လိုလိုလားလား ကျူးလွန်နေသူဖြစ်ကြောင်း ထင်ရှားစွာ ပေါ်နေပါပြီ။

ထို့ပြင် တရားလိုဦးအောင်မြင့်က "မတရားလုပ်ရပ်ကို ကျူး

www.burmeseclassic.com

www.burmeseclassic.com



လွှန်သူများအထဲတွင် ကျောသားရင်သား မခွဲခြားဘဲ ညီအရင်း လှမြင့်ကိုပင် တရားခံအမှတ်(၁)စာရင်းတွင် ထည့်သွင်းတရားစွဲဆို ထားခြင်းဖြစ်ပါသည်"ဟု ဖော်ပြလိုက်ရာ FACEBOOK-ပေါ်တွင် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ-က တင်ပြခဲ့သည့် (ဗမာလူမျိုး တစ်ဦးက ကုလားလူမျိုးတို့က လက်ဝါးရိုက် အမှုဆင်ဖမ်းဆီး) အကြောင်းအချက်အတွက် သက်သေခံလိုက်ခြင်းပင်ဖြစ်နေ ကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။

## ဦးအောင်မြင့်၏ မှားယွင်းစွာ ဆောင်ရွက်ထားမှုများ၏ အကျိုးဆက်များ

ဖော်ပြပါဖြစ်စဉ်အရပ်ရပ်ကို သုံးသပ်၍ သတ္တုချကြည့်မည် ဆိုလျှင်-

(၁) ဦးအောင်မြင့်သည် (ကျွန်တော်ဦးစိုးသိန်းကို ပြစ်မှုကျူး လွန်သူအဖြစ် တရားခံစာရင်းတွင် ထည့်သွင်းစွဲဆိုဖမ်းဆီး ထောင်ချစေမှုကို ပြုလုပ်ခြင်းဖြင့်)-

နိုင်ငံတော်သမ္မတ အစရှိသည့် (၁၂)ဌာနအကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီး အစရှိသည့် (၁၄)ဌာနအကြီးအကဲများ၊ ပြည် ထဲရေးဝန်ကြီး အစရှိသည့် (၅)ဌာနအကြီးအကဲများနှင့် အင်းစိန်မြို့ နယ်-ပြည်သူ့ရဲတပ်ဖွဲ့ အစရှိသည့် နိုင်ငံတော်အစိုးရအဖွဲ့များ၏ အုပ်ချုပ်ရေးတာဝန်ဝတ္တရားများကိုလည်းကောင်း၊ မြို့နယ်တရား သူကြီး အစရှိသည့် တရားစီရင်ရေးအဖွဲ့များ၏ တရားစီရင်ရေးတာ ဝန်ဝတ္တရားများကိုလည်းကောင်း ဝင်ရောက်နှောင့်ယှက်ခဲ့သူဖြစ် ကြောင်း တွေ့ရပါသည်။

(၂) ဦးအောင်မြင့်သည် (ကျွန်တော်ဦးစိုးသိန်းကို ပြစ်မှုကျူး လွန်သူအဖြစ် တရားခံစာရင်းတွင် ထည့်သွင်းစွဲဆိုဖမ်းဆီး

www.burmeseclassic.com

www.burmeseclassic.com



ထောင်ချစေမှုကို ပြုလုပ်ခြင်းဖြင့်)-

နိုင်ငံတော်ရဲတပ်ဖွဲ့၏ ရဲလုပ်ထုံးလုပ်နည်းအရ အမှုတည်ဆောက်မှု၊ အရေးယူဖမ်းဆီးမှုတို့အပေါ် ပြည်သူများက သံသယအမြင် ဖြစ်ပေါ်စေရန် တမင်ဖန်တီးသူဖြစ်ကြောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ကျဆင်းစေသူဖြစ်ကြောင်း တွေ့ရပါသည်။

(၃) ဦးအောင်မြင့်သည် (ကျွန်တော်ဦးစိုးသိန်းကို ပြစ်မှုကျူးလွန်သူအဖြစ် တရားခံစာရင်းတွင် ထည့်သွင်းစွဲဆိုဖမ်းဆီးထောင်ချစေမှုကို ပြုလုပ်ခြင်းဖြင့်)-

မြန်မာနိုင်ငံ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ တရားစီရင်ရေးတာဝန်ရှိသူများအပေါ် ကုလားလူမျိုးများက ငွေပေးခြင်း၊ လာဘ်ပေးခြင်းတို့ဖြင့် လွှမ်းမိုးခွင့်ရှိနေသည်ဟူ၍ အများပြည်သူတို့၏အမြင်လွဲမှားမှုကို ပေါ်ပေါက်စေသူဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ဥပဒေရုံးတို့ကို မှားယွင်းသည့်သဘောထားမှတ်ချက်များ၊ မှားယွင်းသည့် ဥပဒေသဘောထားမှတ်ချက်များ ပြုလုပ်မိအောင် သွေးဆောင်သူဖြစ်ကြောင်း တွေ့ရပါသည်။

(၄) ဦးအောင်မြင့်သည် (ကျွန်တော်ဦးစိုးသိန်းကို ပြစ်မှုကျူးလွန်သူအဖြစ် တရားခံစာရင်းတွင် ထည့်သွင်းစွဲဆိုဖမ်းဆီးထောင်ချစေမှုကို ပြုလုပ်ခြင်းဖြင့်)-

မြန်မာနိုင်ငံတွင် လူမျိုးရေးဆန်သော ပဋိပက္ခများကို ဖြစ်ပေါ်စေရန် စတင်ဖန်တီးနေသူဖြစ်ကြောင်း တွေ့ရပါသည်။

သို့ဖြစ်ပါ၍ တရားလိုဦးအောင်မြင့်ဆိုသူ၏ မမှန်မကန်အမှုဖွင့်တိုင်ကြားမှုများ၊ အသနားခံစာတင်ပြမှုများ၊ ရှင်းလင်းတင်ပြချက်စာတမ်းဖြန့်ဝေမှုများအပေါ် တာဝန်ဝတ္တရားဆောင်ရွက်မှု

www.burmeseclassic.com


www.burmeseclassic.com


အစရှိသည့် ဖြစ်မှုဆိုင်ရာများဖြင့် အရေးယူပေးပါရန် ဤတုံ့ပြန်ဖြေရှင်းချက်များဖြင့် လေးစားစွာ အလေးအနက် လျှောက်ထားတင်ပြအပ်ပါသည်။

သက်သေခံအဖြစ် ရည်ညွှန်း(အထူး)/၁ မှ
ရည်ညွှန်း(အထူး)/၇ အမှတ်ပြမိတ္တူများကို
ပူးတွဲတင်ပြပါသည်။

--------

ဦးစိုးသိန်း
(၁၂/ဥကမ(၁၂)၀၃၃၆၂၄)
အဆောင်(၆၇/၃)
နီလာ(၃)လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း
စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး



www.burmeseclassic.com

www.burmeseclassic.com



## အမှုအခင်းဖြစ်စဉ်များကို အမှန်အတိုင်း အပြည့်အစုံ ရှင်းလင်းတင်ပြခြင်း

### ၁။ အထက်အကြောင်းအရာပါ ပွဲရုံဆိုင်ခန်းဖြစ်ပေါ်လာပုံ ရှင်းလင်းတင်ပြခြင်း

ဖော်ပြပါဆိုင်ခန်းဖြစ်ပေါ်လာပုံမှာ ၁၉၉၁ ခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက အရစ်ကျငွေသွင်းစေပြီး ၁၉၉၂ ခုနှစ်တွင် ကွယ်လွန်သူ ပြန်တမ်းဝင်အမှတ်ရေ/၃၃၂၁၊ ဗိုလ်ကြီးကျော်ညွန့်၏ဇနီး ဒေါ်တင်မြင့်က အရစ်ကျငွေသွင်းပြီးသည့်အတွက် ဖော်ပြပါဒေါ်တင်ညွန့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက ခွင့်ပြုပေးခဲ့သည့် ပွဲရုံဆိုင်ခန်း ဖြစ်ပါသည်။

သက်သေခံအဖြစ် (၁/က) မှ (၁/၄)-

အမှတ်ပြအထိ မိတ္တူများကို ပူးတွဲတင်ပြပါသည်။

### ၂။ ဖော်ပြပါပွဲရုံဆိုင်ခန်းကို ပိုင်ရှင်အဆင့်ဆင့် ပြောင်းလွှဲပိုင်ဆိုင်ခဲ့ပုံ ရှင်းလင်းတင်ပြခြင်း

ဖော်ပြပါပွဲရုံဆိုင်ခန်းကို ပိုင်ရှင်အဆင့်ဆင့် ပြောင်းလွှဲပိုင်ဆိုင်ခဲ့ရာ ဒေါ်တင်မြင့် (၁၉၉၁-၁၉၉၂)ထံမှ ဒေါ်တင်မေ၊ ဒေါ်တင်မေ (၁၉၉၂)ထံမှ ဦးစောမြင့်၊ ဦးစောမြင့် (၁၉၉၂)ထံမှ ဦးစံရွှေမြင့်၊ ဦးစံရွှေမြင့် (၁၉၉၂- ၂၀၀၅)ထံမှ ဦးအောင်မြင့်၊ ဦးအောင်မြင့် (၂၀၀၅-၂၀၀၉)ထံမှ ကျွန်တော်ဦးစိုးသိန်း (၂၀၀၉-ယခုထိတိုင်) ဟူ၍ အဆင့်ဆင့်ပြောင်းလွှဲပိုင်ဆိုင်ခဲ့ပါသည်။ စာချုပ်စာတမ်းပေါ်ပေါက်ချက်သက်သေခံများအရ ဖော်ထုတ်တင်ပြခြင်းဖြစ်ပါသည်။

အထူးပြုတင်ပြလိုသည့်အချက်မှာ ဦးစောမြင့်မှ ဦးစံရွှေမြင့်သို့ ရောင်းသည့်စာချုပ်တွင် တန်ဖိုးငွေပမာဏဖော်ပြထားမှုမရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



စာလုံးများပီသမှုမရှိခြင်းတို့ကို တွေ့ရပါသည်။ မည်သည့်စကားလုံးများကို ရေးသားထားသည်ကို မသိရနိုင်ပါ။ ထို့ပြင် ဝယ်သူဦးစံရွှေမြင့်၊ ရောင်းသူဦးစံရွှေမြင့် လက်မှတ်ထိုးထားသည့် စာချုပ်နှစ်ခုတွင် ဦးစံရွှေမြင့်၏လက်မှတ်နှစ်မျိုး ကွဲလွဲနေခြင်းကိုလည်း တွေ့ရပါသည်။ လက်မှတ်တစ်ခုက အမှန်ဖြစ်၍ လက်မှတ်တစ်ခုက အတုဖြစ်မည်ဟု ယူဆဖွယ်ရာရှိပါသည်။

အထူးပြုရမည့်အချက်မှာ ဦးစံရွှေမြင့်ထံမှ ဝယ်ယူကြောင်းစာချုပ်တွင် ကျပ်သိန်း(၆၀၀၀၀၀၀ိ)၊ ကျပ် သိန်းခြောက်ဆယ်တိတိဖြင့် ဝယ်ယူထားကြောင်း ဦးအောင်မြင့်ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်းနှင့် ပန်းဘဲတန်း မြို့နယ်တရားရုံးတွင် ၃-၁-၂၀၁၄ ရက်စွဲဖြင့် ကတိသစ္စာပြုလွှာတွင် ကျပ်သိန်း(၆၃၀၀၀၀၀)၊ ကျပ်ခြောက်ဆယ့်သုံးသိန်းဖြင့် ဝယ်ယူထားကြောင်း ဦးအောင်မြင့်ကိုယ်တိုင် ကတိသစ္စာပြုထားခြင်း၊

သို့ဖြစ်၍ စာချုပ်ပါတန်ဖိုး ပမာဏနှင့် ကတိသစ္စာပြုလွှာပါတန်ဖိုးပမာဏ ကွဲလွဲနေသည်ကို တွေ့ရှိရကြောင်း ရှင်းလင်းတင်ပြပါသည်။

သက်သေခံအဖြစ် (၂/က)၊ မှ (၂/ချ)-
အမှတ်ပြမိတ္တူများကို ပူးတွဲတင်ပြပါသည်၊

## ၃။ ဦးစိုးသိန်း၏ ပိုင်ဆိုင်မှုဖြစ်စဉ်တွင် မိတ္တူမဟုတ်သော အရောင်းအဝယ်စာချုပ် (၂)မျိုးရှိနေပုံ ရှင်းလင်းတင်ပြခြင်း

ဦးစိုးသိန်း၏ပိုင်ဆိုင်မှုဖြစ်စဉ်တွင် မိတ္တူမဟုတ်သော အရောင်းအဝယ်စာချုပ် (၂)မျိုးရှိနေသည်ကို တွေ့ပါသည်။

သက်သေခံအဖြစ် (၂/ဌ) အမှတ်ပြစာချုပ်မှာ ဦးစိုးသိန်း

www.burmeseclassic.com

www.burmeseclassic.com



လက်ဝယ်ရှိစာချုပ် ဖြစ်ပါသည်။

သက်သေခံအဖြစ် (၂/၅) အမှတ်ပြစာချုပ်မှာ ဦးအောင်မြင့်လက်ဝယ်ရှိစာချုပ် ဖြစ်ပါသည်။

ထို(၂)မျိုးတွင် ကျွန်တော်ဦးစိုးသိန်းလက်ဝယ်ရှိစာချုပ်မှာ အမှန်တကယ်အကျိုးသက်ရောက်မှုရှိသော စာချုပ်အစစ်အမှန် ဖြစ်ပါသည်။

ဦးအောင်မြင့်လက်ဝယ်ရှိစာချုပ်မှာ အတုအပပြုလုပ်ထားသည့် အတုအပစာချုပ်သာ ဖြစ်ပါသည်။

ထို့ကြောင့် အတုအပစာချုပ်များပြုလုပ်မှုဖြင့် အရေးယူထိုက်သူ၊ ပြစ်မှုကျူးလွန် သူမှာ ဦးအောင်မြင့်(ထောင်ထွက်) ဖြစ်ကြောင်း ရှင်းလင်းတင်ပြပါသည်။

သက်သေခံအဖြစ် တင်ပြထားသည့် (၂/၄)၊ (၂/၅)-အမှတ်ပြမိတ္တူများတွင် ပြန်လှန်လေ့လာ၍ သုံးသပ်ကြည့်ရန် လိုအပ်မည် ဖြစ်ပါသည်။

## ၄။ အခွန်အရပ်ရပ်ပေးဆောင်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း

အခွန်အရပ်ရပ်ပေးဆောင်ထားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါသည်။ ကျွန်တော်ဦးစိုးသိန်း ဝယ်ယူပိုင်ဆိုင်ချိန်မှစ၍ အခွန်အရပ်ရပ်ကို ကျွန်တော်ဦးစိုးသိန်းက ပေးဆောင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၈)ရွက်၊ ငွေရပြေစာဖြတ်ပိုင်း (၉) ရွက်၊ (ဦးစိုးသိန်းလက်ဝယ်ရှိ)

၂၀၁၂ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၁၁)ရွက်၊ (ဦးစိုးသိန်းလက်ဝယ်ရှိ)

၂၀၁၃ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၁၂)ရွက်၊ (ဦးစိုးသိန်း

www.burmeseclassic.com

www.burmeseclassic.com



လက်ဝယ်ရှိ)

၂၀၁၄ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၁၂)ရွက်၊ (ဦးစိုးသိန်း လက်ဝယ်ရှိ)

၂၀၁၅ ခုနှစ်၊ ငွေရပြေစာဖြတ်ပိုင်း (၂၁)ရွက် (ဦးစိုးသိန်း လက်ဝယ်ရှိ) တို့အတွက်

ကျွန်တော်ဦးစိုးသိန်း ပေးဆောင်ထားခြင်းကြောင့် ဖော်ပြပါ ငွေရပြေစာဖြတ်ပိုင်းများ ကျွန်တော်ဦးစိုးသိန်းလက်ဝယ်၌ ရှိနေပါသည်။

သက်သေခံအဖြစ် ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃)၊ ၂၀၁၄၊ ၂၀၁၅ နှစ်ဇာဉ်အတိုင်း (၄/က) မှ (၄/လ) အမှတ်ပြအထိ မိတ္တူများကို ပူးတွဲတင်ပြပါသည်။

အထက်ဖော်ပြပါအတိုင်း ကျွန်တော်ဦးစိုးသိန်း နှစ်စဉ်နှစ်တိုင်း အစဉ်တစိုက် အခွန်အရပ်ရပ် ပေးဆောင်နေသည် ဖြစ်ပါလျက် ၂၀၁၅ ခုနှစ်တွင်မှ ဦးအောင်မြင့်ဆိုသူက (၇၄/ခ၊ ၁) ဆိုင်ခန်းအတွက် အခွန်ငွေ ပေးဆောင်မှု ပြုလုပ်ခဲ့ခြင်းကြောင့် ဦးအောင်မြင့်ဆိုသူ့ထံတွင် ငွေရပြေစာဖြတ်ပိုင်း (၅)ရွက် ရှိနေကြောင်း အမှုတွဲပါ သက်သေခံမိတ္တူတင်ပြချက်အရ သိရပါသည်။

သက်သေခံအဖြစ် ဦးအောင်မြင့်၏မိတ္တူများကို ပူးတွဲ တင်ပြပါသည်။

## ၅။ အမှုအခင်း ဖြစ်ပွားခြင်းဆိုင်ရာ ဖြစ်စဉ်များကို မှန်ကန်စွာ ရှင်းလင်းတင်ပြခြင်း

ဖော်ပြပါသက်သေခံ (၂/ဋ)၊ (၂/ဌ) အမှတ်ပြ အရောင်းအဝယ် စာချုပ်များအရ ၂၀၀၉ ခုနှစ်၊ နှိဝင် ဘာလ ၁၈ ရက်နေ့တွင် ဦးအောင်မြင့် (ဘင်္ဂလားဒေ့ရှ်- ဘင်္ဂလီ+ဗမာ၊ အစ္စလာမ်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်သူ၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၁၁၃၉၇)၏ မိသားစုအကျိုးငှာ ကျွန်တော်ဦးစိုးသိန်းက ဥပဒေနှင့်အညီ အရောင်း အ၀ယ်ပုံစံဖြင့် ငွေပေး၍ ဆိုင်ခန်းကို ၀ယ်ယူခဲ့ရပါသည်။

ထိုနှစ်၊ ထိုလ၊ ထိုရက်၊ ထိုနေ့တုန်းက ဦးအောင်မြင့်ဆိုသူ သည် အကျဉ်းကျခံနေရသူ (ထောင်ကျတရားခံ၊ ရာဇ၀တ်သား တစ်ဦး) ဖြစ်နေပါသည်။

ဦးအောင်မြင့်သည် ၂၁-၁၁-၂၀၀၇ ရက်နေ့တွင် ဖမ်းဆီး ထိန်းသိမ်းခံရသူ ဖြစ်ရပြီး ၁၈-၃-၂၀၀၉ ရက်နေ့တွင် ထောင်ဒဏ် (၁၀) နှစ် စီရင်ချက်/အမိန့် ချမှတ်ခံရသူ ဖြစ်နေပါသည်။

ထောင်ဒဏ်ကျခံရတော့မည့်အချိန်တွင် သူ့မိသားစုအကျိုး ငှာ ဖော်ပြပါ (၇၄/ခ၊ ၁)ဆိုင်ခန်းနှင့် (၇၄/ခ၊ ၃) ဆိုင်ခန်း၊ စုစုပေါင်း ဆိုင်ခန်း(၂)ခန်းတို့ကို သူ့ညီအရင်းဖြစ်သူ ဦးလှမြင့်(ခ)ကရင်ဆိုသူထံ ပေးအပ်ခဲ့ကြောင်း သိရပါသည်။

သူ့မိသားစုများကို လုပ်ကိုင်ကျွေးမွေးရန် ယာယီအပ်နှံ ထားခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ပေးရန် ပေးအပ်ထားခြင်း ဖြစ်ပါ သည်။ ဦးအောင်မြင့်ကျူးလွန်ခဲ့သည့် ပြစ်မှုမှာ အ. ပ. က(၃) အများ ပြည်သူပိုင်ပစ္စည်းများ အလွဲသုံးစား ရောင်း၀ယ်ဖောက်ကားမှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း သိရပါသည်။

သူ့ညီအရင်းဖြစ်သူ ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးတို့က သူ ထောင်ကျနေ၍ (၇)လခန့် ကြာမြင့်သောအခါတွင် သူ့မိသားစု အတွက် ငွေလိုအပ်လာသဖြင့် (၇၄/ခ၊ ၁)ကို ငွေကျပ်သိန်းတစ်ရာ ငါးဆယ်(-၁၅၀) ဖြင့် ရောင်းလိုကြောင်း ဖွင့်ပြောလာပါသည်။

ထိုသို့ဖွင့်ပြောလာသောအခါတွင် -

- ဥပဒေနှင့်ညီသောပုံစံအရ အရောင်းအ၀ယ်စာချုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ရန်၊

- ကျွန်တော်ဦးစိုးသိန်းက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်ကို ဦးလှမြင့်(ခ)ကရင်အား ပေးအပ်ရန်၊

- ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးကက (၇၄/ခ၊ ၁) ဆိုင်ခန်း သော့နှင့် အကျိုးခံစားခွင့်အရပ်ရပ်၊ စာရွက်စာတမ်းများကို ကျွန်တော် ဦးစိုးသိန်းအား ပေးအပ်ရန်

သဘောတူကတိကဝတ်ပြုပြီး နှစ်ဦးနှစ်ဖက်သဘောတူ၍ အသိသက်သေများရှေ့မှောက်၌ "နှစ်ဦးနှစ်ဖက်သဘောတူ (၇၄/ခ၊ ၁) ဆိုင်ခန်း အရောင်းအဝယ်ကတိစာချုပ်" ချုပ်ဆိုခဲ့ကြပါသည်။

ထိုအချိန်အခါမှ စ၍ (၇၄/ခ၊ ၁)-ဆိုင်ခန်းသော့နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်တော်ဦးစိုးသိန်းက ပိုင်ဆိုင်ခွင့်လက်ရ ရယူခံစားသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

ငွေကျပ်သိန်းတစ်ရာ့ငါးဆယ် (-၁၅၀)ကို ဦးလှမြင့်(ခ)ကရင်-ပါ(၄)ဦးတို့က ပိုင်ဆိုင်ခွင့်လက်ရ ရယူခံစားသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

ဆိုင်းခန်းရောင်းချပြီး ငွေလက်ခံရယူသူ(၃)ဦး

(၇၄/ခ၊ ၁) ဆိုင်ခန်းသော့ပေးအပ်သူများနှင့် ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်လက်ခံသူများမှာ ဦးအောင် မြင့်၏ညီအရင်းဖြစ်သူ၊ ဦးအောင်မြင့်က ဆိုင်ခန်း(၂)ခန်းပေးအပ်ထားခြင်းခံရသူ-ဦးလှမြင့်(ခ)ကရင်၊ ဦးအောင်မြင့်၏ညီအရင်းဖြစ်သူ-မူဆာ၊ ဦးအောင်မြင့်၏ ဇနီးဖြစ်သူ ဒေါ်ရီရီမာ၊ ၎င်းတို့၏သားကြီးဖြစ်သူ အောင်မင်းဦး၊ စုစုပေါင်း (၄) ဦးတို့ ဖြစ်ပါသည်။

၎င်းတို့(၄)ဦးက ဆိုင်ခန်းသော့နှင့် အကျိုးခံစားခွင့်အရပ်

www.burmeseclassic.com

www.burmeseclassic.com


ရပ်၊ စာရွက်စာတမ်းများကို ကျွန်တော်ဦးစိုးသိန်းအား ပေးအပ်ခဲ့ကြခြင်းဖြစ်ပါသည်။ ၎င်းတို့(၄)ဦးက ကျွန်တော်ပေးချေသည့် ငွေကျပ်သိန်းတစ်ရာ့ငါးဆယ် (-၁၅၀)ကို လက်ခံရယူခဲ့ကြခြင်းဖြစ်ပါသည်။ သက်သေခံအဖြစ် တင်ပြထားသည့် (၂/၄)၊ (၂/၅)အမှတ်ပြမိတ္တူများတွင် ပြန်လှန်လေ့လာ၍ သုံးသပ်ကြည့်ရန် လိုအပ်မည် ဖြစ်ပါသည်။

ဖော်ပြပါဖြစ်စဉ်များကို အကောင်အထည်ဖော်ရာတွင် ဖြစ်ခဲ့ရသည့် ဖြစ်ရပ်များအရ-

၁။ ဦးလှမြင့်(ခ)ကရင်-ပါ(၃)ဦးအတွက် ငွေလိုအပ်နေခြင်း၊

၂။ ငွေရရှိရေးအတွက် ဆိုင်ခန်းတစ်ခုခုကို ရောင်းလိုကြောင်း ဖွင့်ဟပြောဆိုလာခြင်း၊

၃။ အရောင်းအဝယ်စာချုပ်တွင် ရောင်းသူနေရာ၌ ပိုင်ရှင်ဖြစ်သူဦးအောင်မြင့်က လက်မှတ်ထိုးပေးရမည်ဖြစ်ရာ ပိုင်ရှင်ဖြစ်သူ ဦးအောင်မြင့်က အကျဉ်းကျခံနေရသူ (ထောင်ကျခံနေရသူ၊ ရာဇဝတ်သား) ဖြစ်နေသဖြင့် လက်မှတ်ထိုးပေးရန် မလွယ်ကူခြင်း၊

၄။ ဦးလှမြင့်(ခ)ကရင်စသူတို့မှာ ထိုအချိန်က မှတ်ပုံတင်မရှိခြင်း၊

၅။ ဦးအောင်မြင့်မှာသာ မှတ်ပုံတင်ရှိ၍ ဆိုင်ခန်းများကို ဦးအောင်မြင့်အမည်ဖြင့်သာထားရှိရခြင်း၊

၆။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြုလုပ်၍ ပစ္စည်းယူ+ငွေပေး၊ ငွေပေး+ပစ္စည်းယူ-ပုံစံဖြင့် အကျိုးသက်ရောက်မှုရှိအောင် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ဦးအောင်မြင့်သည် အ. ပ. က (၃) ပုဒ်မအရ အများပြည်သူပိုင်ပစ္စည်း အလွဲသုံးစား ရောင်းဝယ်ဖောက်ကားမှုဖြင့် ထောင်ဒဏ်(၁၀)နှစ် ကျခံနေရသူအဖြစ်မှ ၂၀၁၂ ခုနှစ်တွင် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တော်သမ္မတ၏ လွှတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။

၂၀၁၂ ခုနှစ်တုန်းက ဆိုင်ခန်းဈေးများ တက်လာခြင်းမရှိသေးသဖြင့် ဦးအောင်မြင့်က ကျွန်တော်ဦးစိုးသိန်းအပေါ် စွဲဆိုခြင်း စသည်များကို စတင်ပြုလုပ်ခဲ့ခြင်းမရှိခဲ့ပါ။

ယခု ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ဆိုင်ခန်းဈေးများက သိန်းပေါင်း (၁၃၀၀)ကျော်အထိ တက်လာကြသည့်အတွက် ဦးအောင်မြင့်(ထောင်ထွက်)က လောဘဇောတိုက်ပြီး "ဆိုင်ခန်းပြန်အပ်လျှင် ပြန်အပ်၊ ပြန်မ အပ်လျှင် ၄၂၀/၄၆၈-ပုဒ်မတွေနှင့် အာမခံမရအောင် တရားစွဲ-ထောင်ချပစ်မယ်"စသည်ဖြင့် ခြိမ်းခြောက်လာခြင်းဖြစ်ပါသည်။

ထို့ကြောင့်ပင် ဦးအောင်မြင့်နှင့်အများ သိရှိကြစေရန် နိုင်ငံတော်ပိုင် သတင်းများတွင် အောက်ပါအတိုင်း ထည့်သွင်းကြော်ငြာခဲ့ရပါသည်။

ကျွန်တော်ဦးစိုးသိန်း၏ကြော်ငြာ (၂) ကြိမ်

- ၃-၃-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် (၇၄/ခ၊ ၁)ဆိုင်ခန်း ပိုင်ဆိုင်ခွင့်ရှိသူမှာ ကျွန်တော်ဦးစိုးသိန်းဖြစ်ကြောင်း ထည့်သွင်းကြေညာခဲ့ရပါသည်။

ထိုကြေညာချက်တွင်-

"ယင်းဆိုင်ခန်းလုပ်ငန်းနှင့်ပတ်သက်ပြီး ဦးစိုးသိန်း၏ ဂုဏ်သိက္ခာနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာစေမည့် အပြုအမူ၊ အပြောအဆို၊ ကြံစည်လုပ်ကိုင်မှုများကို သည်းခံမည် မဟုတ်ဘဲ ဥပဒေနှင့်အညီ တုံ့ပြန်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြုလုပ်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။"ဟု ထည့်သွင်းကြေညာခဲ့ပါသည်။

- ၃၀-၃-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပင် (၇၄/ခ၊ ၁)ဆိုင်ခန်း ပိုင်ဆိုင်ခွင့်ရှိသူမှာ ကျွန်တော် ဦးစိုးသိန်းဖြစ်ကြောင်း တစ်ဖန်ထပ်၍ ဒုတိယအကြိမ် ထည့်သွင်းကြေညာခဲ့ရပြန်ပါသည်။

ထိုကြေညာချက်တွင်-

"ဦးစိုးသိန်းနှင့်မိသားစုပိုင်ဆိုင်လုပ်ကိုင်မှုကို ထိခိုက်ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၃-၃-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အများသိစေရန် ကြေညာထားပြီး ဖြစ်သည့်အတွက် ဦးစိုးသိန်း၏ ဂုဏ်သိက္ခာနှင့်ပိုင်ဆိုင်မှုကို ထိခိုက်စေမည့် မမှန်မကန်ပြုမူ၊ ပြောဆို၊ ထိပါးနှောင့်ယှက်၊ ခြိမ်းခြောက်မှုများကို သည်းခံခွင့်လွှတ်မည်မဟုတ်ဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာ အပ်ပါသည်။"ဟု ထည့်သွင်းကြေညာခဲ့ပါသည်။

ထောင်ထွက်ဦးအောင်မြင့်၏ကြော်ငြာ (၁) ကြိမ်

ဖော်ပြပါ ၃-၃-၂၀၁၅ ကြေညာချက်၊ ၃၀-၃-၂၀၁၅ ကြေညာချက်တို့ကို ဦးအောင်မြင့်က တုံ့ပြန်သည့်အနေဖြင့် ကြေညာထားသည့် ကြေညာချက်တစ်ခုကို (၁၄-၆-၂၀၁၅) ရက်နေ့ ထုတ် မြန်မာ့အလင်းသတင်းစာ၌ တွေ့ရှိလာရပါသည်။

ထိုကြေညာချက်တွင်-

"(၇၄/ခ၊ ၁)ဆိုင်ခန်းကို ပိုင်ဆိုင်ခွင့်ရှိသူမှာ ဦးအောင်မြင့်ဖြစ်ကြောင်း၊ စာချုပ်အစစ်များ လက်ဝယ်ထားရှိပိုင်ဆိုင်သူမှာ ဦးအောင်မြင့်ဖြစ်ကြောင်း၊ ဦးစိုးသိန်း၏ ဖော်ပြပါကြေညာချက်သည်

www.burmeseclassic.com

www.burmeseclassic.com



လုံး၀(လုံး၀) မမှန်မကန် ကြေညာချက်သာဖြစ်ကြောင်း၊ ဦးစိုးသိန်းသည် မမှန်မကန် အတုအပ စာချုပ်များဖြင့် အပိုင်ရယူရန် ကြံစည်လုပ်ကိုင်နေသူဖြစ်ကြောင်း၊ ဖော်ပြပါဆိုင်ခန်းကို ခုနှစ်ရက်အတွင်း ပြန်လည်အပ်နှံရန် တောင်းဆိုလိုက်ကြောင်း၊ မလိုက်နာ-ပျက်ကွက်ပါက စာချုပ်စာတမ်း အတုအပများနှင့် ဆိုင်ခန်းအပိုင်ရယူရန် ကြံစည်ပြုလုပ်နေသူ ဦးစိုးသိန်း(ခ)စိန်ဇေဒါနှင့် ပူးပေါင်းကြံစည် လုပ်ကိုင်နေသူများ အားလုံးကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်"ဟု ထည့်သွင်းကြေညာခဲ့ပါသည်။

သက်သေခံအဖြစ် (၅/က)၊ မှ (၅/ဆ)-အမှတ်ပြအထိ
မိတ္တူများကို ပူးတွဲတင်ပြပါသည်။

၆။ တရားမမှုကြီး ဖြစ်ပေါ်လာပုံ ရှင်းလင်းတင်ပြခြင်း

ဦးအောင်မြင့်ဆိုသူက ဖော်ပြပါအတိုင်း ကြေညာသည့်အတွက်ကြောင့် ကျွန်တော်ဦးစိုးသိန်းက ၂၆-၆-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ တရားမမှုကြီးအမှတ် ၁၈၀/၂၀၁၅ ကို ဖွင့်လှစ်ခဲ့ရပါသည်။

အမှုဖွင့်ရာတွင်-

လူမှုရေးအရသော်လည်းကောင်း၊ ခင်မင်ရင်းနှီးမှုအရသော်လည်းကောင်း၊ ဥပဒေ အရသော်လည်းကောင်း ဖြေရှင်းနိုင်ရန် တရားစွဲဆိုရခြင်းဖြစ်ကြောင်း လူမှုရေးနားလည်မှုဖြင့်ပါ ဖြေရှင်းနိုင်ကြောင်း ထည့်သွင်းပြီး မေတ္တာမပျက် သက်သက်ညညှာ စွဲဆိုခဲ့ခြင်းဖြစ်ပါသည်။

သို့သော်လည်း တရားရုံးက ရုံးချိန်းရှိကြောင်း အကြောင်းကြား၍ အကြိမ်ကြိမ်ဆင့်ခေါ်ခဲ့ရာ ဦးအောင်မြင့်က တစ်ကြိမ်တစ်

www.burmeseclassic.com

www.burmeseclassic.com



ခါမှ လာရောက်ဖြေရှင်းခြင်းမရှိကြောင်း ပေါ်ပေါက်ခဲ့ပါသည်။

ထို့ကြောင့် ၂၉-၈-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၂) ဦးရွှေမောင်က တရားရုံးတံဆိပ်ဖြင့် "၂၀၁၅ ခုနှစ်၊ တရားမမှုကြီးအမှတ် ၁၈၀/၂၀၁၅-"အတွက် ဦးအောင်မြင့် သိစေရန်နှင့် ငြင်းချက်ထုတ်ရန် သမ္မာန်စာ ထုတ်ဆင့်ခဲ့ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ
ထုတ်ပြန်ကြေညာသည့် သမ္မာန်စာ

ငြင်းချက်ထုတ်ရန် သမ္မာန်စာတွင် "တရားလိုဦးစိုးသိန်းက ဆိုင်ခန်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက် ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိနေကြောင်း၊ ၎င်းစွဲဆိုမှုကို ချေပနိုင်က ချေပနိုင်ရန်အလို့ငှါ ၁၆-၉-၂၀၁၅ ရက်နေ့၊ မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ လာရောက်ရမည် ဖြစ်ကြောင်း၊ မလာမရောက်-ပျက်ကွက်ပါက ဦးအောင်မြင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးမည် ဖြစ်ကြောင်း"ဖော်ပြလျက် သိစေခဲ့ပါသည်။ ဦးအောင်မြင့်သည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ငြင်းချက်ထုတ်ရန် သမ္မာန်စာအတွက် လာရောက်ဖြေရှင်းခြင်း မရှိခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါသည်။

ထို့ကြောင့် ၂၃-၁၁-၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ဦးအောင်မြင့်မျက်ကွယ်တွင် တရားလိုကျွန်တော်ဦးစိုးသိန်းလျှောက်ထားစွဲဆိုချက်အရ ဆိုင်ခန်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက် ဟကြေညာပေးစေလိုမှုကို စီရင်ချက်/အမိန့် ချမှတ်ပေးရန် ရုံးချိန်းခေါ်ထားပြီး ဖြစ်ပါသည်။

သက်သေခံအဖြစ် (၆/က)အမှတ်ပြမိတ္တူများကို ပူးတွဲတင်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၇။ ပြစ်မှုကြီးဖြစ်ပေါ်လာပုံ ရှင်းလင်းတင်ပြခြင်း

ဦးအောင်မြင့်သည် ဖော်ပြပါ တရားမမှုကြီးကို လုံးဝဖြေရှင်းခြင်းမရှိဘဲ ကျွန်တော်ဦးစိုးသိန်း-ပါ(၄) ဦးတို့အပေါ် ပြစ်မှုအရ ဖမ်းဆီးထောင်ချရန် ကြံစည်လုပ်ဆောင်လာပါသည်။ ၂၆-၇-၂၀၁၅ ရက်စွဲဖြင့် (၁၄) ဌာနသို့ တိုင်ကြားခဲ့ပါသည်။

ထိုတိုင်ကြားစာတွင် "စာပိုဒ်(၁၀)ပိုဒ်ပါရှိရာ စာပိုဒ်အမှတ် (၂)၊ (၅)၊ (၆)-တို့အရ (၇၄/ခ၊ ၁)ဆိုင်ခန်း ကို ဦးအောင်မြင့်က ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဦးအောင်မြင့်ကိုယ်တိုင် မပါဝင်ဘဲ ရောင်းသူများအားလုံးသည် လက်မှတ်အတုအပပြုလုပ်သူများဖြစ်ကြောင်း၊ စာချုပ်စာတမ်းအတုအပပြု လုပ်သူများဖြစ်ကြောင်း"ဖော်ပြလျက် တိုင်ကြားထားပါသည်။

၅-၈-၂၀၁၅ ရက်စွဲဖြင့် အင်းစိန်မြို့မရဲစခန်းတွင် "ယုံကြည်စွာဖြင့် အပ်နှံထားသော ပွဲရုံဆိုင်ခန်းအား စာချုပ်အတုအပပြုလုပ်၍ အလွဲသုံးစား ရောင်းချထားသူနှင့် အလွဲသုံးစားရောင်းချနေမှန်း သိလျက်နှင့် မမှန်မကန် ဝယ်ယူထားသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခြင်း"ဆိုသည့် အကြောင်းအရာဖြင့် အမှုဖွင့်တိုင်ကြားခဲ့ပါသည်။

အမှုဖွင့်တိုင်ကြားစာတွင် ဦးအောင်မြင့်၏ညီအရင်းဖြစ်သူ၊ ဦးအောင်မြင့် အကျဉ်းကျနေစဉ် သူ့မိသားစုများကို လုပ်ကိုင်ကျွေးမွေးရန် ဆိုင်ခန်း(၂)ခန်း ပေးအပ်ခြင်းခံရသူ ဦးလှမြင့်(ခ)ကရင်အား စာချုပ်စာတမ်း အတုအပပြုလုပ်ခဲ့ကြောင်းဖြင့်လည်းကောင်း၊ ၎င်းစာချုပ်တွင် ညီဖြစ်သူဦးလှမြင့်(ခ)ကရင်ကိုယ်တိုင် ဦးအောင်မြင့်ကိုယ်စား ဦးအောင်မြင့်၏မှတ်ပုံတင်နံပါတ်၊ ဦးအောင်မြင့်၏ အမည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်လက်မှတ်အတုတို့ကို အသုံးပြု၍ ဦးအောင်မြင့်ကိုယ်စား လက်မှတ်ထိုးခဲ့ကြောင်းဖြင့်လည်းကောင်း အမှုဖွင့်တိုင်ကြားထားပါသည်။

ထို့ပြင် ကျွန်တော်ဦးစိုးသိန်း(ဝယ်သူသူ)နှင့် အသိသက်သေ (၂)ဦးတို့အားလည်း တရားခံဖြစ်အောင် ထည့်သွင်း၍ အမှုဖွင့်တိုင်ကြားထားပါသည်။

အထူးတင်ပြလိုသည့်အချက်မှာ ဦးအောင်မြင့်၏အမှုတိုင်ကြားစာတွင် "ဦးစိုးသိန်း(ဝယ်ယူသူ)ကို ညှိနှိုင်း ပြောဆိုရာတွင်လည်း ဦးစိုးသိန်းက "ဒါ တရားမမှုကွ၊ ခင်ဗျား တရားစွဲလည်း ငွေကုန်မယ်။ ခင်ဗျား ငွေလိုက်နိုင်လို့လား"ဟု ရိသဲ့သဲ့ပြော ဆိုခဲ့သည့်အပြင် အနီးအနားရှိမိတ်ဆွေများကို "လုပ်ကြပါအုံးကွာ၊ အောင်မြင့်က ရာဇဝတ်မှုနဲ့စွဲရင် ငါ့ကို အာမခံလိုက်ကြပါအုံး"လို့ ရိသဲ့သဲ့စကားများဖြင့် ကျွန်တော့်အား ဥပဒေကို အလေးမပြုဟန်ဖြင့် တုံ့ပြန်ခဲ့ကြပါသည်"ဟူ၍ ဖော်ပြထားပါသည်။

ကျွန်တော့်ပြောစကားအဖြစ် ဦးအောင်မြင့်က ဖော်ပြထားသည့်စကားလုံးများသည် ကျွန်တော်ပြော ကြားသည့်စကားလုံးများ လုံးဝမဟုတ်ကြောင်း ကျွန်တော့်အနေဖြင့် ရှင်းလင်းတင်ပြပါသည်။

ကျွန်တော်ဦးစိုးသိန်းသည် ဥပဒေကို အလေးပြုသူလည်းဖြစ်သည့်အပြင် လူမှုရေးကိုလည်း အလေးပြုသူလည်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျွန်တော်၏တရားမမှုအမှုဖွင့်တိုင်ကြားစာ၌ "လူမှုရေးအရသော်လည်းကောင်း၊ ခင်မင်ရင်းနှီးမှု အရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း ဖြေရှင်းနိုင်ရန် တရားစွဲဆိုရခြင်းဖြစ်ကြောင်း"ဟု အတိအလင်း အပြည့်အဝ ဖော်ပြထားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင့်သည် ဖြောင့်လိမ်စကားများဖြင့် တာဝန်ရှိသူများကို မျက်စိလည်အောင်၊ အမှား/အမှန် ဝေဖန်ခွဲခြားနိုင်ခြင်းမရှိတော့ဘဲ ကျွန်တော်ဦးစိုးသိန်းအပေါ် အပြစ်မြင်လောက်အောင် တမင်အောက်တန်းကျသည့် စကားလုံးများဖြင့် လုပ်ကြံနေသူဖြစ်ကြောင်း သိသာလှပါသည်။ ထိုစကားများကို ကျွန်တော်ဦးစိုးသိန်းက ပြောသည်ဆိုလျှင် ဘယ်သူများက ကြားခဲ့ကြပါသနည်း။ သက်သေရှိဖို့လိုပါသည်။

ဦးအောင်မြင့်က ထိုသို့အမှုဖွင့်တိုင်ကြားထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးခြင်းမရှိသေးဟု သိရှိပြီး ၁၅-၁၀-၂၀၁၅ ရက်စွဲဖြင့် ဌာန(၅)ဌာနသို့ အသနားခံစာတစ်စောင် တင်ခဲ့ပါသည်။

ထိုအသနားခံစာတွင် အကြောင်းအရာနေရာ၌ "အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တရားလိုတိုင်ချက်အရ တရားခံများ ပြစ်မှုကျူးလွန် ကြောင်း ထင်ရှားနေသည့် ပြစ်မှုကြီးတရားခံများကို ဖမ်းဆီးအရေးယူမှု နှောင့်နှေးကြန့်ကြာနေရသည့်အတွက် တရားလိုမိသားစု နစ်နာနေရသည့်အမှုကို အမြန်ဆုံး ဖမ်းဆီးအရေးယူပေးနိုင်ရန် ညွှန်ကြားပေးပါရန် အသနားခံခြင်း"ဟု ဖော်ပြလျက် ဥပဒေပုဒ်မ ၄၂၀/၄၆၈ အရ ဖွင့်လှစ်ထားသည့်အမှုကို ရည်ညွှန်းကြောင်း ထည့်သွင်းဖော်ပြထားပါသည်။

ဦးအောင်မြင့်၏အသနားခံစာထဲမှ နေ့စဉ်မှတ်တမ်း

အမှုနေ့စဉ်ကြုံတွေ့ရမှု နေ့စဉ်မှတ်တမ်း (အမှုဖြစ်စဉ်အကျဉ်း)ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

၁၁-၈-၂၀၁၅ ရက်နေ့တွင် တိုင်ကြားချက်ရေးဖွင့်၊ ဒုရဲအုပ်ဦးလှအောင်ထံတွင် အစစ်ခံဟုလည်းကောင်း၊ သက်သေခံအဖြစ် (က) လက်မှတ်အတုရေးထိုးရောင်းချထားသည့်စာချုပ်၊

www.burmeseclassic.com

www.burmeseclassic.com



. . . . . (ဇ) အခွန်အခဆိုင်ရာ စာရွက်စာတမ်းများကို ဒုရဲအုပ် ဦးလှအောင်ထံ ပေးအပ်ဟုလည်းကောင်း ပါရှိပါသည်။

၁၅-၈-၂၀၁၅ ရက်နေ့တွင် ဦးအောင်မြင့် အကျဉ်းကျ ခံရမည်ဖြစ်၍ ညီအရင်းဖြစ်သူ ဦးလှမြင့်(ခ)ကရင်အား ဆိုင်ခန်း(၂)ခန်း ပေးအပ်ခဲ့ကြောင်း မျက်မြင်သက်သေ ဦးတင်ဋ္ဌေ တို့အား ခေါ်ယူ၍ အစစ်ခံ၊ ထွက်ချက်ပေးဟုလည်း ပါရှိပါသည်။ (ဦးအောင်မြင့်ကိုယ်တိုင်ရေး အသနားခံစာတွင် ပါရှိသည့်အချက်။)

၅-၁၀-၂၀၁၅ ရက်နေ့၊ ညနေ (၆း၃၀)နာရီခန့်တွင် ဒုရဲအုပ်ဦးလှအောင်က ခရိုင်နှင့်ဥပဒေရုံးတို့မှ ပြစ်မှုပုဒ်မ (၄၂၀/၄၆၈) တို့ဖြင့် အရေးယူရန် ချပေးထားပြီးဖြစ်ကြောင်း ပြောပြသိရှိဟုလည်း ပါရှိပါသည်။

ထို့ပြင် ၂-လကျော်ကြာသည့်တိုင်အောင် တရားခံများကို အရေးယူခြင်းမရှိသေး၍ အသနားခံရခြင်းဖြစ်ကြောင်းဟုလည်း ပါရှိသေးသည်။

ဖော်ပြပါအသနားခံစာကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက တရားလိုဦးအောင်မြင့်နှင့် လိုပြသက်သေ(၃)ဦး အပါအဝင် လိုအပ်သောစာရွက်စာတမ်းများကို ထပ်မံစစ်ဆေးခဲ့ကြောင်း သိရပါသည်။

ယင်းသို့စစ်ဆေးပြီးနောက်-

၁၃၇၇ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက် (၂၃-၁၀-၂၀၁၅) ခန့်တွင် အသိသက်သေအဖြစ်လက်မှတ် ထိုးပေးသူ ဂျိမ်းပီတာ(ခ)ကိုပီတာကို ခေါ်ယူပြီး စစ်ဆေးခဲ့ပါသည်။ စစ်ဆေးပြီး အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ပါသည်။ အသိသက်သေအဖြစ် လက်မှတ်ထိုးပေးသူ ဦးမင်းဦးကိုမူ ယနေ့တိုင်အောင် ဖမ်းမိခြင်း မရှိသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



၁၃၇၇ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (၂၇-၁၀-၂၀၁၅) တွင် ကျွန်တော်ဦးစိုးသိန်း(ခ)စိန်ပေဒါကို ဒုရဲအုပ်(အမှုကိုင်) လှအောင်က ဖုန်းဆက်ခေါ်ယူရာ ကျွန်တော်ဦးစိုးသိန်းက သွားရောက်ဖြေရှင်းပေးခဲ့ပါသည်။ ထိုသို့သွားရောက်ဖြေရှင်းပေးစဉ် တစ်ခါတည်း ဖမ်းဆီးခဲ့ပြီး အချုပ်ချထားခဲ့ပါသည်။

ဖမ်းဆီးပုံမှာ-

၂၇-၁၀-၂၀၁၅ ရက်နေ့၊ နံနက် ၁၀ နာရီခန့်တွင် "မေးစရာရှိလို့ စခန်းကို လာခဲ့ပါ"ဟု ဖုန်းဆက်အကြောင်းကြားခေါ်ယူ ပြီး စစ်ဆေးမေးမြန်းပါသည်။ ညနေ ၃ နာရီခန့်တွင် အင်းစိန်မြို့မရဲစခန်းရှိအချုပ်ခန်း၌ အချုပ်ချထားခြင်း ဖြစ်ပါသည်။

ထို့နောက် ၂၉-၁၀-၂၀၁၅ ရက်နေ့တွင် အင်းစိန်မြို့နယ်တရားရုံးတွင် ရုံးထုတ်ရာ တရားသူကြီးက စတင်စစ်ဆေးပါသည်။

၁၁-၁၁-၂၀၁၅ ရက်နေ့တွင် ဒုတိယရုံးချိန်းဖြစ်ကြောင်း သတ်မှတ်ပေးလိုက်ပါသည်။

တရားရုံးတွင် စစ်ဆေးပြီးနောက် အချုပ်ချန်းအတွင်း၌ ထပ်မံထည့်သွင်း၍ အချုပ်ချထားပြန်ပါသည်။

သက်သေခံအဖြစ် (၇/က) မှ (၇/ဆ)-အမှတ်ပြအထိ
မိတ္တူများကို ပူးတွဲတင်ပြပါသည်။

### ၈။ သံဃာတော်များ ကြွရောက်လာတော်မူကြပြီး အမှုမှန်ပေါ်ပေါက်ရေး ဆွေးနွေးတော်မူကြခြင်း

၁၃၇၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (၂၉-၁၀-၂၀၁၅) ရက်နေ့၊ ည ၇ နာရီခန့်တွင် မကွေးကျောင်းဆရာတော် ဦးပါမောက္ခနှင့် မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ- သံဃာတော်များ အင်းစိန်မြို့မရဲစခန်းကို ကြွရောက်လာတော်မူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်များက ကျွန်တော်ဦးစိုးသိန်း၏ဇနီး ဒေါ်ဖြူ၏ လျှောက်ထားမှုအရ လိမ်လည်မှုကျူးလွန်သူအစစ်အမှန်မှာ ဦးအောင်မြင့်၏ညီအရင်းဖြစ်သူ ဦးလှမြင့်(ခ)ကရင် (ဘင်္ဂလားဒေ့ရှ်-ဘင်္ဂါလီ+ဗမာ၊ အစ္စလာမ်ဘာသာကိုးကွယ်သူ၊ ကုလားလူမျိုး)နှင့် ၎င်းတို့၏ညီအရင်းဖြစ်သူ မူဆာ (ဘင်္ဂလားဒေ့ရှ်-ဘင်္ဂါလီ+ဗမာ၊ အစ္စလာမ်ဘာသာကိုးကွယ်သူ၊ ကုလားလူမျိုး)တို့ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆက် ဖြစ်ကြောင်း၊ ဓနုဖြူဘက်မှ ရန်ကုန်-တာမွေမြို့နယ်အတွင်း ပြောင်းရွှေ့ရောက်ရှိလာသူများဖြစ်ကြောင်း သိရပါသည်။

ကျွန်တော်ဦးစိုးသိန်းသည် လိမ်လည်မှု ကျူးလွန်သူ မဟုတ်ကြောင်း၊

အမှန်တကယ်လိမ်လည်မှု ကျူးလွန်သူများကို မဖမ်းဆီးဘဲ လိမ်လည်မှုမကျူးလွန်သူ ကျွန်တော်ဦးစိုးသိန်းကို ဖမ်းဆီးထားသည်မှာ မှားယွင်းစွာ လုပ်ဆောင်ထားမှုဖြစ်နေကြောင်း၊ အမှန်တရားပေါ်ပေါက်အောင် မေတ္တာရပ်ခံရန်နှင့် ဖြစ်သင့်သည့်အနေအထားများကို ဆွေးနွေးရန် ကြွရောက်လာတော်မူကြခြင်းဖြစ်ကြောင်း သိရပါသည်။

သံဃာတော်များသည် မေတ္တာဖြင့် ကြွရောက်လာတော်မူကြပြီး မေတ္တာဖြင့် ကူညီစောင့်ရှောက်တော်မူကြခြင်း ဖြစ်ပါသည်။

သံဃာတော်များ၏ မေတ္တာရပ်ခံချက်နှင့် ဖြစ်သင့်သည့် အနေအထားများကို ဒုရဲမှူးဦးရွှေဇံ၊ ဒုရဲအုပ် (အမှုကိုင်)ဦးသို့အောင်တို့က လက်ခံခြင်းမရှိသော်လည်း မြို့နယ်မှူးဦးစိုးသိန်းက လက်ခံလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ၎င်းရက်နေ့(၂၉-၁၀-၂၀၁၅)ည ၇ နာရီ ခန့်တွင် လုပ်ထုံးလုပ်နည်းပုံစံအရ အာမခံလက်မှတ်ရေးထိုးပြီး အချုပ်ချထားခြင်းမှ လွတ်မြောက်ခွင့်ရရှိခဲ့ပါသည်။

၎င်းရက်နေ့(၂၉-၁၀-၂၀၁၅)ညသန်းခေါင်းချိန်တွင် တိမ်းရှောင်လွတ်မြောက်နေသူ ဦးလှမြင့်(ခ)ကရင် ကို ဖမ်းဆီးရမိကြောင်း၊ အင်းစိန်မြို့မရဲစခန်းရှိအချုပ်ခန်း၌ ၎င်းဦးလှမြင့်(ခ)ကရင်ကို အချုပ်ချနိုင်ပြီဖြစ်ကြောင်း ကြားသိရပါသည်။ ၎င်းဦးလှမြင့်(ခ)ကရင်၏ ထွက်ချက်မှ ကောက်နုတ်ချက်ကို တင်ပြထားပြီးဖြစ်ပါသည်။

၂၉-၁၀-၂၀၁၅ ရက်နေ့ညတွင် သံဃာတော်များ ကြွရောက်မေတ္တာရပ်ခံမှုအကြောင်း၊ အာမခံဖြင့် လွတ်မြောက်ခွင့်ပေးမှုအကြောင်းများသည် ၎င်းရက်နေ့(၂၉-၁၀-၂၀၁၅)ညမှစ၍ ၃၀ ရက်နေ့တိုင်အောင် FACEBOOK- ပေါ်တွင် ပျံ့နှံ့လာခဲ့ကြပါသည်။ FACEBOOK ပေါ်တွင် ပျံ့နှံ့လာသည့်ကိစ္စကြီးများအား ရှင်းလင်းတင်ပြချက်အမည်ဖြင့် တရားလိုဦးအောင်မြင့်က စာထုပ်ပြီး နိုင်ငံတော်သံဃ္ဃာ အစရှိသည့် (၁၂)ဌာနသို့ ပေးပို့ခဲ့သည်ကို စာဖြင့် တုံ့ပြန်ဖြေရှင်းရန် လိုအပ်လာသဖြင့် ဤစာဖြင့် တုံ့ပြန်ဖြေရှင်းရခြင်းဖြစ်ပါသည်။

သက်သေခံအဖြစ် (ဂ/က) မှ (ဂ/ဃ)-အမှတ်ပြ
အထိ မိတ္တူများကို ပူးတွဲတင်ပြပါသည်။

မိတ္တူကို

-ညွှန်ကြားရေးမှူး၊ (စစစ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့

-ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးရေးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com


-ဥက္ကဋ္ဌဆရာတော်၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

--------

ဦးစိုးသိန်း
(၁၂/ဥကမ(၁၂)၀၃၃၆၂၄)
အဆောင်(၆၇/၃)
နီလာ(၃)လမ်း၊
စော်ဘွားကြီးကုန်းပွဲရုံဝင်း
စော်ဘွားကြီးကုန်းရပ်ကွက်
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



www.burmeseclassic.com

www.burmeseclassic.com


# နဝမအကြိမ် စာတမ်းဖတ်ပွဲ




(၁၆ - ၁ - ၂၀၁၆)၊ စာတမ်း ၁၆ စောင်






www.burmeseclassic.com

www.burmeseclassic.com



















www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com



# သတင်းစာရှင်းလင်းပွဲ



(၉ - ၄ - ၂၀၁၅)၊ သက်သေခံ ၄ ဦး









www.burmeseclassic.com

www.burmeseclassic.com



၁။ကျော်ဇင်လင်း
၂။ဝင်းရွှေ
၃။ဆွေဆေနှင်းနု
၄။နှင်းကေသီစိုး



သက်သေခံ
၄ ) ဦးနှင့်





သတင်းစာရှင်းလင်းပွဲ (၉-၄-၂၀၁၅)







www.burmeseclassic.com

www.burmeseclassic.com

(၃၁-၃-၂၀၁၅)၊ အမှတ်တရ နေ့တစ်နေ့




www.burmeseclassic.com

www.burmeseclassic.com








ဥပဒေအထက်မှာ ဘယ်သူတွေရှိနေသလဲ
အတွဲ(၁)၊ အမှတ်(၁) မျက်နှာဖုံး



ဥပဒေအထက်မှာ ဘယ်သူတွေရှိနေသလဲ
စာအုပ်မိတ်ဆက်ပွဲ အခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com


## မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-၏





အမျိုးသားရေးလှုပ်ရှားမှုပုံရိပ်များ မျက်နှာဖုံး




www.burmeseclassic.com

www.burmeseclassic.com



# ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်းကို တုံ့ပြန်ဖြေရှင်းသည့် သတင်းစာရှင်းလင်းပွဲ

အစီစဉ် (၁) အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာခြင်း၊

အစီစဉ် (၂) တိုင်းဒေသကြီးရဲတပ်ဖွဲ့၏တိုင်ကြားစာ၊ တိုင်းဒေသကြီးဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်တို့ကို အခမ်းအနားမှူး ဦးအောင်မြိုင်(မစိုးရိမ်စာသင်သား) ဖတ်ကြားတင်ပြခြင်း၊

အစီစဉ် (၃) မကွေးကျောင်းဆရာတော်ဦးပါမောက္ခ-က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းအကြောင်းရင်းများကို ရှင်းလင်းတင်ပြခြင်း၊

အစီအစဉ် (၄) အပိုင်း(က) ကိုကျော်ဇင်လင်းက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊ အပိုင်း(ခ) မဆွေဆွေနှင်းနုက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊ အပိုင်း(ဂ) မနှင်းဝေသီစိုးက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊ အပိုင်း(ဃ) ဦးဝင်းရွှေက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊

အစီအစဉ် (၅) သိလိုသူများ၊ မီဒီယာသတင်းထောက်များက သိလိုသည့်အချက်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားပေးခြင်း၊

အစီအစဉ် (၆) အခမ်းအနား အောင်မြင်စွာ ပြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကြေညာခြင်း

ဖော်ပြပါအစီအစဉ်(၂)အရ ဆရာတော်ဦးပါမောက္ခ (မကွေးကျောင်းဆရာတော်)၏ ရှင်းလင်းတင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ရုပ်သံခွေမှ စာဖြင့် ကူးယူရေးသား ထားခြင်းဖြစ်၍ မူရင်းအတိုင်းပင် ဖြစ်ပါသည်။

ဘုန်းကြီးက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ် အမှတ် ၁ ရပ်ကွက် အနော်ရထာလမ်း မကွေးပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပါမောက္ခ ဖြစ်ပါ တယ်။



ယနေ့ စီးတီးစတားဟိုတယ်မှာ ကျင်းပတဲ့ သတင်းစာရှင်း လင်းပွဲမှာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဆရာတော်များထံ

www.burmeseclassic.com

www.burmeseclassic.com



"မကွေးကျောင်းဆရာတော်-ပါ သံဃာတော်များက တရားဥပဒေစိုးမိုးရေးကို ဝင်ရောက်စွက်ဖက်ဟန့်တားနေသည်"လို့ မဟုတ်မမှန်လိမ်လည်တိုင်ကြားထားသည့်အပေါ် ပြန်လည်ဖြေရှင်းသွားမှာဖြစ်ပါတယ်။

ယနေ့ အရိုး(ခ)ကျော်ဇင်လင်း(လိပ်စာ)ကို မင်္ဂလာတောင်ညွန့်ရဲစခန်းက အရေးယူထားလို့ သူ့အမျိုးသမီးက လာရောက်လျှောက်ထားတဲ့အတွက် ဘုန်းကြီးက မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းကို ၃ လပိုင်း၊ ၁၆ ရက်နေ့မှာ တစ်ကြိမ် သွားရောက်ခဲ့ပါတယ်။ သွားရောက်ရခြင်းအကြောင်းရင်းကတော့ ကျော်ဇင်လင်းရဲ့အမျိုးသမီးက သူ့ယောကျ်ား အရိုး(ခ)ကျော်ဇင်လင်းကို မဟုတ်မမှန်လိမ်လည်ပြီးတော့ ကုလားစိုးကျော်နိုင်က တိုင်ကြားလို့ အချုပ်ထဲထည့်ထားတာခံနေရပါတယ်ဆိုပြီး လာလျှောက်ပါတယ်။

လာလျှောက်တဲ့အခါမှာ ဘုန်းကြီးအနေနဲ့ စာရွက်စာတမ်းများကို စစ်ဆေးကြည့်ပါတယ်။ စစ်ဆေးကြည့်တဲ့အခါမှာလည်း ဘုန်းကြီးတစ်ပါးတည်းကြည့်တာ မဟုတ်ပါဘူး။ ရှေ့နေကိုခေါ်ပြီးတော့ ကြည့်ခိုင်းပါတယ်။ ၄၀၆ စာရွက်စာတမ်း လိမ်လည်မှု လုံးဝမမြောက်တာကို တွေ့ရပါတယ်။

အဲဒါကြောင့် ဘုန်းကြီးက ၁၃ ရက်၊ ၃ လ၊ ၂၀၁၅၊ နေ့ ၁၂ နာရီအချိန်ခန့်လောက်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းကို သွားရောက်ပြီးတော့ ကျော်ဇင်လင်းမှာ ၄၀၆ မြောက်သလားလို့ မေးကာ စာရွက်စာတမ်းတွေကို ပြလိုက်တဲ့အခါကျတော့ "ကုလားစိုးကျော်နိုင်ရဲ့တိုင်ကြားချက်အရ သူတို့က ပြုလုပ်ရခြင်းပဲ ဖြစ်တယ်" လို့ ပြောပါတယ်။

"ဒီလိုဆိုလို့ရှိရင် တစ်ဖက်က တိုင်ကြားတဲ့အတိုင်း ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေမယ်ဆိုရင် အလွန့်အလွန် နစ်နာကုန်ပါပြီ။ ယခု ကျော်ဇင်လင်းမှာ ၄ဝ၆ မြောက်/မမြောက် ပြောပါ”ဆိုတော့ “မမြောက်ပါဘူး”တဲ့။ “မမြောက်ပေမယ့် ဥပဒေအကြံတောင်းကို တင်ချင်ပါသေးတယ်”တဲ့။ “ဒီလိုတော့ မရဘူး။ အပြစ်မရှိဘဲနဲ့ အခု ၈ ရက်တိတိ မင်္ဂလာတောင်ညွန့်အချုပ်ခန်းထဲမှာ ရောက်နေရပါတယ်”လို့ ပြောပါတယ်။

အမှန်တကယ်ကတော့ ကျော်ဇင်လင်းဆီက သိန်းတစ်ထောင်တိတိကို ကုလားစိုးကျော်နိုင်က လိမ်ထားတာပါ။ အဲဒီသိန်းတစ်ထောင်ကို ပေးရမှာကြောက်လို့ ကုလားနဲ့ ရဲနဲ့ ပေါင်းပြီးတော့ ကျော်ဇင်လင်းကို အချုပ်ထဲဆွဲထည့်ပြီးတော့ လုပ်ထားတာပါ။ ၄ဝ၆ ဆိုတာက အာမခံရတဲ့ပုဒ်မ မဟုတ်ပါဘူး။ ၇ နှစ်၊ ၃ နှစ်အထိ ထောင်ကျနိုင်ပါတယ်။ ဘုန်းကြီးက တရားဥပဒေစိုးမိုးရေးကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ပါဘူး။

တရားဥပဒေစိုးမိုးမှုမရှိလို့ တရားဥပဒေစိုးမိုးမှုကိုလိုလားလို့ မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ သွားရောက်ပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ အရိုး(ခ)ကျော်ဇင်လင်းကို အရှေ့ပိုင်းခရိုင်ရဲမှူးကြီး ဦးမြင့်ထွေးက နေ့ချင်းအမြန်ဆုံး ထုတ်ပေးလိုက်ပါတယ်။ အဲဒီအတွက် အရှေ့ပိုင်းခရိုင်ရဲမှူးကြီးဦးမြင့်ထွေးကို ဘုန်းကြီးတို့က ကျေးဇူးတင်ပါတယ်။

“သူ မှားသွားပါတယ်”လို့ ဝန်ခံပြီးတော့ ဝန်ခံချက်အတိုင်းပဲ ပြန်လွှတ်ပေးပါတယ်။ အကယ်၍သာ ဘုန်းကြီး-မကွေးကျောင်းဆရာတော်နဲ့ မျိုးချစ်မြန်မာရဟန်းတော်များသဃ်ာ့မှ သံဃာတော်များ ပါမလာဘူးဆိုရင် ဗမာဖြစ်တဲ့ အရိုး(ခ) ကျော်ဇင်လင်းဟာ ယနေ့ အင်းစိန်ထောင်ထဲမှာ ကျန်းသေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

တရားမျှတမှုမရှိတာက မကွေးကျောင်းဆရာတော်လား၊ မင်္ဂလာတောင်ညွန့်ရဲစခန်းက ရဲတွေလားဆိုတာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားပါတယ်။

တရားဥပဒေစိုးမိုးမှုရှိမယ်ဆိုရင် မကွေးကျောင်းဆရာတော်က မည်သည့်ရဲစခန်းကိုမှ သွားမှာလည်းမဟုတ်ပါဘူး။ မည်သည့်တရားရုံးကိုမှ သွားမှာလည်းမဟုတ်ပါဘူး။

ဘုန်းကြီး ယခု ပြောချင်တာကတော့ မင်္ဂလာတောင်ညွန့်ရဲစခန်းတစ်ခုတည်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ ရဲတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့တရားရုံးတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ရှေ့နေတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ဥပဒေအကြံပေးတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့တရားသူကြီးတွေဟာ ယနေ့ မတရားသူကြီးတွေ ဖြစ်နေပါပြီ။ ဒါကို ဘုန်းကြီးတို့က ပြုပြင်ပြောင်းလဲစေချင်လို့၊ မြန်မာပြည်ကြီး စိန်းလန်းသာယာစေချင်လို့ ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။

ဥပဒေဆိုတာ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားတို့ရဲ့အကြားမှာ စည်းရိုးတစ်ခုပါပဲ။ မြန်မာပြည်သူပြည်သားများဟာ အုပ်ချုပ်သူများရဲ့လုပ်ရပ်များကြောင့် တရားဥပဒေအောက်မှာ မနေရပါဘူး။ မတရားတဲ့ဥပဒေတွေအောက်မှာသာ နေကြရပါတယ်။

တရားဥပဒေစိုးမိုးတယ်ဆိုလို့ရှိရင် မြန်မာပြည်သူပြည်သားတွေဟာ တရားဥပဒေရဲ့အကာအကွယ်၊ အစောင့်အရှောက်ကို ရတဲ့အတွက်ကြောင့် စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ကြရမှာ ဖြစ်ပါတယ်။ မမှန်မကန်လုပ်တဲ့သူတွေကို အပြစ်ပေးလို့ ရပါတယ်။ အခုတော့ အဲသလိုမဟုတ်ဘဲနဲ့ မှန်မှန်ကန်ကန်နေတဲ့ပုဂ္ဂိုလ်တွေက

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ထဲမှာ ရောက်နေရပါတယ်။ မမှန်မကန်လုပ်တဲ့သူတွေက တော့ အပြင်မှာပဲ လွတ်လွတ်လပ်လပ် ရှိနေပါတယ်။

ဘုန်းကြီးကို ရန်ကုန်တိုင်းဒေသကြီးဂိုဏ်းပေါင်းစုံသံဃနာ ယကအဖွဲ့ထံ တိုင်ကြားခြင်းနဲ့ပတ်သက်လို့ ဆက်လက်ပြီးတော့ ရှင်း ပါ့မယ်။

ဘုန်းကြီးက မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းကို ၃ လပိုင်း ၁၆ ရက်နေ့က တစ်ကြိမ် သွားခဲ့ပါတယ်။ ၃ လပိုင်း ၃၁ ရက်နေ့မှာ တစ်ကြိမ် ထပ်သွားပြီးတော့ အော်ခဲ့ပါတယ်။ ဘယ်လိုအော်ခဲ့သလဲ ဆိုလို့ရှိရင် "ကူညီပါရစေဆိုတာ လာဘ်ပေးတဲ့ပုဂ္ဂိုလ်တွေကိုသာ ကူညီနေပါတယ်။ ကုလားတွေကိုသာ ကူညီနေပါတယ်။ ခရိုနီတွေကို သာ ကူညီနေပါတယ်။ အာဏာရှင်တွေကိုသာ ကူညီနေပါတယ်။ မြန်မာပြည်သူပြည်သားများဟာ တရားဥပဒေရဲ့ အကာအကွယ်၊ အစောင့်အရှောက်ကို မရပါ။ သို့ပါ၍ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးပါ"လို့ အော်ခဲ့ပါတယ်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းရှေ့မှာ လော်တိုကလေး နဲ့၊ ဟန်းစပီကာအတိုကလေးနဲ့ အဲသလိုအော်တဲ့အပေါ် မှာ မကျေ မနပ် ဖြစ်ကြပြီးတော့ တိုင်ကြားတာပါ။

ဘုန်းကြီးက (၂-၄-၂၀၁၅)မှာ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်မှာ တရားပွဲတစ်ပွဲ လက်ခံထားလို့ သွားပါတယ်။ အရှေ့ပိုင်းခရိုင်ရဲမှူးကြီးဦးမြင့်ထွေးက "ဘုန်းကြီးနဲ့ ညလာတွေ့ချင် တယ်"လို့ ဖုန်းဆက်ပါတယ်။ "ဘုန်းကြီးမအားဘူး၊ သွားစရာရှိတယ်" လို့ အကျိုးအကြောင်း ပြောခဲ့ပါတယ်။

ဒီကြားထဲမှာ ဘယ်လိုဖြစ်သွားသလဲဆိုတော့၊ အဲဒီ(၂-၄- ၂၀၁၅)မှာပဲ ကျုံပျော်ကို သွားမှာပါလို့ ပြောပြီးသားဖြစ်သော်လည်း ကုလားနဲ့ ရဲနဲ့ ပေါင်းပြီးတော့ ဘယ်လိုလုပ်လိုက်သလဲဆိုတော့

www.burmeseclassic.com


"မကွေးကျောင်းဆရာတော်ဦးပါမောက္ခနဲ့ ရဟန်းသံဃာတော်များက မင်္ဂလာတောင်ညွန့်ရဲစခန်းရှေ့မှာ ထိုင်သပိတ်မှောက်တော့မယ်။ မင်္ဂလာတောင်ညွန့်ရဲစခန်းကို စီးတော့မလိုလို လုပ်တော့မယ်"ဆိုပြီးတော့ ကောလာဟလ ဖွချလိုက်ပါတယ်။

အဲဒီအချိန်မှာ ကုလားဒိုင်းမွန်းရွှေကြည်ဆိုတဲ့ကုလားက ဘုန်းကြီးကို ဖုန်းဆက်ပါတယ်၊ "မင်္ဂလာတောင်ညွန့်ရဲစခန်းကို လာမှာလား"လို့ ၃ ကြိမ်မေးပါတယ်၊ ၃ ကြိမ်လုံး "မလာဘူး"လို့ ပြောခဲ့ပါတယ်။ ဘုန်းကြီးပြောတာက "မင်္ဂလာတောင်ညွန့်ရဲစခန်းကို မလာဘူး"လို့ ပြောတယ်။ သို့သော် ဟိုမှာ ဖွချလိုက်တာက "မင်္ဂလာတောင်ညွန့်ရဲစခန်းကို လာတော့မယ်၊ ဝိုင်းတော့မယ်"ဆိုတဲ့ပုံစံမျိုးနဲ့ ဖွချလိုက်တာပါ။

မြို့နယ်စည်းကမ်းထိန်းသိမ်းရေးသံဃာတော်တွေ၊ တိုင်းဒေသကြီး စည်းကမ်းထိန်းသိမ်းရေးသံဃာတော်တွေနဲ့ ရဲများကို မင်္ဂလာတောင်ညွန့်ရဲစခန်းရှေ့မှာ ချထားလိုက်ပါတယ်။ အဲဒါက ဘုန်းကြီးကို အမြန်ဆုံးဖမ်းပြီး အရေးယူလိုက်ရင် ရဲနဲ့ကုလားနဲ့ ဟန်ကျသွားအောင်လို့ပါ။

ဒီလိုကိစ္စမျိုးဆိုရင် ဘုန်းကြီးနဲ့ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂက ရဟန်းတော်များကသာလျှင် အဓိက ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့ အဲသလိုလုပ်ကြတဲ့အခါမှာ ဘယ်ကိုရောက်သွားသလဲဆိုရင် ရန်ကုန်တိုင်းဒေသကြီးရဲမှူးထံ ရောက်သွားပါတယ်။

ရဲမှူးက အောက်ကတင်ပြလိုက်တဲ့အတိုင်းပဲ သူတဘာမသိ၊ ညာမသိနဲ့ ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံသံဃနာယကကို တိုင်စာပို့လိုက်ပါတယ်။

တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံသံဃနာယကဆရာတော်

www.burmeseclassic.com



များကလည်း ဖြစ်ရပ်မှန်ကို မသိပါဘူး။ ဘာဖြစ်လို့ ဖြစ်ရပ်မှန်ကို မသိတာလဲဆိုလို့ရှိရင် ဒီကိစ္စကို အမှန်တကယ် ပြန်ပြီးတော့ သုံးသပ်ကြည့်မယ်ဆိုရင် ကုလားနှစ်ယောက်ကြားထဲမှာ ဟောဒီ အရိုး(ခ) ကျော်ဇင်လင်းက ကျွဲနှစ်ကောင်ကြားထဲမှာ မြေဇာပင်ဖြစ်သကဲ့သို့ ကုလားနှစ်ယောက်ကြားထဲမှာ ဒုက္ခရောက်ရတာပါ။

ကုလားနှစ်ယောက်ကြားဆိုတာက ခုနက သူ့ကို တရားစွဲတဲ့ ကုလားစိုးကျော်နိုင်နောက်မှာကျတော့ စတားပါရှားတို့အဖွဲ့ဆိုတာ ရှိတယ်။ ဒီဗမာဖြစ်တဲ့ ကျော်ဇင်လင်းနောက်မှာကျတော့ ကားရှိုးရုမ်းဖွင့်ထားတဲ့ ကိုသန်းဝင်းဆိုတဲ့ကုလားအဖွဲ့ဆိုတာ ရှိတယ်။ သူတို့ချင်းက မတည့်ပါဘူး။

အဲဒီတော့ ဟိုဘက်က ကုလားစိုးကျော်နိုင်တို့ဘက်က အင်အားကောင်းတဲ့အခါကျတော့ ဘုန်းကြီးကိုလည်း အပြုတ်တိုက်တယ်။ ဒီလိုကိစ္စမျိုးတွေကို လိုက်ပြီးတော့ ဆောင်ရွက်ပေးလို့ မရအောင်ဆိုပြီးတော့ အပြုတ်တိုက်တာ။ ဘုန်းကြီးမရှိတော့ဘူးဆိုလို့ရှိရင် သူတို့ကုလားတွေက လိမ်ချင်တဲ့အတိုင်း လိမ်မယ်။ ညာချင်တဲ့အတိုင်း ညာမယ်ဆိုတဲ့ပုံစံမျိုးနဲ့ လုပ်တာပါ။

အမှန်တကယ်ကတော့ ကျော်ဇင်လင်းက သိန်းတစ်ထောင်ရစရာရှိတာပါ။ ပေးစရာရှိတဲ့ ကုလားစိုးကျော်နိုင်က အပြင်မှာ နေရပါတယ်။ စိုးကျော်နိုင်ဆိုတဲ့ကုလားက ဒီအမှုတစ်ခုတင်မဟုတ်ပါဘူး။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ မြတ်ပုဂံဟိုတယ်ပိုင်ရှင် ဒေါ်တင်တင်စိန်ဆီက လိမ်ယူထားတဲ့ တန်ဖိုးငွေများကိုလည်း ဘုန်းကြီးအနည်းငယ် ဖတ်ပြပါ့မယ်။ (. . . . . )။ အဲဒီဒေါ်တင်တင်စိန်က အမှတ် ၂၉၊ သုခမြိုင်လမ်း၊ လှိုင်မြို့နယ်မှာ နေပါတယ်။ (. . . . . )။

လိမ်ယူထားတာတွေက ဘယ်လောက်များများသလဲဆိုရင်

www.burmeseclassic.com

www.burmeseclassic.com


(. . . . .)။

အဲသလိုလိမ်ယူထားတဲ့ငွေတွေနဲ့ အာဏာရှင်တွေကို လာဘ်ထိုးထားပါတယ်။ ယခု အဲဒီမြတ်ပုဂံဟိုတယ်ကြီးကို ပိတ်ထားရပါတယ်။ ကုလားစိုးကျော်နိုင်က ပိတ်ခိုင်းလို့ဆိုပြီးတော့ ဟော်တယ်နှင့်ခရီးသွားလာရေးက ပိတ်ထားလို့ ပိတ်ထားရတာဖြစ်ပါတယ်။

လိမ်တာညာတာတွေက ရဲနဲ့ပေါင်းပြီး လိမ်ညာနေတာဆိုတော့ ဘယ်သူတွေက အမှုကို ပေါ်အောင် မဖော်တာလဲ။ မကွေးကျောင်းဆရာတော်မှာ အပြစ်ရှိပါသလား၊ မင်္ဂလာတောင်ညွန့်က ရဲတွေမှာ အပြစ်ရှိပါသလား။ အဲသလိုကိစ္စတွေကို အမှုမှန်ပေါ်အောင်လို့ ဘုန်းကြီးတို့က ဒီနေရာမှာလာနေပြီးတော့ ဗမာတစ်ပြည်လုံးမှာရှိတဲ့ ရဲတွေအားလုံးသိသွားအောင်၊ နိုင်ငံတော်သမ္မတကြီးသိသွားအောင်၊ ပြည်သူတွေသိသွားအောင် ရှင်းလင်းနေရခြင်းဖြစ်တယ်။

ဘုန်းကြီးတို့မြို့နယ်မဘသသံဃာတော်များနဲ့ တိုင်းဒေသကြီးသံဃနာယက၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များကို အဲဒီကုလားစိုးကျော်နိုင်တို့အဖွဲ့က သပ်လျှိုပြီးတော့ သွေးထိုးနေတာပါ။

ဘုန်းကြီးတို့ချင်းက ဘယ်တော့မှ ကွဲမှာမဟုတ်ပါဘူး။ ဆရာတော်တွေကနေ ဘုန်းကြီးကို ယခု ကြိမ်လုံးနဲ့ လာရိုက်ရင်လည်း ဘုန်းကြီးက လက်ခံမှာပါ။ ဆရာတော်တွေရဲ့ ဩဝါဒကို ဘုန်းကြီးက ခံယူပါတယ်။

ဒီကိစ္စမျိုးနဲ့ပတ်သက်ပြီးတော့ တရားသူကြီးတွေပဲဖြစ်ဖြစ်၊ ဥပဒေအကြံပေးတွေပဲဖြစ်ဖြစ်၊ ရဲစခန်းကရဲတွေပဲဖြစ်ဖြစ် ဘယ်သူ့ကို အရေးယူတယ်ဆိုတာ ကြားဖူးပါသလား။ ဘယ်တရားသူကြီးကို အရေးယူလိုက်ပါတယ်ဆိုတာ ကြားဖူးပါသလား။ ဘယ်ရဲစခန်းက

www.burmeseclassic.com


ရဲကို အရေးယူပါတယ်ဆိုတာ ကြားဖူးပါသလား။ ဘုန်းကြီးက တရားဥပဒေစိုးမိုးမှုကို ဝင်ရောက်စွက်ဖက်တာမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးမှုမရှိလို့ မကွေးကျောင်းဆရာတော်က တရားဥပဒေစိုးမိုးမှုရအောင်လို့ ရဲစခန်းရှေ့မှာ သွားအော်ရခြင်းဖြစ်တယ်။

"ရဲများသည် တရားမျှတစွာ ဆောင်ရွက်ပေးမည်ဆိုပါက မကွေးကျောင်းဆရာတော်သည် ဘယ်ရဲစခန်းကိုမှ မသွားပါ။ တရားရုံးများက တရားသူကြီးများသည် တရားမျှတစွာ ဆောင်ရွက်ပေးမည်ဆိုပါက မကွေးကျောင်းဆရာတော်သည် ဘယ်တရားရုံးကိုမှ မသွားပါ။

အဲသလိုမဟုတ်ဘဲနဲ့ တစ်ဖက်သတ် ဆောင်ရွက်နေမည်ဆိုလျှင်တော့ တရားဥပဒေစိုးမိုးရေးအတွက်၊ မိမိနိုင်ငံသူနိုင်ငံသားများ တရားဥပဒေအောက်မှာ လုံခြုံစွာ နေရရေးအတွက် မကွေးကျောင်းဆရာတော်က ဆက်လက်ပြီးတော့ ဆောင်ရွက်နေမှာ"။

ဘုန်းကြီး ယခုပြောလိုတာက ကျော်ဇင်လင်းနဲ့ပတ်သက်ပြီးတော့ ပြောပြီးပြီ။ ဆွေဆွေနှင်းနုအမှုအတွက်လည်း ဘုန်းကြီးက ရှေ့ပြေးအနေနဲ့ တရားဥပဒေစိုးမိုးအောင် လုပ်တာလား၊ တရားဥပဒေစိုးမိုးမှုကို ဝင်ရောက်ပြီးတော့ စွက်ဖက်တာလားဆိုရင် ဟောဒီကအခွေ ထုတ်လိုက်တဲ့အခါမှာ အားလုံးသိသွားအောင်လို့ ပြောအုံးမှာပါ။

နိုင်ငံတော်သမ္မတကြီးအနေနဲ့လည်း ဟောဒီခွေကိုကြည့်ပြီးတော့၊ ဒီကသတင်းတွေကိုယူပြီးတော့ "အပြစ်ရှိတဲ့ပုဂ္ဂိုလ်ကို အပြစ်ရှိတဲ့အလျောက် အမြန်ဆုံးအရေးယူပေးပါ"လို့ ဒီနေရာကနေ မေတ္တာရပ်ခံလိုက်ပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့တကွ


www.burmeseclassic.com

www.burmeseclassic.com



ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ သက်ဆိုင်ရာဌာနအသီးသီးကိုလည်း၊ "အပြစ်ရှိတဲ့ပုဂ္ဂိုလ်ကို အပြစ်ရှိတဲ့အလျောက် အမြန်ဆုံး၊ အရေးယူပေးပါ"လို့ ဆရာတော်က မေတ္တာရပ်ခံရင်းနဲ့ ဆရာတော်ရဲ့ ယခု ပဏ္ဏာမပြောကြားချက်ကို ယခု နိဂုံးချုပ်လိုက်ပါပြီ။

ဦးပါမောက္ခ
မကွေးကျောင်းဆရာတော်



**အခမ်းအနားမှူး**

**ဦးအောင်မြိုင် (မစိုးရိမ်စာသင်သား)**

www.burmeseclassic.com

www.burmeseclassic.com



# ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်းကို တုံ့ပြန်ဖြေရှင်းသည့် သတင်းစာရှင်းလင်းပွဲ

သို့

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ရဲချုပ်ဇော်ဝင်း
မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့(ဌာနချုပ်)၊ နေပြည်တော်

ရက်စွဲ။ ။၁၉-၄-၂၀၁၅

အကြောင်းအရာ။ ။ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အတွင်း အမှုအခင်းများ ဖြစ်ပွားရာတွင် ဘာသာခြားများ၊ လူမျိုးခြားများ၊ နိုင်ငံခြားသားများ၊ တံစိုးလက်ဆောင်ယူ (လာဘ်စား)၍ အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစား လုပ်ပြီး နေသူများ၊ ဥပဒေကို လက်တစ်လုံးခြားလုပ်၍ တရားစီရင်ရေးအာဏာကို ချိုးဖောက်ဖျက်ဆီးနေသူများကြောင့် စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဆိုင်ရာနစ်နာရမှုများ၊ ရုပ်ပိုင်းဆိုင်ရာနစ်နာရမှုများ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုင်ရာ နစ်နာရမှုများ ဖြစ်ပွားခံစားနေကြရကြောင်း တင်ပြခြင်းနှင့် ထိုသို့သော နစ်နာရမှုများ မဖြစ်ပွားအောင် ဥပဒေနှင့်အညီ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြခြင်း

၁။ ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးသို့ လာရောက်တင်ပြသည့် အမှုအခင်းများစွာတို့ထဲမှ-

(၁)၊ မဆွေဆွေနှင်းနု ခံစားနေရသော အမှုအခင်း၊

(၂)၊ ကိုဝင်းရွှေ ခံစားနေရသော အမှုအခင်း၊

(၃)၊ မနှင်းကေသီစိုး ခံစားနေရသော အမှုအခင်း၊

(၄) ကိုကျော်ဇင်လင်း ခံစားနေရသော အမှုအခင်းအားဖြင့် အမှုအခင်း (၄) ခုတို့ကို ရွေးထုတ်တင်ပြပါသည်။

မှတ်ချက်

(၁)၊ မဆွေဆွေနှင်းနု အမှုအခင်း၊ (၂)၊ ကိုဝင်းရွှေ အမှုအခင်း၊ (၄) ကိုကျော်ဇင်လင်း အမှုအခင်း၊ စုစုပေါင်း (၃) မှုတို့ကို ရဲချုပ်ဇော်ဝင်းထံ သို့တပ်၍ ပေးပို့ခြင်းဖြစ်သည်။

(၃)၊ မနှင်းကေသီစိုး အမှုအခင်း တစ်ခုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများထံ သို့တပ်၍ ပေးပို့ခြင်းဖြစ်သည်။

၂။ ၎င်းအမှုအခင်း(၄)ခု ဖြစ်ပေါ်နေစဉ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)သို့ လာရောက်တင်ပြ၍ အကူအညီ တောင်းခံသည့်အတွက်ကြောင့် အုပ်ချုပ်ရေးအာဏာရှိသူများ (တရားစီရင်ရေးအာဏာရှိသူများ)ထံ သွားရောက်တွေ့ဆုံပြီး ဥပ

www.burmeseclassic.com

www.burmeseclassic.com


ဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည့်အပေါ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့မရဲစခန်း၊ စခန်းမှူးစသူတို့က ကျေနပ်မှုမရှိခြင်းကြောင့်

(တစ်နည်းအားဖြင့်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရဲစခန်း၊ စခန်းမှူးစသူတို့၏ တံစိုးလက်ဆောင်ယူ(လာဘ်စား)၍ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကို ဖုံးဖိလိုခြင်းကြောင့်

(တစ်နည်းအားဖြင့်) ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုသူများအား အရေးယူ(ဖမ်းဆီးထောင်ချထား)လိုခြင်းကြောင့်

"မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်"ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ တင်ပြခဲ့ကြောင်း တွေ့ရပါသည်။

ဘာသာခြား၊ လူမျိုးခြားတို့၏ အကျိုးစီးပွားအတွက် ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကို ကြည့်လျှင် တံစိုးလက်ဆောင်ယူ(လာဘ်စား)ထားခြင်းကြောင့်ဆိုသည့် အကြောင်းခြင်းရာကို သိရှိနိုင်မည် ဖြစ်ပါသည်။

ရေအိုင်၏တောင်ဘက်၌ ဆင်းသွားသည့် သမင်ခြေရာကို တွေ့ရပြီး ရေအိုင်၏မြောက်ဘက်၌ တက်သွားသည့် သမင်ခြေရာကို တွေ့ရလျှင် ရေအိုင်အတွင်း၌ ရှိနေသည့် သမင်ခြေရာကို မျက်စိမြင့် မမြင်ရသော်လည်း ရေအိုင်အတွင်း၌ သမင်ခြေရာရှိနေကြောင်းကို မည်သူမဆို မြင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တောင်းမည်မဟုတ်ပေ။ ငြင်းသူရှိလျှင် ထိုသူသည် အရှုံးသာလျှင် ဖြစ်ရမည်မှာ သေချာလှပေသည်။

၃။ ထိုတင်ပြချက်ကိုအကြောင်းပြု၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးက "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်"ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း တွေ့ရပြန်ပါသည်။

၄။ ထိုတိုင်ကြားချက်ကိုအကြောင်းပြု၍ ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီးသံဃနာယကအဖွဲ့က ဖြစ်စဉ်ဖြစ်ရပ်၊ အကြောင်းခြင်းရာတို့ကို စူးစမ်းလေ့လာခြင်းမရှိဘဲ မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများအား အရေးယူရန် ဆုံးဖြတ်ချက်စာတစ်စောင် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရပြန်ပါသည်။ BURMESE CLASSIC

စူးစမ်းလေ့လာရမည့်အချက်မှာ "အုပ်ချုပ်ရေးအာဏာရှိသူ ရဲစခန်းများက တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်ဖျက်ဆီးပြီး အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားလုပ်စားနေကြတာလား သို့တည်းမဟုတ် မကွေးကျောင်းဆရာတော်ဦးပါမောက္ခ-ပါ သံဃာများက တရားဥပဒေစိုးမိုးရေးကို ဝင်ရောက်စွက်ဖက်နေကြတာလား"ဟူ၍ စူးစမ်းလေ့လာကြရမည်သာ ဖြစ်ပါသည်။

၅။ ထိုသို့စူးစမ်းလေ့လာခြင်းလုံးဝမရှိဘဲ အရေးယူရန်စာတစ်စောင်ထုတ်လိုက်ခြင်းကိုအကြောင်းပြု၍ မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများက "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်-ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ ၂-၄-၂၀၁၅ ရက်စွဲပါ တိုင်စာနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲ" ကျင်းပ၍ "တရားဥပဒေစိုးမိုးရေးကို ထိခိုက်အောင်လုပ်နေသူများမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရဲစခန်းမှ စခန်းမှူးအစရှိသည့် ရဲများသာ ဖြစ်ပါတယ်"စသည်ဖြင့် တုံ့ပြန်ခဲ့ကြောင်း တွေ့ရပြန်ပါသည်။

၆။ ဖော်ပြပါဖြစ်စဉ်ဖြစ်ရပ်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်ရာတွင် ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့နှင့် သက်နေဆိုင်ခြင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် သက်ဆိုင်နေခြင်း၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)နှင့် သက်ဆိုင်နေခြင်းတို့ကြောင့် မဘသ(ဗဟို)၏ မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအရ ဓမ္မဝိနယ၊ ဥပဒေတို့နှင့်အညီ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါသည်။

ယခုအချိန်တွင် ဘာသာခြားများ၊ လူမျိုးခြားများ၊ နိုင်ငံခြားသားများ၏ ခြိမ်းခြောက်မှုများ၊ ကျူးလွန်မှုများကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံး အထူးလုံခြုံရေး အဝါရောင်အဆင့်အဖြစ် သတ်မှတ်ကြေညာထားရသည့် အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။

ထိုအခြေအနေများကို သံဃနာယကအဖွဲ့များအားလုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များအားလုံး၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့များအားလုံး စည်းလုံးညီညွတ်စွာ ချိတ်ဆက်ပူးပေါင်းထားသည့် ကာကွယ်ရေးအင်အားစုများဖြင့် ဘာသာခြားများ၊

www.burmeseclassic.com

www.burmeseclassic.com


# ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ၅၁နဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်းကို တုံ့ပြန်ဖြေရှင်းသည့် သတင်းစာရှင်းလင်းပွဲ

အစီစဉ် (၁) အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာခြင်း၊

အစီစဉ် (၂) တိုင်းဒေသကြီးရဲတပ်ဖွဲ့၏တိုင်ကြားစာ၊ တိုင်းဒေသကြီးဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်တို့ကို အခမ်းအနားမှူး ဦးအောင်မြိုင်(မစိုးရိမ်စာသင်သား) ဖတ်ကြားတင်ပြခြင်း၊

BURMESE CLASSIC

အစီစဉ် (၃) မကွေးကျောင်းဆရာတော်ဦးပါမောက္ခ-က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရခြင်းအကြောင်းရင်းများကို ရှင်းလင်းတင်ပြခြင်း၊

အစီအစဉ် (၄) အပိုင်း(က) ကိုကျော်ဇင်လင်းက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊ အပိုင်း(ခ) မဆွေဆွေနှင်းနုက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊ အပိုင်း(ဂ) မနှင်းဝေသီစိုးက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊ အပိုင်း(ဃ) ဦးဝင်းရွှေက ရှင်းလင်းတင်ပြ၍ သက်သေခံခြင်း၊

အစီအစဉ် (၅) သိလိုသူများ၊ မီဒီယာသတင်းထောက်များက သိလိုသည့်အချက်များကို မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားပေးခြင်း၊

အစီအစဉ် (၆) အခမ်းအနား အောင်မြင်စွာ ပြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ကြေညာခြင်း

ဖော်ပြပါအစီအစဉ်(၂)အရ ဆရာတော်ဦးပါမောက္ခ (မကွေးကျောင်းဆရာတော်)၏ ရှင်းလင်းတင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ရုပ်သံခွေမှ စာဖြင့် ကူးယူရေးသား ထားခြင်းဖြစ်၍ မူရင်းအတိုင်းပင် ဖြစ်ပါသည်။

ဘုန်းကြီးက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ် အမှတ် ၁ ရပ်ကွက် အနော်ရထာလမ်း မကွေးပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပါမောက္ခ ဖြစ်ပါ တယ်။



ယနေ့ စီးတီးစတားဟိုတယ်မှာ ကျင်းပတဲ့ သတင်းစာရှင်း လင်းပွဲမှာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဆရာတော်များထံ

www.burmeseclassic.com

www.burmeseclassic.com



"မကွေးကျောင်းဆရာတော်-ပါ သံဃာတော်များက တရားဥပဒေစိုးမိုးရေးကို ဝင်ရောက်စွက်ဖက်ဟန့်တားနေသည်"လို့ မဟုတ်မမှန် လိမ်လည်တိုင်ကြားထားသည့်အပေါ် ပြန်လည်ဖြေရှင်းသွားမှာဖြစ်ပါတယ်။

ယနေ့ အရှိုး(ခ)ကျော်ဇင်လင်း(လိပ်စာ)ကို မင်္ဂလာတောင်ညွန့်ရဲစခန်းက အရေးယူထားလို့ သူ့အမျိုးသမီးက လာရောက်လျှောက်ထားတဲ့အတွက် ဘုန်းကြီးက မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းကို ၃ လပိုင်း၊ ၁၆ ရက်နေ့မှာ တစ်ကြိမ် သွားရောက်ခဲ့ပါတယ်။ သွားရောက်ရခြင်းအကြောင်းရင်းကတော့ ကျော်ဇင်လင်းရဲ့ အမျိုးသမီးက သူ့ယောကျ်ား အရှိုး(ခ)ကျော်ဇင်လင်းကို မဟုတ်မမှန် လိမ်လည်ပြီးတော့ ကုလားစိုးကျော်နိုင်က တိုင်ကြားလို့ အချုပ်ထဲ ထည့်ထားတာခံနေရပါတယ်ဆိုပြီး လာလျှောက်ပါတယ်။ BURMESE CLASSIC

လာလျှောက်တဲ့အခါမှာ ဘုန်းကြီးအနေနဲ့ စာရွက်စာတမ်းများကို စစ်ဆေးကြည့်ပါတယ်။ စစ်ဆေးကြည့်တဲ့အခါမှာလည်း ဘုန်းကြီးတစ်ပါးတည်းကြည့်တာ မဟုတ်ပါဘူး။ ရှေ့နေကိုခေါ်ပြီးတော့ ကြည့်ခိုင်းပါတယ်။ ၄၀၆ စာရွက်စာတမ်း လိမ်လည်မှု လုံးဝမမြောက်တာကို တွေ့ရပါတယ်။

အဲဒါကြောင့် ဘုန်းကြီးက ၁၃ ရက်၊ ၃ လ၊ ၂၀၁၅၊ နေ့ ၁၂ နာရီအချိန်ခန့်လောက်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းကို သွားရောက်ပြီးတော့ ကျော်ဇင်လင်းမှာ ၄၀၆ မြောက်သလားလို့ မေးကာ စာရွက်စာတမ်းတွေကို ပြလိုက်တဲ့အခါကျတော့ "ကုလားစိုးကျော်နိုင်ရဲ့တိုင်ကြားချက်အရ သူတို့က ပြုလုပ်ရခြင်းပဲ ဖြစ်တယ်" လို့ ပြောပါတယ်။

"ဒီလိုဆိုလို့ရှိရင် တစ်ဖက်က တိုင်ကြားတဲ့အတိုင်း ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ပေးနေမယ်ဆိုရင် အလွန့်အလွန် နစ်နာကုန်ပါပြီ။ ယခု ကျော်ဇင်လင်းမှာ ၄၀၆ မြောက်/မမြောက် ပြောပါ”ဆိုတော့ “မမြောက်ပါဘူး”တဲ့။ “မမြောက်ပေမယ့် ဥပဒေအကြံတောင်းကို တင်ချင်ပါသေးတယ်”တဲ့။ “ဒီလိုတော့ မရဘူး။ အပြစ်မရှိဘဲနဲ့ အခု ၈ ရက်တိတိ မင်္ဂလာတောင်ညွန့်အချုပ်ခန်းထဲမှာ ရောက်နေရပါတယ်”လို့ ပြောပါတယ်။

အမှန်တကယ်ကတော့ ကျော်ဇင်လင်းဆီက သိန်းတစ်ထောင်တိတိကို ကုလားစိုးကျော်နိုင်က လိမ်ထားတာပါ။ အဲဒီသိန်းတစ်ထောင်ကို ပေးရမှာကြောက်လို့ ကုလားနဲ့ ရဲနဲ့ ပေါင်းပြီးတော့ ကျော်ဇင်လင်းကို အချုပ်ထဲဆွဲထည့်ပြီးတော့ လုပ်ထားတာပါ။ ၄၀၆ ဆိုတာက အာမခံရတဲ့ပုဒ်မ မဟုတ်ပါဘူး။ ၇ နှစ်၊ ၃ နှစ်အထိ ထောင်ကျနိုင်ပါတယ်။ ဘုန်းကြီးက တရားဥပဒေစိုးမိုးရေးကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ပါဘူး။

တရားဥပဒေစိုးမိုးမှုမရှိလို့ တရားဥပဒေစိုးမိုးမှုကိုလိုလားလို့ မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ သွားရောက်ပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ အရိုး(ခ)ကျော်ဇင်လင်းကို အရှေ့ပိုင်းခရိုင်ရဲမှူးကြီး ဦးမြင့်ထွေးက နေ့ချင်းအမြန်ဆုံး ထုတ်ပေးလိုက်ပါတယ်။ အဲဒီအတွက် အရှေ့ပိုင်းခရိုင်ရဲမှူးကြီးဦးမြင့်ထွေးကို ဘုန်းကြီးတို့က ကျေးဇူးတင်ပါတယ်။

“သူ မှားသွားပါတယ်”လို့ ဝန်ခံပြီးတော့ ဝန်ခံချက်အတိုင်းပဲ ပြန်လွှတ်ပေးပါတယ်။ အကယ်၍သာ ဘုန်းကြီး-မကွေးကျောင်းဆရာတော်နဲ့ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂမှ သံဃာတော်များ ပါမလာဘူးဆိုရင် ဗမာဖြစ်တဲ့ အရိုး(ခ) ကျော်ဇင်လင်းဟာ ယနေ့ အင်းစိန်ထောင်ထဲမှာ ကျိန်းသေပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

တရားမျှတမှုမရှိတာက မကွေးကျောင်းဆရာတော်လား၊ မင်္ဂလာတောင်ညွန့်ရဲစခန်းက ရဲတွေလားဆိုတာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားပါတယ်။

တရားဥပဒေစိုးမိုးမှုရှိမယ်ဆိုရင် မကွေးကျောင်းဆရာတော်က မည်သည့်ရဲစခန်းကိုမှ သွားမှာလည်းမဟုတ်ပါဘူး။ မည်သည့်တရားရုံးကိုမှ သွားမှာလည်းမဟုတ်ပါဘူး။

ဘုန်းကြီး ယခု ပြောချင်တာကတော့ မင်္ဂလာတောင်ညွန့်ရဲစခန်းတစ်ခုတည်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ရဲတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့တရားရုံးတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ရှေ့နေတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ဥပဒေအကြံပေးတွေ၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့တရားသူကြီးတွေဟာ ယနေ့ မတရားသူကြီးတွေ ဖြစ်နေပါပြီ။ ဒါကို ဘုန်းကြီးတို့က ပြုပြင်ပြောင်းလဲစေချင်လို့၊ မြန်မာပြည်ကြီး စိန်းလန်းသာယာစေချင်လို့ ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။

ဥပဒေဆိုတာ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံလူတန်းစားတို့ရဲ့အကြားမှာ စည်းရိုးတစ်ခုပါပဲ။ မြန်မာပြည်သူပြည်သားများဟာ အုပ်ချုပ်သူများရဲ့လုပ်ရပ်များကြောင့် တရားဥပဒေအောက်မှာ မနေရပါဘူး။ မတရားတဲ့ဥပဒေတွေအောက်မှာသာ နေကြရပါတယ်။

တရားဥပဒေစိုးမိုးတယ်ဆိုလို့ရှိရင် မြန်မာပြည်သူပြည်သားတွေဟာ တရားဥပဒေရဲ့အကာအကွယ်၊ အစောင့်အရှောက်ကို ရတဲ့အတွက်ကြောင့် စိတ်ချမ်းသာကိုယ်ချမ်းသာ ဖြစ်ကြရမှာ ပြုပါတယ်။ မမှန်မကန်လုပ်တဲ့သူတွေကို အပြစ်ပေးလို့ ရပါတယ်။ အခုတော့ အဲသလိုမဟုတ်ဘဲနဲ့ မှန်မှန်ကန်ကန်နေတဲ့လူလိုလ်တွေက

www.burmeseclassic.com



အချုပ်ထဲမှာ ရောက်နေရပါတယ်။ မမှန်မကန်လုပ်တဲ့သူတွေက တော့ အပြင်မှာပဲ လွတ်လွတ်လပ်လပ် ရှိနေပါတယ်။

ဘုန်းကြီးကို ရန်ကုန်တိုင်းဒေသကြီးဂိုဏ်းပေါင်းစုံသံဃနာ ယကအဖွဲ့ထံ တိုင်ကြားခြင်းနဲ့ပတ်သက်လို့ ဆက်လက်ပြီးတော့ ရှင်း ပါ့မယ်။

ဘုန်းကြီးက မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းကို ၃ လပိုင်း ၁၆ ရက်နေ့က တစ်ကြိမ် သွားခဲ့ပါတယ်။ ၃ လပိုင်း ၃၁ ရက်နေ့မှာ တစ်ကြိမ် ထပ်သွားပြီးတော့ အော်ခဲ့ပါတယ်။ ဘယ်လိုအော်ခဲ့သလဲ ဆိုလို့ရှိရင် "ကူညီပါရစေဆိုတာ လာဘ်ပေးတဲ့ပုဂ္ဂိုလ်တွေကိုသာ ကူညီနေပါတယ်။ ကုလားတွေကိုသာ ကူညီနေပါတယ်။ ခရိုနီတွေကို သာ ကူညီနေပါတယ်။ အာဏာရှင်တွေကိုသာ ကူညီနေပါတယ်။ မြန်မာပြည်သူပြည်သားများဟာ တရားဥပဒေရဲ့ အကာအကွယ်၊ အစောင့်အရှောက်ကို မရပါ။ သို့ပါ၍ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးပါ"လို့ အော်ခဲ့ပါတယ်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းရှေ့မှာ လော်တိုကလေး နဲ့၊ ဟန်းစပီကာအတိုကလေးနဲ့ အဲသလိုအော်တဲ့အပေါ်မှာ မကျေ မနပ် ဖြစ်ကြပြီးတော့ တိုင်ကြားတာပါ။

ဘုန်းကြီးက (၂-၄-၂၀၁၅)မှာ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်မှာ တရားပွဲတစ်ပွဲ လက်ခံထားလို့ သွားပါတယ်။ အရှေ့ပိုင်းခရိုင်ရဲမှူးကြီးဦးမြင့်ထွေးက "ဘုန်းကြီးနဲ့ ညလာတွေ့ချင် တယ်"လို့ ဖုန်းဆက်ပါတယ်။ "ဘုန်းကြီးမအားဘူး၊ သွားစရာရှိတယ်" လို့ အကျိုးအကြောင်း ပြောခဲ့ပါတယ်။

ဒီကြားထဲမှာ ဘယ်လိုဖြစ်သွားသလဲဆိုတော့၊ အဲဒီ(၂-၄- ၂၀၁၅)မှာပဲ ကျုံပျော်ကို သွားမှာပါလို့ ပြောပြီးသားဖြစ်သော်လည်း ကုလားနဲ့ ရဲနဲ့ ပေါင်းပြီးတော့ ဘယ်လိုလုပ်လိုက်သလဲဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



"မကွေးကျောင်းဆရာတော်ဦးပါမောက္ခနဲ့ ရဟန်းသံဃာတော်များက မင်္ဂလာတောင်ညွန့်ရဲစခန်းရှေ့မှာ ထိုင်သပိတ်မှောက်တော့မယ်။ မင်္ဂလာတောင်ညွန့်ရဲစခန်းကို စီးတော့မလိုလို လုပ်တော့မယ်"ဆိုပြီးတော့ ကောလာဟလ ဖွချလိုက်ပါတယ်။

အဲဒီအချိန်မှာ ကုလားဒိုင်းမွန်းရွှေကြည်ဆိုတဲ့ကုလားက ဘုန်းကြီးကို ဖုန်းဆက်ပါတယ်။ "မင်္ဂလာတောင်ညွန့်ရဲစခန်းကို လာမှာလား"လို့ ၃ ကြိမ်မေးပါတယ်။ ၃ ကြိမ်လုံး "မလာဘူး"လို့ ပြောခဲ့ပါတယ်။ ဘုန်းကြီးပြောတာက "မင်္ဂလာတောင်ညွန့်ရဲစခန်းကို မလာဘူး"လို့ ပြောတယ်။ သို့သော် ဟိုမှာ ဖွချလိုက်တာက "မင်္ဂလာတောင်ညွန့်ရဲစခန်းကို လာတော့မယ်၊ ဝိုင်းတော့မယ်"ဆိုတဲ့ပုံစံမျိုးနဲ့ ဖွချလိုက်တာပါ။

မြို့နယ်စည်းကမ်းထိန်းသိမ်းရေးသံဃာတော်တွေ၊ တိုင်းဒေသကြီး စည်းကမ်းထိန်းသိမ်းရေးသံဃာတော်တွေနဲ့ ရဲများကို မင်္ဂလာတောင်ညွန့်ရဲစခန်းရှေ့မှာ ချထားလိုက်ပါတယ်။ အဲဒါက ဘုန်းကြီးကို အမြန်ဆုံးဖမ်းပြီး အရေးယူလိုက်ရင် ရဲနဲ့ကုလားနဲ့ ဟန်ကျသွားအောင်လို့ပါ။

ဒီလိုကိစ္စမျိုးဆိုရင် ဘုန်းကြီးနဲ့ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂက ရဟန်းတော်များကသာလျှင် အဓိက ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒါကြောင့်မို့ အဲသလိုလုပ်ကြတဲ့အခါမှာ ဘယ်ကိုရောက်သွားသလဲဆိုရင် ရန်ကုန်တိုင်းဒေသကြီးရဲမှူးထံ ရောက်သွားပါတယ်။

ရဲမှူးက အောက်ကတင်ပြလိုက်တဲ့အတိုင်းပဲ သူက ဘာမသိ၊ ညာမသိနဲ့ ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံသံဃနာယကကို တိုင်စာပို့လိုက်ပါတယ်။

တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံသံဃနာယကဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



များကလည်း ဖြစ်ရပ်မှန်ကို မသိပါဘူး။ ဘာဖြစ်လို့ ဖြစ်ရပ်မှန်ကို မသိတာလဲဆိုလို့ရှိရင် ဒီကိစ္စကို အမှန်တကယ် ပြန်ပြီးတော့ သုံးသပ်ကြည့်မယ်ဆိုရင် ကုလားနှစ်ယောက်ကြားထဲမှာ ဟောဒီ အရိုး(ခ) ကျော်ဇင်လင်းက ကျွဲနှစ်ကောင်ကြားထဲမှာ မြေဇာပင်ဖြစ်သကဲ့သို့ ကုလားနှစ်ယောက်ကြားထဲမှာ ဒုက္ခရောက်ရတာပါ။

ကုလားနှစ်ယောက်ကြားဆိုတာက ခုနက သူ့ကို တရားစွဲတဲ့ ကုလားစိုးကျော်နိုင်နောက်မှာကျတော့ စတားပါရှားတို့အဖွဲ့ ဆိုတာ ရှိတယ်။ ဒီဗမာဖြစ်တဲ့ ကျော်ဇင်လင်းနောက်မှာကျတော့ ကားရှိုးရုမ်း ဖွင့်ထားတဲ့ ကိုသန်းဝင်းဆိုတဲ့ကုလားအဖွဲ့ ဆိုတာ ရှိတယ်။ သူတို့ချင်းက မတည့်ပါဘူး။

အဲဒီတော့ ဟိုဘက်က ကုလားစိုးကျော်နိုင်တို့ဘက်က အင်အားကောင်းတဲ့အခါကျတော့ ဘုန်းကြီးကိုလည်း အပြုတ်တိုက်တယ်။ ဒီလိုကိစ္စမျိုးတွေကို လိုက်ပြီးတော့ ဆောင်ရွက်ပေးလို့ မရအောင်ဆိုပြီးတော့ အပြုတ်တိုက်တာ။ ဘုန်းကြီးမရှိတော့ဘူး ဆိုလို့ရှိရင် သူတို့ကုလားတွေက လိမ်ချင်တဲ့အတိုင်း လိမ်မယ်။ ညာချင်တဲ့အတိုင်း ညာမယ်ဆိုတဲ့ပုံစံမျိုးနဲ့ လုပ်တာပါ။

အမှန်တကယ်ကတော့ ကျော်ဇင်လင်းက သိန်းတစ်ထောင် ရစရာရှိတာပါ။ ပေးစရာရှိတဲ့ ကုလားစိုးကျော်နိုင်က အပြင်မှာ နေရပါတယ်။ စိုးကျော်နိုင်ဆိုတဲ့ကုလားက ဒီအမှုတစ်ခုတင်မဟုတ်ပါဘူး။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ မြတ်ပုဂံဟိုတယ်ပိုင်ရှင် ဒေါ်တင်တင်စိန်ဆီက လိမ်ယူထားတဲ့ တန်ဖိုးငွေများကိုလည်း ဘုန်းကြီးအနည်းငယ် ဖတ်ပြပါ့မယ်။ (. . . . .)။ အဲဒီဒေါ်တင်တင်စိန်က အမှတ် ၂၉၊ သုခမြိုင်လမ်း၊ လှိုင်မြို့နယ်မှာ နေပါတယ်။ (. . . . .)။

လိမ်ယူထားတာတွေက ဘယ်လောက်များများသလဲဆိုရင်

www.burmeseclassic.com



(. . . . .)။

အဲသလိုလိမ်ယူထားတဲ့ငွေတွေနဲ့ အာဏာရှင်တွေကို လာဘ်ထိုးထားပါတယ်။ ယခု အဲဒီမြတ်ပုဂံဟိုတယ်ကြီးကို ပိတ်ထားရပါတယ်။ ကုလားစိုးကျော်နိုင်က ပိတ်ခိုင်းလို့ဆိုပြီးတော့ ဟော်တယ်နှင့်ခရီးသွားလာရေးက ပိတ်ထားလို့ ပိတ်ထားရတာဖြစ်ပါတယ်။

လိမ်တာညာတာတွေက ရဲနဲ့ပေါင်းပြီး လိမ်ညာနေတာဆိုတော့ ဘယ်သူတွေက အမှုကို ပေါ်အောင် မဖော်တာလဲ။ မကွေးကျောင်းဆရာတော်မှာ အပြစ်ရှိပါသလား၊ မင်္ဂလာတောင်ညွန့်က ရဲတွေမှာ အပြစ်ရှိပါသလား။ အဲသလိုကိစ္စတွေကို အမှုမှန်ပေါ်အောင်လို့ ဘုန်းကြီးတို့က ဒီနေရာမှာလာနေပြီးတော့ ဗမာတစ်ပြည်လုံးမှာရှိတဲ့ ရဲတွေအားလုံးသိသွားအောင်၊ နိုင်ငံတော်သမ္မတကြီးသိသွားအောင်၊ ပြည်သူတွေသိသွားအောင် ရှင်းလင်းနေရခြင်းဖြစ်တယ်။

ဘုန်းကြီးတို့မြို့နယ်မဘသသံဃာတော်များနဲ့ တိုင်းဒေသကြီးသံဃနာယက၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များကို အဲဒီကုလားစိုးကျော်နိုင်တို့အဖွဲ့က သပ်လျှိုပြီးတော့ သွေးထိုးနေတာပါ။

ဘုန်းကြီးတို့ချင်းက ဘယ်တော့မှ ကွဲမှာမဟုတ်ပါဘူး။ ဆရာတော်တွေကနေ ဘုန်းကြီးကို ယခု ကြိမ်လုံးနဲ့ လာရိုက်ရင်လည်း ဘုန်းကြီးက လက်ခံမှာပါ။ ဆရာတော်တွေရဲ့ ဩဝါဒကို ဘုန်းကြီးက ခံယူပါတယ်။

ဒီကိစ္စမျိုးနဲ့ပတ်သက်ပြီးတော့ တရားသူကြီးတွေပဲဖြစ်ဖြစ်၊ ဥပဒေအကြံပေးတွေပဲဖြစ်ဖြစ်၊ ရဲစခန်းကရဲတွေပဲဖြစ်ဖြစ် ဘယ်သူ့ကို အရေးယူတယ်ဆိုတာ ကြားဖူးပါသလား။ ဘယ်တရားသူကြီးကို အရေးယူလိုက်ပါတယ်ဆိုတာ ကြားဖူးပါသလား။ ဘယ်ရဲစခန်းက

www.burmeseclassic.com

www.burmeseclassic.com



ရဲကို အရေးယူပါတယ်ဆိုတာ ကြားဖူးပါသလား။ ဘုန်းကြီးက တရားဥပဒေစိုးမိုးမှုကို ဝင်ရောက်စွက်ဖက်တာမဟုတ်ပါဘူး။ တရားဥပဒေစိုးမိုးမှုမရှိလို့၊ မကွေးကျောင်းဆရာတော်က တရားဥပဒေစိုးမိုးမှုရအောင်လို့ ရဲစခန်းရှေ့မှာ သွားအော်ရခြင်းဖြစ်တယ်။

"ရဲများသည် တရားမျှတစွာ ဆောင်ရွက်ပေးမည်ဆိုပါက မကွေးကျောင်းဆရာတော်သည် ဘယ်ရဲစခန်းကိုမှ မသွားပါ။ တရားရုံးများက တရားသူကြီးများသည် တရားမျှတစွာ ဆောင်ရွက်ပေးမည်ဆိုပါက မကွေးကျောင်းဆရာတော်သည် ဘယ်တရားရုံးကိုမှ မသွားပါ။

အဲသလိုမဟုတ်ဘဲနဲ့ တစ်ဖက်သတ် ဆောင်ရွက်နေမည်ဆိုလျှင်တော့ တရားဥပဒေစိုးမိုးရေးအတွက်၊ မိမိနိုင်ငံသူနိုင်ငံသားများ တရားဥပဒေအောက်မှာ လုံခြုံစွာ နေရရေးအတွက် မကွေးကျောင်းဆရာတော်က ဆက်လက်ပြီးတော့ ဆောင်ရွက်နေမှာ"။

ဘုန်းကြီး ယခုပြောလိုတာက ကျော်ဇင်လင်းနဲ့ပတ်သက်ပြီးတော့ ပြောပြီးပြီ။ ဆွေဆွေနှင်းနုအမှုအတွက်လည်း ဘုန်းကြီးက ရှေ့ပြေးအနေနဲ့ တရားဥပဒေစိုးမိုးအောင် လုပ်တာလား၊ တရားဥပဒေစိုးမိုးမှုကို ဝင်ရောက်ပြီးတော့ စွက်ဖက်တာလားဆိုရင် ဟောဒီကအခွေ ထုတ်လိုက်တဲ့အခါမှာ အားလုံးသိသွားအောင်လို့ ပြောအုံးမှာပါ။

နိုင်ငံတော်သမ္မတကြီးအနေနဲ့လည်း ဟောဒီခွေကိုကြည့်ပြီးတော့၊ ဒီကသတင်းတွေကိုယူပြီးတော့ "အပြစ်ရှိတဲ့ပုဂ္ဂိုလ်ကို အပြစ်ရှိတဲ့အလျောက် အမြန်ဆုံးအရေးယူပေးပါ"လို့ ဒီနေရာကနေ မေတ္တာရပ်ခံလိုက်ပါတယ်။ နိုင်ငံတော်သမ္မတကြီးနဲ့တကွ

www.burmeseclassic.com



ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီး၊ သက်ဆိုင်ရာဌာနအသီးသီးကိုလည်း “အပြစ်ရှိတဲ့ပုဂ္ဂိုလ်ကို အပြစ်ရှိတဲ့အလျောက် အမြန်ဆုံး အရေးယူပေးပါ”လို့ ဆရာတော်က မေတ္တာရပ်ခံရင်းနဲ့ ဆရာတော်ရဲ့ ယခု ပဏ္ဏာမပြောကြားချက်ကို ယခု နိဂုံးချုပ်လိုက်ပါပြီ။

ဦးပါမောက္ခ
မကွေးကျောင်းဆရာတော်



အခမ်းအနားမှူး
ဦးအောင်မြိုင် (မစိုးရိမ်စာသင်သား)

www.burmeseclassic.com

www.burmeseclassic.com



# ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်းကို တုံ့ပြန်ဖြေရှင်းသည့် သတင်းစာရှင်းလင်းပွဲ

သို့

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ရဲချုပ်ဇော်ဝင်း
မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့(ဌာနချုပ်)၊ နေပြည်တော်

ရက်စွဲ။ ။၁၉-၄-၂၀၁၅

အကြောင်းအရာ။ ။ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အတွင်း အမှုအခင်းများ ဖြစ်ပွားရာတွင် ဘာသာခြားများ၊ လူမျိုးခြားများ၊ နိုင်ငံခြားသားများ၊ တံစိုးလက်ဆောင်ယူ (လာဘ်စား)၍ အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစား လုပ်နေသူများ၊ ဥပဒေကို လက်တစ်လုံးခြားလုပ်၍ တရားစီရင်ရေးအာဏာကို ချိုးဖောက်ဖျက်ဆီးနေသူများကြောင့် စိတ်

www.burmeseclassic.com



ပိုင်းဆိုင်ရာနစ်ရမှုများ၊ ရုပ်ပိုင်းဆိုင်ရာနစ်နာရမှုများ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုင်ရာ နစ်နာရမှုများ ဖြစ်ပွားခံစားနေကြရကြောင်း တင်ပြခြင်းနှင့် ထိုသို့သော နစ်နာရမှုများ မဖြစ်ပွားအောင် ဥပဒေနှင့်အညီ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြခြင်း

၁။ ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးသို့ လာရောက်တင်ပြသည့် အမှုအခင်းများစွာတို့ထဲမှ-

(၁)၊ မဆွေဆွေနှင်းနု ခံစားနေရသော အမှုအခင်း၊

(၂)၊ ကိုဝင်းရွှေ ခံစားနေရသော အမှုအခင်း၊

(၃)၊ မနှင်းကေသီစိုး ခံစားနေရသော အမှုအခင်း၊

(၄) ကိုကျော်ဇင်လင်း ခံစားနေရသော အမှုအခင်းအားဖြင့် အမှုအခင်း (၄) ခုတို့ကို ရွေးထုတ်တင်ပြပါသည်။

မှတ်ချက်

(၁)၊ မဆွေဆွေနှင်းနု အမှုအခင်း၊ (၂)၊ ကိုဝင်းရွှေ အမှုအခင်း၊ (၄) ကိုကျော်ဇင်လင်း အမှုအခင်း၊ စုစုပေါင်း (၃) မှုတို့ကို ရဲချုပ်ဇော်ဝင်းထံ သို့တပ်၍ ပေးပို့ခြင်းဖြစ်သည်။

(၃)၊ မနှင်းကေသီစိုး အမှုအခင်း တစ်ခုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများထံ သို့တပ်၍ ပေးပို့ခြင်းဖြစ်သည်။

၂။ ၎င်းအမှုအခင်း(၄)ခု ဖြစ်ပေါ်နေစဉ် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)သို့ လာရောက်တင်ပြ၍ အကူအညီ တောင်းခံသည့်အတွက်ကြောင့် အုပ်ချုပ်ရေးအာဏာရှိသူများ (တရားစီရင်ရေးအာဏာရှိသူများ)ထံ သွားရောက်တွေ့ဆုံပြီး ဥပ

www.burmeseclassic.com

www.burmeseclassic.com



ဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည့်အပေါ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့မရဲစခန်း၊ စခန်းမှူးစသူတို့က ကျေနပ်မှုမရှိခြင်းကြောင့်

(တစ်နည်းအားဖြင့်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရဲစခန်း၊ စခန်းမှူးစသူတို့၏ တံစိုးလက်ဆောင်ယူ(လာဘ်စား)၍ ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကို ဖုံးဖိလိုခြင်းကြောင့်

(တစ်နည်းအားဖြင့်) ဥပဒေနှင့်အညီဖြစ်အောင် ဆောင်ရွက်ပေးရန် တောင်းဆိုသူများအား အရေးယူ(ဖမ်းဆီးထောင်ချထား)လိုခြင်းကြောင့်

"မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်"ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ တင်ပြခဲ့ကြောင်း တွေ့ရပါသည်။

ဘာသာခြား၊ လူမျိုးခြားတို့၏ အကျိုးစီးပွားအတွက် ဥပဒေနှင့်မညီသော ဆောင်ရွက်မှုများကို ကြည့်လျှင် တံစိုးလက်ဆောင်ယူ(လာဘ်စား)ထားခြင်းကြောင့်ဆိုသည့် အကြောင်းခြင်းရာကို သိရှိနိုင်မည် ဖြစ်ပါသည်။

ရေအိုင်၏တောင်ဘက်၌ ဆင်းသွားသည့် သမင်ခြေရာကို တွေ့ရပြီး ရေအိုင်၏မြောက်ဘက်၌ တက်သွားသည့် သမင်ခြေရာကို တွေ့ရလျှင် ရေအိုင်အတွင်း၌ ရှိနေသည့် သမင်ခြေရာကို မျက်စိမြင့် မမြင်ရသော်လည်း ရေအိုင်အတွင်း၌ သမင်ခြေရာရှိနေကြောင်းကို မည်သူမဆို ပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည်မဟုတ်ပေ။ ပြင်းသူရှိလျှင် ထိုသူသည် အရူးသာလျှင် ဖြစ်ရမည်မှာ သေချာလှပေသည်။

၃။ ထိုတင်ပြချက်ကိုအကြောင်းပြု၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးက "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါသံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်"ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း တွေ့ရပြန်ပါသည်။

၄။ ထိုတိုင်ကြားချက်ကိုအကြောင်းပြု၍ ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီးသံဃနာယကအဖွဲ့က ဖြစ်စဉ်ဖြစ်ရပ်၊ အကြောင်းခြင်းရာတို့ကို စူးစမ်းလေ့လာခြင်းမရှိဘဲ မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများအား အရေးယူရန် ဆုံးဖြတ်ချက်စာတစ်စောင် ထုတ်ပြန်ခဲ့ကြောင်း တွေ့ရပြန်ပါသည်။

စူးစမ်းလေ့လာရမည့်အချက်မှာ "အုပ်ချုပ်ရေးအာဏာရှိသူ ရဲစခန်းများက တရားဥပဒေစိုးမိုးရေးကို ချိုးဖောက်ဖျက်ဆီးပြီး အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားလုပ်စားနေကြတာလား သို့တည်းမဟုတ် မကွေးကျောင်းဆရာတော်ဦးပါမောက္ခ-ပါ သံဃာများက တရားဥပဒေစိုးမိုးရေးကို ဝင်ရောက်စွက်ဖက်နေကြတာလား"ဟူ၍ စူးစမ်းလေ့လာကြရမည်သာ ဖြစ်ပါသည်။

၅။ ထိုသို့စူးစမ်းလေ့လာခြင်းလုံးဝမရှိဘဲ အရေးယူရန်စာတစ်စောင်ထုတ်လိုက်ခြင်းကိုအကြောင်းပြု၍ မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများက "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာ

www.burmeseclassic.com

www.burmeseclassic.com


နိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်-ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ ၂-၄-၂၀၁၅ ရက်စွဲပါ တိုင်စာနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲ" ကျင်းပ၍ "တရားဥပဒေစိုးမိုးရေးကို ထိခိုက်အောင်လုပ်နေသူများမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရဲစခန်းမှ စခန်းမှူးအစရှိသည့် ရဲများသာ ဖြစ်ပါတယ်"စသည်ဖြင့် တုံ့ပြန်ခဲ့ကြောင်း တွေ့ရပြန်ပါသည်။

၆။ ဖော်ပြပါဖြစ်စဉ်ဖြစ်ရပ်များအားလုံးကို ခြုံငုံသုံးသပ်ကြည့်ရာတွင် ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့နှင့် သက်နေဆိုင်ခြင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် သက်ဆိုင်နေခြင်း၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)နှင့် သက်ဆိုင်နေခြင်းတို့ကြောင့် မဘသ(ဗဟို)၏ မူဝါဒ၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များအရ ဓမ္မဝိနယ၊ ဥပဒေတို့နှင့်အညီ အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရန် တင်ပြရခြင်းဖြစ်ပါသည်။

ယခုအချိန်တွင် ဘာသာခြားများ၊ လူမျိုးခြားများ၊ နိုင်ငံခြားသားများ၏ ခြိမ်းခြောက်မှုများ၊ ကျူးလွန်မှုများကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းလုံး အထူးလုံခြုံရေး အဝါရောင်အဆင့်အဖြစ် သတ်မှတ်ကြေညာထားရသည့် အခြေအနေနှင့် ရင်ဆိုင်နေရပါသည်။

ထိုအခြေအနေများကို သံဃနာယကအဖွဲ့များအားလုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များအားလုံး၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့များအားလုံး စည်းလုံးညီညွတ်စွာ ချိတ်ဆက်ပူးပေါင်းထားသည့် ကာကွယ်ရေးအင်အားစုများဖြင့် ဘာသာခြားများ၊

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးခြားများ၊ နိုင်ငံခြားသားများ၏ ခြိမ်းခြောက်မှုများ၊ ကျူးလွန်မှုများ၊ ဘေးရန်များကို တွန်းလှန်ကာကွယ်သွားရမည့် အချိန်အခါဖြစ်ကြောင်း သတိပြုမိကြစေလိုပါသည်။

၄။ ဤတင်ပြစာနှင့်အတူ-

(၁)၊ မဆွေဆွေနှင်းနု ခံစားနေရသောအမှုအခင်း၊

(၂)၊ ကိုဝင်းရွှေ ခံစားနေရသောအမှုအခင်း၊

(၃)၊ မနှင်းကေသီစိုး ခံစားနေရသောအမှုအခင်း၊

(၄) ကိုကျော်ဇင်လင်း ခံစားနေရသောအမှုအခင်းတို့၌ ပါရှိနေသည့် ဖြစ်စဉ်ဖြစ်ရပ်များ၊ အမှန်အတိုင်း ပေါ်ပေါက်နေသည့် အကြောင်းခြင်းရာများကို အလွယ်တကူ သိရှိသုံးသပ်နိုင်ရန် ရှင်းလင်းတင်ပြထားသည့် "လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း"စာတမ်းနှင့် သက်သေခံစာရွက်စာတမ်းများကိုလည်း တပါတည်း ပူးတွဲ၍ အပြည့်အစုံ တင်ပြထားပါသည်။

ဖော်ပြပါအမှုအခင်း(၄)ခုကို တင်ပြရခြင်းမှာ "မကွေးကျောင်း ဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်-ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီး သံဃနာယကအဖွဲ့သို့ ၂-၄-၂၀၁၅ ရက်စွဲပါ တိုင်စာနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲ" ကျင်းပရာတွင် ဘာသာခြားများ၊ လူမျိုးခြားများ၊ နိုင်ငံခြားသားများ၊ တံမိုးလက်ဆောင်ယူ(လာဘ်စား)၍ အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစား[illegible]နေသူများ၊ ဥပဒေကို [illegible]က် တစ်လုံးခြားလုပ်၍ [illegible]ကို [illegible]ဖောက်[illegible]က်ဆီး နေသူများကြောင့် [illegible] ရှုပ်ပိုင်းဆိုင်ရာ နစ်နာ

www.burmeseclassic.com



ရမှုများ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုင်ရာနစ်နာရမှုများ ဖြစ်ပွားခံစား နေရခဲ့ကြရပုံများကို ကာယကံရှင် အသီးသီး တက်ရောက် ဖွင့်ဟ သွားခဲ့ခြင်းကြောင့် ဖော်ပြပါအမှုအခင်း(၄)ခုကိုသာ ပူးတွဲ တင်ပြရ ခြင်းဖြစ်ပါသည်။ ။

(၁)၊ မဆွေဆွေနှင်းနု ခံစားနေရသောအမှုအခင်းနှင့် ပတ်သက်၍လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြချက်နှင့် သက်သေခံစာရွက်ပေါင်း (၂၃) ရွက် တင်ပြထားပါသည်။ မိတ္တူကို (၂၅) ဌာနသို့ ပေးပို့ထားကြောင်း တင်ပြပါသည်။

(၂)၊ ကိုဝင်းရွှေ ခံစားနေရသောအမှုအခင်းနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြချက်နှင့် သက်သေ ခံစာရွက်ပေါင်း (၂၁) ရွက် တင်ပြထားပါသည်။ မိတ္တူကို (၂၉) ဌာနသို့ ပေးပို့ထားကြောင်း တင်ပြပါသည်။

(၃)၊ မနှင်းကေသီစိုး ခံစားနေရသောအမှုအခင်းနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြချက်နှင့် သက်သေခံစာရွက်ပေါင်း (၉၃) ရွက် တင်ပြထားပါသည်။ မိတ္တူကို (၂၃) ဌာနသို့ ပေးပို့ထားကြောင်း တင်ပြပါသည်။

(၄)၊ ကိုကျော်ဇင်လင်း ခံစားနေရသောအမှုအခင်းနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြချက်နှင့် သက်သေခံစာရွက်ပေါင်း (၄၁) ရွက် တင်ပြထားပါသည်။ မိတ္တူကို (၂၆) ဌာနသို့ ပေးပို့ထားကြောင်း တင်ပြပါသည်။

(၅) သက်သေခံအဖြစ် တင်ပြချက်များမှာ-

( က ) ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ် ချက်မှတ်တမ်း (၂) ရွက်၊ (၂) မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



( ခ ) ၉-၄-၂၀၁၅၊ သတင်းစာရှင်းလင်းပွဲဖိတ်စာ
( ဂ ) ရုပ်သံမှတ်တမ်းခွေကို ပူးတွဲတင်ပြပါသည်။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
တွဲဖက်အတွင်းရေးမှူး(၁)၊ မဘသ(ဗဟို)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကပါဠိပါရဂူ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်

## သက်သေခံအမှတ် ( က )

## ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်း

(၂) ရွက်၊ (၂) မျက်နှာ

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်၊ သောကြာနေ့၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး၏ (၂-၄-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၁၄၀၀/(၈၅)/၂၁၀/ဦး-၂/ တင်ပြစာနှင့် စပ်လျဉ်း၍ ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မကွေးကျောင်းတိုက်ဆရာတော်ဦးပါမောက္ခ-ပါ သံဃာတော်များမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် မှုခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းအပေါ် အရေးယူဆောင်ရွက်ပေးနိုင်ပါရန်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ (၂-၄-၂၀၁၅)ရက်စွဲပါစာဖြင့် တင်ပြလာပါသည်။

၂။ ၎င်းတင်ပြချက်တွင် (၁-၄-၂၀၁၅)နေ့ (၁၁း၀၅)အချိန်၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့မရဲစခန်းသို့ မကွေးကျောင်းတိုက် ဆရာတော်ဦးပါမောက္ခ-ပါ သံဃာ(၁၅)ပါး ရောက်ရှိလာပြီး ပြစ်မှု ပုဒ်မ ၄၀၆-ဖြင့် အရေးယူခဲ့သော တရားခံအရိုး(ခ)ကျော်ဇင်လင်းမှ ပြန်လည်တိုင်တန်းသည့် ပြစ်မှုပုဒ်မ ၄၂၀-ဖြင့် အမှုဖွင့်ထားသည့် ကိစ္စကို မကျေနပ်သဖြင့် ရဲစခန်းသို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ဒု-စခန်းမှူးမှ ၎င်းအမှုကိစ္စအခြေအနေကို ရှင်းပြသော်လည်း ဆရာတော်ဦးပါမောက္ခမှ နားလည်လက်ခံခြင်းမရှိကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့နယ်ရဲတပ်ဖွဲ့ဆိုင်းဘုတ်ရှေ့တွင် လက်ကိုင်စပီကာဖြင့် "ရဲများလာဘ်စားကြောင်း၊ ကုလားကိုကူညီကြောင်း"စသည်ဖြင့် ပြောဆိုခဲ့ကြောင်း ပါရှိပါသည်။

၃။ ထို့အပြင် ဦးပါမောက္ခသည် (၁၆-၃-၂၀၁၅)ရက်နေ့နှင့် (၂၄-၃-၂၀၁၅)နေ့တို့တွင်လည်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြို့မရဲစခန်းသို့ ၎င်းအမှုကိစ္စဖြင့်ပင် မကျေနပ်၍လာရောက်မေးမြန်းစုံစမ်းသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် မြို့နယ်အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)ဥက္ကဋ္ဌဆရာတော်တို့မှ လာရောက်ရှင်းလင်းပေးခဲ့ရသည်ဟုလည်း သိရှိရပါသည်။

၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ညွှန်ကြားလွှာ အမှတ် (၆၅) တွင် တစ်ပါးချင်းဖြစ်စေ၊ အုပ်စုဖွဲ့၍ဖြစ်စေ ဝိနည်း သိက္ခာပုဒ်တော်များနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော တရားဥပဒေများကို ဆန့်ကျင်၍ အကြမ်းဖက်ကျူးလွန်နေကြသည့် ရဟန်း

www.burmeseclassic.com



သာမဏေများအား တိတိကျကျ အရေးယူရန် ညွှန်ကြားထားပါသည်။

၅။ ထို့အပြင် ညွှန်ကြားလွှာ အမှတ် (၈၁) တွင်လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသော ရဟန်းသာမဏေဟူသမျှသည် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းအရ ဖွဲ့စည်းထားသော သံဃနာယကအဖွဲ့ တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ်မှုအောက်တွင် သီတင်းသုံးနေထိုင်ရန် ညွှန်ကြားထားပါသည်။

၆။ ထို့အပြင် ညွှန်ကြားလွှာ အမှတ် (၈၃) တွင်လည်း သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးလုံးကိုသော်လည်းကောင်း၊ တစ်ပါးပါးကိုသော်လည်းကောင်း ဆောင်ရွက်ကြ၍ ပါတီနိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန် ညွှန်ကြားထားပါသည်။

၇။ ထို့အပြင် ညွှန်ကြားလွှာ အမှတ် (၈၅) တွင်လည်း ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသောအမှုများကို ကျူးလွန်သည့် ရဟန်းသာမဏေများအား အရေးယူရန် ညွှန်ကြားထားပါသည်။

၈။ ထို့အပြင် ညွှန်ကြားလွှာ အမှတ် (၉၃/၉၄) တို့တွင်လည်း သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများသည် ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ကိုသာ အားထုတ်ကြရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ပေးကြရန်နှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေး အလေးထားဆောင်ရွက်ကြရန် ညွှန်ကြားထားပါသည်။

၉။ သို့ဖြစ်ပါ၍ ယခု ဦးပါမောက္ခဆောင်ရွက်နေသော ကိစ္စရပ်

www.burmeseclassic.com

www.burmeseclassic.com


များသည် ရဟန်းသာမဏေများ ဂဏ္ဍမုရ ဝိပဿနာဓုရ တစ်ခုခုကို အားထုတ်ခြင်း၊ လောကုတ္တရာကိစ္စများကို ဆောင်ရွက်ခြင်း မဟုတ်ဘဲ ညွှန်ကြားလွှာ (၉၁)ပါ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၏ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် တရားဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်မှုများ မပြုလုပ်ရန် ညွှန်ကြားထားသည်ကို ဥပေက္ခာပြု၍ လောကီကိစ္စများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ ဆရာတော်ကြီးများမှ ဖော်ပြလတ္တံ့ပါအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်တော်မူကြသည်။

ဆုံးဖြတ်ချက်

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ ဆရာတော်ကြီးများမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ညွှန်ကြားလွှာအမှတ် (၆၅)၊ (၈၁)၊ (၈၃)၊ (၈၅)၊ (၉၁)၊ (၉၃)၊ (၉၄) တို့ကို ညွှန်ကြားထားပြီးဖြစ်သဖြင့် အထက်ပါညွှန်ကြားချက်များအား မကွေးကျောင်းဆရာတော် ဦးပါမောက္ခနှင့်တကွ မည်သည့်သံဃာမဆို လိုက်နာကြရန် ဆုံးဖြတ်တော်မူကြသည်။

(ခ) မလိုက်နာပါက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာများအရလည်းကောင်း၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေများအရလည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်တော်မူကြသည်။

(ဂ) မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်လည်း လာဘ်စားသည့် ရဲဝန်ထမ်းများအား ဖော်ထုတ်သိရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်တော်မူကြသည်။

(ဃ) သံဃာတော်များ လူမှုရေးကိစ္စတွင် ပါဝင်လာစေပြီး

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်ညှိုးနွမ်းစေအောင် ဆောင်ရွက်သော မည်သည့်ပုဂ္ဂိုလ်ကိုမဆို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က ဖြင့် အရေးယူသွားရန် ဆုံးဖြတ်တော်မူကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့
ဆရာတော်များ

- ဘဒ္ဒန္တအဂ္ဂိသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဥက္ကဋ္ဌဆရာတော် (ရွှေကျင်)
- ဘဒ္ဒန္တကုဒ္ဒိဗလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဥက္ကဋ္ဌ (သုဓမ္မာ)
- ဘဒ္ဒန္တပညောဘာသ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဥက္ကဋ္ဌ (ဝေဠုဝန်)
- ဘဒ္ဒန္တဥတ္တမာစာရ ဥက္ကဋ္ဌဆရာတော် (မဟာဒွါရ)
- ဘဒ္ဒန္တစန္ဒောဘာသ အကျိုးတော်ဆောင် (ငှက်တွင်း)
- ဘဒ္ဒန္တဂုဏာလင်္ကာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် (သုဓမ္မာ)
- ဘဒ္ဒန္တနရိန္ဒ(မဟာဂန္ထဝါစကပဏ္ဍိတ) အကျိုးတော်ဆောင်(သုဓမ္မာ)
- ဘဒ္ဒန္တဝဏ္ဏိတ တွဲဖက်အကျိုးတော်ဆောင်(သုဓမ္မာ)
- ဘဒ္ဒန္တဉာဏဓဇ ဥက္ကဋ္ဌဆရာတော် (မြို့နယ်)
- ဘဒ္ဒန္တဝါသဝ အကျိုးတော်ဆောင် (မြို့နယ်)

မှတ်ချက်။ ။လက်မှတ်များပါရှိပါသည်။

# သက်သေခံအမှတ် ( ခ )

## ၉-၄-၂၀၁၅၊ သတင်းစာရှင်းလင်းပွဲဖိတ်စာ

ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံးမှ (၂-၄-၂၀၁၅)ရက်စွဲပါစာဖြင့် ရန်ကုန်တိုင်းဒေသကြီး ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဆရာတော်များထံ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် မကွေးကျောင်းဆရာတော် ဦးပါမောက္ခ အပါအဝင် သံဃာတော်များမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် မှုခင်းကိစ္စများ

www.burmeseclassic.com



တွင် ဝင်ရောက်စွက်ဖက်သည်ဟု မဟုတ်မမှန် လိမ်ညာပြီး တိုင်ကြားထားသည့်အပေါ် မကွေးကျောင်းဆရာတော်မှ နိုင်ငံတော်သမ္မတကြီးနှင့်တကွ ရဟန်း ရှင် လူ ပြည်သူအများ အမှန်တရားကို သိရှိနားလည်စေနိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲကို အောက်ဖော်ပြပါအတိုင်း ပြုလုပ်သွားမည်ဖြစ်ပါ၍ မည်သူမဆို ကြွရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

အခမ်းအနား အစီအစဉ်

နေ့ရက် - ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၉-၄-၂၀၁၅၊ ကြာသပတေးနေ့၊

အချိန် - နေ့လယ် ၁ နာရီမှ ၃ နာရီထိ၊

နေရာ - "City Star" ခန်းမ၊ အမှတ် (၁၆၉/၁၇၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊

## သက်သေခံအမှတ် ( ၈ )

## ရုပ်သံမှတ်တမ်းခွေ

ရုပ်သံမှတ်တမ်းခွေ ရှိပါသည်။ မှတ်တမ်းတင်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အရိုး(ခ)ကိုကျော်ဇင်လင်း အမှုအခင်း လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း

သို့

ရဲချုပ်ဇော်ဝင်း

မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့(ဌာနချုပ်)၊ နေပြည်တော်

သို့

ရဲမှူးကြီးဦးဝင်းနိုင်

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ လှတ်တော်ဝင်း၊ ပြည်လမ်း၊ ရန်ကုန်မြို့

ရက်စွဲ။ ။၁၉-၄-၂၀၁၅

အကြောင်းအရာ။ ။ဦးကျော်ဇင်လင်း (ခ) အရိုး ခံစားနေရသော အမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြခြင်း

ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးသို့ လာရောက်တင်ပြသည့် အမှုအခင်းပါ စာရွက်စာတမ်းများအရ လေ့လာကြည့်ရာတွင် ဦးကျော်ဇင်လင်း ခံစားနေရသော စိတ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ရုပ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ဆိုင်ရာ နစ်နာရမှုများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၉-ရက်နေ့တွင် ဦးစိုးကျော်နိုင် (လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သုခမြိုင်လမ်း၊ အိမ်အမှတ် (၂၉) နေထိုင်သူ၊ မှတ်ပုံတင်အမှတ် (HLG- 023011)ထံ မော်တော်ကား တစ်စီးကို ဦးကျော်ဇင်လင်း (တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ခမ္မစိန္တာလမ်း၊ အိမ်အမှတ်(၇၃)နေထိုင်သူ၊ မှတ်ပုံတင်အမှတ် ၇/ ပတန(နိုင်) ၀၀၀၀၁၇)က ငွေကျပ်သိန်းပေါင်း တစ်ရာတိတိဖြင့် ဝယ်ယူခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(က/၁)ကို တင်ပြထားပါသည်။)

မှတ်ချက်။ ။၎င်းကားအရောင်းအဝယ်ကိစ္စကို အကြောင်းပြပြီး ဦးစိုးကျော်နိုင်က ယုံကြည်အပ်နှံဖောက်ဖျက်မှု ပုဒ်မ ၄၀၆-အရ အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် စာချုပ်စာတမ်းများအရရော လက်တွေ့ငွေပေးခြင်း၊ ပစ္စည်းယူခြင်းအရပါ သုံးသပ်ကြည့်လျှင် ယုံကြည်အပ်နှံဖျောက်ဖျက်မှုလုံးဝ မဟုတ်ကြောင်း တွေ့ရှိရသည်။

သို့ပါလျက် ဥပဒေလုပ်ပိုင်ခွင့်အရရော ပုဂ္ဂိုလ်လုပ်ပိုင်ခွင့်အရပါ နှစ်မျိုးစလုံးကို မင်္ဂလာတောင်ညွန့်ရဲများက ချိုးဖောက်ကျူးလွန်ပြီးတော့ အာဏာအလွဲသုံးစားလုပ်ကာ "တိုင်သူရှိလို့ ဖမ်းဆီးအရေးယူထားတာ"ဆိုသည့်မူဖြင့် အပြစ်မရှိသူ ဦးကျော်ဇင်လင်းကို ဖမ်းဆီးပြီး အရေးယူထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၂။ ဆက်စပ်မှုဖြစ်စဉ်အရ ဦးစိုးကျော်(နိုင်)နှင့် ဦးအောင်ဇော်မိုး ကားအရောင်းအဝယ်စာချုပ်တစ်ခု၊ လှည်းကူးမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဦးစိုးကျော်နိုင် လက်ခံကြည့်ရှုရန် ထုတ်ပေးထားသည့် မြေပုံတစ်ခု၊ ဦးစိုးကျော်နိုင်မှတ်ပုံတင်မိတ္တူတစ်ခုတို့ကို တင်ပြထားကြောင်း၊ ထိုမှတ်ပုံတင်တွင် လူမျိုးနေရာ၌ "အိန္ဒိယ/(အိန္ဒိယဗမာ

www.burmeseclassic.com

www.burmeseclassic.com



+ဘဂီလီဗမာ)"ဟု ဖော်ပြထားကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(က/၂-မှ က/၅)ထိ တင်ပြထားပါသည်။)

၃။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၄-ရက်တွင် ဦးကျော်စိုးနိုင်က ဦးကျော်ဇင်လင်းထံမှ "နှစ်ဦးသဘောတူယုံကြည်အပ်နှံခြင်းကတိစာချုပ်"အပေါ် သက်သေများရှေ့မှောက် လက်မှတ်ရေးထိုးပြီး ငွေကျပ်သိန်းပေါင်းတစ်ထောင်တိတိကို လက်ခံရယူခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ခ)၌ ဖော်ပြပါရှိချက်အရ တင်ပြခြင်းဖြစ်ပါသည်။)

၄။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၇-ရက်တွင် ဦးကျော်ဇင်လင်း၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေဦးခင်မောင်ဖြူ (သုံးခွ)မှ ဦးကျော်စိုးနိုင်ထံသို့ ဖော်ပြပါငွေကျပ်သိန်း တစ်ထောင်တိတိကို နှစ်ဦးသဘောတူယုံကြည်အပ်နှံခြင်းကတိစာချုပ်အတိုင်း ပြန်လည်ပေးအပ်ခြင်းမရှိသည့်အတွက်ကြောင့် ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားရေးအတွက် ကြိုတင်အသိပေးသည့် နို့တစ်စာပေးပို့အကြောင်းကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ခ/၁၊ ခ/၂၊ ခ/၃)တို့ကို တင်ပြထားပါသည်။)

၅။ ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၈-ရက်တွင် ဒေါ်ထားထားနွဲ့ (အိမ်အမှတ်(၉၅)၊ (၉၂)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေထိုင်သူ အမျိုးသမီးတစ်ဦး) က ဘယ်ဌာနဟု ဖော်ပြထားခြင်းမရှိသည့် တိုင်ကြားစာတစ်စောင်ကို လက်မှတ်ထိုးတင်ပြခဲ့ကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစာထဲ၌ ဦးကျော်ဇင်မင်း(ခ)အရိုး (အမှတ်(၇၃)၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွှန့်၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်-နေထိုင်သူ)၏ မူးယစ်ဆေးဝါးဖြန့်ဖြူးနေမှု၊ လူဆိုးဂိုဏ်းများနှင့် ပေါင်းသင်းနေမှု၊ အကြွေးတောင်းယူ ခြင်းလုပ်ငန်းလုပ်မှု၊ စာချုပ်စာတမ်းများတွင် လက်မှတ်ရေးထိုးခြင်းလုပ်ငန်းလုပ်မှု၊ စာချုပ်စာတမ်းများ အတုအပပြုလုပ်ခြင်းလုပ်ငန်း လုပ်မှုစသည်တို့ကို ဖော်ပြထားပြီး တိုင်ကြားထားကြောင်း တွေ့ရှိရသည်။

ထို့ပြင် ကိုမြားလေး၊ ကိုစံဝင်း၊ ကိုအောင်မိုးဆိုသူတို့နှင့် ဆက်စပ်မှုမှုရှိကြောင်း၊ သားဖြစ်သူမှာ ဆေးစွဲသေဆုံးရခြင်းအတွက် မကျေနပ်၍ တိုင်ကြားရခြင်းဖြစ်ကြောင်း၊ အမှတ်(၁၀၅)၊ (၉၄)လမ်း၊ (၄)လွှာ၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်တွင် နေထိုင်သူ ဒေါ်မြသီတာ၏ လင်ယောကျ်ားဖြစ်သူ ဦးစိုးကျော်နိုင်အား စာချုပ်စာတမ်း အတင်းအဓမ္မလက်မှတ်ရေးထိုးစေခိုင်းခြင်း၊ နေအိမ်အောက်သို့ လာရောက်ဆဲဆိုပြီး ဒုက္ခပေးခြင်းတို့ကို ပြုလုပ်ကြောင်း၊

သို့ဖြစ်ပါ၍ ဦးကျော်ဇင်မင်း(ခ)အရိုးနှင့်အဖွဲ့အား ဥပဒေနှင့်အညီ ထိရောက်ပြစ်ဒဏ်ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပေးပါရန် တိုင်ကြားရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဂ/၁၊ ဂ/၂)တို့ကို တင်ပြထားပါသည်။)

၆။ ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၁၂-ရက်တွင် မင်္ဂလာတောင်ညွှန့် ရဲစခန်း၌ ဦးကျော်ဇင်လင်းက ငွေကျပ်သိန်းပေါင်းတစ်ထောင် ကိုတိကို ပြန်လည်ရယူလိုမှုဖြင့် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြားစာထဲ၌ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်တွင် ဦးစိုးကျော်နိုင်က ဦးကျော်ဇင်လင်းထံ ရောက်ရှိလာပြီး ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့အတွက် ငွေလိုအပ်နေကြောင်း၊ ထို့ကြောင့် ငွေကျပ်သိန်းတစ်ထောင်တိတိကို ယုံကြည်စိတ်ချစွာ ပေးထားစေလိုကြောင်း၊

တစ်ဖန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၃ ရက်တွင် ဖုန်းအကြိမ်ကြိမ်ဆက်ပြီး ငွေလိုအပ်နေကြောင်း၊ တစ်ဖန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၊ ၁၄-ရက်တွင်လည်း သိပ်ပြီး အရေးပေါ်ငွေလိုနေသည့်အတွက် ငွေထုတ်ပေးရန်ပြောဆိုကြောင်း အကြိမ်ကြိမ်ပြောဆိုလာသဖြင့် လုပ်ငန်းများလုပ်ဖော်ကိုင်ဖက်ဖြစ်ခြင်းကြောင့် စိတ်ချယုံကြည်စွာ အချိန်အကန့်အသတ် (၁-ပတ်) သတ်မှတ်ထား၍ ငွေကျပ်သိန်းတစ်ထောင်တိတိကို ကတိစာချုပ်ချုပ်ဆိုပြီး ထုတ်ပေးလိုက်မိကြောင်း တွေ့ရှိရသည်။

ထို့အပြင် စာချုပ်ထဲတွင် ဖော်ပြစဉ်က လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်။ ရှမ်းစုလမ်း၊ အမှတ်(၆၉/အေ)၊ အခန်း(၁၄)ဟုလိပ်စာဖော်ပြခဲ့ကြောင်း၊ အမှန်တကယ်နေထိုင်သည်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ်(၁၀၅)၊ (၄)လွှာတွင် အမှန်တကယ်နေထိုင်ကြောင်း တွေ့ရှိရသည်။

ဦးစိုးကျော်နိုင်သည် တောင်ကြီးမြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့တို့၌လည်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၀၆၊ ၄၂၀) တို့အရ တရားစွဲဆိုခံနေရသူတစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ ဥပဒေကြောင်းအရ အရေးယူပေးပါရန် ဦးကျော်ဇင်လင်းက အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဃ/၁၊ ဃ/၂)ကို

www.burmeseclassic.com

www.burmeseclassic.com



တင်ပြထားပါသည်။)

၇။ ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၈-ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းသို့ ဦးစိုးကျော်နိုင်မှ ဦးကျော်ဇင်လင်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၀၆) အရ အရေးယူပေးရန်တိုင်ကြားခဲ့ကြောင်း၊ တိုင်ကြားချက်အရ မင်္ဂလာတော်င်ညွန့်မြို့နယ်ရဲစခန်းမှ လာရောက်ဖမ်းဆီးပြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းရှိအချုပ်ခန်းအတွင်း၌ (၈) ရက်တိုင်တိုင် ချုပ်နှောင်ထားခဲ့ကြောင်း၊ ထိုအချိန်တွင် မကွေးကျောင်းဆရာတော်အရှင်ပါမောက္ခ-လာရောက်မေးမြန်းပြီး ၄၀၆-မမြောက်ကြောင်း ဖြေရှင်းလိုက်ရသည့်အတွက် ဆက်လက် ချုပ်နှောင်မထားရဲတော့ဘဲ ပြန်လည်လွှတ်ပေးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(ပူးတွဲ (င/၁၊ င/၂၊ င/၃၊ င/၄၊ င/၅၊ င/၆၊ င/၇၊ င/၈ ၊ င/၉၊ င/၁၀၊ င/၁၁)တို့၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

၈။ ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၁၃-ရက်တွင် ဦးစိုးကျော်နိုင်က အာဏာရှိသူရဲများနှင့်ပူးပေါင်းကာ လိမ်လည်အမှုဖွင့်ပြီး ဦးကျော်ဇင်လင်းအား ဖမ်းဆီးချုပ်နှောင်ထားခြင်းနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူပေးပါရန်

၁။ ရဲချုပ်၊ မြန်မာနိုင်ငံပြည်သူ့ရဲ တပ်ဖွဲ့(ဌာနချုပ်)၊

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး၊

၃။တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး၊

၄။ တိုင်းဒေသကြီးတရားသူကြီး၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊

၅။ တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး၊
၆။ ဥက္ကဋ္ဌဆရာတော်၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)၊ အင်းစိန်မြို့-တို့ထံသို့ ဦးကျော်ဇင်လင်းက တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

ထိုတိုင်ကြားစာထဲ၌ ဦးကျော်ဇင်လင်း(ဗုဒ္ဓဘာသာ၊ မြန်မာ)သည် အိမ်၊ ခြံမြေနှင့် ကားအရောင်းအဝယ်လုပ်ကိုင်နေသူဖြစ်ကြောင်း ဖော်ပြထားသည်။ မတရားလိမ်လည်အမှုဆင်ပြီး တိုင်ကြားခံရကာ ဖမ်းဆီးချုပ်နှောင်ခံရခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော(၃)ခန့်တုန်းက ဦးကျော်ဇင်လင်းအိမ်သို့ ဦးစိုးကျော်နိုင် (အစ္စလာမ်ဘာသာ၊ အိန္ဒိယ/(အိန္ဒိယဗမာ+ဘင်္ဂါလီဗမာ)-)ရောက်ရှိလာခဲ့ကြောင်း၊



အစ္စလာမ်ဘာသာဝင် ကုလားစိုးကျော်နိုင်၏ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com


၁။ ပြင်ဦးလွင်မြို့၊ နန္ဒဝန်နယ်မြေရှိမြေကွက်၊
၂။ ပြင်ဦးလွင်မြို့၊ (၉)ရပ်ကွက်ရှိ ဦးပိုင်အမှတ်(၅၈)မြေကွက်၊
၃။ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ရေသယောက်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၆၈၃. ၇၈၅)၊ ဦးပိုင်အမှတ် N ၇၆-က၊ မြေဧရိယာ(၀. ၃၆)ဧကမြေကွက်၊ ဦးပိုင်အမှတ် N ၇၂၊ မြေဧရိယာ(၀. ၆၉ )ဧကမြေကွက်တို့ကို တန်ဖိုးငွေသိန်း(၃၀၀၀)ဖြင့် ရောင်းရန်ရှိသည်ဟုပြောကြားခဲ့ကြောင်း၊

ဦးကျော်ဇင်လင်းမှ ဝယ်လက်များကို ပွဲစားအနေဖြင့် ရှာဖွေပေးခဲ့ရသော်လည်း ဝယ်လက်များမရှိဘဲဖြစ်နေခဲ့ကြောင်း၊

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း ငွေကျပ်သိန်းတစ်ထောင်တိတိကို ယုံကြည်ကတိစာချုပ်ဖြင့် ရယူသွားခြင်းဖြစ်ကြောင်း၊

ထို မြေများရှိသည်ဟု သိရှိရခြင်းကြောင့်လည်း ယုံကြည်စိတ်ချမိခြင်းဖြစ်ကြောင်း၊ ထို့နောက် ပြင်ဦးလွင်သို့ ဦးစိုးကျော်နိုင်နှင့် ဦးကျော်ဇင်လင်းတို့ ၂-ဦး အတူတူသွားရောက်ကြပြီး မြေကွက်များကို ရောင်းချရန် စီစဉ်ကြရာ ဝယ်လက်များနှင့် အဆင်ပြေနေချိန်တွင် ထိုမြေကွက်များကို ပိုင်ဆိုင်သည့် ပိုင်ရှင်အစစ်အမှန်မှာ ဦးစိုးကျော်နိုင်မဟုတ်ကြောင်း၊ ပိုင်ရှင်အစစ်အမှန်မှာ ဒေါ်တင်တင်စိန် (ကမ္ဘာလှည့်တင်တင်စိန်၊ ဗုဒ္ဓဘာသာ၊ စာရေးဆရာမကြီး)ဖြစ်နေကြောင်းကို အုပ်ချုပ်ရေးမှူးမှ ပြောကြားလာသည့်အတွက်ကြောင့် အရောင်းအဝယ်ပျက်ခဲ့ရကြောင်း၊

ဦးကျော်စိုးနိုင်သည် ဒေါ်တင်တင်စိန်ဆိုသည့် အမျိုးသမီးကြီးထံမှ ဖော်ပြပါမြေကွက်များအပြင် ရန်ကုန်-နေပြည်တော် ကားလမ်းဘေးရှိမြေကွက်၊ ၁၇-ဧက၊ ပုဂံဟိုတယ်တစ်ခုလုံးကိုလည်း စာရွက်စာတမ်းအတုများဖြင့် လိမ်လည်ပြီး ရယူထားသူဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကို တွေ့ရှိရသည်။

ဦးစိုးကျော်နိုင် ထိုကဲ့သို့စာချုပ်စာတမ်းအတုများဖြင့် လိမ်ညာခြင်း၊ ပိုင်ရှင်အစစ်အမှန်တို့ကို အချုပ်ကျအောင်၊ ထောင်ကျအောင်လုပ်ဆောင်နိုင်ခြင်းမှာ ယခင်ရန်ကုန်အနောက်ပိုင်းခရိုင်တရားသူကြီး၊ ယခုစစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်မှ ညွှန်ကြားရေးမှူးဖြစ်သူ (ဦးစိုးကျော်နိုင်၏အစ်မ)က ကူညီနေခြင်း၊ ရှေ့နေဒေါ်သန်းသန်းဝင်း၊ အမှုပွဲစားလုပ်သူ ကုလားစတားပါရှား၊ အပေါင်ပွဲစားကုလားမ-မသန်းဆင့်တို့မှ ပါဝင်ပူးပေါင်းကူညီနေခြင်းတို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ
(င/၁၊ င/၂၊ င/၃၊ င/၄၊ င/၅၊
င/၆၊ င/၇၊ င/၈ ၊ င/၉၊ င/၁၀၊ င/၁၁)
တို့ကို တင်ပြထားပါသည်။)

၈။ ၂၀၁၅ ခုနှစ်၊ ဧပြီလ၊ ၃-ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့(ဌာနချုပ်)မှ သယ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ကြေးနန်းပို့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်း (ပ)၁၂၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၄၀၆-အမှုအခင်း၊ (ပ)၁၈၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၄၂၀-အမှုအခင်း (၂)ခုတို့ကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စိစစ်တင်ပြရန် ညွှန်ကြားခဲ့ကြောင်း၊ သယ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးကျော်ဇင်လင်းကို ခေါ်ယူစစ်ဆေးရန် ညွှန်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(စ)၌ ဖော်ပြထားချက်အရ
တွေ့ရှိရခြင်းဖြစ်ပါသည်။)

၉။ ၂၀၁၅ ခုနှစ်၊ ဧပြီလ၊ ၇-ရက်တွင် သယ်န်းကျွန်းမြို့နယ်ရဲ

www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့မှူးရုံးမှ တာမွေမြို့မရဲစခန်းသို့ ဆင့်ဆိုစာတစ်စောင် ပို့ခဲ့ကြောင်း တွေ့ရှိရသည်။

ဆင့်ဆိုစာထဲ၌ မကွေးကျောင်းဆရာတော် ဦးပါမောက္ခ (မဘသ)ပါ သံဃာတော်(၁၅)ပါးတို့သည် ၁-၄-၂၀၁၅-ရက်နေ့ ၁၁း၀၅ အချိန်တွင် မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ ရောက်ရှိလာကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်း (ပ)၁၂၈/၂၀၁၅၊ ပြစ်မှုပုဒ်မ ၄၀၆-အမှုအခင်း၊ (ပ)၁၈၇/၂၀၁၅၊ ပြစ်မှုပုဒ်မ ၄၂၀-အမှုအခင်း (၂)ခုတို့နှင့်ပတ်သက်၍ မေးမြန်းကြောင်း၊ ၁၁း၄၀ အချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဆိုင်းဘုတ်ရှေ့၌ ဟမ်းစပီကာဖြင့် ရဲတပ်ဖွဲ့ဝင်များလာဘ်စား၍ ကုလားနှင့်ပေါင်းကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆိုင်ရာရဲတပ်ဖွဲ့ဝင်များအား အရေးယူပေးပါရန်နှင့် အရေးမယူပါက ဆက်လက်လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်ကြောင်းများကို ပြောဆိုခဲ့ကြောင်းစသည်ဖြင့် တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(စ)ကို တင်ပြထားပါသည်။)

၁၀။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉-ရက် "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်-ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီးရဲ တပ်ဖွဲ့မှူးရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ ၂-၄-၂၀၁၅ ရက်စွဲပါ တိုင်စာနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ" မှတ်တမ်းခွေ၌ ဖော်ပြပါရှိချက်အရ

ဆရာတော်ဦးပါမောက္ခ(မကွေးကျောင်းဆရာတော်)က ရှင်းလင်းမိန့်ကြားရာတွင်-

www.burmeseclassic.com

www.burmeseclassic.com



"ကျော်ဇင်လင်း၏အမျိုးသမီးက လာရောက် လျှောက်ထားခြင်းကြောင့် သိရတာဖြစ်ကြောင်း၊ ကျော်ဇင်လင်းကို ကုလားစိုးကျော်နိုင်က ၄၀၆-နဲ့ လိမ်လည်အမှုဆင်ပြီးတော့ ဖမ်းဆီးပြီး အချုပ်ထဲထည့်ခိုင်းထားတာဖြစ်ကြောင်း၊ ဒါ့ကြောင့် ၁၆-၃-၂၀၁၅၊ နံနက် ၁၁ နာရီခွဲလောက်တုန်းက မင်္ဂလာတောင်ညွန့် ရဲစခန်းသို့ သွားရောက်ပြီးတော့ စာရွက်စာတမ်းများကို တင်ပြကာ ကျော်ဇင်လင်းမှာ ၄၀၆-မြောက်သလားဟု မေးမြန်းခဲ့ကြောင်း၊ ထိုအခါ အရှေ့ပိုင်းခရိုင်ရဲမင်းကြီးက ၄၀၆-မမြောက်ပုံကို ရှင်းပြခဲ့ကြောင်း၊

မင်္ဂလာတောင်ညွန့်ရဲတွေက ကုလားစိုးကျော်နိုင်က တိုင်လို့ တိုင်ကြားချက်အရ သူတို့က ဖမ်းရတာပဲဟု ရှင်းပြခဲ့ကြောင်း၊ အချုပ်ထဲမှ ထုတ်ပေးခြင်းမရှိဘဲ ဥပဒေအကြံတောင်းထံ တင်ပြချင်သေးတယ်ဟု လျှောက်ထားခဲ့ကြောင်း၊ ကျော်ဇင်လင်းကို ပြန် ပေးရမယ့် ငွေကျပ်သိန်းတစ်ထောင်တိတိကို မပေးချင်တဲ့အတွက်ကြောင့် အခုလိုလုပ်လိုက်တာလို့ ယူဆရမှာဖြစ်ကြောင်း၊

၄၀၆ ဆိုတာ အာမခံမရနိုင်တဲ့ပုဒ်မဖြစ်ကြောင်း၊ တစ်ခါတည်းနဲ့ ထောင်ထဲရောက်သွား ရမှာဖြစ်ကြောင်း၊ ထောင်ဒဏ် ၃-နှစ်ခံရမှာဖြစ်ကြောင်း၊ အရှေ့ပိုင်းခရိုင်ရဲမှူးကြီးဦးမြင့်ထွေးက မှားယွင်းသွားတာဖြစ်ကြောင်းဝန်ခံပြီး ပြန်ထုတ်ပေးလိုက်တာဖြစ်လို့ အရှေ့ပိုင်ခရိုင် ရဲမှူးကြီးဦးမြင့်ထွေးကို ကျေးဇူးတင်ပါတယ်ဟု မှတ်တမ်းတင်၍ မိန့်ကြားသွားကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ "တရားဥပဒေစိုးမိုးလို့ရှိရင် မှန်ကန်တဲ့လူတွေက ချမ်းချမ်းသာသာနဲ့၊ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရမယ်။ မမှန်မကန်လုပ်တဲ့လူတွေကို အရေးယူလို့ရမယ်။ အခုတော့ မှန်ကန်တဲ့လူတွေက အချုပ်ထဲရောက်နေရတယ်။ ထောင်ထဲရောက်နေ ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

တရားဥပဒေအထက်မှာ ပိုက်ဆံရောက်နေတယ်။ ပိုက်ဆံရှိသူတွေက ပိုက်ဆံပေးခိုင်းလိုက်တဲ့အတိုင်း အပြစ်မရှိသူတွေကို ဖိနှိပ်နေကြတာ တွေ့ရတယ်။

ကုလားတွေကနေ "ဦးပါမောက္ခက မင်္ဂလာတောင်ညွန့်ရဲစခန်းကို စီးတော့မှာ"လို့ သတင်းတွေဖြန့်ခဲ့ကြောင်း၊ အဲဒီနေ့တုန်းက ကျုံပျော်မှာ တရားပွဲလက်ခံထားတာရှိလို့ ကျုံပျော်ကို သွားရမှာဖြစ်ကြောင်းကို သုံးကြိမ်တိုင်တိုင်မေးရာ သုံးကြိမ်တိုင်တိုင် ဖြေကြားပေးခဲ့ကြောင်း၊ မေးသူက ဒိုင်းမွန်းရွှေကြည်ဆိုတဲ့ကုလားဖြစ်ကြောင်း၊

အဲသလိုသုံးကြိမ်တိုင်တိုင်ဖြေကြား ထားပါရက်သားနဲ့ ဒီသတင်းကို မမှန်မကန်လုပ်ကြပြီးတော့ ဘယ်သူက ဖြန့်လိုက်တာလဲ။ မလာနိုင်ပါဘူးလို့ ပြောထားတာကို လာတော့မှာပါလို့ လုပ်ပြီးတော့ သံဃနာယကအဖွဲ့တွေ၊ သာ-ထိန်းအဖွဲ့တွေ ပင့်ပြီးတော့ ရဲစခန်းဘေးနားမှာ ချထားခဲ့တာတွေရှိခဲ့တယ်လို့ သိရကြောင်း" ဆက်လက်၍ မိန့်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ မိန့်ကြားရာတွင် "ကျော်ဇင်လင်း (ဗမာ၊ ဗုဒ္ဓဘာသာ)က သိန်းတစ်ထောင်ရစရာရှိသူပါ။ ပေးရမယ့်သူက ကုလားစိုးကျော်နိုင်ပါ။ အခု ကျော်ဇင်လင်း (ဗမာ၊ ဗုဒ္ဓဘာသာ) က အရေးယူခံရတာ။ ကုလားစိုးကျော်နိုင်က အပြင်မှာ လွတ်နေတယ်"ဟု မိန့်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

ကာယကံရှင်ဖြစ်သူ ဦးကျော်ဇင်လင်းက ရှင်းပြရာတွင်-

"ကျွန်တော့်ကို မင်္ဂလာတောင်ညွန့်ရဲစခန်းက ၄၀၆-နဲ့ လာရောက် ဖမ်းဆီးစဉ်တုန်းက ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဖမ်းဝရမ်းမပါဘဲ ဖမ်းပါတယ်။ ၄၀၆-နဲ့ အရေးယူတာဟာ သူတို့မြို့နယ်

www.burmeseclassic.com

www.burmeseclassic.com



မှူး ရဲတွေအနေနဲ့ အရေးယူခွင့်မရှိဘူးလို့ သိရပါတယ်။ ခရိုင်မှူးတွေအနေနဲ့သာ ဒီပုဒ်မတပ်ပြီး အရေးယူနိုင်တာလို့ ပြောပါတယ်။

စိုးကျော်နိုင်ဟာ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်ဒု-ညွှန်ကြားရေးမှူး ဒေါ်ဝေမာထွန်းခင်(အစ်မဖြစ်သူ)ရဲ့ အကူအညီတွေနဲ့ အခုလိုလိုက်ပြီး ဗုဒ္ဓဘာသာဝင်တွေဆီက လိမ်ယူနေတာပါ။ စိုးကျော်နိုင်ရဲ့တိုင်ကြားမှုတွေကြောင့် အမျိုးအမျိုးအစစ်ခံနေရပါတယ်။

မနေ့ကလည်း မူးယစ်ဆေးဝါးတွေကို ရန်ကုန်မြို့မှာ ကျော်ဇင်လင်းက အကြီးအကျယ်ရောင်းဝယ်ဖောက်ကားနေတယ်လို့ စိုးကျော်နိုင်က တိုင်လို့ဆိုပြီးတော့ မူးယစ်အထူးမှ ဒုရဲအုပ်ဇော်ဇော်နိုင် ဦးစီးပြီး ကျွန်တော့်အိမ်ကို လာရှာပါတယ်။ သူတို့လာချိန်မှာ ကျွန်တော်က မကျန်းမာလို့ ဆေးခန်းမှ ပြန်လာစဉ် လှေခါးအတက်မှာတွေ့တော့ ကျွန်တော့်ကို ဝိုင်းဖမ်းချုပ်ပြီးတော့ ဝိုင်းထိုးကြပါတယ်။ ကျွန်တော့်အနေနဲ့ ဘယ်သူဘယ်ဝါတွေမှန်း၊ ဘယ်အဖွဲ့အစည်းကမှန်း မသိရပါဘဲ အထိုးအကြိတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

နောက်မှ ပါးစပ်ကနေ မူးယစ်အထူးကဖြစ်ကြောင်း ပြောလို့ သိရပါတယ်။ ဒါနဲ့ ဆက်ပြီးတော့ ရှာတာကိုလည်း ရှာခွင့်ပေးခဲ့ပါတယ်။ ဘာမှ မတွေ့သဖြင့် ပြန်သွားပါတယ်။ သူတို့က လိမ်လည်ပြီး တိုင်သူတွေကို ဒီနေ့အထိ အရေးယူခြင်းမရှိသေးပါဘူး။ ဒီနေ့အထိ စိုးကျော်နိုင်ကို အရေးယူခြင်းမရှိသေးပါဘူး”စသည်ဖြင့် ရှင်းလင်းတင်ပြသွားကြောင်း တွေ့ရှိရသည်။

<u>ဖော်ပြပါတွေ့ရှိချက်တို့ကို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ မဘသလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအဖွဲ့ခွဲ၊ တာဝန်ခံဆရာတော်များဖြစ်သည့် ဘဒ္ဒန္တပါမောက္ခ</u>

www.burmeseclassic.com

www.burmeseclassic.com



(မကွေးကျောင်းဆရာတော်)နှင့် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ (ဝိရသူ-မစိုးရိမ်)တို့၏ ညွှန်ကြားချက်အရ ဦးအောင်မြိုင်-မစိုးရိမ်စာသင်သား (သုတေသနနှင့်သမိုင်းမှတ်တမ်းဌာန၊ မဘသ(ဗဟို)၊ အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုရက္ခိတအဖွဲ့(ဗဟို)-) က လေ့လာသုံးသပ်၍ ပြုစုတင်ပြပါသည်။

လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း ပြီးပြီ။



သိန်းတစ်ထောင် အလိမ်ခံရပြီး
ထောင်ချခံရဖို့ စွပ်စွဲခံရသူ
ဦးကျော်ဇင်လင်း၏ ဓာတ်ပုံ

၁၂။ ဖော်ပြပါလေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြချက်အရ ဦးကျော်ဇင်လင်း ခံစားနေရသောအမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံ စာရွက်စာတမ်းများကိုပါ ပူးတွဲတင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်သောလျှင်

www.burmeseclassic.com

www.burmeseclassic.com



တရားလွှတ်တော်များ၊ တရားရုံးများ၌ တရားဥပဒေစိုးမိုးရေး အကောင်အထည်ပေါ်ပြီး ရဟန်းရှင်လူပြည်သူတို့၏ အားကိုးရာ၊ အားထားရာ တရားလွှတ်တော်များ၊ အားကိုးရာ၊ အားထားရာ တရားရုံးတော်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက လွတ်လပ်သည့် အချုပ်အခြာပိုင် အာဏာတစ်ရပ်ဖြစ်သည့် တရားစီရင်ရေးအာဏာသည် မလွတ်လပ်သေးသည့် အချုပ်အခြာမပိုင် အာဏာအဖြစ် လျော့ကျနေမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။

ဖော်ပြပါအမှုအခင်းကို ကြည့်လျှင် ဘာသာခြား၊ လူမျိုးခြားကို အကြောင်းပြု၍ ထိုဘာသာခြား၊ လူမျိုးခြား၏ အကျိုး စီးပွားအတွက် သို့တည်းမဟုတ် မိမိတို့၏ အကျိုးစီးပွားအတွက် တရားဥပဒေနှင့်မညီညွတ်သည့် လုပ်ဆောင်ချက်များ ပါရှိနေပုံများကို ထင်ရှားစွာ သိမြင်ရပါကြောင်း တင်ပြပါသည်။

သို့ဖြစ်ပါ၍ ဦးကျော်ဇင်လင်း ခံစားနေရသော အမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် တင်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

အထူးတင်ပြလိုသည့်အချက်မှာ သက်ဆိုင်ရာအထက်ဌာနများမှ သက်ဆိုင်ရာအောက်ဌာနများသို့ ဖော်ပြပါအမှုအခင်းနှင့်ပတ်သက်၍ ညွှန်ကြားချက်ပေးရာတွင် ဘယ်နေ့၊ ဘယ်ရက်နောက်ဆုံးထား၍ သက်ဆိုင်ရာအထက်ဌာနသို့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးကြောင်း အစီရင်ခံစာတင်သွင်းပေးရေးအတွက် သတ်မှတ်ချက် ထည့်သွင်းဖော်ပြပေးလိုက်ရန် တင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
တွဲဖက်အတွင်းရေးမှူး(၁)၊ မဘသ(ဗဟို)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကပါဠိပါရဂူ
တိပိဋကဓရ၊ တိပိဋကကောဝိဒ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်

မိတ္တူကို

- နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်
- သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်
- ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်
- ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားတရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးစိုးညွှန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးမြသိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးမြင့်အောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်ဟန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်

- နိုင်ငံတော်ရှေ့နေများကောင်စီ၊ နိုင်ငံတော်ရှေ့နေများကောင်စီရုံး၊ နေပြည်တော်

- ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး၊ နေပြည်တော်

- ဦးမြင့်ဆွေ၊ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့

- ဦးရဲမြင့်၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့

- ရန်ကုန်တိုင်းဒေသကြီးတရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ ရန်ကုန်မြို့

- တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်

- တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ကျောက်တံတားမြို့နယ်

- မြို့နယ်စခန်းမှူး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်း၊ ပြင်ဦးလွင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

- မြို့နယ်စခန်းမှူး၊ သင်္ဃန်းကျွန်းမြို့နယ်ရဲစခန်း၊ စမ်းချောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊

- မြို့နယ်စခန်းမှူး၊ တာမွေမြို့နယ်ရဲစခန်း၊ စမ်းချောင်းမြို့၊

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး၊

- ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာနာယကကျောင်းဆောင်တော်၊ ကမ္ဘာအေး၊ ရန်ကုန်

- ဥက္ကဋ္ဌဆရာတော်၊ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)၊ ကြားတောရလမ်း၊ ဗဟန်း

- သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မြို့နယ်များ)အားလုံး

- မဘသ(ဗဟို)ရုံးမှတ်တမ်း၊ လက်ခံ

- ကာယကံရှင်၊ လက်ခံ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေစိုက်ဖြစ်ပွားနေသည့် အ မှု အ ခင်း ဖြစ် ကြောင်း တွေ့ ရှိ ရ ပါ သည်



မကွေးကျောင်းဆရာတော် ရှင်းလင်းတင်ပြနေပုံ

www.burmeseclassic.com

www.burmeseclassic.com



## မဆွေဆွေနှင်းနု အမှုအခင်း တင်ပြချက်

သို့

နိုင်ငံတော်သမ္မတရုံး

ရုံးအမှတ် (၃၈)

နေပြည်တော်

အကြောင်းအရာ ။ ။ အစ္စလာမ်ဘာသာဝင် မူစလင်ဖြစ်သူ အေးထွန်း (ခ) အီစွတ်က မဆွေဆွေနှင်းနု (အမှတ် ၁၂၉၄၊ မြို့မလမ်း၊ ၂၀ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး အပေါ် အကြိမ်ကြိမ် ကျူးလွန်ထားသည့် အမှုများကို အသိပေးတင်ပြခြင်း

၁။ ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍ မဆွေဆွေနှင်းနုမှ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)သို့ လာရောက်၍ စာတစ်စောင်တင်ပြသည်ကို လက်ခံရရှိပါသည်။

၂။ တင်ပြစာကို လေ့လာကြည့်သည့်အခါ အောက်ပါအတိုင်း အကြိမ်ကြိမ် ကျူးလွန်ထားမှုတို့ကို တွေ့ရှိရပါသည်။

(က) ၂၉-၁-၂၀၁၅ တွင် ပုခက်တွင်းရှိ ၂ နှစ်၊ ၃ လသားအရွယ်ရှိသားကလေး မောင်ဝေယံဖိုးကို ဝင်ရောက်ခိုးယူသွားမှု၊ ၎င်းအမှုကို ရှောက်ရဲစခန်း

www.burmeseclassic.com

www.burmeseclassic.com



သို့ သွားရောက်တိုင်ကြားသော်လည်း အမှုဖွင့်ပေးခြင်းမရှိမှု၊ သာကေတမြို့နယ်၊ မြို့မ ရဲစခန်းသို့ အရေးယူပေးရန် တိုင်ကြားထားသော် လည်း (၂) လကျော်သည့်အထိ အရေးယူပေးခြင်းမရှိမှု၊

(ခ) ၁၂-၃-၂၀၁၄ တွင် မဆွေဆွေနှင်းနုကို ဓားဖြင့်ထောက်၍ တက္ကစီကားပေါ်တင်ပြေးမှု၊

(ဂ) ရှင်းနေ့တွင်ပင် မြောက်ဥက္ကလာပမြို့နယ်၊ ၄ ရပ်ကွက်၊ သစ္စာပန်းလမ်း၊ ခြံအမှတ် ၉၁ နေအိမ်၌ သားမယားအဖြစ် ပြုကျင့်မှု၊

(ဃ) "အသံမထွက်နှင့်၊ သတ်ပစ်မယ်"ဟု ခြိမ်းမောင်းကာ ရိုက်နှက်မှု၊

(င) ၁၃-၃-၂၀၁၄ တွင် ဝေဘာဂီရဲစခန်း၊ ဒုရဲအုပ်ဇော်လင်းထွန်း၏ ခရီးသွားထောက်ခံစာဖြင့် မဆွေဆွေနှင်းနုကို မြဝတီမြို့သို့ အတင်းအကျပ်ခေါ်ဆောင်သွားမှု၊

(စ) ထိုခရီးစဉ်အတွင်း "မအော်နှင့်၊ အော်ရင် ဓားနဲ့ထိုးမယ်၊ သတ်ပစ်မယ်"ဟု ခြိမ်းမောင်းခြိမ်းခြောက်ပြောဆိုမှု၊

(ဆ) မြဝတီမှတစ်ဆင့် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့သို့ လှေဖြင့် ခေါ်ဆောင်သွားမှု၊ မဲဆောက်မြို့၊ အလုံပိတ်တိုက်ခန်းထဲထည့်၍ သားမယားအဖြစ် ပြုကျင့်မှု၊

(ဇ) မျက်နှာကို ပလတ်စတစ်စွပ်၍ ဦးခေါင်းငယ်စေပြီးပေါ် ရေခဲရေ တစ်စက်ချင်းချကာ (၁၁)လလုံးလုံးညှင်းပန်းနှိပ်စက်မှု၊

www.burmeseclassic.com



(ဈ) ၂ လရှိသောအခါ ထိုင်းနိုင်ငံအတွင်း အမြဲနေ ထိုင်ခွင့်ကတ်ဟုဆိုကာ ကတ်ပြားတစ်ခုထုတ်ပေး ထားမှု၊

(ည) ၂၀၁၅ ခုနှစ်တွင် "မလေးရှားနိုင်ငံသို့ ရောင်းစား ပစ်မယ်"ဟု အကြိမ်ကြိမ်ပြောဆိုမှု၊

(ဋ) ၂၉-၁-၂၀၁၅ တွင် ပုခက်တွင်းရှိ ၂ နှစ်၊ ၃ လ သားအရွယ်ရှိသားကလေး မောင်ဝေယံစိုးကို ဝင် ရောက်ခိုးယူသွားမှုနှင့် သားကလေးဖြစ်သူ ဝေယံ စိုးကို "ငွေးဖြတ်ပစ်မယ်၊ လည်ပင်းလှီးသတ်ပစ် မယ်" ဟုအကြိမ်ကြိမ် ခြိမ်းခြောက်မှု၊

(ဌ) မည်သည့်ရဲစခန်းမှ တိုင်ကြားခြင်းမပြုရန် ကြိမ်း မောင်းပြောဆိုမှု၊

(ဍ) "တိုင်ကြားပါက ကလေးကို သတ်ပစ်မယ်"ဟုခြိမ်း ခြောက်မှု------တို့ကို

ဆက်တိုက်ကျူးလွန်၍ ဆက်တိုက်အနိုင်ကျင့်နေ ကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအ တွက် လိုအပ်ချက်မှန်သမျှတို့ကို နောက်ဆုံး အချိန်အပိုင်းအခြားပါ ထည့်သွင်းဖော်ပြလျက် ညွှန်ကြား/စီရင်ပေးပါရန် အသိပေး-တင်ပြ လိုက်ပါသည်။ မြို့မရဲစခန်းမှ အမှုဖွင့်ပေးရန် လက်ခံထားသော် လည်း ဆက်လက်ဆောင်ရွက်ပေးမှုမရှိခြင်းကြောင့် မည်သည့် တရားရုံးသို့မျှ အမှုရောက်ခြင်းမရှိသေးကြောင်း သိရှိရပါသည်။ မဆွေဆွေနှင်းနုမှာ တရားရုံးတွင် တရားရင်ဆိုင်ခြင်းငှာ ငွေကြေး တတ်နိုင်သူမဟုတ်ကြောင်း သိရှိရပါသည်။ ငွေကြေးမတတ်နိုင်ပါက

www.burmeseclassic.com

www.burmeseclassic.com



အမှုမှန်ပေါ်ပေါက်ခြင်းမရှိဘဲ အလွဲလွဲအချော်ချော်ဖြစ်တတ်သည့် မှတ်တမ်းများအရ အားကိုးရာမဲ့နေသူ၊ ဒုက္ခရောက်နေသူ မဆွေမဆွေနှင်းနုအတွက် အားကိုးရာရရှိစေရန် တာဝန်အရှိဆုံးဖြစ်သည့် ဌာနကြီး(၃)ဌာနသို့ အသိပေးအကြောင်းကြားလိုက်ရခြင်းဖြစ်ကြောင်း တင်ပြပါသည်။ နိုင်ငံတော်သမ္မတရုံး စသည်တို့မှ ညွှန်ကြားချက်များကို စောင့်မျှော်လက်ရှိကြောင်းလည်း ဖြည့်စွက်တင်ပြပါသည်။

ဦးပါမောက္ခ
မဘသလုပ်ငန်းစဉ်ဖော်ဆောင်ရေးအဖွဲ့တာဝန်ခံ
မဘသ(ဗဟို)

မိတ္တူကို -

ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



## မဆွေဆွေနှင်းနု အမှုအခင်း
## လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို
## တင်ပြခြင်း

သို့

ရဲချုပ်ဖော်ဝင်း

မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့(ဌာနချုပ်)၊ နေပြည်တော်

ရက်စွဲ။ ။၁၉-၄-၂၀၁၅

အကြောင်းအရာ။ ။မဆွေဆွေနှင်းနု ခံစားနေရသော အမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန်မူရင်းဖြစ်သည့် သက်သေခံစာရွက် စာတမ်းများနှင့်အတူ ပူးတွဲတင်ပြခြင်း

ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍ အမျိုး ဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးသို့ လာရောက်တင်ပြသည့် အမှုအခင်းပါ စာရွက်စာတမ်းများ အရ လေ့လာကြည့်ရာတွင် မဆွေဆွေနှင်းနု ခံစားနေရသော စိတ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ရုပ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဆိုင်ရာ နစ်နာရမှုများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

၁။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ၊ ၂၄-ရက်နေ့တွင် ကိုစိုးသိန်း+မဆွေဆွေနှင်းနုတို့၏သား မောင်ဝေယံစိုးဖွားမြင်ခဲ့ကြောင်း တွေ့ရှိရသည်။ အရှင်မွေးလက်မှတ်အရ သိရခြင်းဖြစ်သည်။ မောင်ဝေယံစိုးကို အေးထွန်း(ခ)အီစွတ်(အစ္စလာမ်ဘာသာဝင်)မှ ခိုးယူသွားသည့်နေ့ (၂၉-၁-၂၀၁၅) ဆိုလျှင် မောင်ဝေယံစိုး၏အသက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ၂-နှစ်ထက် ၃-လကျော်မျှသာရှိသေးကြောင်း တွေ့ရှိရသည်။
(သက်သေခံအဖြစ် ပူးတွဲ(က/၁)ကို တင်ပြထားပါသည်။)

၁။ ၂၀၁၄ ခုနှစ်၊ ဧပြီလ၊ ၆-ရက်နေ့တွင် ကျွန်မမနှင်းနု (ဘ) ဦးကျော်ဌေး မှတ်ပုံတင်လျှောက်ထားဆဲ၊ အိမ်အမှတ်(၉၁)၊ သစ္စာ ပန်းလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်-နေထိုင်သူဖြစ်ကြောင်းဖြင့် မြဝတီမြို့သွားရောက်ပါရန် ဖြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်ကို အေးထွန်း(ခ)အီစွတ်၏ အတင်းအကျပ် စေခိုင်းမှုအရ ဖြည့်ပေးခဲ့ရကြောင်း တွေ့ရှိရသည်။
(သက်သေခံအဖြစ် ပူးတွဲ(က/၂)ကို တင်ပြထားပါသည်။)

မှတ်ချက်။ ။မဆွေဆွေနှင်းနု အမှန်တကယ် နေထိုင်သည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြို့မလမ်း၊ အိမ်အမှတ်(၁၂၉၄) ဖြစ်ကြောင်း တွေ့ရှိရသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃-ရက်တွင် မဆွေဆွေနှင်းနုက သားကလေး ပြန်ပေးဆွဲခံရခြင်းနှင့်ပတ်သက်၍ အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)၊ ဥက္ကဋ္ဌဆရာတော်ကြီးထံ စာတစ်စောင်တင်ပြလျှောက်ထားခဲ့ကြောင်း တွေ့ရှိရသည်။

ထိုစာထဲ၌ (၂၉-၁-၂၀၁၅)၊ နေ့လယ်(၁း၃၀)နာရီတွင် အေးထွန်း(ခ)အီစွတ် အိမ်သို့လာရောက်ပြီး ပုခက်အတွင်းမှ သားကလေးကို ခိုးယူသွားကာ ဆိုင်ကယ်ဖြင့် မောင်းပြေးသွားခဲ့ကြောင်း၊ တောင်ဒဂုံမြို့နယ်၊ ရောဝဏ်ရဲစခန်းသို့ ဖြစ်ဖြစ်ချင်း သွားရောက်တိုင်ကြားခဲ့ရာ ဂုဏ်ရဲစခန်းမှ ဒုရဲအုပ်၊ အမှုစစ်ရဲသူတို့က အမှုဖွင့်ပေးခြင်းမရှိခဲ့ကြောင်း၊ မဘသ(ဗဟို)ဦးဆောင်ဆရာတော် အရှင် ပါမောက္ခမှ တောင်ဒဂုံမြို့နယ်၊ မြို့မရဲစခန်းသို့ သွားရောက်ပြီး အမှုဖွင့်ပေးရန် လိုက်ပါဆောင်ရွက်ပေးခြင်းကြောင့် အမှုဖွင့်နိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သို့ရာတွင် သားကလေးကို ပြန်လည်ရရှိရန် အရိပ်အယောင်မျှပင် မတွေ့ရသေးကြောင်း တွေ့ရှိရသည်။

ထို့ပြင် ၁၂-၃-၂၀၁၄၊ ည(၈)နာရီခန့်တွင် အေးထွန်း(ခ)အီစွတ်က အမေဖြစ်သူ မဆွေဆွေနှင်းနုကို တောင်ဒဂုံမြို့နယ်၊ ရတနာလမ်းမကြီး၊ ပန်ဒါစီဒီခွေအငှားဆိုင်မှအပြန် ဓားဖြင့်ထောက်၍ တက္ကစီကားပေါ် အတင်းဆွဲတင်ပြီး မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ မြေအမှတ်(၉၁)၌ ဖမ်းဆီးထားခဲ့ကြောင်း၊

ထိုအိမ်သို့ရောက်ရှိစဉ် အခြားကုလားများက သူ့လက်ထဲကရေ ဖြစ်သွားပြီသည်ဖြင့် ပြောဆိုခဲ့ကြောင်း၊ ထိုညမှစ၍ မုဒိမ်းကျင့်ခံခဲ့ရကြောင်း၊ အသံမထွက်နှင့်၊ သတ်ပစ်မယ်ဟု ခြိမ်းခြောက်ကာ ရိုက်နှက်ခဲ့ကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီရဲစခန်းမှ ဒုရဲအုပ်ဇော်လင်းထွန်း၏ ခရီးသွားထောက်ခံစာလက်မှတ်ကိုယူလာပြီး မဆွေဆွေနှင်းနုကို ကွက်လပ်များဖြည့်ခိုင်းခဲ့ကြောင်း၊

ထို့ပြင် ၁၃-၃-၂၀၁၄၊ မနက်(၆)နာရီတွင် ၎င်းအိမ်မှ အောင်မင်္ဂလာကားကြီးကွင်းသို့ သွားခဲ့ရကြောင်း၊ ထိုမှ မြဝတီသို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ လမ်းတစ်လျှောက်လုံးတွင် မအော်နဲ့၊ အော်ရင် ဓားနဲ့ထိုးမယ်ဟု အကြိမ်ကြိမ်ခြိမ်းခြောက်ခံခဲ့ရကြောင်း၊ ဗိုက်ကိုဓားဖြင့် ထောက်ထားပြီး ပေါင်တွင်းကြောများကို နာကျင်အောင် လိမ်ဆွဲခံခဲ့ရကြောင်း၊ အပေါ့အလေးသွားခွင့်ပင် မရခဲ့ကြောင်း၊

မြဝတီသို့ရောက်လျှင် အသင့်ခေါ်ဆောင်ထားသည့် ဆိုင်ကယ်ဖြင့် ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ ထပ်မံ၍ လှေဖြင့် ခေါ်ဆောင်သွားပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ အလုံပိတ်အခန်းကျဉ်းကလေးအတွင်း (၁၁)လတိုင်တိုင် ပိတ်ထားခံခဲ့ရကြောင်း၊ ထိုသို့

www.burmeseclassic.com

www.burmeseclassic.com


ထားစဉ် မနက်ဆိုလျှင် ရေတစ်ပုံးနှင့် ထမင်းတစ်ထုပ်ရရှိခဲ့ကြောင်း၊ နေ့စဉ်မုဒိမ်းကျင့်ခြင်းကို အကြိမ်ကြိမ်ခံခဲ့ရကြောင်း၊ ခေါင်းကို ပလပ်စတစ်အမဲရောင်အိတ်စွပ်ပြီး ငယ်ထိပ်တည့်တည့်အပေါ်မှ ရေခဲရေတစ်စက်ချင်းချပြီး နှိပ်စက်ခံခဲ့ရကြောင်း၊

တို့အပြင် နောက်ထပ်(၂)လခန့်အကြာတွင် ဆီးစစ်ခြင်း၊ သွေးစစ်ခြင်းပြုလုပ်ပြီး ထိုင်းနိုင်ငံတွင် တရားဝင်နေထိုင်ခွင့်ကဒ်ဆိုသည့်ကဒ်တစ်ကို ပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် မလေးရှားနိုင်ငံသို့ ရောင်းစားမည်ဟု အကြိမ်ကြိမ်ပြောဆိုခဲ့ကြောင်း၊

ယခုအခါ မဆွေဆွေနှင်းနု၏သားဖြစ်သူ မောင်ဝေယံစိုးကို ငွေဖြတ်ပစ်မယ်၊ လည်ပင်းလှီးပြီး သတ်ပစ်မယ်ဟုဆိုကာ တယ်လီဖုန်းဖြင့် အကြိမ်ကြိမ်ခြိမ်းခြောက်ခံနေရကြောင်း၊ မည်သည့်ရဲစခန်းကိုမှ တိုင်ကြားခြင်းမပြုရန် ကြိမ်းမောင်းပြောဆိုပြီး တိုင်ကြားပါက ကလေးကို သတ်ပစ်မယ်ဟု အကြိမ်ကြိမ်ခြိမ်းခြောက်နေကြောင်း စသည်ဖြင့် တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ခ/၁၊ ခ/၂)တို့ကို တင်ပြထားပါသည်။)

၃။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၀-ရက်တွင် မဘသ(ဗဟို) ဦးဆောင်ဆရာတော်အရှင်ပါမောက္ခမှ ရန်ကုန်တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးဦးဝင်းနိုင်ထံသို့ တရားဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာတစ်စောင် ပေးပို့ခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဂ)ကို ပူးတွဲတင်ပြထားပါသည်။)

၄။ ၂၀၁၅ ခုနှစ်၊ ဧပြီလ၊ ၉-ရက်တွင် မဆွေဆွေနှင်းနုက

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တံတားမြို့နယ်၊ စီးတီးစတားဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ လာရောက်ပြီး သားကလေးမောင်ဝေယံစိုး ပြန်ပေးဆွဲခံရခြင်းနှင့်ပတ်သက်၍ အကူအညီတောင်းခံခြင်းစာ ကို ထုတ်ပြီး ဖတ်ကြားရှင်းလင်းသွားကြောင်း တွေ့ရှိရသည်။

စာထဲ၌ အေးထွန်း(ခ)အီစွတ်နှင့်ပတ်သက်မိခဲ့ပုံကို အမေ ဘက်မှ မောင်ဝမ်းကွဲတော်စပ်သူသိန်းကျော်(ခ)ဒါဝက်သည် အမေ ၏ညီမဖြစ်သူ မဟေမာဝင်းနှင့် ချစ်ကြိုက်နေစဉ်တုန်းက ၎င်း၏ မွေးစား အဖေဖြစ်သူ အီစွတ်(ခ)အေးထွန်းကို ခေါ်လာခြင်းမှ စတင် မြင်ဖူးကြောင်း၊ မိတ်ဆက်ပေး၍ ခင်မင်ရင်းနှီးမှုရှိခဲ့ကြောင်း၊

အဖေဖြစ်သူ အေးထွန်း(ခ)အီစွတ်နှင့် သားဖြစ်သူသိန်း ကျော်တို့သည် မော်လမြိုင်မြို့မှ ဖုန်းဆိုင်ကို ဖောက်ထွင်းမှုဖြင့် မြေနီ ကုန်းရဲစခန်းမှ ၎င်း သားအဖနှစ်ယောက်ကို ဖမ်းဆီးခဲ့ကြောင်း၊ ၄- နှစ်လောက်ကြာတော့ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာခဲ့ ကြောင်း၊

ထို့နောက် ယခုဖော်ပြခဲ့သည့်အတိုင်း လူကုန်ကူးရန် လူခိုး ယူခြင်း၊ သားကလေးကို ပြန်ပေးဆွဲခြင်းစသည်များ ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း တွေ့ရှိရသည်။

ထိုစာထဲ၌ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ခိုးထွက်ပြေးလာခဲ့ပုံ၊ မြန်မာနိုင်ငံရှိရဲစခန်းများမှ ရဲများက အမှုနှင့်ပတ်သက်၍ ဆောင်ရွက် ပေးခြင်းမရှိပုံများကိုလည်း ဖော်ပြထားသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဃ/၁၊ ဃ/၂၊ ဃ/၃)တို့ကို တင်ပြထားပါသည်။)

၅။ (ဖြည့်စွက်တင်ပြချက်)။ ။အွန်လိုင်းသတင်းများအရ မဆွေဆွေနှင်းနု၏သား မောင်ဝေယံစိုးသည် ဧပြီလ ၁၂ရက်ခန့်

www.burmeseclassic.com

www.burmeseclassic.com



တုန်းက ထိုင်းနိုင်ငံသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

မကွေးကျောင်းဆရာတော်ဦးပါမောက္ခမှ ဘာသာခြား၊ လူမျိုးခြား၊ နိုင်ငံခြားသားတို့နှင့် အမှုအခင်းဖြစ်ရသည့် ဗုဒ္ဓဘာသာဝင်၊ တိုင်းရင်းသူ/သားများ ဒုက္ခရောက်နေလျှင် ငွေကြေးထောက်ပံ့ကူညီပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မဆွေဆွေနှင်းနုအား ငွေကျပ်(၂)သိန်း ထောက်ပံ့ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိုငွေကျပ်နှစ်သိန်းထောက်ပံ့ခြင်းဟုတ်မဟုတ်ကို သိလိုသည့်အတွက် ရဲစခန်းများက ညကြီး(၁)နာရီ၊ (၂)နာရီ အိမ်သို့လာရောက်ပြီး မဆွေဆွေနှင်းနုတစ်ဦးတည်းကိုသာ မေးမြန်းစစ်ဆေးခဲ့ကြောင်း၊ သားကလေးကို ပြန်ပေးဆွဲသွားသည့် အေးထွန်း(ခ)အီစွတ်၊ မဆွေဆွေနှင်းနုကို ဓားထောက်ခေါ်သွားပြီး မုဒိမ်းကျင့်ခဲ့သည့် အေးထွန်း(ခ)အီစွတ်နောက်ကိုတော့ လိုက်ပြီး စုံစမ်းပေးသည့်ရဲမရှိခဲ့ကြောင်း၊

ရဲများတွင် ဘာသာခြား၊ လူမျိုးခြား၊ ငွေတတ်နိုင်သူများနှင့်ပူးပေါင်းပြီး လူကုန်ကူးမှုအတွက် ပါဝင်ဆောင်ရွက်ပေးနေသည့်ရဲများလည်းရှိခဲ့ပြီဖြစ်ကြောင်း၊ ရဲများသည် တိုင်းပြည်အတွင်းရှိ တိုင်းသူပြည်သားတို့ကို အကာအကွယ်ပေးခြင်းမရှိခဲ့ကြကြောင်း၊ ဘာသာခြား၊ လူမျိုးခြား၊ ငွေတတ်နိုင်သူများကိုသာ ကာကွယ်ပေးနေခဲ့ကြကြောင်း ပြောဆိုချက်များကိုလည်း တွေ့ရှိရသည်။

ထို့ပြင် ဦးပါမောက္ခက မိန့်ကြားရာတွင် "ရဲနဲ့ကုလားပေါင်းပြီးတော့ လူပွဲစားလုပ်နေကြတာ။ ဆွေဆွေနှင်းနုက မြောက်ဥက္ကလာမှာ နေတာမဟုတ်ဘူး။ တောင်ဒဂုံမှာနေတာ။ ဒါကို ဝေဘာဂီရဲစခန်းက ဒုရဲအုပ်ဇော်လင်းထွန်းက မြောက်ဥက္ကလာပမှာနေကြောင်းနဲ့ စခန်းမှာရှိတဲ့မှတ်တမ်းအရ ပြစ်မှုကင်းရှင်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံပေးလိုက်တယ်ဆိုတော့ ဒါဟာ ကုလားခိုင်းတဲ့အတိုင်း လုပ်ပေးလိုက်တာပဲ။

ဘုန်းကြီးတို့မြန်မာနိုင်ငံရဲတွေဟာ ပြည်သူပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်မပေးပါဘူး။ ပိုက်ဆံပေးတဲ့ ကုလားတွေ၊ ခရိုနီတွေ၊ အာဏာရှင်(လူဟောင်း)တွေကိုသာ အကာအကွယ်ပေးနေပါတယ်"စသည်ဖြင့် မိန့်ကြားခဲ့ကြောင်းတွေ့ရှိရသည်။

တောင်ဒဂုံမြို့နယ်၊ မြို့မရဲစခန်းက ဦးပါမောက္ခ အစရှိသည့် သံဃာတော်များ သူတို့ရဲစခန်းသို့ လိုက်ပါလာခြင်းကြောင့် အပြစ်ပေးသည့်အနေဖြင့် ည(၇)နာရီမှ ည(၁၂)နာရီအထိ ရဲစခန်းအတွင်း ထိုင်ခိုင်းထားခဲ့ကြောင်း၊ ည(၁၂)နာရီကျော်မှ ပြန်ခွင့်ပြုခဲ့ကြောင်း၊ ပြောဆိုချက်များကိုလည်း တွေ့ရှိရသည်။

ဟုတ်သည်-မဟုတ်သည်ကို သိရှိရန် ကာယကံရှင်များကို ခေါ်ယူတွေ့ဆုံမေးမြန်းခြင်း စသည့်နည်းလမ်းများဖြင့် လေ့လာစုံစမ်းကြည့်ဖို့ လိုအပ်မည် ဖြစ်ပါသည်။

<u>ဖော်ပြပါတွေ့ရှိချက်တို့ကို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ မဘသလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအဖွဲ့ခွဲ၊ တာဝန်ခံဆရာတော်များဖြစ်သည့် ဘဒ္ဒန္တပါမောက္ခ(မကွေးကျောင်းဆရာတော်)နှင့် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ(ဝိရသူ- မစိုးရိမ်)တို့၏ ညွှန်ကြားချက်အရ ဦးအောင်မြင့်=မစိုးရိမ်စာသင်သား (သုတေသနနှင့်သမိုင်းမှတ်တမ်းဌာန၊ မဘသ(ဗဟို)၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာဝံသာနုရက္ခိတအဖွဲ့(ဗဟို)-) က လေ့လာသုံးသပ်၍ ပြုစုတင်ပြပါသည်။</u>

လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း

ပြီးပြီ။

www.burmeseclassic.com





သားကလေးဆုံးရှုံးနေရသူမဆွေဆွေနှင်းနုရှင်းလင်းတင်ပြ

၆။ ဖော်ပြပါ လေ့လာတွေ့ရှိချက်များအကျဉ်းချုပ် တင်ပြချက်အရ မဆွေဆွေနှင်းနု ခံစားနေရသောအမှုအခင်းနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံ စာရွက်စာတမ်းများကိုပါ ပူးတွဲတင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်မှသာလျှင် တရားလွှတ်တော်များ၊ တရားရုံးများ၌ တရားဥပဒေစိုးမိုးရေး အကောင်အထည်ပေါ်ပြီး ရပ်ကန်းရှင်လူပြည်သူတို့၏ အားကိုးရာ၊ အားထားရာ တရားလွှတ်တော်များ၊ အားကိုးရာ၊ အားထားရာ တရားရုံးတော်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက လွတ်လပ်သည့် အချုပ်အခြာပိုင် အာဏာတစ်ရပ်ဖြစ်သည့် တရားစီရင်ရေးအာဏာသည် မလွတ်လပ်သေးသည့် အချုပ်အခြာမပိုင်အာဏာအဖြစ် လျော့ကျနေမည်ဖြစ်ကြောင်း လေးနက်စွာ

www.burmeseclassic.com

www.burmeseclassic.com



တင်ပြပါသည်။

ဖော်ပြပါအမှုအခင်းကို ကြည့်လျှင် ဘာသာခြား၊ လူမျိုးခြားကို အကြောင်းပြု၍ ထိုဘာသာခြား၊ လူမျိုးခြား၏ အကျိုး စီးပွားအတွက် သို့တည်းမဟုတ် မိမိတို့၏ အကျိုးစီးပွားအတွက် တရားဥပဒေနှင့်မညီညွတ်သည့် လုပ်ဆောင်ချက်များ ပါရှိနေပုံများကို ထင်ရှားစွာ သိမြင်ရပါကြောင်း တင်ပြပါသည်။

သို့ဖြစ်ပါ၍ မဆွေဆွေနှင်းနု ခံစားနေရသောအမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် တင်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။





ခံးထွန်း(ခ)အီစွတ်ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



အထူးတင်ပြလိုသည့်အချက်မှာ သက်ဆိုင်ရာအထက်ဌာနများမှ သက်ဆိုင်ရာအောက်ဌာနများသို့ ဖော်ပြပါအမှုအခင်းနှင့် ပတ်သက်၍ ညွှန်ကြားချက်ပေးရာတွင် ဘယ်နေ့ ဘယ်ရက်နောက်ဆုံးထား၍ သက်ဆိုင်ရာအထက်ဌာနသို့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးကြောင်း အစီရင်ခံစာတင်သွင်းပေးရေးအတွက် သတ်မှတ်ချက် ထည့်သွင်းဖော်ပြပေးလိုက်ရန် တင်ပြလိုပါသည်။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
တွဲဖက်အတွင်းရေးမှူး(၁)၊ မဘသ(ဗဟို)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကပါဠိပါရဂူ
တိပိဋကဓရ၊ တိပိဋကကောဝိဒ
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်

မိတ္တူကို

- နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်
- သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်
- ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်
- ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားတရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးသာဒွေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်
- ဦးစိုးညွန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရား

www.burmeseclassic.com

www.burmeseclassic.com



သူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြသိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်အောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်ဟန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်

- နိုင်ငံတော်ရှေ့နေများကောင်စီ၊ နိုင်ငံတော်ရှေ့နေများကောင်စီရုံး၊ နေပြည်တော်

- ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး၊ နေပြည်တော်

- ဦးမြင့်ဆွေ၊ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့

- ဦးရဲမြင့်၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့

- ရန်ကုန်တိုင်းဒေသကြီးတရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ ရန်ကုန်မြို့

- ရဲမှူးကြီးဦးဝင်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ လွှတ်တော်ဝင်း၊ ပြည်လမ်း

- တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရုံး၊ ကျောက်တံတားမြို့နယ်

- စခန်းမှူး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မြို့မရဲစခန်း၊ တောင်ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး

-စခန်းမှူး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဧရာဝဏ်ရဲစခန်း၊ တောင်ဒဂုံ၊ ရန်ကုန်တိုင်းဒေသကြီး

- မြို့နယ်စခန်းမှူး၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရဲစခန်း၊ မြောက်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊

- မြို့နယ်စခန်းမှူး၊ တာမွေမြို့နယ်ရဲစခန်း၊ စမ်းချောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊

- ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာနာယကကျောင်းဆောင်တော်၊ ကမ္ဘာအေး၊ ရန်ကုန်

- ဥက္ကဋ္ဌဆရာတော်၊ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)၊ ကြားတောရလမ်း၊ ဗဟန်း

- သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မြို့နယ်များ)အားလုံး

- မဘသ(ဗဟို)ရုံးမှတ်တမ်း၊ လက်ခံ

- ကာယကံရှင်၊ လက်ခံ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေစိုက်ဖြစ်ပွားနေသည့် အ မှု အ ခင်း ဖြစ် ကြောင်း တွေ့ ရှိ ရ ပါ သည်



www.burmeseclassic.com

www.burmeseclassic.com



## ထေရ(ခ)ဦးဝင်းရွှေ အမှုအခင်း လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း

သို့

ရဲချုပ်ဇော်ဝင်း

မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့(ဌာနချုပ်)၊ နေပြည်တော်

ရက်စွဲ။ ။၁၉-၄-၂၀၁၅

အကြောင်းအရာ။ ။ထေရ (ခ) ကိုဝင်းရွှေ ခံစားနေရသော အမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံစာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြခြင်း

ဖော်ပြပါ အကြောင်းအရာနှင့်ပတ်သက်၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးသို့ လာရောက်တင်ပြသည့် အမှုအခင်းပါ စာရွက်စာတမ်းများအရ လေ့လာကြည့်ရာတွင် ထေရ (ခ) ကိုဝင်းရွှေ ခံစားနေရသော စိတ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ရုပ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ဆိုင်ရာ (အမဲပေါ်ရန် တရားမဝင်သယ်ဆောင်နေသည့် ကျွဲနွားသိမ်းဆည်းခွင့်) နစ်နာရမှုများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

၁။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၊ ၂၃-ရက်တွင် သတင်းအရ ကျေးရွာအုပ်ချုပ်ရေးမှူး၊ သဘောတူညီထောက်ခံစာအရ ဇီ/ကျယ်စည်း မျဉ်းစည်းကမ်းများနှင့်အညီ ကျုံပျော်မြို့နယ် ဇီဝိတဒါန အသက်ကယ်ကုသိုလ်တော်အဖွဲ့မှ အောင်မြင့်၏နွားတင်းကုတ်အတွင်းရှိ

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေမဲ့ သယ်ဆောင်လာသည့် နွားသုံးကောင်တို့ကို သိမ်းဆည်းရယူခဲ့ကြောင်း တွေ့ရှိရသည်။

၂။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ၅-ရက်ခန့်တွင် ဟစ်တိုင်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၁)၌ SS ကျုပျော်အမည် ခံသတင်းသမားတစ်ယောက်က "လူပုဂ္ဂိုလ်တစ်ဦးနှင့် သံဃာတော်(၄)ပါးက တင်းကုတ်ထဲကနွားကို ဝင်ဆွဲသွား"ခေါင်းစဉ်ဖြင့် မမှန်မကန် ရေးသားတင်ပြခဲ့ကြောင်း တွေ့ရှိရသည်။

၃။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ၁၂-ရက်တွင် ဟသ်ာတမြို့နယ်၊ ရှာခဲရွာနေ ဦးအောင်မြင့်ဆိုသူက "သူက နွားပိုင်ရှင်ပါ" ဆိုကာ နွားသုံးကောင် ပြန်လည်ရရှိရေး တရားစွဲဆိုခဲ့ကြောင်း တွေ့ရှိရသည်။

၄။ နွားပိုင်ရှင်အမှန်မှာ ငါးသိုင်းချောင်းမြို့နယ်၊ ကျုတာကျေးရွာနေ နွားကုန်သည်ဦးစိုးသန်းဖြစ်ကြောင်း၊ နွားကုန်ပို့နိုင်ရေးအတွက် တရားမဝင်လုပ်ငန်းဖြစ်သဖြင့် လမ်းကြောင်းမရှင်းသေးသောကြောင့် ဆက်မသွားရဲဘဲ ဦးအောင်မြင့်၏နွားတင်းကုန်ထဲတွင် သိမ်းဆည်းထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၅။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀-ရက်တွင် ကျုပျော်မြို့နယ် ဇီ/ကယ်အဖွဲ့ဥက္ကဋ္ဌဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ တရားမဝင်သယ်ဆောင်လာသည့် နွားသုံးကောင်သိမ်းဆည်းခြင်းနှင့်ပတ်သက်၍ မမှန်မကန်သတင်းရေးသားသူ SS ကျုပျော်အမည်ခံသတင်းသမားနှင့် မမှန်မကန် လိမ်ညာပြီး နွားပိုင်ရှင်ပါဟုဆိုကာ တရားစွဲဆိုသူ ဦးအောင်မြင့်တို့ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် တိုင်ကြားစာတစ်စောင် တင်သွင်းခဲ့ကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com


၆။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၃-ရက်တွင် ညောင်ပင်ဆိတ်ကျေးရွာ၊ နတ်ကန်နှင့် ဖိစလောင်လမ်းဆုံ၌ နံနက်(၁၀)နာရီခန့် အချိန်တွင် တရားမဝင်နွားကုန်သည်လူရမ်းကားများက ရဲများရှေ့မှောက်၌ပင် "ဒီဇီ/ကယ်အဖွဲ့ဆိုတာတွေက တရားဝင်အဖွဲ့တွေ မဟုတ်ဘူး။ ဘာအာဏာမှရှိတာမဟုတ်ဘူး။ ရှင်းပစ်ကွာ"စသည်ဖြင့် ပြောဆိုပြီး ဇီ/ကယ်အဖွဲ့ဝင်များကို ဝိုင်းရိုက်၊ ဝိုင်းခုတ်-အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသည်။

၇။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉-ရက် "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်-ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီးရဲ တပ်ဖွဲ့မှူးရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ ၂-၄-၂၀၁၅ ရက်စွဲပါ တိုင်စာနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ" မှတ်တမ်းခွေ၌ ဖော်ပြပါရှိချက်အရ-

ထေရ(ခ)ကိုဝင်းရွှေက ရှင်းလင်းတင်ပြရာတွင် "မြန်မာနိုင်ငံရဲများရဲ့ ဆောင်ရွက်ချက်များအရ တရားဥပဒေ စိုးမိုးခြင်း မရှိတဲ့အတွက်ကြောင့် ယခုသတင်းစာရှင်းလင်းပွဲသို့ ရောက်ရှိလာရခြင်းဖြစ်ကြောင်း၊ တရားမဝင်လုပ်နေသည့် နွားကုန်သည် ငွေပေးသူများက ရဲများရှေ့မှာ တရားဥပဒေနှင့်အညီ ဆောင်ရွက်နေသူ ဇီ/ကယ်များကို ဝိုင်းရိုက်နေမှုများကျူးလွန် လာသည်ကို တောင် ရဲများက ရပ်ကြည့်နေကြတာတွေ့ရကြောင်း၊ ရဲများနှင့်နွားကုန်သည် (ဥပဒေချိုးဖောက်ကျူးလွန်သူများ)ဟာ ငွေပေး-လုပ်ပိုင်ခွင့်ပေးအပြန်အလှန် ဥပဒေအလွဲသုံးစားလုပ်စားနေသူများဖြစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



တရားမဝင်သယ်ဆောင်နေသည့် နိုင်ငံ့ရတနာဖြစ်သည့် ကျွဲနွားများကို တရားဝင်လုပ်ဆောင်သည့် ဇီ/ကယ်များက ပါဝင် ဆောင်ရွက်နေရခြင်းမှာ ရဲများ၊ အုပ်ချုပ်ရေးမှူး များ ဥပဒေအတိုင်း အကောင်အထည်ဖော်- ဆောင်ရွက်ခြင်းမရှိကြတဲ့အတွက်ကြောင့် ပင်ဖြစ်ကြောင်း၊ ရဲများရှေ့မှာ အရိုက်ခံရသူများ၊ ဓားနဲ့ လည်ပင်း အလှီးခံရသူများတွင် အရှင်သီဟဉာဏ အစရှိတဲ့ သံဃာတော်များ ပင် ဒဏ်ရာရရှိခဲ့ကြရကြောင်း၊

ရဲများက ပိုက်ဆံပေးပြီး ဖမ်းခိုင်းသည့် နွားကုန်သည် ကု လားများရဲ့ ခိုင်းစေချက်များအတိုင်း အပြစ်မရှိသူများကို ဖမ်းဆီးပြီး အရေးယူနေကြတာ ကိုယ်တိုင်ကြုံခဲ့ရကြောင်း၊ ကိုယ်တိုင်ခံခဲ့ရ ကြောင်း"စသည်များ ကို တင်ပြသွားကြောင်း တွေ့ရှိရပါသည်။ (သက်သေခံအဖြစ် ပူးတွဲ(၁-မှ ၆)ထိ တင်ပြထားပါသည်)

<u>ဖော်ပြပါတွေ့ရှိချက်တို့ကို အမျိုးဘာသာ သာသနာစောင့် ရှောက်ရေးအဖွဲ့(ဗဟို)မှ မဘသလုပ်ငန်းစဉ်များ အကောင်အထည် ဖော်ရေးအဖွဲ့ခွဲ၊ တာဝန်ခံဆရာတော်များ ဖြစ်သည့် ဘဒ္ဒန္တပါမောက္ခ (မကွေးကျောင်းဆရာတော်)နှင့် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ(ဇီရသူ- မစိုးရိမ်)တို့၏ ညွှန်ကြားချက်အရ ဦးအောင်မြိုင်-မစိုးရိမ်စာသင်သား (သုတေသနနှင့်သမိုင်းမှတ်တမ်းဌာန၊ မဘသ(ဗဟို)၊ အထွေထွေ အတွင်း ရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာဝံသာနုရက္ခိတအဖွဲ့(ဗဟို)- ) က လေ့လာသုံးသပ်၍ ပြုစုတင်ပြပါသည်။</u>

လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း

ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com





၈။ ဖော်ပြပါ လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြချက်အရ ထေရ(ခ)ကိုဝင်းရွှေ ခံစားနေရသောအမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံ စာရွက်စာတမ်းများကိုပါ ပူးတွဲတင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်မှသာလျှင် တရားလွှတ်တော်များ၊ တရားရုံးများ၌ တရားဥပဒေစိုးမိုးရေး အကောင်အထည်ပေါ်ပြီး ရဟန်းရှင်လူပြည်သူတို့၏ အားကိုးရာ၊ အားထားရာ တရားလွှတ်တော်များ၊ အားကိုးရာ၊ အားထားရာ တရားရုံးတော်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက လွတ်လပ်သည့် အချုပ်အခြာပိုင် အာဏာတစ်ရပ်ဖြစ်သည့် တရားစီရင်ရေးအာဏာသည် မလွတ်လပ်သေးသည့် အချုပ်အခြာမပိုင်

www.burmeseclassic.com

www.burmeseclassic.com



အာဏာအဖြစ် လျော့ကျနေမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။

ဖော်ပြပါအမှုအခင်းကို ကြည့်လျှင် ဘာသာခြား၊ လူမျိုးခြားကို အကြောင်းပြု၍ ထိုဘာသာခြား၊ လူမျိုးခြား၏ အကျိုး စီးပွားအတွက် သို့တည်းမဟုတ် မိမိတို့၏ အကျိုးစီးပွားအတွက် တရားဥပဒေနှင့်မညီညွတ်သည့် လုပ်ဆောင်ချက်များ ပါရှိနေပုံများကို ထင်ရှားစွာ သိမြင်ရပါကြောင်း တင်ပြပါသည်။

သို့ဖြစ်ပါ၍ ထေရ(ခ)ကိုဝင်းရွှေ ခံစားနေရသောအမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးရန် တင်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

အထူးတင်ပြလိုသည့်အချက်မှာ သက်ဆိုင်ရာအထက်ဌာနများမှ သက်ဆိုင်ရာအောက်ဌာနများသို့ ဖော်ပြပါအမှုအခင်းနှင့် ပတ်သက်၍ ညွှန်ကြားချက်ပေးရာတွင် ဘယ်နေ့၊ ဘယ်ရက်နောက်ဆုံးထား၍ သက်ဆိုင်ရာအထက်ဌာနသို့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးကြောင်း အစီရင်ခံစာတင်သွင်းပေးရေးအတွက် သတ် မှတ်ချက် ထည့်သွင်းဖော်ပြပေးလိုက်ရန် တင်ပြလိုပါသည်။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ
တွဲဖက်အတွင်းရေးမှူး(၁)၊ မဘသ(ဗဟို)
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကပါဠိပါရဂူ
တိပိဋကဓရ တိပိဋကကောဝိဒ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



မိတ္တူကို

- နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်

- သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်

- ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်

- ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားတရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးစိုးညွန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြသိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်အောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်ဟန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



- နိုင်ငံတော်ရွှေ့နေများကောင်စီ၊ နိုင်ငံတော်ရွှေ့နေများ ကောင်စီရုံး၊ နေပြည်တော်

- ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲ ရေးဝန်ကြီးဌာနရုံး၊ နေပြည်တော်

- ဦးသိန်းအောင်၊ ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ပုသိမ်မြို့

- ဧရာဝတီတိုင်းဒေသကြီးတရားသူကြီး၊ ဧရာဝတီတိုင်း ဒေသကြီးတရားလွှတ်တော်ရုံး၊ ပုသိမ်မြို့

- ရဲမှူးကြီး၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ ဧရာဝတီ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ပုသိမ်မြို့

- တိုင်းဒေသကြီးဥပဒေချုပ်၊ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ပုသိမ်မြို့

- တိုင်းဒေသကြီးစစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့၊ ဧရာဝတီ တိုင်းဒေသကြီး၊ ပုသိမ်မြို့

- ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့

- ခရိုင်တရားသူကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့

- ခရိုင်ဥပဒေအရာရှိ၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့

- မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျုံပျော်မြို့၊

- စခန်းမှူး၊ ကျုံပျော်မြို့မရဲစခန်း၊ ကျုံပျော်မြို့၊ ဧရာဝတီ တိုင်းဒေသကြီး

- စခန်းမှူး၊ အထောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ ကျုံပျော် မြို့နယ်


www.burmeseclassic.com

www.burmeseclassic.com



- ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာနာယကကျောင်းဆောင်တော်၊ ကမ္ဘာအေး၊ ရန်ကုန်
- ဥက္ကဋ္ဌဆရာတော်၊ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)၊ ကြားတောရလမ်း၊ ဗဟန်း
- သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မြို့နယ်များ)အားလုံး
- မဘသ(ဗဟို)ရုံးမှတ်တမ်း၊ လက်ခံ
- ကာယကံရှင်၊ လက်ခံ

ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေစိုက်ဖြစ်ပွားနေသည့် အမှုအခင်းဖြစ်ကြောင်းတွေ့ရှိရပါသည်



www.burmeseclassic.com

www.burmeseclassic.com



## မနှင်းကေသီစိုး အမှုအခင်း လေ့လာတွေ့ရှိချက်များ အကျဉ်းချုပ်ကို တင်ပြခြင်း

သို့

ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ နေပြည်တော်

သို့

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

ရက်စွဲ။ ။၁၉-၄-၂၀၁၅

အကြောင်းအရာ။ ။မနှင်းကေသီစိုး ခံစားနေရသော အမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံစာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြခြင်း

ဖော်ပြပါ အကြောင်းအရာနှင့်ပတ်သက်၍ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးသို့ လာရောက်တင်ပြသည့် အမှုအခင်းပါ စာရွက်စာတမ်းများအရ လေ့လာကြည့်ရာတွင် မနှင်းကေသီစိုး ခံစားနေရသော စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ရှပ်ပိုင်းဆိုင်ရာ နစ်နာရမှုများ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်ဆိုင်ရာ နစ်နာရမှုများကို အောက်ပါအတိုင်း တွေ့ရှိရသည်။

၁။ ၂၀၀၂ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမှတ်(RA 3 - ကွက်ပြင် ၃)၊ ဦးပိုင် အမှတ်(၆၉/၂၆၅)၊ မြေယာနံပါတ်(၂၀၂/၂၇၀)၊ ဧရိယာ(၀. ၁၃) အကျယ်အဝန်းရှိသော နှစ်(၃၀)ဂရန်မြေကွက်ကို စောမေရီ (ခ) ဒေါ်နီနီစောထံမှ ဒု-ဗိုလ်မှူးကြီးအောင်နိုင်က ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(က/၁-မှ က/၁၂-ထိ) တင်ပြထားပါသည်။)

မှတ်ချက်။ ။ယခုဆိုလျှင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂၉၉)ဟုခေါ်တွင်သော (တစ်ထပ်ခွဲတိုက်) အဆောက်အဦး(၁)လုံး၊ ကြိုးဖုန်းတစ်လုံး(နံပါတ် ၀၈၅ ၂၃၁၉၄) အပါအဝင် လျှပ်စစ်မီးမီတာ၊ ရေသုံးစွဲခွင့် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ပါ တည်ရှိနေကြောင်း တွေ့ရှိရသည်။

၂။ ၂၀၀၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သော နှစ်ဘက်သဘော တူညီချက်ကတိစာချုပ်၌ ဖော်ပြချက်အရ "<u>ဒု-ဗိုလ်မှူးကြီးအောင်နိုင်က ဝယ်ယူပိုင်ဆိုင်ခဲ့သည်</u>"ဟုဆိုရာ၌ ဒေါ်ခင်မာအေးကိုယ်စား နာမည်ငှားသက်သက်သာဖြစ်ကြောင်း၊ ပိုင်ရှင်အစစ်၊ ဝယ်ယူသူအစစ်မှာ ဒေါ်ခင်မာအေးဖြစ်ကြောင်း တွေ့ရှိရသည်။ ပစ္စည်းဇယား၊ မြေရာဇဝင်၊ မြေကွက်ဂရန်-ပါ အပြည့်အစုံ ဝယ်ယူရရှိပိုင်ဆိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ခ/၁-မှ ခ/၉-ထိ)တင်ပြ

www.burmeseclassic.com

www.burmeseclassic.com



ထားပါသည်။)

၃။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၀-ရက်တွင် ဦးအောင်မင်းနိုင်(ခ) POHLA DUKE PATRICK အသက်(၆၅)၊ FRC အမှတ်- YGN 74873-သည် (မနှင်းကေသီစိုးနှင့် လက်ထပ်မင်္ဂလာ ပြုလုပ်ရန်အလို့ငှာ) ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ဘာသာကူးပြောင်းခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဂ)ကို တင်ပြထားပါသည်။)

၄။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၄-ရက်တွင် စာပိုဒ်အမှတ်(၂)၊ စာပိုဒ်အမှတ်(၃)တို့၌ ဖော်ပြပါရှိသည့် မြေကွက်နှင့်ပစ္စည်းအားလုံးကို ရောင်းသူဒေါ်ခင်မာအေး (မရောင်းမီပိုင်ရှင်အစစ်ဖြစ်သူအမည်)၊ ဝယ်သူမနှင်းကေသီစိုး (ဝယ်ယူပြီးပိုင်ရှင်အစစ်ဖြစ်သူအမည်) တို့ဖြင့် အရောင်းအဝယ်စာချုပ်ပြုလုပ်စေ၍ ဦးအောင်မင်းနိုင်(ခ) POHLA DUKE PATRICK က ဇနီးလောင်းလျာဖြစ်သူ မနှင်းကေသီစိုးအား လက်မထပ်မီ တစ်ရက်တိတိအလိုကြိုတင်၍ မင်္ဂလာလက်ဆောင်အဖြစ် ဝယ်ယူပေးခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဃ/၁၊ ဃ/၂)တို့ကို တင်ပြထားပါသည်။)

၅။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၅-ရက်တွင် သတို့သား ဦးအောင်မင်းနိုင်(ခ) POHLA DUKE PATRICK (၆၅)နှစ်နှင့် မနှင်းကေသီစိုး(၂၃)နှစ်တို့ ၂-ဦး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရား ရုံး၌ တရားဝင်လက်ထပ်ထိမ်းမြားခြင်းလက်ထပ်စာချုပ်ပြုလုပ်ခဲ့ကြောင်း၊ လက်မှတ်ထိုးခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(င/၁၊ င/၂)တို့ကို တင်ပြထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၆။ ဖော်ပြပါ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၅-ရက်တွင်ပင် လင်မယား ၂-ဦး ပိုင်ဆိုင်သည့်ပစ္စည်းခန်းနှင့်ပတ်သက်၍ တစ်ဦးက မသိရှိဘဲ၊ သဘောမတူဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းစသည် မပြုလုပ်ရန် ၂-ဦးသဘောတူကတိစာချုပ်ချုပ်ခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(စ)ကို တင်ပြထားပါသည်။)

၇။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၇-ရက်တွင် ဒေါ်နှင်းကေ သီစိုးက ဖော်ပြပါမြေကွက်၊ ပစ္စည်းများနှင့်ပတ်သက်၍ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ဖော်ပြပါမြေကွက်၊ ပစ္စည်းအားလုံး လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်ကြောင်း အသိအမှတ်ပြုပေးထားနိုင်ရန် အသိပေးစာတစ်စောင် တင်ပြခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဆ/၁၊ ဆ/၂)တို့ကို တင်ပြထားပါသည်။)

၈။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၂-ရက်တွင် ဦးအောင်မင်းနိုင်+ဒေါ်နှင်းကေသီစိုး ၂-ဦးက တရားလွှတ်တော်ရှေ့နေဒေါ်ဘေဘီထွန်းထံ မြေကွက်စာချုပ်နှင့် အခြားစာရွက်စာတမ်း(၉)မျိုးကို ယုံကြည်အပ်နှံခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ၊ ၃၀-ရက်တွင် ၂-ဦးသဘောတူပြန်လည်ရယူပြီး ၂-ဦးသဘောတူသိမ်းဆည်းခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဇ)ကို တင်ပြထားပါသည်။)

၉။ (အမှုအခင်း-၁)။ ၂၀၁၄ ခုနှစ်၊ မေလ၊ ၈-ရက်တွင် ဦးအောင်မင်းနိုင်သည် လင်မယား ၂-ဦးသဘောတူကတိစာချုပ်ပါ အချက်များကို လိုက်နာခြင်းမရှိသူဖြစ်၍ အိမ်တွင်းညှင်းဆဲမှုခံနေရကြောင်းတင်ပြလျက် ဒေါ်နှင်းကေသီစိုးက ရပ်ကွက်အုပ်ချုပ်ရေး

www.burmeseclassic.com



မှုထုံးတိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းစာထဲတွင် ၂၃-၃-၂၀၁၄ တွင် တစ်ကြိမ်၊ ၇-၅-၂၀၁၄ တွင် တစ်ကြိမ် အိမ်ပေါ်မှ ဆင်းခဲ့ရကြောင်း ပါရှိသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဈ)ကို တင်ပြထားပါသည်။)

၁၀။ (အမှုအခင်း-၂)။ ၂၀၁၄ ခုနှစ်၊ မေလတွင် ဦးအောင်မင်းနိုင်က မယားခေါ်လိုမှုဟုဆိုကာ အနောက်ပိုင်းခရိုင်တရားရုံး၌ တရားစွဲဆိုခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ည)အတွင်း၌ ဖော်ပြချက်အရ သိရခြင်းဖြစ်ပါသည်။)

၁၁။ (အမှုအခင်း-၁၊ အမှုအခင်း-၂၊ ၂-မှုစလုံးရုပ်ဆိုင်းခြင်း)။ ၂၀၁၄ ခုနှစ်၊ မေလ၊ ၁၆-ရက်တွင် သဘောတူပြေငြိမ်းသည့် စည်းကမ်းချက်(၈)ချက်၊ စည်းကမ်းချက်ခွဲ(၁၀)ချက်ခန့်တို့ဖြင့် ၂-ဦးသဘောတူကြ၍ ဒေါ်နှင်းကေသီစိုး၏ တိုင်ကြားမှု-အမှုအခင်း၊ ဦးအောင်မင်းနိုင်၏ တရားစွဲမှု-အမှုအခင်း၊ ၂-မှုစလုံး ပြီးငြိမ်းပြီးဖြစ်ခဲ့ရကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ည/၁-မှ ည/၅-ထိ) တင်ပြထားပါသည်။)

၁၂။ ၂၀၁၄ ခုနှစ်၊ မေလ၊ ၂၅-ရက်တွင် မကွေးမြို့၊ မြင့်မိုရ်စ်ဟိုတယ်မှတ်တမ်းအရ ဦးအောင်မင်းနိုင်သည် မြန်မာနိုင်ငံသားမှတ်ပုံတင်အမှတ် (၇/ပတန(နိုင်)၀၃၄၂၃၂)ကို ရယူကိုင်ဆောင်နေသူဖြစ်ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဋ)ကို တင်ပြထားပါသည်။)

မှတ်ချက်။ ။ပူးတွဲ(ဂ)သက်သေခံ(လက်ထပ်စာချုပ်)၌ FRC အမှတ်- YGN 74873-ကို ကိုင်ဆောင်သူဖြစ်ကြောင်း ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခဲ့ပြီးသူဖြစ်ပါသည်။

၁၃။ (အမှုအခင်း-၃)။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ၅-ရက်တွင် မရမ်းကုန်းမြို့နယ်တရားရုံး၌ မီးခံသေတ္တာသော့ခိုးယူမှုဖြင့် ဦးအောင်မင်းနိုင်က ဒေါ်နှင်းကေသီစိုးကို တရားစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

(ပူးတွဲ(ဇ/၃)ပါ ဆိုလွှာစာပိုဒ်အမှတ်(၁၀)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

မှတ်ချက်။ ။တရားရုံးက လင်မယားချင်းကိစ္စဖြစ်၍ အမှုမမြောက်ဟု သုံးသပ်ပြီး ပယ်ချခဲ့ကြောင်း တွေ့ရှိရသည်။ ပူးတွဲ (ဇ/၇)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြီးပြတ်ပြီး အမှုအခင်းဖြစ်ကြောင်း မှန်ယူရန်သာ ရှိပါသည်။

၁၄။ (အမှုအခင်း-၄)။ ထိုနှစ်၊ ထိုလ၊ ထိုရက်ဝန်းကျင်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဒေါ်နှင်းကေသီစိုးဘက်က ပါးရိုက်မှုဖြင့် တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(ပူးတွဲ(ဇ/၇)ပါ ဆိုလွှာစာပိုဒ် အမှတ်(၉)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

၁၅။ (အမှုအခင်း-၅)။ ထိုနှစ်၊ ထိုလ၊ ထိုရက်ဝန်းကျင်တွင် ပြင်ဦးလွင်မြို့နယ်ရဲစခန်း၌ ဒေါ်ခင်မာအေးက ဒေါ်နှင်းကေသီစိုးကို နေအိမ်နှင့်ခြံအတွင်း သော့များရိုက်ချိုး၍ ဝင်ရောက်နေထိုင်မှုဖြင့် တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(ပူးတွဲ(ဇ/၃)ပါ ဆိုလွှာစာပိုဒ် အမှတ်(၁၁)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

မှတ်ချက်။ ။ပြင်ဦးလွင်မြို့နယ်ရဲစခန်းမှ ခေါ်ယူစစ်ဆေးစဉ် ဒေါ်နှင်းကေသီစိုးက ဝယ်ယူပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းများ အခိုင်အမာ တင်ပြစစ်ဆေးခံခဲ့ပြီးဖြစ်၍ ပြင်ဦးလွင်မြို့နယ်ရဲစခန်းမှ

www.burmeseclassic.com

www.burmeseclassic.com



အမှုပိတ်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ ပူးတွဲ(၈/၁၃)ပါ ချေလွှာစာပိုဒ်အမှတ်(၁၁)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြီးပြတ်ပြီးအမှုအခင်းဖြစ်ကြောင်း မှတ်ယူရန်သာ ရှိပါသည်။

၁၆။ (အမှုအခင်း-၆၊ အမှုအခင်း-၇)။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ၁၄-ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၌ ဦးအောင်မင်းနိုင်ကို ဒေါ်နှင်းကေသီစိုးက ရာဇဝတ်ကြီးမှုမှတ် (၄၂၆/၂၀၁၄)၊ ပုဒ်မ-၃၂၃၊ ၅၀၆၊ ရာဇဝတ်ကြီးမှုမှတ် (၃၉၂/၂၀၁၄)၊ ပုဒ်မ-၃၅၄၊ ၃၂၃၊ ၂၉၄၊ ၁၁၄-တို့အရ တရားစွဲဆိုခဲ့ကြောင်း တွေ့ရှိရသည်။

(ပူးတွဲ(၃)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

မှတ်ချက်။ ။၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄-ရက်တွင် မြို့နယ်တရားရုံးမှ တရားခံဖြစ်သူ မြန်မာနိုင်ငံသားအမည်-ဦးအောင်မင်းနိုင်(ခ) ဩစတြေးလျနိုင်ငံသားအမည်- POHLA DUKE PATRICK ကို ဖမ်းဆီးရန် ဝရမ်းထုတ်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံသားအမည်-ဦးအောင်မင်းနိုင်(ခ) ဩစတြေးလျနိုင်ငံသားအမည်- POHLA DUKE PATRICK သည် နိုင်ငံခြားသို့ ရှောင်တိမ်းထွက်ခွာသွားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အမှုအခင်း(၅)၊ အမှုအခင်း(၆)- ၂- မှုစလုံးသည် ပြီးပြတ်ပြီးအမှုအခင်းဖြစ်ကြောင်း မှတ်ယူရန်သာ ရှိပါသည်။

(ပူးတွဲ( )၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

၁၇။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ ၂၃-ရက်တွင် ဖော်ပြပါမြေကွက်၊ ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်၍ ဗိုလ်မှူးချုပ်ငြိမ်းအောင်နိုင်ဆိုသူက ဦးစံဝင်းအောင်ဆိုသူအား ဂရန်ပျောက်ဆုံးကြောင်း လျှောက်ထားစေ၍ ဂရန်အသစ်ထုတ်ယူရရှိရန်အလို့ငှာ အထူးကိုယ်စားလှယ်ပါဝါလွှဲပေးခဲ့ကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com


(သက်သေခံအဖြစ် ပူးတွဲ(၄)ကို တင်ပြထားပါသည်။)

မှတ်ချက်။ ။ဖော်ပြပါမြေကွက်၊ ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်၍ မူရင်းဂရန်သည် ဝယ်ယူရရှိပိုင်ဆိုင်နေသူ ဒေါ်နှင်းကေသီစိုး၏ လက်ဝယ်၌ အထင်အရှားရှိနေခဲ့ကြောင်း၊ ရှိနေဆဲဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိပါသည်။

၁၈။ (အမှုအခင်း-၈)။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ ၁၆-ရက်တွင် ခရေဇီဟိုတယ်၌ ဦးအောင်မင်းနိုင် တည်းခိုနေခြင်းကြောင့် မည်သည့်ဗီဇာ၊ မည်သည့်မှတ်ပုံတင်ဖြင့် တည်းခိုနေကြောင်း စိစစ်ပေးပါရန် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဒေါ်နှင်းကေသီစိုးက တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(၃)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

မှတ်ချက်။ ။တိုင်ကြားရခြင်းအကြောင်းမှာ ၁၄-၇-၂၀၁၄ တွင် အိမ်စရိတ်တောင်းရာမှစ၍ ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ တည်းခိုခွင့်ရရှိနေပုံမှာ ဗီဇာမပြဘဲ၊ မှတ်ပုံတင်မပြဘဲ၊ နိုင်ငံခြားသားဖြစ်ကြောင်းအသိပေးခြင်းမရှိဘဲ တည်းခိုခွင့်ရရှိခဲ့ကြောင်း၊ ဒေါက်တာအောင်ထွဋ်ဆိုသူက အာမခံပြုလုပ်ပေး၍ တည်းခိုခွင့်ရရှိအောင် ပြုလုပ်ပေးထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

(ပူးတွဲ(၃)၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်ပါသည်။)

အထူးမှတ်ချက်။ ။ ပူးတွဲ(၁)၊ ပူးတွဲ(၄)၊ ပူးတွဲ(၃)တို့တွင် ဖော်ပြပါရှိချက်အရ <u>မြန်မာနိုင်ငံသားအမည်-ဦးအောင်မင်းနိုင်(ခ)</u> <u>ဩစတြေးလျနိုင်ငံသားအမည်</u>- POHLA DUKE PATRICK

www.burmeseclassic.com

www.burmeseclassic.com



သည် ဩစတြေးလျနိုင်ငံသားဖြစ်၍ ဩစတြေးလျနိုင်ငံသား မှတ်ပုံတင်နံပါတ်မှာ P.P-NO-E-4115979-ဖြစ်ကြောင်း၊ ဗီဇာနံပါတ်မှာ1359219-ဖြစ်ကြောင်း၊ FRCအမှတ်မှာ YGN 74873-ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားမှတ်ပုံတင်နံပါတ်မှာ ရ/ပတန (နိုင်) ၁၃၂၂၃၂-ဖြစ်ကြောင်း ပေါ်ပေါက်နေသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဆိုင်ရာ အထူးဥပဒေများကို ချိုးဖောက်ကျူးလွန်ထားကြောင်း ထင်ရှားနေသည်။

(သက်သေခံအဖြစ် ပူးတွဲ(၈)၊ ပူးတွဲ(၉)၊ ပူးတွဲ(၃)တို့၌ ဖော်ပြချက်အရ တွေ့ရှိရခြင်းဖြစ်သည်။)

၁၉။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ ၂-ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဦးစီးမှူးထံ ဦးအောင်မင်းနိုင် ကျူးလွန်ထားသည့်အမှုများကို ဒေါ်နှင်းကေသီစိုးက တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(၃)ကို တင်ပြထားပါသည်။)

မှတ်ချက်။ ။လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ လဝကဒု-ဦးစီးမှူးက ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ ၁၃-ရက်တွင် ဒေါ်နှင်းကေသီစိုးက ဖော်ပြပါဗိုလ်မှူးချုပ်(ငြိမ်း)အောင်နိုင်ဆိုသူ၏ ဂရန်ပျောက်ဆုံးကြောင်း၊ ဂရန်အသစ်ထုတ် ယူလိုကြောင်းလုပ်ရပ်များအပေါ် ကန့်ကွက်စတင်ပြခဲ့ကြောင်း တွေ့ရှိရသည်။

စာထဲ၌ မြေကွက်၊ ပစ္စည်းအားလုံး၊ ဂရန် အပါအဝင်တို့ကို ဒေါ်နှင်းကေသီစိုးက လက်ရောက်ပိုင်ဆိုင်လျက်ရှိကြောင်း ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



(သက်သေခံအဖြစ် ပူးတွဲ(ပ/၁၊ ပ/၂၊ ပ/၃)တို့ကို တင်ပြထားပါသည်။)

၂၁။ (အမှုအခင်း-၉)။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ ၂၀-ရက်တွင် မြင်ဦးလွင်ခရိုင်တရားရုံး၌ တရားလိုများဖြစ်သူ (၁။ ဦးအောင်နိုင်-ဗိုလ်မှူးချုပ်အငြိမ်းစား၊ ၂။ ဒေါ်ခင်မာအေး -ကိုယ်တိုင်နှင့် (၁)တရားလို၏ရခွင့်ကိုယ်စားလှယ်) တို့က ၄-၂-၂၀၁၄ ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်စာချုပ် (= ရောင်းသူ ဒေါ်ခင်မာအေး =မရောင်းမီပိုင်ရှင်အစစ်ဖြစ်သူ၏အမည်၊ ဝယ်သူ မနှင်းကေသီစိုး = ဝယ်ယူပြီး ပိုင်ရှင်အစစ်ဖြစ်သူ၏အမည်တို့ဖြင့် ချုပ်ဆိုထားသောစာချုပ်)သည် ဟန်ဆောင်စာချုပ်ဖြစ်၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် မြေ-အိမ်-နှင့် စာချုပ်စာတမ်းများကို လက်ရောက်ပေးအပ်စေလိုမှုဖြင့် အမှု ဖွင့်ခဲ့ကြောင်း တွေ့ရှိရသည်။

တရားပြိုင်များမှာ ၁။ POHLA DUKE PATRICK (ဩစတြေးလျနိုင်ငံသားအမည်) (ခ) ဦးအောင်မင်းနိုင် (မြန်မာနိုင်ငံသားအမည်) ၂။ မနှင်းကေသီစိုး ၂-ဦးဖြစ်ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဏ/၁-မှ ဏ/၁၈-ထိ) တင်ပြထားပါသည်။)

မှတ်ချက်။ ။ထိုစွဲဆိုချက်နှင့်ပတ်သက်၍ တရားပြိုင် အမှတ် (၁) - POHLA DUKE PATRICK (ဩစတြေးလျနိုင်ငံသားအမည်) (ခ) ဦးအောင်မင်းနိုင် (မြန်မာနိုင်ငံသားအမည်)သည် ၃-၉-၂၀၁၄ တွင် ပြင်းဆိုရန်မရှိကြောင်းဖြင့် ချေလွှာတင်ခဲ့ကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးမှတ်ချက်။ ။ရုံးဝင်အမှုအဖြစ် ပေါ်ပေါက်သည့်ရက်စွဲမှာ ၂၀-၁၀-၂၀၁၄ ဖြစ်သည်။ တရားပြိုင်အမှတ်(၁)၏ ချေလွှာတင်ရက်စွဲ မှာ ၃-၉-၂၀၁၄ ဖြစ်နေသည်။

သုံးသပ်ရလျှင် တရားပြိုင်အမှတ်(၁)က ၃-၉-၂၀၁၄ ရက်စွဲဝန်းကျင်တွင် တရားလို(၂)ဦးတို့နှင့် ကြိုင်တင်ညှိနှိုင်းခဲ့ပြီး အချက်အလက်များအားလုံး သဘောတူဆောင်ရွက်ခဲ့ကြောင်း၊

သို့ရာတွင် တရားလို(၂)ဦးတို့က ထိုရက်စွဲ(၃-၉-၂၀၁၄)ဝန်းကျင်တွင် အမှုဖွင့်နိုင်ခြင်းမရှိဘဲ ၂၀-၁၀-၂၀၁၄ ရက်စွဲကျမှ အမှုဖွင့်နိုင်ခြင်းဖြစ်ကြောင်း၊ တရားပြိုင်အမှတ်(၁)၏ ချေလွှာကို ထိုရက်စွဲကတည်းက စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ရုံးဝင်အမှု ပေါ်ပေါက်လာချိန်(၂၀-၁၀-၂၀၁၄)တွင် ချေလွှာတင်သည့်အခါ အမှုမဲ့အမှတ်မဲ့ဖြင့် ၃-၉-၂၀၁၄ ရက်စွဲပါချေလွှာကိုပင် ရက်စွဲမပြင်မိတော့ဘဲ တင်မိခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ရန် ရှိနေသည်။

အထူးမှတ်ချက်။ (၂) ။တရားပြိုင်အမှတ်(၂) = မနှင်းကေသီစိုးက ၁၅-၁-၂၀၁၅ တွင် ချေလွှာတင်ခဲ့ကြောင်း တွေ့ရှိရသည်။

ချေလွှာ၌ ဖော်ပြထားချက်များမှာ ၄-၂-၂၀၁၄ ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်စာချုပ် (= ရောင်းသူ ဒေါ်ခင်မာအေး =မရောင်းမီပိုင်ရှင် အစစ်ဖြစ်သူ၏အမည်၊ ဝယ်သူ မနှင်းကေသီစိုး = ဝယ်ယူပြီး ပိုင်ရှင်အစစ်ဖြစ်သူ၏အမည် တို့ဖြင့် ချုပ်ဆိုထားသောစာချုပ်) ဟန်ဆောင်စာချုပ် မဟုတ်ကြောင်း၊ အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ် အစစ်အမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၂။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ ၃၁-ရက်တွင် ဒေါ်ခင်မာ

www.burmeseclassic.com

www.burmeseclassic.com



အေးက မြန်မာ့အလင်းသတင်းစာ၌ "မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကွက်ပြင် ၃၊ ဦးပိုင်-၆၉/၂၆၅၊ မြေယာ- ၂၀၂/၄၇၀၊ ဧရိယာ ၀ ဒသမ ၁၃ ဧက၊ မာလာလမ်းသွယ်၊ အမှတ်၂၉၉၊ မြေကွက်နှင့် မြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း" ခေါင်းစဉ်ဖြင့် ထည့်သွင်းကြော်ငြာခဲ့ကြောင်း တွေ့ရှိရသည်။

ကြော်ငြာစာသား၌ "အမည်ပေါက်ဦးအောင်နိုင်မှ အခြားလက်ဝယ်သို့ လွှဲပြောင်းရောက်ရှိခြင်းမရှိသေးကြောင်း၊ မနှင်းကေသီစိုးက သော့များဖျက်၍ ဝင်ရောက်ကြောင်း၊ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း၊ ပြင်ဦးလွင်ခရိုင်တရားရုံးတွင် တရားမမှုကြီးအမှတ် ၉၃/၂၀၁၄ အရ တရားစွဲထားကြောင်း၊ အမိန့်တစ်စုံတရာချမှတ်ခြင်း မရှိသေးကြောင်း၊ အမှုအတောအတွင်း ရောင်းချခြင်းစသည် ပြုလုပ်ခွင့်မပြုနိုင်ကြောင်း၊ ရောင်းချခြင်းစသည်ပြုလုပ်ပါက တရားရုံးမထီမဲ့မြင်ပြုမှုကို ကျူးလွန်ရာရောက်ကြောင်း" ဖော်ပြထားသည်။

(သက်သေခံအဖြစ် ပူးတွဲ(တ)ကို တင်ပြထားပါသည်။)

၂၃။ (အမှုအခင်း-၁၀)။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၀-ရက်တွင် ပြင်ဦးလွင်ခရိုင်တရားရုံး၌ ဒေါ်နှင်းကေသီစိုးဘက်မှ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ထ/၁-မှ ထ/၄-ထိ) တင်ပြထားပါသည်။)

၂၄။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၄-ရက်တွင် ပုဗ္ဗိမြို့သစ် (အရှေ့ပိုင်း)မြို့နယ်တရားရုံးမှ တရားခံဖြစ်သူ မြန်မာနိုင်ငံသား

www.burmeseclassic.com

www.burmeseclassic.com



အမည်-ဦးအောင်မင်းနိုင်(ခ) ဩစတြေးလျနိုင်ငံသားအမည်-POHLA DUKE PATRICK ကို ဖမ်းဆီးရန် ဝရမ်းထုတ်ခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဒ)ကို တင်ပြထားပါသည်။)

၂၅။ (အမှုအခင်း-၁၁)။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၉-ရက်တွင် လျှောက်ထားသူဒေါ်နှင်းကေသီစိုးမှ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေပုဒ်မ ၁၀-အရ ဦးအောင်ခိုင်၊ ဒေါ်ခင်မာအေး၊ ဦးနေအောင်နိုင်တို့အပေါ် အရေးယူပေးပါရန် တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(ဓ/၁-မှ ဓ/၅-ထိ) တင်ပြထားပါသည်။)

၂၆။ (အမှုအခင်း-၁၂)။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၂-ရက်တွင် စမ်းချောင်းမြို့နယ်ရဲစခန်း၌ တရားလွှတ်တော်ဒေါ်ခင်မာအေးက ဒေါ်နှင်းကေသီစိုးအပေါ် ယုံကြည်အပ်နှံဖောက်ဖျက်မှုဖြင့် တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(န/၁)ကို တင်ပြထားပါသည်။)

မှတ်ချက်။ ။ဒေါ်ခင်မာအေးနှင့် ဒေါ်နှင်းကေသီစိုး ၂-ဦးကြားတွင် ယုံကြည်အပ်နှံထားသည့် ပဋိညာဉ်စာချုပ်တစ်ခုမျှမရှိဖူးခြင်း၊ တရားမမှုအရ အငြင်းပွားနေစဉ်ဖြစ်၍ ဒေါ်ခင်မာအေး ပိုင်ဆိုင်ကြောင်း တင်ပြစရာ အထောက်အထားလုံးဝမရှိခြင်း၊ တရားဥပဒေ တရားမမှုဖြစ်နေဆဲဖြစ်ကြောင်းကို တင်ပြမှုမရှိဘဲ ထိန်ချုပ်ထားခြင်း၊ မြို့နယ်ရဲစခန်းက လုပ်ပိုင်ခွင့်ကို ကျော်လွန်၍ အမှုဖွင့်ပေးထားခြင်းတို့ကြောင့် တိုင်ကြားခံရသူ ဒေါ်နှင်းကေသီစိုးအတွက် နစ်နာမှု ၃-မျိုးစလုံး အလွန်ထိခိုက်နစ်နာရဖွယ်ရှိနေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရသည်။

၂၇။ (အမှုအခင်း-၁၃)။ ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၃၀-ရက်တွင် တိုင်ကြားသူဒေါ်နှင်းကေသီစိုးမှ ပြည်ထောင်စုတရားလွှတ်တော်သို့ ရှေ့နေကျင့်ဝတ်သိက္ခာများ ချိုးဖောက်နေသည့် တရားလွှတ်တော်ရှေ့နေဒေါ်ခင်မာအေး၊ တရားလွှတ်တော်ရှေ့နေဒေါ်ဘေဘီထွန်း၊ အထက်တန်းရှေ့နေဦးနေအောင်ခိုင်တို့အပေါ် အရေးယူပေးပါရန် တိုင်ကြားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(န/၁-မှ န/၃-ထိ) တင်ပြထားပါသည်။)

၂၈။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉-ရက် "မကွေးကျောင်းဆရာတော် ဦးပါမောက္ခ-ပါ သံဃာများမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်-ဟုဆိုကာ မဟုတ်မမှန် လုပ်ကြံပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့သို့ ၂-၄-၂၀၁၅ ရက်စွဲပါ တိုင်စာနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ" မှတ်တမ်းခွေ၌ ဖော်ပြပါရှိချက်အရ ဦးအောင်မင်းနိုင်က ဗုဒ္ဓဘာသာကို ကူးပြောင်းခဲ့တာမှန်ပေမယ့် ဗုဒ္ဓဘာသာကို ကိုးကွယ်ခြင်းမရှိကြောင်း၊ အိမ်ပေါ်နေစဉ် ဗုဒ္ဓဘုရားကျောင်းဆောင်ရှေ့ ဖိနပ်စီးပြီး သွားလာလေ့ရှိကြောင်း၊

"ဗုဒ္ဓဘာသာကို ကိုးကွယ်တာက မင်းတို့လို ဆင်းသားတွေပဲ ကိုးကွယ်တာ၊ ငါတို့လို ချမ်းသာတဲ့နိုင်ငံတွေက ဗုဒ္ဓဘာသာကို မကိုးကွယ်ဘူး၊ ခရစ်ယာန်ဘာသာကိုပဲ ကိုးကွယ်တာ"စသည်ဖြင့် ဗုဒ္ဓဘာသာအပေါ် ထိပါးပုတ်ခတ်ပြီး ပြောဆိုလေ့ရှိကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းမြို့နယ်ရဲစခန်းမှာ တရားလွှတ်တော် ဒေါ်ခင်မာအေား ဖွင့်လှစ်လိုက်သည့် ယုံကြည်ဖောက်ဖျက်မှုအရ စွဲဆိုချက်နှင့်ပတ်သက်၍ အနောက်ပိုင်ခရိုင်ရဲမှူးကြီးဦးဝင်းကြည်က ၂၃-၃-၂၀၁၅-နေ့တုန်းက ရွှေတိဂုံအရှေ့မုခ်၊ ရှင်သာမဏေဓမ္မဗိမာန်သို့ လာရောက်ပြီး မကွေးကျောင်းဆရာတော်ကို လျှောက်ထားရာတွင်

“ဒီအမှုကို တပည့်တော်မှားပြီးတော့ ဖွင့်ပေးလိုက်မိတာပါဘုရား။ တရားလွှတ်တော်ဒေါ်ခင်မာအေး လာတိုင်တုန်းက တရားမမှုရှိနေတုန်းဖြစ်ကြောင်း တပည့်တော်ကို မပြောဘဲနဲ့ ဖွင့်သွားတာပါဘုရား။ ဒါနဲ့ပတ်သက်ပြီး ဘာမှ စိတ်မပူပါနဲ့တော့ဘုရား။ ဒီကလေးမလေးမှာ ဘာမှ မဖြစ်စေရပါဘူးဘုရား။ တပည့်တော်တာဝန်ယူပါတယ်ဘုရား။”စသည်ဖြင့် လူသိရှင်ကြား အလှူခံအဖွဲ့ဝင်များရှေ့၌ လျှောက်ထားခဲ့ကြောင်း တွေ့ရှိရသည်။

(သက်သေခံအဖြစ် ပူးတွဲ(သတင်းစာရှင်းလင်းပွဲခွေ ၁ ချပ်)ကို တင်ပြထားပါသည်။)

အထူးမှတ်ချက်နှင့် ပေါင်းရုံးစုစည်းတင်ပြချက်

ဖော်ပြပါဖြစ်စဉ်ဖြစ်ရပ်များကို ပေါင်းရုံးကြည့်လျှင် အမှုအခင်းပေါင်း (၁၃) မှုအထိ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

ထိုအမှုတို့တွင် အမှုအခင်း (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈) တို့သည် ပြီးပြီးသားအမှုအခင်းများ ဖြစ်နေပြီဖြစ်ကြောင်း တွေ့ရှိရပြီး အမှုအခင်း (၉၊ ၁၀) တို့သည် ဆက်လက်၍ ရင်ဆိုင်နေရဆဲ အမှုအခင်းများဖြစ်ကြောင်း တွေ့ရှိရသည်။

အမှုအခင်း (၁၁၊ ၁၃ ) တို့သည် အပြစ်ကျူးလွန်သူများက သက်ဆိုင်ရာကို တောင်းပန်-ဝန်ခံပြီးကြပြီဖြစ်ကြောင်း တွေ့ရှိရပြီး အမှုအခင်း(၁၂)သည် ခရိုင်ရဲမှူးကြီးက မှားဖွင့်ပေးတာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဝန်ခံထားသော်လည်း အမှုပိတ်ခြင်းကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ပြီးစီးခြင်းမရှိသေး တွေ့ရှိရသည်။

ဖော်ပြပါတွေ့ရှိချက်တို့ကို အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ တာဝန်ခံဆရာတော်များဖြစ်သည့် ဘဒ္ဒန္တပါမောက္ခ(မကွေးကျောင်းဆရာတော်)နှင့် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ(ဝီရသူ-မစိုးရိမ်)တို့၏ ညွှန်ကြားချက်အရ (သုတေသနနှင့်သမိုင်းမှတ်တမ်းဌာန၊ မဘသ(ဗဟို)၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံလုံးဆိုင်ရာဝံသာနုရက္ခိတအဖွဲ့(ဗဟို)-) က လေ့လာသုံးသပ်၍ ပြုစုတင်ပြပါသည်။

လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်ကို တင်ပြခြင်း

ပြီးပြီ



၂၉။ ဖော်ပြပါ လေ့လာတွေ့ရှိချက်များအကျဉ်းချုပ်တင်ပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



အရ မနှင်းကေသီစိုး ခံစားနေရသောအမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် မူရင်းဖြစ်သည့် သက်သေခံ စာရွက်စာတမ်းများကိုပါ ပူးတွဲတင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်မှသာလျှင် တရားလွှတ်တော်များ၊ တရားရုံးများ၌ တရားဥပဒေစိုးမိုးရေး အကောင်အထည်ပေါ်ပြီး ရဟန်းရှင်လူပြည်သူတို့၏ အားကိုးရာ၊ အားထားရာ တရားလွှတ်တော်များ၊ အားကိုးရာ၊ အားထားရာ တရားရုံးတော်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။

ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက လွတ်လပ်သည့် အချုပ်အခြာပိုင် အာဏာတစ်ရပ်ဖြစ်သည့် တရားစီရင်ရေးအာဏာသည် မလွတ်လပ်သေးသည့် အချုပ်အခြာမပိုင် အာဏာအဖြစ် လျော့ကျနေမည်ဖြစ်ကြောင်း လေးနက်စွာ တင်ပြပါသည်။



နိုင်ငံခြားသား ဦးအောင်မင်းနိုင် (အသက် ၆၆)၏ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပါအမှုအခင်းကို ကြည့်လျှင် ဘာသာခြား၊ နိုင်ငံခြားသားကို အကြောင်းပြု၍ ထိုဘာသာခြား၊ နိုင်ငံခြားသား၏ အကျိုးစီးပွားအတွက် သို့တည်းမဟုတ် မိမိတို့၏ အကျိုးစီးပွားအတွက် တရားဥပဒေနှင့်မညီညွတ်သည့် လုပ်ဆောင်ချက်များ ပါရှိနေပုံများကို ထင်ရှားစွာ သိမြင်ရပါကြောင်း တင်ပြပါသည်။

သို့ဖြစ်ပါ၍ မနှင်းကေသီစိုး ခံစားနေရသောအမှုအခင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ရန် တင်ပြပေးလိုက်ရခြင်းဖြစ်ပါသည်။

အထူးတင်ပြလိုသည့်အချက်မှာ သက်ဆိုင်ရာအထက်ဌာနများမှ သက်ဆိုင်ရာအောက်ဌာနများသို့ ဖော်ပြပါအမှုအခင်းနှင့်ပတ်သက်၍ ညွှန်ကြားချက်ပေးရာတွင် ဘယ်နေ့၊ ဘယ်ရက်နောက်ဆုံးထား၍ သက်ဆိုင်ရာအထက်ဌာနသို့ ညွှန်ကြားချက်အတိုင်းဆောင်ရွက်ပြီးကြောင်း အစီရင်ခံစာတင်သွင်းပေးရေးအတွက် သတ်မှတ်ချက် ထည့်သွင်းဖော်ပြပေးလိုက်ရန် တင်ပြလိုပါသည်။

ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ

တွဲဖက်အတွင်းရေးမှူး(၁)၊ မဘသ(ဗဟို)

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တိပိဋကပါဠိပါရဂူ

တိပိဋကဓရ၊ တိပိဋကကောဝိဒ

ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်

မိတ္တူကို

- နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်

- သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



- ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်

- ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးစိုးညွန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြသိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်အောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဦးမြင့်ဟန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

- ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်

- နိုင်ငံတော်ရှေ့နေများကောင်စီ၊ နိုင်ငံတော်ရှေ့နေများကောင်စီရုံး၊ နေပြည်တော်

- ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး၊ နေပြည်တော်

- ရဲချုပ်ဇော်ဝင်း၊ မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့(ဌာနချုပ်)၊ နေပြည်တော်

- ဦးမြင့်ဆွေ၊ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



- ဦးရဲမြင့်၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့

- ပြင်ဦးလွင်ခရိုင်တရားသူကြီး၊ ပြင်ဦးလွင်ခရိုင်တရားရုံးတော်၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့

- မြို့နယ်စခန်းမှူး၊ ပြင်ဦးလွင်မြို့နယ်ရဲစခန်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

- မြို့နယ်စခန်းမှူး၊ စမ်းချောင်းမြို့နယ်ရဲစခန်း၊ စမ်းချောင်းမြို့၊ ရန်ကုတိုင်းဒေသကြီး၊

- ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မဟာနာယကကျောင်းဆောင်တော်၊ ကမ္ဘာအေး၊ ရန်ကုန်

- ဥက္ကဋ္ဌဆရာတော်၊ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)၊ ကြားတောရလမ်း၊ ဗဟန်း

- သက်ဆိုင်ရာတိုင်းဒေသကြီးအတွင်းရှိ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့(မြို့နယ်များ)အားလုံး

- မဘသ(ဗဟို)ရုံးမှတ်တမ်း၊ လက်ခံ

- ကာယကံရှင်၊ လက်ခံ

မန္တလေးတိုင်းဒေသကြီးအတွင်း အခြေစိုက်ဖြစ်ပွားနေသည့် အ မှု အ ခင်း ဖြစ် ကြောင်း တွေ့ ရှိ ရ ပါ သည်

www.burmeseclassic.com

www.burmeseclassic.com



# လာဘ်စားမှုများနှင့် မတရားမှုများကို သက်သေခံများဖြင့် ဖော်ထုတ်ခြင်း

ဆွေမိတ်ဦး(ဝေဖန်ရေး)

သာသနာတော်နှစ် ၂၅၅၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့၊ နေ့လယ် ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မြို့တော်ခန်းမကြီးအနီး၊ စီးတီးစတား ဟိုတယ်၌ သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပမည်ဖြစ်ကြောင်း ဖိတ်ကြားခံရသည့်အတွက် အချိန်မီရောက်အောင် သွားခဲ့ရပါသည်။

သတင်းစာရှင်းလင်းပွဲမှာ 'ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရုံးမှ ဂိုဏ်းပေါင်းစုံတိုင်းဒေသကြီးသံဃနာယကအဖွဲ့ထံ - မကွေးကျောင်းဆရာတော်ဦးပါမောက္ခ-ပါ သံဃာတော်များမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် အမှုအခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည်ဟုဆိုကာ မဟုတ်မမှန်လုပ်ကြံပြီး ၂-၄-၂၀၁၅ ရက်စွဲပါစာဖြင့် တိုင်ကြားခြင်း၊

တိုင်းဒေသကြီးသံဃနာယကအဖွဲ့မှ အကြောင်းမှန်၊ အဖြစ်မှန်များကို သိရှိရအောင် လေ့လာခြင်းမရှိဘဲ တစ်ဖက်မှ တင်ပြထားသည့် တိုင်ကြားချက်စာပါအတိုင်း မှတ်ယူ၍ မကွေးကျောင်းဆရာတော်ဦးပါမောက္ခ-ပါ သံဃာတော်များအား အရေးယူရန် စာထုတ်လိုက်ခြင်းတို့နှင့်ပတ်သက်၍ အကြောင်းမှန်၊ အဖြစ်မှန် သိရှိကြစေရန် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ၚင်းသတင်းစာရှင်းလင်းပွဲကျင်းပရာတွင် အခမ်းအနား ဖွင့်လှစ်ကြောင်းကြေညာခြင်း၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့မှ အရေးယူရန် ထုတ်လိုက်သည့်စာကို အခမ်းအနားမှူး (ဦးအောင်မြိုင် -မစိုးရိမ်စာသင်သား)က ဖတ်ကြားတင်ပြခြင်း၊ မကွေးကျောင်းဆရာ တော် ဦးပါမောက္ခ-မှ သတင်းစာရှင်းလင်းပွဲကျင်းပရခြင်း အကြောင်း ရှင်းလင်းတင်ပြခြင်း၊

အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၏ လာဘ်စားမှုများ၊ တရားဥပဒေစိုးမိုးရေး ဖောက်ဖျက်ကျူးလွန်ထားမှုများကို ထင်ရှားသိ သာစေနိုင်သည့် အမှုရှင်(၄)ဦးတို့၏ အမှုဖြစ်စဉ်များကို ကာယကံ ရှင်များကိုယ်တိုင် ရှင်းလင်းတင်ပြခြင်း၊ သိလိုသူများ၊ သတင်း ထောက်များ၏ မေးမြန်းချက်များကို မကွေးကျောင်းဆရာတော်နှင့် ကာယကံရှင်(၄)ဦးတို့က ပြန်လည်ဖြေကြားခြင်း၊ အခမ်းအနားပြီး ဆုံးကြောင်းကြေညာခြင်းတို့ဖြင့် အစဉ်အတိုင်း ကျင်းပခဲ့ကြပါသည်။

အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများ၏ လာဘ်စားမှုများ၊ တရားဥပဒေစိုးမိုးရေး ဖောက်ဖျက်ကျူးလွန်မှုများကြောင့် ဘာသာ ခြားများ၊ လူမျိုးခြားများ၏ မတရားအနိုင်ယူခြင်းခံရသည့် ကာယကံ ရှင်(၄)ဦးတို့မှာ ကိုကျော်ဇောလင်း၊ မဆွေဆွေနှင်းနု၊ မနှင်းကေသီ စိုး၊ ကိုထေရ(ခ)ကိုဝင်းရွှေတို့ဖြစ်ကြောင်း၊ ၎င်းအခမ်းအနားကို ပရိ သတ်တစ်ရာကျော် တက်ရောက်လေ့လာကြောင်း သိခဲ့ရပါသည်။

၎င်းအခမ်းအနားတွင် တိုင်းဒေသကြီးသံဃနာယကအဖွဲ့မှ ထုတ်လိုက်သည့်စာများကို ဝေငှပေးခဲ့ကြောင်း၊ နစ်နာရမှုများ ရှင်း လင်းတင်ပြရေးကော်မတီ၏ စတုတ္ထအကြိမ် စာတမ်းဖတ်ပွဲမှတ် တမ်းခွေများကို ဝေငှပေးခဲ့ကြောင်း တွေ့ရှိခဲ့ရသကဲ့သို့ အောက်ပါ ခေါင်းစဉ်နှင့် စာသားများပါ စာရွက်များကိုလည်း ဝေငှပေးခဲ့

www.burmeseclassic.com



ကြောင်း တွေ့ရှိရပါသည်။

အများတွေ့က ဆန့်ကျင်ကြ ဒါမှလူလိမ္မာ

၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ရက်စွဲဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့ ဆရာတော်များနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ ဆွေးနွေးဆုံးဖြတ်ချက်မှတ်တမ်း ထုတ်ပြန်လိုက်ကြောင်း တွေ့ရှိရပါသည်။

ထိုမှတ်တမ်းကို လေ့လာကြည့်ရာတွင် "ဦးပါမောက္ခ-ပါ သံဃာတော်များမှ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် မှုခင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှု ပြုခြင်းအပေါ် အရေးယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြချက်အရ ဆွေးနွေးဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း" တွေ့ရပါသည်။

ဆုံးဖြတ်ချက်များအချုပ်မှာ ညွှန်ကြားလွှာများကို မည်သူမဆို လိုက်နာရမည်ဖြစ်ကြောင်း၊ မလိုက်နာပါက အရေးယူရမည်ဖြစ်ကြောင်း၊ လာဘ်စားသည့်ရဲဝန်းထမ်းများကို ထိရောက်စွာ အရေးယူရမည်ဖြစ်ကြောင်း၊ သံဃာတော်များ လူမှုရေးကိစ္စတွင် ပါဝင်လာစေပြီး သာသနာတော်ညှိုးနွမ်းစေအောင် ဆောင်ရွက်သော မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဖြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅-က ဖြင့် အရေးရမည် ဖြစ်ကြောင်း ဆုံးဖြတ်ထားပါသည်တဲ့။

ယခုပေါ်ပေါက်လာသည့် ဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင်-

က။ ဦးပါမောက္ခ-ပါ သံဃာတော်များက ညွှန်ကြားလွှာအမှတ်(၆၅)ကို ဆန့်ကျင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။ ညွှန်ကြားလွှာအမှတ်(၆၅)တွင် "တရားဥပဒေများကို ဆန့်ကျင်၍"ဟု ပါရှိပါသည်။ "မတရားဥပဒေများကို ဆန့်ကျင်၍"ဟု မပါရှိပါ။

www.burmeseclassic.com



"တရားဥပဒေများကို မတရားအကောင်အထည် ဖော်နေသည်ကို ဆန့်ကျင်၍"ဟု မပါရှိပါ။ ဦးပါမောက္ခ-ပါ သံဃာတော်များသည် တရားဥပဒေများကို ဆန့်ကျင်နေသည့် တာဝန်ရှိသူများ၏ မတရား အကောင်အထည်ဖော်နေမှုများကိုသာ ဆန့်ကျင်ခြင်း၊ အမှန်အတိုင်း အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိစေလိုပါသည်။

ခ။　ဦးပါမောက္ခ-ပါ သံဃာတော်များက ညွှန်ကြားလွှာအမှတ် (၈၁) ကို ဆန့်ကျင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။ ညွှန်ကြားလွှာအမှတ်(၈၁)တွင် "သံဃနာယက တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်၌ နေရမည်။"ဟု ပါရှိ သည်။

"လာဘ်စားနေသူ အစုအဖွဲ့တစ်ဖွဲ့ဖွဲ့၏ ကြီးကြပ်အုပ်ချုပ်မှုအောက်၌ နေရမည်"ဟု မပါရှိပါ။

ဂ။　ဦးပါမောက္ခ-ပါ သံဃာတော်များက ညွှန်ကြားလွှာအမှတ် (၈၃)ကို ဆန့်ကျင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။ ညွှန်ကြားလွှာအမှတ်(၈၃)တွင် "ပါတီနိုင်ငံရေး၌ ပါဝင်ဆောင်ရွက်ခြင်းမပြုကြရန်"ဟု ပါရှိပါသည်။

ဦးပါမောက္ခ-ပါ သံဃာတော်များ၏ ယခုလုပ်ဆောင်မှုများသည် ပါတီနိုင်ငံရေး၌ ပါဝင်နေခြင်းမဟုတ်ကြောင်း အလွန်ထင်ရှားနေပါပြီ။

ဃ။　ဦးပါမောက္ခ-ပါ သံဃာတော်များက ညွှန်ကြားလွှာအမှတ် (၈၅)ကို ဆန့်ကျင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။ ညွှန်ကြားလွှာအမှတ်(၈၅)တွင် "ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသောအမှုများကို ကျူးလွန်သည့် ရဟန်းသာမဏေများအား အရေးယူ"ဟု ပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးပါမောက္ခ-ပါ သံဃာတော်များ၏ ယခုလုပ်ဆောင်မှုများသည် ဗုဒ္ဓသာသနာတော် ဂုဏ်ကျက်သရေ ညှိုးမှိန်စေသောအမှုများကို ကျူးလွန်ခြင်းမဟုတ်ကြောင်း အလွန်ထင်ရှားနေပါပြီ။

င။ ဦးပါမောက္ခ-ပါ သံဃာတော်များက ညွှန်ကြားလွှာအမှတ်(၉၁)ကို ဆန့်ကျင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။

ညွှန်ကြားလွှာအမှတ်(၉၁)တွင် "တရားဥပဒေနှင့်ဆန့်ကျင်သော အကြမ်းဖက်မှုများ မပြုလုပ်ရန်"ဟု ပါရှိပါသည်။

"တရား ဥပဒေနှင့် ဆန့်ကျင်၍၊ တရားဥပဒေကို မျက်ကွယ်ပြု၍ ငွေပေးသူ(ဘာသာခြား၊ လူမျိုးခြား)များ၏ အလိုကျအတိုင်း မတရားအကောင် အထည်ဖော်မှုများကို ဖော်ထုတ်ဆန့်ကျင်မှုများ မပြုလုပ်ရန်"ဟု မပါရှိချေ။

စ။ ဦးပါမောက္ခ-ပါ သံဃာတော်များက ညွှန်ကြားလွှာအမှတ်(၉၃/၉၄)ကို ဆန့်ကျင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရပါသည်။

ညွှန်ကြားလွှာအမှတ်(၉၃/၉၄)တွင် "သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်ပေးကြရန်၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေး အလေးထား ဆောင်ရွက်ကြရန်"ဟု ပါရှိပါသည်။

ဦးပါမောက္ခ-ပါ သံဃာတော်များ၏ ယခုလုပ်ဆောင်မှုများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် အရှည်တည်တံ့ခိုင်မြဲရေး အလေးထား ဆောင်ရွက်နေမှုများသာ ဖြစ်ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ရဲစခန်းစသည်တို့က ဥပဒေနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်နေမည်ဆိုလျှင် ဦးပါမောက္ခ-ပါ သံဃာတော်များက မှုခင်းကိစ္စများတွင် မည်သည့်အ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြောင့်မျှ ဝင်ရောက်စွက်ဖက်မှု ပြုကြလိမ့်မည် မဟုတ်ပေ။ တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာနိုင်သည့် လုပ်ရပ်များကို မည်သူတွေက လုပ်ဆောင်နေကြောင်း အသိပေးလိုက်ပါပြီ။

သိစေလိုရင်းအချုပ်မှာ ဘာသာခြား/လူမျိုးခြားထဲမှ သူတို့ဘာသာတူအချင်းချင်း/သူတို့လူမျိုးတူအချင်းချင်း အမှုအခင်းဖြစ်ပွားရာတွင် (ဗုဒ္ဓဘာသာဝင်အချင်းချင်း၊ မြန်မာတိုင်းရင်းသားအချင်းချင်း အမှုအခင်းဖြစ်ပွားရာတွင်) လာဘ်စားသည့်အတိုင်းအတာဆိုလျှင် (မကောင်းသော်လည်း) မသိချင်ယောင်ဆောင်လို့ ရနိုင်ဦးမည်။

ဘာသာခြားများ/လူမျိုးခြားများနှင့် ဗုဒ္ဓဘာသာဝင်များ/မြန်မာတိုင်းရင်းသားများ အမှုအခင်း ဖြစ်ပွားရာတွင် ဗုဒ္ဓဘာသာဝင်များ/မြန်မာ့တိုင်းရင်းသားများကို ထိခိုက်ဆုံးရှုံးစေသည့်အထိ လာဘ်စားမှုနှင့်တန်အောင် မတရား အကောင်အထည် ဖော်လာမည်ဆိုလျှင်တော့ မည်သည့်အကြောင်းကြောင့်မျှ မသိချင်ယောင်ဆောင်နေလို့ ရနိုင်တော့မည်မဟုတ်ကြောင်း---။

လာဘ်စားမှုများနှင့် မတရားမှုများ
တားဆီးနိုင်တော့မည်
တရားသူကြီး၏ ဆုံးဖြတ်ချက်များသည်
ဥပဒေနှင့်ညီညွတ်မှုမရှိပါက
မည်သို့အရေးယူဆောင်ရွက်ထားကြောင်း သိလိုပါသည်။
ဖြောင့်မတ်မှန်ကန်မှုမရှိသောတရားသူကြီးမည်မျှရှိကြောင်း
သိလိုပါသည်။
မည်သည့်မြို့နယ်များတွင် အရေးယူထားကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိလိုပါသည်။

ဒေါ်မိမြင့်သန်း
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊
မွန်ပြည်နယ် ရေးမဲဆန္ဒနယ်)

၂၀၁၅ ခုနှစ်၊ မတ်လ ၁၃ ရက်ထုတ်၊ ဆယ်ဗင်းဒေးဂျာနယ်မှာ "တရားသူကြီး ၃၈ ဦးအား ထောင်ဒဏ်အပါအဝင် အရေးယူမှုများ ပြုလုပ်"ဆိုသည့်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလဲဗင်းမီဒီယာမှာ "ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးနှစ်ဦးအား ဥပဒေကြောင်းအရ အရေးယူ"ဆိုသည့်ခေါင်းစဉ်ဖြင့်လည်းကောင်း ဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူ တရားသူကြီးများ အပါအဝင် တရားသူကြီး ၃၈ ဦးတို့အား အမြင့်ဆုံး ထောင်ဒဏ် (၁၀) နှစ် အပါအဝင် အရေးယူမှုများ ပြုလုပ်ထားကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးမြင့်အောင်က ပြောသည်။

နေပြည်တော်တွင် မတ်လ ၁၂ ရက်က ပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း၏ မေးခွန်းကို ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ပါသည်။

ဒေါ်မိမြင့်သန်း (မွန်ပြည်နယ် ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)က "တရားသူကြီး၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုမရှိပါက မည်သို့အရေးယူဆောင်ရွက်ထားကြောင်း၊ ဖြောင့်မတ်မှန်ကန်မှုမရှိသော တရားသူကြီးမည်မျှရှိကြောင်း၊ မည်သည့်မြို့နယ်များတွင်

www.burmeseclassic.com

www.burmeseclassic.com



အရေးယူထားကြောင်း"တို့နှင့်ပတ်သက်၍ မေးမြန်းခဲ့ခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြပါစာတမ်းများနှင့်ပတ်သက်၍ ဒေါ်မိမြင့်သန်း(မွန်ပြည်နယ် ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)အနေဖြင့်

ငွေပေးသည့် ဘာသာခြားများ၊ လူမျိုးခြားများက တိုင်ကြားလာလျှင် တိုင်ကြားသည့်အတိုင်း အကောင်အထည် ဖော်ပေးပြီး ဗုဒ္ဓဘာသာဝင်များ၊ မြန်မာ့တိုင်းရင်းသားများကို အရေးယူ-ဖမ်းဆီးနေသည့်ရဲများအကြောင်း၊

ငွေမပေးနိုင်သည့် ဗုဒ္ဓဘာသာဝင်များ၊ မြန်မာ့တိုင်းရင်းသားများက တိုင်ကြားလာလျှင်တော့ အမှုဖွင့်ပေးမှုမျှပင် မရှိစေဘဲ မျက်နှာလွှဲနေနိုင်သည့်ရဲများ အကြောင်းကိုလည်း မေးမြန်းဖော်ထုတ်ပေးသင့်ပြီဖြစ်ကြောင်း အကြံပြုတင်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်ဖြစ်ခြင်းဂုဏ်(လွတ်လပ်ရေးရရှိခြင်းဂုဏ်)ကို မတရားသောတရားသူကြီးများနှင့် မရဲသောရဲများက ဖောက်ဖျက်ကျူးလွန်နေကြသည်ကို တွေ့ရှိရပါသည်။

အချုပ်အခြာအာဏာသုံးရပ်တို့တွင် ဥပဒေပြုရေးအာဏာပိုင်ဖြစ်သည့် ဥပဒေပြုရေးလွှတ်တော်အမတ်များက ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ကြသည်ကို တွေ့ရှိရပါသည်။

၁။　သို့ရာတွင် တရားစီရင်ရေးအာဏာပိုင်ဖြစ်သည့် တရားရုံးများကလည်း ငွေပေးနိုင်သည့် ဘာသာခြားများ၊ လူမျိုးခြားများဆိုလျှင် အပြစ်ရှိသော်လည်း အပြစ်မရှိအောင် စီရင်ပေးနေကြသည်ကိုလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



၂။ ၎င်းဘာသာခြားများ၊ လူမျိုးခြားများက အမှုဖွင့်လာလျှင် အပြစ်မရှိသည့် ဗုဒ္ဓဘာသာဝင်များ၊ မြန်မာတိုင်းရင်းသားများကို အတင်းဖမ်းဆီးပြီး ထောင်ချနေကြသည်ကိုလည်းကောင်း တွေ့ရပါသည်။

၃။ ထို့အတူပင် အုပ်ချုပ်ရေးအာဏာပိုင်ဖြစ်သည့် ရဲစခန်းများကလည်း ငွေပေးနိုင်သည့် ဘာသာခြားများ၊ လူမျိုးခြားများဆိုလျှင် အပြစ်ရှိသော်လည်း အပြစ်မရှိအောင် ပြုလုပ်ပေးနေကြသည် ကိုလည်းကောင်း၊

၄။ ၎င်းဘာသာခြားများ၊ လူမျိုးခြားများက အမှုဖွင့်လာလျှင် အပြစ်မရှိသည့် ဗုဒ္ဓဘာသာဝင်များ၊ မြန်မာတိုင်းရင်းသားများကို အတင်းစစ်ဆေးပြီး အတင်းဖမ်းဆီးနေကြသည်ကိုလည်းကောင်း တွေ့ရပါသည်။

တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့သည် လွတ်လပ်သည့် အချုပ်အခြာပိုင်ဖြစ်ကြောင်း အသိအမှတ်ပြုနိုင် စရာမရှိလောက်အောင်အထိ ပျက်စီးယိုယွင်းနေကြသည်ကို တွေ့ရပါသဖြင့် နိုင်ငံသားတစ်ယောက်အနေဖြင့် အလွန်ပင် စိတ်ထိခိုက်ရပါကြောင်း လေးစားစွာ တင်ပြလိုက်ရပါသည်။

ဆွေမိတ်ဦး(ဝေဖန်ရေး)

## ကြေညာချက်

အတွဲ(၁)၊ အမှတ်(၃) တွင် မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ အမှုအခင်းများအကြောင်း တင်သွင်းဖတ်ကြားထားသည့် စာတမ်းများကို စုစည်းထုတ်ဝေသွားမည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# (အထူးအမှုအခင်း)
# ဒေါ်တင်တင်စိန် အမှုအခင်း
# အစ္စလာဘ်ဘာသာဝင် ကုလားစိုးကျော်နိုင်က
# သိန်းပေါင်း ရှစ်သောင်းကျော်ဖိုး
# လိမ်လည်ရယူထားခြင်းကြောင့်
# နစ်နာဆုံးရှုံးနစ်နာနေရကြောင်း
# ရှင်းလင်းတင်ပြချက်

သို့

နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်သမ္မတရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်

သို့

ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး၊ နေပြည်တော်

သို့

သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်ထောင်စုလွှတ်တော်၊ နေပြည်တော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်

သို့

ဦးခင်အောင်မြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်၊ နေပြည်တော်

သို့

ဦးသာဌေး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ဦးစိုးညွန့်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ဦးမြသိမ်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ဦးမြင့်အောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

ဦးမြင့်ဟန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်

သို့

သူရဦးအောင်ကို၊ တရားစီရင်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ရုံး၊ နေပြည်တော်

သို့

ဒေါက်တာထွန်းရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်စုရွှေ့နေချုပ်ရုံး၊ နေပြည်တော်

သို့

နိုင်ငံတော်ရှေ့နေများကောင်စီ၊ နိုင်ငံတော်ရှေ့နေများကောင်စီရုံး၊ နေပြည်တော်

သို့

ဥက္ကဋ္ဌ၊ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ၊ အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်

သို့

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး၊ နေပြည်တော်

သို့

ဦးခင်ရီ၊ ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန၊ နေပြည်တော်

သို့

ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီး၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်

သို့

ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်

သို့

ရဲချုပ်ဇော်ဝင်း၊ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်

သို့

ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်

သို့

ဦးရဲမြင့်၊ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မန္တလေးမြို့

သို့

တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

သို့

တိုင်းဒေသကြီးဥပဒေချုပ်၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မန္တလေးမြို့

သို့

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ မန္တလေးမြို့

သို့

လှလှရီ၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ မန္တလေး

သို့

ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

သို့

ခရိုင်ဦးစီးအရာရှိ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပုဂံရုံးခွဲ၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



သို့

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

သို့

ဇော်မင်းထွဋ်၊ မြို့နယ်တရားသူကြီး၊ ညောင်ဦးမြို့နယ်တရားရုံး၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

သို့

ညွှန့်ညွှန့်လွင် (တ-၁၇၇၀)၊ မြို့နယ်တရားသူကြီး၊ ညောင်ဦးမြို့နယ်တရားရုံး၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

သို့

ဒေါ်မြင့်မြင့်(ခ)ဒေါ်မြင့်မြင့်ဟိန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

သို့

မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညောင်ဦးမြို့၊ မန္တလေးတိုင်းဒေသကြီး

သို့

ရဲ ၃၈၅၈ ဒုရဲမှူး တင်ထွန်း၊ ပုဂံနယ်မြေရဲစခန်း၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

သို့

ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ အနော်ရထာရပ်ကွက်၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

ရက်စွဲ။ ။၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် (၂) ရက်၊
၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂) ရက်၊ တနင်္ဂနွေနေ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာ။ ။မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အသက်(၈၀)ကျော်အရွယ်ရှိ ဒေါ်တင်တင်စိန် (ကလောင်အမည် ကမ္ဘာလှည့်တင်တင်စိန်)အပေါ် မှားယွင်းစွာ လုပ်ကြံစွဲဆိုထားမှု(၂)မှုကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ လျင်လျင်မြန်မြန် ဖြေရှင်းပေးရန် တင်ပြခြင်းနှင့် ဥပဒေကို လက်တစ်လုံးခြား လုပ်၍ ဒေါ်တင်တင်စိန်ကို နစ်နာရမှု(၃)မျိုးတို့ဖြင့် နစ်နာရမှု ရှိအောင် ပူးပေါင်းလုပ်ကြံစွပ်စွဲသူများအပေါ် ဥပဒေနှင့်အညီ ထိထိရောက်ရောက် တုံ့ပြန်အရေးယူပေးရန် တင်ပြခြင်း

၁။ ဖော်ပြပါအကြောင်းအရာနှင့်ပတ်သက်၍ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အသက်(၈၀)ကျော်အရွယ်ရှိ ဒေါ်တင်တင်စိန် (ကလောင်အမည် ကမ္ဘာလှည့်တင်တင်စိန်)က အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)ရုံးကို အမှုတွဲမိတ္တူများ လာရောက်တင်ပြ၍ အကူအညီ တောင်းခံလာပါသည်။

၂။ မဘသလုပ်ငန်းစဉ်ဖော်ဆောင်ရေးအဖွဲ့ဝင်ဆရာတော်များက အမှုတွဲမိတ္တူများကို နှစ်အလိုက်၊ လအလိုက်၊ ရက်စွဲအလိုက် စိစစ်ခွဲခြားပြီး ဖတ်ရှုသုံးသပ်ကြည့်သောအခါတွင် အောက်ပါအတိုင်း တွေ့ရသည်-

(က) ၂၀၁၄ ခုနှစ်၊ မတ်လ (၁၁)ရက် (၁၁-၃-၂၀၁၄)တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တရားရုံး၌ စိုးကျော်ဒိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆို ၁(က) တိုက်အမှတ်(၆၉-A2)၊ အခန်း(၁၄)၊ စိန်နဂါးအိမ်ရာ၊ ရှမ်းစု (၁)လမ်း၊ အင်းစိန် လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ခ) အိမ်အမှတ်(၂၉)၊ သုခမြိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဂ) အိမ်အမှတ်(၁၀၅)၊

www.burmeseclassic.com

www.burmeseclassic.com



(၉၄)လမ်း၊ (၄)လွှာ၊ ကန်ရွှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)က ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်) ၀၅၆၇၀၀)-ပါ သားသမီးမြေးများအပေါ် ပြစ်မှုကြီးမှုမှတ်(၆၃၀/၂၀၁၄)၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၄၄၈/၄၂၇)တို့အရ အိမ်ကျော်နင်းမှု၊ ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှုတို့ဖြင့် အမှုဖွင့်၍ တရားစွဲထားကြောင်း တွေ့ရှိရသည်။

ဤအမှုနှင့်ပတ်သက်၍ တရားလိုစိုးကျော်နိုင်ဘက်က မကျေနပ်၍ ညောင်ဦးခရိုင်တရားရုံးသို့ ပြင်ဆင်ချက်တက်ခဲ့ရာ ညောင်ဦးခရိုင်တရားရုံးက လက်မခံဘဲ ပယ်ချခဲ့ကြောင်း၊ ထို့ကြောင့် ညောင်ဦးမြို့နယ်တရားရုံး၌ တရားစီရင်ရန် ဆက်လက်စစ်ဆေးနေဆဲဖြစ်ကြောင်း၊ သို့ရာတွင် တရားလိုစိုးကျော်နိုင်ဘက်က ကျေနပ်ခြင်းမရှိသည့်အတွက် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်ချက်တက်ထားပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်ချက်ရောက်ရှိနေပြီဖြစ်ကြောင်း သိရှိရသည်။

(ခ) ၂၀၁၄ ခုနှစ်၊ မတ်လ (၂၀)ရက် (၂၀-၃-၂၀၁၄) တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (က) တိုက်အမှတ်(၆၉-**A2**)၊ အခန်း(၁၄)၊ စိန်နဂါးအိမ်ရာ၊ ရှမ်းစု(၁)လမ်း၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ခ) အိမ်အမှတ်(၂၉)၊ သုခမြိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဂ) အိမ်အမှတ်(၁၀၅)၊ (၉၄)လမ်း၊ (၄)လွှာ၊ ကန်ရွှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန် ကုန်တိုင်းဒေသကြီး)က ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်)၀၅၆၇၀၀)အပေါ် တရားမမှုကြီးမှုအမှတ်(၁၂/၂၀၁၄)၊ သီးခြားသက်သာခွင့် အက်ဥပ

www.burmeseclassic.com

www.burmeseclassic.com


ဒေပုဒ်မ ၁၂-အရ မြေနှင့်အဆောက်အဦး အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်ပြီး မြေနှင့်အဆောက်အဦး လက်ရောက်ပေးအပ်စေရန် ပဋိညာဉ်အတိုင်း ဆောင် ရွက်ပေးစေလိုမှုဖြင့် အမှုဖွင့်၍ တရားစွဲထားကြောင်း တွေ့ရှိရသည်။

ဒေါ်တင်တင်စိန်ဆိုသည်မှာ

ဒေါ်တင်တင်စိန်ဆိုသည်မှာ Mister UnDerWood (အင်္ဂလိပ်အမျိုးသား)နှင့် ဒေါ်ငွေညွန့် (မွန်အမျိုးသမီး)တို့မှ ဖွားမြင်သည့် ဦးစကင်းနား။ ၎င်းဦးစကင်းနားနှင့် ဒေါ်ဟင်နာ (မိုးနဲစော်ဘွားသမီး၊ ရှမ်းအမျိုးသမီး)တို့မှ ဖွားမြင်သည့် တိုင်းရင်းသူအမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

၎င်း၏အဘိုး Mister UnDerWood သည် သူခေတ်သူအခါတုန်းက မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အကြီးဆုံးဖြစ်သည့် ရဲချုပ်ကြီးတစ်ဦး ဖြစ်ပါသည်။ မန္တလေးမြို့တွင် ယခုတိုင်အောင် ရှိနေသည့် ရဲအရာရှိကျောင်း (မန္တလေးဆတ်)၌ **Mister UnDerWood ၏** ဓာတ်ပုံကြီးကို ယခုတိုင်အောင် ချိတ်ဆွဲထားလျက်ပင် ရှိပါသည်။ ဗုဒ္ဓဘာသာတရားကို လေ့လာလိုက်စားပြီး အသက်ကြီးမှ ဗုဒ္ဓဘာသာဝင်အဖြစ်ဖြင့် ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်သည့်အခါတွင် အင်္ဂလိပ်တွေက ဗြိတိသျှအလံလွှမ်းခြုံပေးပြီး သင်္ဂြိုဟ်ပေးခြင်းခံယူရရှိခဲ့ပါသည်။

အဘွားဖြစ်သူ ဒေါ်ငွေညွန့်မှာ မော်လမြိုင်မြို့၊ တောင်လေးလုံးကျောင်းတိုက်ကြီးကို စတင်လှူဒါန်းသည့် ကျောင်းဒါယိကာမကြီး ဖြစ်ပါသည်။

၎င်း၏အဖေဖြစ်သူ ဦးစကင်းနားသည်လည်း သူခေတ်သူအခါတုန်းက မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် အကြီးဆုံးဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com


ထောင်ပိုင်ကြီးတစ်ဦး ဖြစ်ပါသည်။ နောက်ဆုံးတာဝန်ထမ်းဆောင်ရန် နေထိုင်သွားသည့်ထောင်မှာ သာယာဝတီထောင် ဖြစ်ပါသည်။

ဤကဲ့သို့မြန်မာနိုင်ငံသမိုင်းတွင် သမိုင်းဝင်ဖြစ်သူ၊ ပြန်တမ်းဝင်ဖြစ်သူ အဘိုးတစ်ဦး၏မြေးတစ်ဦး၊ ဤကဲ့သို့မြန်မာနိုင်ငံသမိုင်းတွင် သမိုင်း ဝင်ဖြစ်သူ၊ ပြန်တမ်းဝင်ဖြစ်သူ အဖေတစ်ဦး၏ သမီးတစ်ဦး ဖြစ်ပါသည်။

ထို့အပြင် ဒေါ်တင်တင်စိန်ကိုယ်တိုင်သည်လည်း ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ကမ္ဘာတစ်ခုလုံးကို စက်ဘီးဖြင့် (၅)ပတ် ပတ်ခဲ့သည့် အမျိုးသမီးစွမ်းဆောင်ရှင်တစ်ဦး ဖြစ်ပါသည်။ ၎င်း၏ ပညာ အရည်အချင်းများမှာ BA (Eco), RA (Full Fledge), MA. SAS (Grade III). ICMA (London). TFA. (London). ဖြစ်ပါသည်။ ကမ္ဘာလှည့်တင်တင်စိန်ဆိုသည့်ကလောင်အမည်ဖြင့် စာအုပ်များရေးသားခဲ့သူ ဗုဒ္ဓဘာသာ၊ မြန်မာစာရေးဆရာမကြီး တစ်ဦးလည်း ဖြစ်ပါသည်။ မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာ ပြုဘွဲ့ရှင် ဂုဏ်ထူးဆောင် အမျိုးသမီးကြီးတစ်ဦးလည်း ဖြစ်ပါသည်။

ဖော်ပြပါအတိုင်း သမိုင်းဝင်၊ ပြန်တမ်းဝင် နိုင်ငံ့အကြီးအကဲများ၏ မြေးတစ်ဦး၊ သမီးတစ်ဦး၊ လက်ရှိနိုင်ငံတော်အစိုးရမှ ချီးမြှင့်ထားသည့် မဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုဘွဲ့ရှင် ဂုဏ်ထူးဆောင် အမျိုးသမီးကြီးတစ်ဦး ဖြစ်နေပါလျက် ယခုအခါတွင် အစ္စလာမ်ဘာသာဝင်၊ အိန္ဒိယ ဗမာ+ဘင်္ဂါလီဗမာလူမျိုး စိုးကျော်နိုင်ဆိုသူ၏ မတရားအနိုင်ကျင့်၊ မတရားသိမ်းပိုက်၍ သိန်းပေါင်း ရှစ်သောင်းကျော်ဖိုးအထိ မတရားဆုံးရှုံးနစ်နာနေရမှုများကို လက်ရှိပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူ နိုင်ငံတော်အကြီး

www.burmeseclassic.com



အကဲ အသီးသီးတို့က ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း မရှိဆိုလျှင် အလွန်မှပင် အရုပ်ဆိုးပြီး အကျည်းတန်သည့် ရာဇဝင်ရိုင်းတစ်ခုအဖြစ်၊ သမိုင်းရိုင်းတစ်ခုအဖြစ် မှတ်တမ်းဝင်ကျန်ရစ်နေတော့မည် ဖြစ်ပါသည်။

ထိုရာဇဝင်ရိုင်းကြီးကို ချေဖျက်သုတ်သင်ပေးရန်၊ ထိုသမိုင်းရိုင်းကြီးကို ချေဖျက်သုတ်သင်ပေးရန် အဓိကတာဝန်ရှိသူများမှာ ဒီကနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံတော်အကြီးအကဲများပင် ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရအဖွဲ့၊ နိုင်ငံတော်အကြီးအကဲများ တာဝန်မကျေပွန်၍ ချေဖျက်သုတ်သင်ပေးနိုင်ခြင်းမရှိဆိုပါလျှင် မည်မျှလောက်အထိ ရှက်စရာကောင်းလိုက်ပါမည်နည်း။

မော်လမြိုင်မြို့၊ တောင်လေးလုံးကျောင်းတိုက် မူလအလှူရှင်ကျောင်းဒါယိကာမကြီး၏မြေး၊ ၎င်းကိုယ်တိုင်ကျောင်းဒါယိကာမတစ်ဦး၊ ရဟန်းဒါယိကာမတစ်ဦး၊ သာသနာ့ပြုဒါယိကာတစ်ဦး ဖြစ်နေပါလျက် သာသနာ့ဦးသျှောင်ဆရာတော်ကြီးများ၊ သံဃာတော်များက လျစ်လျူရှုထားကြမည်ဆိုလျှင်လည်း သာသနာ့သမိုင်းအတွက် အမည်းစက်ကြီးတစ်ခုအဖြစ် မှတ်တမ်းဝင်ကျန်ရစ်နေတော့မည် ဖြစ်ပါသည်။ ထိုသို့ မှတ်တမ်းဝင်ကျန်ရစ်နေခဲ့ပြီဆိုလျှင် မည်မျှလောက်အထိ ရှက်စရာကောင်းလိုက်ပါမည်နည်း။

ဒေါ်တင်တင်စိန်၏လိပ်စာမှာ (က) မြတ်ပုဂံဟိုတယ်၊ စေးသီးလမ်း၊ ကန့်ကော်လမ်းနှင့် ယုဇနလမ်းထောင့်၊ ခန်းလောင်းရပ်၊ အနော်ရထာရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသ

www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ (ခ) တိုက်(၆၉-**A**)၊ အခန်း(၁၄)၊ စိန်နဂါးအိမ်ရာ၊ ရှမ်းစု(၁)လမ်း၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန် ကုန်တိုင်းဒေသကြီး ဖြစ်သည်။

စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာ လူမျိုး)ဆိုသူ၏ အမှတ်စဉ်(က)ပြလိပ်စာမှာ တိုက်အမှတ်(၆၉-A2)၊ အခန်း(၁၄)၊ စိန်နဂါးအိမ်ရာ၊ ရှမ်းစု(၁)လမ်း၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး-ဖြစ်၍ ၎င်းသည် ဒေါ်တင်တင်စိန် ၏ လိပ်စာကို အလွဲသုံးစားပြုထားခြင်းဖြစ်ကြောင်း ကြားသိရသည်။ စစ်ဆေးပြီး မှတ်တမ်းတင်ရန် လိုမည်။

## အမှုဖြစ်စဉ်အကျဉ်း

၁။ ၂၀၀၆ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ရရှိခဲ့သော ဒေါ်တင်တင်စိန် (ကမ္ဘာလှည့်တင်တင်စိန်) သည် ၂၀၁၁ ခုနှစ်မှစ၍ သားသမီးများနှင့် အမွေတိစ္စ အထင်လွဲ၍ တိုက်(၆၉-A)၊ အခန်း (၁၄)၊ စိန်နဂါးအိမ်ရာ၊ ရှမ်းစု(၁)လမ်း၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ် ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ တစ်ယောက်တည်း သီးခြားနေထိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

၂။ သူငယ်ချင်းဖြစ်သူ ဒေါ်သောင်းရီ၏သမီး မထွေးထွေးငြိမ်း နှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ကိုသန်းထွန်းစိုးတို့၏ မိတ်ဆက်ပေး မှုကြောင့် စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ ဘင်္ဂါလီဗမာလူမျိုး)ဆိုသူနှင့် စတင်သိရှိခဲ့ရကြောင်း၊ စတင်သိရှိခဲ့ ရသည့်နေရာမှာ မားသားဟောက်စ်စားသောက်ဆိုင်ဖြစ်ကြောင်း၊ စတင်သိရှိခဲ့ရသည့်ရက်စွဲမှာ (၂၄-၈-၂၀၁၂) ဖြစ်ကြောင်း၊

မိတ်ဆက်ပေးရာတွင် "စိုးကျော်နိုင်မှာ မလေးရှားမှ ပြန်ရောက်လာသော ဆရာဝန်ဖြစ်ကြောင်း၊ အန်တီ့ကျန်းမာရင်

www.burmeseclassic.com



အိမ်တိုင်ရာရောက် ပြုစုပေးနိုင်ကြောင်း” ပြောပြ၍ မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၃။ (၂၇-၈-၂၀၁၂) တွင် စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက “၎င်းသည် အိမ်မြေအရောင်း အဝယ်လုပ်ကိုင်ကြောင်း၊ အန်တီအိမ်မြေရောင်းစရာရှိရင် ဈေးကောင်းကောင်းရအောင် ရောင်းပေးမည်ဖြစ်ကြောင်း၊ ၎င်းမှာ အစ္စလာမ်ဘာသာဝင်ဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာဝင်များသည် အတိုးကိုပင် မစားရကြောင်း၊ အန်တီက အသက်အရွယ်ကြီးပြီး တစ်ဦး တည်းနေရ၍ ကူညီခြင်းဖြစ်ကြောင်း”ပြောဆိုကာ စတင်စည်းရုံးခဲ့ကြောင်း၊

ဒေါ်တင်တင်စိန်က “ပုလဲမြို့သစ်ရှိမြေကွက်ကို ရောင်းလိုကြောင်း၊ မြတ်ပုဂံဟိုတယ်ကို ခေတ်မီပြုပြင်ပြီး ရောင်းလိုကြောင်း” ပြောပြခဲ့ရာ စိုးကျော်နိုင်(အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက “ဈေးကောင်းရအောင် ရောင်းပေးမည်၊ ဟိုတယ်ကိုလည်း ကြီးကြပ်ပြုပြင်ပြီး ဈေးကောင်းရအောင် ရောင်းပေးမည်”ဟု ပြောပြခဲ့ကြောင်း တွေ့ရှိရသည်။

ပုလဲမြို့သစ်ရှိမြေကွက်ကို ဝယ်သူဦးညီညီလှိုင်သို့ (၂၁၅၀) သိန်းဖြင့် ရောင်းချခဲ့ကြောင်း၊ ရောင်းရငွေများ အားလုံးကို ဟိုတယ်ပြုပြင်ရန် အကြောင်းပြပြီး စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ တစ်ဦးတည်းက အပိုင်စီး၍ သုံးစွဲပစ်ခဲ့ကြောင်း၊ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက ဟိုတယ်ကို ဦးစီးပြုပြင်ရန်အတွက် ဒေါ်တင်တင်စိန်ကိုယ်စား လွတ်လပ်စွာ လုပ်ကိုင်နိုင်ရန် ကိုယ်စားလှယ်စာ(GP)ကို လွှဲပေးခိုင်းခဲ့ရာ (၂၀-၉-၂၀၁၂) တွင် ဒေါ်တင်

www.burmeseclassic.com



တင်စိန်က စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူကို ကိုယ်စားလှယ်စာ (GP) လွှဲပေးခဲ့ကြောင်း တွေ့ရှိရသည်။

၄။ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက ဝယ်သူကို ပိုင်ပိုင်နိုင်နိုင် စကားပြောရန်အတွက် သူ့ကို (ဟန်ဆောင်)စာချုပ်ပြုလုပ်ပေးထားရန် ပြောပြခဲ့ကြောင်း၊ သူဝယ်ယူထားပြီးမှ ခိုင်ခိုင်မာမာ ပြောနိုင်မည်ဟု ပြောပြခဲ့ကြောင်း၊

ထို့ကြောင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ(၄)ရက်၊ ရက်စွဲပါ စရံပေးစာချုပ်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်၊ ရက်စွဲပါ စာချုပ်တို့ကို ပုဂံ၌ (ဟန်ဆောင်)လက်မှတ်ထိုး၍ (ဟန်ဆောင်) အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်း၊

ငွေပေးချေမှုလုံးဝမရှိခဲ့ခြင်း၊

ပစ္စည်းလွှဲအပ်ပေးမှု လုံးဝမရှိခဲ့ခြင်း၊

အရောင်းအဝယ် အကျိုးသက်ရောက်မှုလုံးဝမရှိခဲ့ခြင်း၊

ဟိုတယ်ကို ပြုပြင်ပြီး ဈေးကောင်းကောင်းရအောင် ရောင်းပေးနိုင်ရန်အတွက်သာ ပြောဆိုညှိနှိုင်းသဘောတူ၍ စာချုပ်ပြုလုပ်ခဲ့ခြင်းတို့ကို စာချုပ်ပါလက်မှတ်ထိုးသူ အသိသက်သေများ အားလုံး သိရှိခဲ့သူများချည်းဖြစ်ကြောင်း တွေ့ရှိရသည်။

၅။ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူသည် (၂၃-၆-၂၀၁၃ မှ ၃- ၇- ၂၀၁၃ ထိ) မလေးရှားသို့ သွားရောက်နေပြီး (၂-၉-၂၀၁၃) တွင် ဟိုတယ်ကို အဆင့်မြင့်အောင် ဆောင်ရွက်ထားမှ မလေးရှားသူဌေးများအလျှင် ဈေးပိုရမည်ဟု ပြောပြပြီး ပိုင်ပိုင်နိုင်နိုင် ပြုပြင်နိုင်ရန် အသူ့ကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com



လှယ်စာ လွှဲအပ်ပေးဖို့လိုကြောင်း ပြောပြမြန်သဖြင့် (၂-၉-၂၀၁၃) ရက်စွဲပါ အထူးကိုယ်စားလှယ်စာ(SP)ကို လွှဲပေးခဲ့ကြောင်း တွေ့ရှိရသည်။

၆။ အသက်(၈၀)ကျော်အရွယ်ရှိ ဒေါ်တင်တင်စိန်သည် သားသမီးများနှင့် အဆင်မပြေသူဖြစ်ကြောင်း သိရှိနေသူစိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက "ဒေါ်တင်တင်စိန်၏သားကြီးက ဒေါ်တင်တင်စိန်ကို လူမိုက်ငှား၍ သတ်ရန် လှည်းကူးတွင် လူမိုက်တစ်ယောက် ငှားထားပြီးဖြစ်ကြောင်း" (လုပ်ကြံ)ပြောပြခြိမ်းခြောက်ပြီး အချိန်မရွေး အန္တရာယ်ရှိနိုင်သဖြင့် စာရွက်စာတမ်းများ၊ ပစ္စည်းများ သူ့လက်ထဲအပ်ထားရန် ပြောပြတောင်းဆိုခဲ့ကြောင်း၊

ဒေါ်တင်တင်စိန်က စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူကို စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် အိမ်သော့တစ်ချောင်းကိုပါ ပေးအပ်ထားခဲ့ကြောင်း တွေ့ရှိရသည်။

၇။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက ဟိုတယ်ကို နာမည် ပြောင်းထားခဲ့ပြီးပြီဆိုတာ ဒေါ်တင်တင်စိန် သိခဲ့ရကြောင်း၊ မြတ်ပုဂံဟိုတယ်(Glorious Bagan Hotel-)ကို GOLD GARDEN-(ရွှေဥယျာဉ်ဟိုတယ်)ဟု နာမည်ပြောထားခဲ့ခြင်းဖြစ်ကြောင်း၊

(၁၄-၁-၂၀၁၄) တွင် ဒေါ်တင်တင်စိန်နှင့် သားသမီးမြေးများ ပုဂံသို့ သွားရောက်ပြီး ဟိုတယ်ကို ပြန်လည်ကြီးကြပ်နေစဉ် စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာ လူမျိုး) ဆိုသူ ရောက်လာတော့ "နာမည်ကို ဘာ့ကြောင့် ပြောင်းပစ်ရတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ” မေး၍ စကားများခဲ့ရကြောင်း၊

ဒေါ်တင်တင်စိန်က စာချုပ်များ၊ စာရွက်စာတမ်းများ၊ ပစ္စည်းများကို ပြန်တောင်းခဲ့ကြောင်း၊ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူက (၁၅-၁-၂၀၁၃) တွင် ရန်ကုန်၌ စာချုပ်များ၊ စာရွက်စာတမ်းများ၊ ပစ္စည်းများအားလုံးကို ပြန်ပေးမည်ဟု ပြောဆိုခဲ့ကြောင်း တွေ့ရှိရသည်။

၈။　　၂၀၁၅ ခုနှစ်၊ မေလ(၁၃)ရက်တွင် စိုးကျော်နိုင်၏ရှေ့နေ ဒေါ်အေးအေးချိုမှ တရားရုံးရှေ့မှောက်တွင် ပယ်ချခဲ့သော သက်သေဦးရဲကျော် (၉/ညဥန(နိုင် ၀၂၇၉၁၀)၊ ရာအိမ်မှူး၊ ခန်းလောင်းရပ်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့-၏ ထွက်ဆိုချက်အတွင်း၌-

“လက်ရောက်မရသေးသောမြတ်ပုဂံဟိုတယ်ကို မမှန်မကန် ပုဒ်မ(၄၄၈/၄၂၇)အရ တရားစွဲဆိုထားခြင်းမှာ ယုတ္တိမရှိပါ။ ပိုင်နက်ကျူးလွန်ခြင်းနှင့် အကျိုးဖျက်ဆီးခြင်းလုံးဝမမြောက်ကြောင်း အထူးခုံရုံးမှ စစ်ဆေးချက်အရ သိရှိထားပါသည်”ဟု ထွက်ဆိုတင်ပြခဲ့ကြောင်း တွေ့ရှိရသည်။

၉။　　စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်တွင် ညောင်ဦးမြို့နယ်တရားရုံး၌ ထွက်ဆိုခဲ့သည့် ထွက်ချက်များအတွင်း၌-

(က) “ကျွန်တော့်စာချုပ်စာတမ်းများမှာ ဝယ်သည်ဆိုသော်လည်း မှတ်ပုံမတင်ရသေးပါ။ မှတ်ပုံမတင်ရသေးလျှင် ဥပဒေအရ မပိုင်ဆိုတာ ကျွန်တော်သိသည်ဆိုလျှင် မှန်ပါသည်”ဟုလည်းကောင်း၊

(ခ) “ထိုနေ့(၁၂-၉-၂၀၁၂)က စာချုပ်ကို ရန်ကုန်၌သာ ချုပ်ခြင်းဖြစ်ပါသည်။ ရန်ကုမြောက်ဥက္ကလာပစားသောက်ဆိုင်၌ချုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ ငွေချေသည်မှာ မားသားဟောက်စ်စားသောက်ဆိုင် တွင် ချေခြင်းဖြစ်ပါသည်။ မားသားဟောက်စ်စားသောက်ဆိုင်မှာ ကျိုက္ကစံလမ်းမပေါ်တွင် ရှိပါသည်။ စာချုပ်ရေးပေးသူမှာ ဦးမြင့်ဆွေ ဖြစ်ပါသည်"ဟုလည်းကောင်း၊

(ဂ) "ဦးမြင့်ဆွေက စာချုပ်ထဲတွင် လက်ထိလက်ရောက် ကိုယ်တိုင်ကိုယ်ကျ ပေးသည်ဟု ဖော်ပြထားသော်လည်း ၎င်း ရှေ့တွင် ပေးခြင်းမဟုတ်ပါဟု ထွက်ဆိုထားသည်ကို သိသလားဆို လျှင် သိပါသည်။ ၂၀၀၇-ခုနှစ်က ဟိုတယ်ကို (၉၀၀)နှင့် ဝယ်သည့် စာချုပ်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်နေ့က (၁၀၀၀)နှင့် ဝယ်သည့်စာချုပ်ကို စိုးကျော်နိုင်ရေးသားခိုင်း၍ ရေးပေးရပါသည်ဟု ရှေ့နေ ဦးမြင့်ဆွေမှ ပြောသည်ကို သိပါသလားဆိုလျှင် ကျွန်တော် မသိပါ"ဟုလည်းကောင်း၊

(ဃ) "ငွေရကြောင်းပြေစာ(၂)ရွက်ကို ကွန်ပျူတာနဲ့ ကျွန် တော်ရိုက်၍ချုပ်ပါသည်။ ငွေလက်ခံမည့်သူမှာ ဒေါ်တင်တင်စိန်ဟု ကျွန်တော်သိပါသည်။ ငွေပေးမည့်သူမှာ ကျွန်တော်ဦးစိုးကျော်နိုင် ဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ထိုငွေလက်ခံမည့်သူနှင့် ငွေပေး မည့် သူ ကွန်ပျူတာမရိုက်ဘဲ မှင်နှင့် ဖြည့်ရေးထားသည်ကို ကျွန် တော်တွေ့ပါသည်။ ထိုသို့ကွန်ပျူတာတစ်ပိုင်း၊ လက်ရေးတစ်ပိုင်း ဖြစ်နေခြင်းမှာ ဒေါ်တင်တင်စိန် တံဆိပ်ခေါင်းလွတ် လက်မှတ်ထိုး ပြီးဖြစ်၍ ကွန်ပျူတာတစ်ပိုင်း၊ လက်ရေးတစ်ပိုင်း ဖြစ်နေသည်ဆိုလျှင် မဟုတ်ပါ"ဟု လည်းကောင်း ထွက်ဆိုထားကြောင်း တွေ့ရှိရသည်။

၁၀။ (က) ၂၀၁၄ ခုနှစ်၊ မတ်လ (၁၁)ရက် (၁၁-၃-၂၀၁၄) တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တရားရုံး၌ ဦးစိုး ကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)

www.burmeseclassic.com

www.burmeseclassic.com



ဆိုသူ (က) တိုက်အမှတ်(၆၉-A2)၊ အခန်း(၁၄)၊ ရှမ်းစု(၁)လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ခ) အိမ်အမှတ် (၂၉)၊ သုခမြိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ (ဂ) အိမ်အမှတ်(၁၀၅)၊ (၉၄)လမ်း၊ (၄)လွှာ၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)က ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်)၀၅၆၇၀၀)-ပါ သားသမီးမြေး များအပေါ် ပြစ်မှုကြီးမှုမှတ်(၆၁၀/၂၀၁၄)၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၄၄၈/၄၂၇)တို့အရ အိမ်ကျော်နင်းမှု၊ ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှုတို့ဖြင့် အမှုဖွင့်၍ တရားစွဲထားခြင်းဖြစ်သည်။

(ခ) ၂၀၁၄ ခုနှစ်၊ မတ်လ (၂၀)ရက် (၂၀-၃-၂၀၁၄) တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ဦးစိုးကျော်နိုင် (အစ္စလာမ် ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (က) တိုက်အမှတ်(၆၉-A2)၊ အခန်း(၁၄)၊ စိန်နဂါးအိမ်ရာ၊ ရှမ်းစု(၁) လမ်း၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ခ) အိမ်အမှတ်(၂၉)၊ သုခမြိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ လှိုင်မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဂ) အိမ်အမှတ်(၁၀၅)၊ (၉၄)လမ်း၊ (၄)လွှာ၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန် ကုန်တိုင်း ဒေသကြီး)က ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်)၀၅၆၇၀၀)အပေါ် တရားမမှုကြီးမှုအမှတ်(၁၂/၂၀၁၄)၊ သီးခြားသက်သာ ခွင့်အက် ဥပဒေပုဒ်မ ၁၂-အရ မြေနှင့်အဆောက်အဦး အရောင်းအ၀ယ် စာချုပ်ကို မှတ်ပုံတင်ပြီး မြေနှင့်အဆောက်အဦး လက်ရောက် ပေးအပ်စေရန် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် အမှု ဖွင့်၍ တရားစွဲထားခြင်းဖြစ်သည်။ (ဖော်ပြပါတင်ပြချက်များသည် အမှုဖြစ်စဉ်အကျဉ်းပင် ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



## အစ္စလာမ်ဘာသာဝင် ကုလား စိုးကျော်နိုင်၏ ခေတ်ပုံ



(က)

၂၀၁၄ ခုနှစ်၊ မတ်လ (၁၁)ရက် (၁၁-၃-၂၀၁၄) တွင်
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တရားရုံး၌
ဦးစိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+
ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ-**HLG** ၀၂၃၀၁၁) က
ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်)၀၅၆၇၀၀)-ပါ
သားသမီးမြေးများအပေါ်
ပြစ်မှုကြီးမှုမှတ်(၆၃၀/၂၀၁၄)၊ ပြစ်မှုဆိုင်ရာဥပဒေ
ပုဒ်မ(၄၄၈/၄၂၇)တို့အရ
အိမ်ကျော်နင်းမှု၊ ပျက်စီးနစ်နာစေသော
အကျိုးဖျက်ဆီးမှုတို့ဖြင့် အမှုဖွင့်၍

www.burmeseclassic.com

www.burmeseclassic.com



## တရားစွဲထားသောအမှု၌ သုံးသပ်ချက်

၁။ အမှုဖြစ်ရခြင်းအကြောင်းရင်းမှာ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်၊ ခန်းလောင်းရပ်၊ ကန့်ကော်လမ်းနှင့် ယုဇနလမ်းထောင့်ရှိ ဒေါ်တင်တင်စိန်ပိုင်သည့် မြတ်ပုဂံဟိုတယ် (စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ **(HLG** ၀၂၃၀၁၁)က နာမည်ပြောင်းထားသည့် **GOLD GARDEN HOTEL-**) သို့ ဒေါ်တင်တင်စိန်၊ ၎င်း၏သားဖြစ်သူဦးရိုးမကျော်၊ ဦးရဲတုတ်၊ ဦးရဲတုတ်၏ဇနီးဖြစ်သူ ဒေါ်တင်တင်နွဲ့၊ ၎င်းတို့၏ သားဖြစ်သူဦးမင်းကို၊ ချွေးမဖြစ်သူ ဒေါ်ဂျူလိုင်မိုးတို့ ပြန်ရောက်လာပြီး ဟိုတယ်ကို ပြန်လည်ရယူခြင်းအပေါ် စိုးကျော်နိုင် (အစ္စလာမ် ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး) ဆိုသူ (HLG ၀၂၃၀၁၁) က မကျေနပ်၍ တရားစွဲဆိုသော အမှုဖြစ်ကြောင်း တွေ့ရသည်။

၂။ ဒေါ်တင်တင်စိန်နှင့် သားသမီးမြေးများပိုင်သည့် ဟိုတယ်အတွင်း ဒေါ်တင်တင်စိန်နှင့် သားသမီးမြေးများ ပြန်လည်ရောက်ရှိနေထိုင်ခြင်းသည် တရားသောဥပဒေများအရ မည်သို့မှုအပြစ်ရှိကြောင်း ပေါ်ပေါက်နိုင်မည်မဟုတ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၄၈/၄၂၇)တို့အရ အိမ်ကျော်နင်းမှု၊ ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှုတို့ဖြင့် အမှုဖွင့်လို့ရစရာရှိကြောင်း ပေါ်ပေါက်နိုင်မည်မဟုတ်။

၃။ ဒေါ်တင်တင်စိန်နှင့် သားသမီးမြေးများပိုင်သည့် ဟိုတယ်ဖြစ်ကြောင်း အလွန်ထင်ရှားစေသည့်အချက်မှာ “၂၀၁၄ ခုနှစ်၊ မတ်လ(၂၀)ရက် (၂၀-၃-၂၀၁၄) တွင် မန္တလေးတိုင်းဒေသကြီး

www.burmeseclassic.com

www.burmeseclassic.com



တရားလွှတ်တော်၌ ဦးစိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယ ဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁၊ (က) တိုက်အမှတ် (69-A2)၊ အခန်း(၁၄)၊ စိန်နဂါးအိမ်ရာ၊ ရွှမ်းစု(၁)လမ်း၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ခ) အိမ်အမှတ်(၂၉)၊ သုခမြိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ လှိုင်မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ဂ) အိမ်အမှတ်(၁၀၅)၊ (၉၄)လမ်း၊ (၄)လွှာ၊ ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး)က ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်)၀၅၆၇၀၀)အပေါ် တရားမမှုကြီးမှုအမှတ်(၁၂/၂၀၁၄)၊ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၁၂-အရ မြေနှင့် အဆောက်အဦး အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြီး မြေနှင့်အဆောက်အဦး လက်ရောက်ပေးအပ်စေရန် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် အမှုဖွင့်၍ တရားစွဲထားခြင်း"ဆိုသည့်အချက်ပင် ဖြစ်သည်။

၄။ ၎င်းအမှုကိုဖွင့်၍ တရားစွဲဆိုခြင်းသည် မြတ်ပုဂံဟိုတယ် (GOLD GARDEN HOTEL-)ကို ဒေါ်တင်တင်စိန်ပိုင်ကြောင်း၊ ၎င်းဟိုတယ်ကို စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) မပိုင်ကြောင်း ထုတ်ဖော်ဝန်ခံချက်ပင် ဖြစ်သည်။

၅။ ဖော်ပြပါအတိုင်း "၂၀၁၄ ခုနှစ်၊ မတ်လ(၂၀)ရက် (၂၀-၃-၂၀၁၄) တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး) ဆိုသူ (HLG ၀၂၃၀၁၁) က ဒေါ်တင်တင်စိန် (၁၂/မရက (နိုင်) ၀၅၆၇၀၀)အပေါ် တရားမမှုကြီးမှုအမှတ်(၁၂/၂၀၁၄)၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂-အရ မြေနှင့်အဆောက်အဦး အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပြီး မြေနှင့်အဆောက် အဦး

www.burmeseclassic.com

www.burmeseclassic.com



လက်ရောက်ပေးအပ်စေရန် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် အမှုဖွင့်၍ တရားစွဲထားချိန်မှစ၍-

"၂၀၁၄ ခုနှစ်၊ မတ်လ (၁၁)ရက် (၁၁-၃-၂၀၁၄) တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တရားရုံး၌ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) က ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်) ၀၅၆၇၀၀)-ပါ သားသမီးမြေးများအပေါ် ပြစ်မှုကြီးမှုမှတ်(၆၃၀/၂၀၁၄)၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၄၄၈/၄၂၇)တို့အရ အိမ်ကျော်နင်းမှု၊ ပျက်စီးနစ်နာစေသော အကျိုးဖျက်ဆီးမှုတို့ဖြင့် အမှုဖွင့်၍ တရားစွဲထားသောအမှုမှာ လုံးဝပျက်ပြယ်ပြီးသောအမှုအဖြစ်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

၆။ ထိုသို့ပျက်ပြယ်ခဲ့ပြီးသောအမှုကို ပျက်ပြယ်ခဲ့ပြီးဖြစ်ကြောင်း သုံးသပ်၍ "စွဲဆိုချက်မမြောက်သော စွဲဆိုမှုဖြစ်ကြောင်း၊ တရားခံအဖြစ် စွပ်စွဲခံထားရသူ ဒေါ်တင်တင်စိန်နှင့် သားသမီးမြေးများအပေါ် မည်သို့မျှ အပြစ်ဒဏ်ကျရောက်နိုင်ခြင်းမရှိကြောင်း၊

ထို့ကြောင့် အပြစ်ရှိကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ အမှုမှ အပြီးအပြတ် လွှတ်လိုက်ကြောင်း"စသည်ဖြင့် အမိန့်/စီရင်ချက် ချမှတ်ပေးနိုင်ရမည်ကို အမိန့်/စီရင်ချက် ချမှတ်မပေးဘဲ အချိန်ဆွဲထားမှုသည် ညောင်ဦးမြို့နယ်တရားရုံး၊ တာဝန်ရှိတရားသူကြီး၏ မရိုးမသား၊ ဥပဒေလက် တစ်လုံးခြား၊ လုပ်စားနေမှုသာဖြစ်ကြောင်း ထင်ရှားနေသည်။ စွဲဆိုချက်မမြောက်သော စွဲချက်တို့ဖြင့် စွဲဆိုထားမှုသည် စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) ၏ မရိုးမသား၊ ဥပဒေလက် တစ်လုံးခြား၊ လုပ်စားနေမှု သာဖြစ်ကြောင်း ထင်ရှားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးအာဏာဆိုသည့် အချုပ်အခြာအာဏာ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖွဲ့၏ တရားစီရင်ရေးအာဏာဆိုသည့် အချုပ် အခြာအာဏာတို့သည် မရိုးမသား၊ ဥပဒေလက်တစ်လုံးခြား၊ လုပ်စားနေသူ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃ ၀၁၁) ကိုသာ ကာကွယ်စောင့်ရှောက်ပေးနေသည်၊

ရိုးရိုးသားသား၊ ဥပဒေအတိုင်း လိုက်နာနေသူ ဒေါ်တင်တင်စိန် (မဟာသဒ္ဓမ္မဇောတိကဇဓဘွဲ့ရ ဗုဒ္ဓဘာသာဝင်၊ မြန်မာတိုင်းရင်းသားမိသားစုများ) ကို ကာကွယ်စောင့်ရှောက်ပေးနေသည်မဟုတ်ဟု အထင်အမြင်လွဲမှားစရာ အကြောင်းအချက် ဖြစ်နေသည်။ အယုံအကြည်ကင်းမဲ့စရာ အကြောင်းအချက် ဖြစ်နေသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့တာဝန်ရှိသူများကိုယ်တိုင် အုပ်ချုပ်ရေးအာဏာဆိုသည့် အချုပ်အခြာအာဏာကို အသုံးပြုလျက် ဦးဆောင်ညွှန်ကြားပေးပြီး ယခုစာတင်ချိန်မှ (၃)လအတွင်း အပြီးအပြတ်ဖြစ်အောင် ဆောင်ရွက်ပေးကြပါရန် တင်ပြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖွဲ့ကိုယ်တိုင် တရားစီရင်ရေးအာဏာဆိုသည့် အချုပ်အခြာအာဏာကို အသုံးပြုလျက် ဦးဆောင်ကြပ်မတ်ပေးပြီး ယခုစာတင်ချိန်မှ (၃)လအတွင်း အပြီးအပြတ်ဖြစ်အောင် ဆောင်ရွက်ပေးကြပါရန် တင်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မရိုးမသား၊ ဥပဒေလက်တစ်လုံးခြား၊ လုပ်စားနေသူ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာ လူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁)ကို ယုံကြည်အပ်နှံဖောက် ဖျက်ကျူးလွန်မှု အစရှိသော ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများဖြင့် ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်ပေးကြပါရန် အလေးအနက် တင်ပြတောင်းဆိုပါသည်။

ယခုစာတင်ချိန်မှ (၃)လအတွင်း ဆောင်ရွက်ပေးခြင်းကို မရရှိပါက အမျိုးသားရေးဓမ္မကထိကများ၏ တရားပွဲများ၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့များ၏ နှစ်ပတ်လည် အခမ်းအနားပွဲများ၊ အထင်ကရဘာသာရေးအထိမ်း အမှတ်ဟောပြောပွဲများတွင် ဘာသာခြား၊ လူမျိုးခြားတို့နှင့် ဆက်စပ်ပတ်သက်မိခြင်းကြောင့် နစ်နာရမှုများ ဖြစ်ရတတ်ကြောင်း သင်ခန်းစာအဖြစ် ရဟန်းရှင်လူ ပြည်သူအများ သိမြင်ရှောင်ကြဉ်နိုင်ကြစေခြင်းအလို့ငှာ အစဉ်တစိုက် ထည့်သွင်းဟောပြော၍ အသိပညာပေးသွားကြရန် နှိုးဆော်တိုက်တွန်းချက်များ ဆက်လက်ထုတ်ပြန်ဝေငှသွားမည်ဖြစ်ကြောင်း တင်ပြပါသည်။

(ခ)

၂၀၁၄ ခုနှစ်၊ မတ်လ (၂၀)ရက် (၂၀-၃-၂၀၁၄) တွင်
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌
ဦးစိုးကျော်နိုင် (အစ္စလာမ် ဘာသာ-အိန္ဒိယဗမာ+
ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁-) က
ဒေါ်တင်တင်စိန် (၁၂/မရက(နိုင်)၀၅၆၇၀၀)အပေါ်
တရားမမှုကြီးမှုအမှတ်(၁၂/၂၀၁၄)၊ သီးခြား
သက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂-အရ

www.burmeseclassic.com

www.burmeseclassic.com


မြေနှင့်အဆောက်အဦး အရောင်းအဝယ်စာချုပ်ကို
မှတ်ပုံတင်ပြီး
မြေနှင့်အဆောက်အဦး လက်ရောက်ပေးအပ်စေရန်
ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် အမှုဖွင့်၍
တရားစွဲထားသောအမှု၌ သုံးသပ်ချက်

၁။ ၂၀၁၂ ခုနှစ်၊ မေလ(၂၅)ရက် (၂၅-၅-၂၀၁၂) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဒေါ်တင်တင်စိတ်ပိုင်သည့် ပစ္စည်းများနှင့် ပတ်သက်၍ အခြားသူများက ဒေါ်တင်တင်စိန်နှင့် ပူးပေါင်းပြီး မမှန်မကန် ဆောင်ရွက်နေမှုများအားလုံးကို သားသမီးများကပါ သဘောတူမှသာလျှင် ဆောင်ရွက်ကြရန် သားသမီးများက ကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

၂။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက် (၁၂-၁-၂၀၁၄) ရက်စွဲပါ ကြေးမုံသတင်းစာ၌ General Power/Special Power လွှဲပြောင်းရယူထားလျက် ကိုင်ထားသော်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမဟုတ်ပါက တရားတဘောင်ဖြစ်လာလျှင် တရားရုံးများမှ လက်ခံဆောင်ရွက်ပေးနိုင်မည် မဟုတ်ကြောင်း နိုင်ငံတော်တာဝန်ရှိဌာနမှ ထုတ်ပြန်ကြေညာထားသည်ကို တွေ့ရှိရသည်။

စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) က ဒေါ်တင်တင်စိန်ထံမှ ရယူထားသည့် စာချုပ်များ၊ စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ သုံးသပ်ကြည့်လျှင်-

(၁)၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ၁၇-နှင့်အညီ ထိုက်တန်သော တံဆိပ်ခေါင်းထမ်းဆောင်ထားမှုမရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(တစ်ရာတန်တံဆိပ်ခေါင်းကို သုံးစွဲထားခြင်း)၊

(၂)၊ မြန်မာနိုင်ငံစာချုပ် စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇-အရ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားမှုမရှိခြင်း၊

(၃)၊ မြန်မာနိုင်ငံ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄-နှင့်အညီ ဥပဒေအရ အတည်ဖြစ်ပြီးသော အရောင်းစာချုပ် တစ်ရပ်မဟုတ်ခြင်း၊

(၄)၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅-အရ ဥပဒေအရဖြစ်စေ၊ ထိုစာချုပ်ကို ချုပ်ဆိုသူတို့၏ သဘောတူညီချက်အရဖြစ်စေ သက်သေခံချက်ရယူခွင့်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦးက ရည်ရွယ်ချက်ပါ ကိစ္စတစ်ခုခုအတွက် သက်သေခံအဖြစ် လက်ခံခြင်းကိုသော်လည်းကောင်း၊ အဆိုပါပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ အစိုးရအရာရှိတစ်ဦးဦးကဖြစ်စေ အရေးယူဆောင်ရွက်ခြင်း၊ မှတ်ပုံတင်ခြင်း သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံချက် လက်မှတ်ရေးထိုးခြင်းကိုသော်လည်းကောင်း ထိုစာချုပ်အား ပြုလုပ်ခွင့်မရရှိခြင်း၊

(၅)၊ အရပ်ကတိစာ ချုပ်များသာဖြစ်ခြင်းတို့ကို တွေ့ရှိရသည့်အတွက် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) က ပိုင်ဆိုင်ခြင်းလုံးဝမရှိကြောင်း တွေ့ရှိရသည်။

ဒေါ်တင်တင်စိန်က ပိုင်ဆိုင်ကြောင်း ထင်ရှားစေသည့် အကြောင်းအချက်များမှာ ဒေါ်တင်တင်စိန်က-

(၁)၊ အမှန်တကယ်ဝယ် ယူထားခြင်း၊

(၂)၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့

www.burmeseclassic.com

www.burmeseclassic.com


စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်(၆/၂၀၀၆)ဖြင့် မှတ်ပုံတင်ထားရှိခြင်း၊

(၃)၊ ဒေါ်တင်တင်စိန်အမည်ပေါက်များဖြစ်ခြင်း၊

(၄)၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၌ ဟိုတယ်လုပ်ငန်းလိုင်စဉ်ကို ဒေါ်တင်တင်စိန်အမည်ဖြင့် လျှောက်ထားရယူထားခြင်းတို့ပင် ဖြစ်သည်။

ဖော်ပြပါ ဥပဒေကြောင်း အကြောင်းအချက်များကို ထောက်ထားကြည့်လျှင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ(၄)ရက်၊ ရက်စွဲပါ စာချုပ်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်၊ ရက်စွဲပါစာချုပ်(၂) မျိုးစလုံး (ဟန်ဆောင်)စာချုပ်(၂)မျိုးသာဖြစ်ကြောင်း တွေ့ရှိရသည်။

အမှုတွဲအတွင်း၌ တွေ့ရှိရသည့် ထူးခြားချက်မှာ (၄-၇-၂၀၁၂)၊(၁၂-၉-၂၀၁၂) ရက်စွဲပါ (ဟန်ဆောင်)စာချုပ် (၂)မျိုးစလုံး ချုပ်စဉ်တုန်းက စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) သည် ယာယီသက်သေခံလက်မှတ် (ဝှိုက်ကတ်)ကို ကိုင်ဆောင်နေရသူသာဖြစ်ကြောင်း၊ (HLG ၀၂၃၀၁၁)ကို ယခုနှစ် (၂၀၁၄)မှ ရရှိ၍ ယခုနှစ်(၂၀၁၄)မှ ကိုင်ဆောင်သူဖြစ်ကြောင်း တွေ့ရှိရချက်ပင် ဖြစ်သည်။

၃။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၂၆/၂၇)၊ မြန်မာ့အလင်းနှင့် ကြေးမုံတို့၌ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ (HLG ၀၂၃၀၁၁) က Gold Garden ဟိုတယ်ကို သူပိုင်ကြောင်း ကြေညာခဲ့သည်ကို တွေ့ရှိရသည်။

သို့သော်လည်း (ဟန်ဆောင်)စာချုပ်များဖြင့် (ဟန်ဆောင်) ဝယ်ယူခြင်း သာဖြစ်၍ (ဟန်ဆောင်)ပိုင်ခြင်းသာဖြစ်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ပိုင် ခြင်းမဟုတ်ကြောင်း တွေ့ရှိရသည်။

၄။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်တွင် ဒေါ်တင်တင်စိန်က စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူကို အထွေထွေကိုယ်စားလှယ်စာ ပေးအပ်ခဲ့ပြီး ၎င်းကိုယ်စားလှယ်စာကို ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၅)ရက်တွင် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၂)ရက်တွင် ဒေါ်တင်တင်စိန်က စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူကို ဟိုတယ်နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်စာကို ပေးအပ်ခဲ့ပြီး ၎င်းအထူးကိုယ်စားလှယ်စာကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ လ(၂၇)ရက်တွင် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း တွေ့ရှိရသည်။

၅။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်၊ မြန်မာ့အလင်းနှင့်ကြေးမုံတို့၌ ဒေါ်တင်တင်စိန်၏ရှေ့နေက ဖြေရှင်းချက်ကြေညာထားရာ- စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာ လူမျိုး)ဆိုသူက အရောင်း(ဟန်ဆောင်)စာချုပ်ချုပ်ပေးရန်တောင်းဆို၍ (၉-၅-၂၀၀၇) ရက်စွဲပါ အရောင်း(ဟန်ဆောင်)စာချုပ်၊ (၄-၇-၂၀၁၂) ရက်စွဲပါ အရောင်း(ဟန်ဆောင်)စာချုပ်၊ (၁၂-၉-၂၀၁၂) ရက်စွဲပါ အရောင်း(ဟန်ဆောင်)စာချုပ်၊ စုစုပေါင်း(၃)မျိုးပြုလုပ်ရယူခဲ့ကြောင်း၊

ထို့အပြင် ဝယ်ယူလိုသူများကြည့်ရှုလိုလျှင် ပြနိုင်ရန်အတွက် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများကိုလည်း ထပ်မံတောင်းခဲ့ရာ ယုံကြည်သဖြင့် ပေးအပ်ခဲ့ကြောင်း ဖော်ပြ၍ ဖြေရှင်းကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

၆။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်ထုတ်ကြေးမုံ၌ စိုး

www.burmeseclassic.com

www.burmeseclassic.com


ကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး) ဆိုသူ (HLG ဝ၂၃၀၁၁) က ဖော်ပြပါဖြေရှင်းကြေညာချက်အပေါ် တုံ့ပြန်ကြေညာခဲ့ကြောင်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ-ဘွဲ့ရ ဗုဒ္ဓဘာသာဝင် အဘွားဖြစ်သူ ဒေါ်တင်တင်စိန်အပေါ် ဂုဏ်သိက္ခာညှိုးနွမ်းစေသောစကားလုံးများဖြင့် ရင့်ရင့်သီးသီး တုံ့ပြန်ခဲ့ကြောင်း တွေ့ရှိရသည်။

၇။ စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူ၏ ဖော်ပြပါတုံ့ပြန်ကြေညာချက်ပါ အချက်အလက်များအပေါ် ဒေါ်တင်တင်စိန်က တုံ့ပြန်ဖြေရှင်းကြောင်း ထုတ်ပြန်ကြေညာရာတွင်-

(၁)၊ (ဟန်ဆောင်)စာချုပ်များဖြင့် ရောင်း/ဝယ် ပြုလုပ်စဉ်-ရောင်းဖိုးငွေလက်ခံရယူမှုမရှိခြင်း၊

(၂)၊ မြေနှင့်ဟိုတယ်အဆောက်အအုံကို လက်ရောက်လွှဲအပ်ကြောင်း အရောင်းအဝယ်စာချုပ်ဖြင့် မှတ်ပုံတင်ထားမှု လုံးဝမရှိခြင်းတို့ကြောင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ ပဋိညာဉ်ဥပဒေ၊ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေတို့အရ ဥပဒေနှင့်အညီ အထမြောက်မှုလုံးဝမရှိကြောင်း ဖော်ပြ၍လည်းကောင်း၊

(၁)၊ ရောင်းဖိုးငွေပေးချေမှုဖြင့် အမှန်အ ရောင်းအဝယ်ပြုခဲ့သောစာချုပ်များမဟုတ်ခြင်း၊

(၂)၊ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဖြင့် အတည်ပြုလွှဲအပ်ခဲ့သောစာချုပ်စာတမ်းများ မဟုတ်ခြင်း၊

(၃)၊ (ဟန်ဆောင်)စာချုပ်များဖြင့် ဥပဒေအရ ပိုင်ဆိုင်သူအဖြစ်သို့ ရောက်ရှိမှုမဖြစ်ခြင်းတို့ကြောင့် ဥပဒေအရ

www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်အတည်မဖြစ်ကြောင်း ဖော်ပြ၍လည်း ကောင်း တုံ့ပြန်ကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

၈။ ဖော်ပြပါ(ဟန်ဆောင်)စာချုပ်များကို ချုပ်ဆိုမှုနှင့်ပတ်သက်၍ ပုဂံမြို့၊ ဦးအောင်ကြိုင်(လွှတ်တော်ကိုယ်စားလှယ်)၏နေအိမ်တွင် ည(၈း၃၀)နာရီအချိန်၌ ချုပ်ဆိုကြစဉ်-

(၁)၊ ငွေ ပေးချေမှုလုံးဝမရှိခြင်း၊

(၂)၊ ရောင်းသူလက်မှတ်ထိုးခြင်း၊ ဝယ်သူလက်မှတ်ထိုးခြင်း၊ အသိသက်သေ(၁) ဦးအောင်ကြိုင် (လွှတ်တော်ကိုယ်စားလှယ်) လက်မှတ်ထိုးခြင်း၊ အသိသက်သေ (၂)ဦးအောင်စိန် လက်မှတ်ထိုးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊

(၃)၊ အသိသက်သေ(၃) ဦးအောင်အောင်နှင့် အသိသက်သေ(၄) ဦးမြင့်ဆွေ(အထက်တန်းရှေ့နေ)တို့က ရန်ကုန်၊ မြောက်ဥက္ကလာပမြို့နယ်၌ နောက်မှ လက်မှတ်ထိုးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း၊

ဖော်ပြပါ(ဟန်ဆောင်)စာချုပ်များကို ချုပ်ဆိုစဉ် (၁) နှစ် (၆)လအထိသာ ကာလကန့်သတ်ချက်ထားရှိခဲ့ကြောင်း၊ နောက်ဆုံးချုပ်ဆိုသည့် (ဟန်ဆောင်)စာချုပ်မှာ (၁၂-၉-၂၀၁၂) တွင် ချုပ်ဆိုခဲ့သည့် (ဟန်ဆောင်)စာချုပ်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုချိန်(၂၀-၃-၂၀၁၄)တွင် ကာလကန့်သတ် ချက်ပြည့်ပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဖော်ပြပါ(ဟန်ဆောင်)စာချုပ်များအတွင်း ဖော်ပြထားသည့် ပစ္စည်းများသည် စိုးကျော်နိုင် (အစ္စလာမ်ဘာသာ-အိန္ဒိယဗမာ+ဘင်္ဂါလီဗမာလူမျိုး)ဆိုသူနှင့် လုံးဝပတ်သက်မှုမရှိတော့ကြောင်း၊ ထိုသို့ပတ်သက်မှုလုံးဝ မရှိပါဘဲလျက် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးဒေါ်လှလှရီက ၂၆၃၁/

www.burmeseclassic.com

www.burmeseclassic.com



မကြီး-၁၂/၂၀၁၄- ကို (၂၀-၃-၂၀၁၄) တွင် လက်ခံ(အမှုဖွင့်ခွင့်ပြု) ပြီး ၎င်း(၂၀-၃-၂၀၁၄)နေ့ချင်းပင် ဒေါ်တင်တင်စိန်ထံ ဆင့်စာ ထုတ်ခဲ့ကြောင်း၊ ပထမအကြိမ်ရုံးချိန်းအတွက် (၄-၄-၂၀၁၄)တွင် လာရောက်ရမည်ဟု ဖော်ပြဆင့်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိ ရသည်။

၉။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်တွင် ဒေါ်တင်တင်စိန် (တရားပြိုင်)၏ ရှေ့နေက-

(၁)၊ မြေစာရင်းပုံစံ (၁၀၅)ကို တင်ပြပေးရန် တောင်းဆို ခြင်း၊

(၂)၊ စိုးကျော်နိုင်(တရားလို)၏ နိုင်ငံသားမှတ်ပုံတင်ကတ် ပြားကို တင်ပြပေးရန် တောင်းဆိုခြင်း၊

